
www.burmeseclassic.com

# မောင်လွှန်းကြွင်

ဒိင်ဂါရရယ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

ပန်းကြာမှုံစာစဉ် (၂)

# မောင်လွန်းကြင်
# သိင်္ဂါရရသ

ပန်းကြာမှုံစာပေ

အမှတ် ၃၅၁၊ ပြည်လမ်း၊ စမ်းချောင်းစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း ၃၁၈၉၈

A.

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၃၄၉

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၁၉

[ပထမအကြိမ်]

ထုတ်ဝေနှစ် ။ ။၁၉၈၁၊ အောက်တိုဘာလ

အုပ်ရေ ။ ။၁၀၀၀

ပန်းချီ ။ ။မောင်မောင်သိုက်

အဖုံးရိုက် ။ ။သိန်းမြင့်ဝင်း

စာအုပ်ချုပ် ။ ။အေးမိသားစု

ထုတ်ဝေသူ ။ ။ဦးအုန်းလွင်၊ ပန်းကြာမုံစာပေ
(၀၂၇၃၀) ရတနာလမ်း၊ သံတွဲမြို့။

ပုံနှိပ်သူ ။ ။ဒေါ်ခင်စီ၊ မေတ္တာမိုးပုံနှိပ်တိုက်
(၁၁၄၀၀) အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း
ကျောက်မြောင်း၊ ရန်ကုန်မြို့။

ဖြန့်ချိရေး ။ ။မြတ်ရွှေအိုးစာပေ၊ အမှတ် ၂၄၊ ဝိဇ္ဇာသုခလမ်း၊
ကျောက်မြောင်း၊ ရန်ကုန်မြို့။
တန်ဖိုး ၁၆ ကျပ်

BURMESE CLASSIC .com

ကျေးဇူးရှင် ဘိုးဘိုး ဘွားဘွား

နှင့်

ဦးလေး....သို့

www.burmeseclassic.com

www.burmeseclassic.com

## အလှနေညိုဆည်းဆာအို

(ဆရာညိုမြ၏အမှာ)

အင်္ဂလိပ် ဂန္ထဝင်တွင် ထင်ရှားသော ကဗျာတပုဒ်ကို Robert Browning ရေးခဲ့၏။ တတိယအရွယ် ဟူသော ဇရာ နှမ်းချိန်ကို လူသတ္တဝါတို့က စိုးရိမ်ကြောင့်ကြတတ်ကြသော်လည်း ဘဝ၏ အနှစ်သာရတို့သည် ထိုအချိန်ကျမှ အသီး ဝင်းမှည့် ချိုမြိန်သော အရသာများ ပေါ်လွင်သည် ဆို၏။

B.

www.burmeseclassic.com

www.burmeseclassic.com



" Grow old along with me!
The best is yet to be,
The last of life,
For which the first was made:
Our times are in his hand
Who saith, "A whole I planned,
Youth shows but half:
Trust God, see all, be not afraid!"

ကျွန်တော်တို့ မြန်မာအယူ၌ ဘဝကို သုံးပိုင်းခွဲကာ၊ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟု သတ်မှတ်ကြသည်။ အစ၊ အလယ်၊ အဆုံး ဟူ၍ သုံးပါးစလုံး ကောင်းမွန်ညီညွတ်မှသာလျှင် လူဖြစ်ကျိုးနပ်သည် ဆို၏။

အနောက်နိုင်ငံသားတို့ကား 'ငယ်ရွယ်ချိန်' (Youth) နှင့် 'အိုမင်းချိန်' (age) ဟူ၍ နှစ်မျိုးသာ ခွဲခြားတတ်သည်။

ငယ်ရွယ်ချိန်ဆိုသည်မှာ ဘဝ၏ တပိုင်းတစသာ ဖြစ်သည်။ ဘဝ၏ ရှေ့ပိုင်းနှင့်အတူ နောက်ပိုင်းပါရှိမှ ပြည့်စုံသည်။ ဘဝ၏ နောက်ပိုင်း တည်တန့် သာယာစေရန် ရှေ့ပိုင်း ငယ်ရွယ်ချိန်၌ အခြေခံအုတ်မြစ်ချကြရမည်။ ဘုရားသခင်က ဖန်တီးပေးသော ဤဘဝကို အစမှ အဆုံးတိုင် ကြောင့်ကြမဲ့ ခံယူပိုက်ထွေးကြကုန်လော့။



ဤကား အင်္ဂလိပ်ကဗျာဆရာ၏ အာဘော်တည်း။

မြန်မာ အတွေးအခေါ်၌ ဇာတ်ဆရာ ဦးဖိုးစိန် ၏ နှစ်ပါးသွား သီချင်းများတွင် ဤသဘောတရားမျိုး ခပ်ဆင်ဆင် တွေ့နိုင်၏။ သဘင်ပညာ တင်ဆက်ရာတွင် ထူးတကာ ဦးဖိုးစိန်သည် တရားနှင့်ယှဉ်၍ ဆွဲငင်တတ်သူ ဖြစ်သည့်အတိုင်း သူက မင်းသမီးကို အသက်ထက်ဆုံး ယုယမည်သာမက နိဗ္ဗာန်အထိ ပို့ဆောင်ပါမည် ဆို၏။

"သံသရာရေး ကြောက်သေးတယ်
ဆုံလည်နွား ချားသို့နှယ်။
စုန်ဆန်မြောကြ ဩဃပြင်ကျယ်
ဝဲနှင့်ရင်ဆိုင် လွတ်မြောက်နိုင်ဘို့ရယ်။
ဆောင်လေမှာ မောင်ရှေ့ရတနာ
သောင်ခေအမတာ အောင်စေရာ
မောင်စိန်ပို့မယ် နိဗ္ဗူတာ
အော်....ရှင်ရှင်လန်းလန်း
အတူမြန်းပါ့ို့ မဒိန်ဥရာ...."

ကချေသည်နှင့် ဦးဖိုးစိန်တို့၏ အယူဝါဒ နှစ်ရပ်စလုံးပင် အားလုံး သာယာ နာပျော်ဖွယ်ဖြစ်လျက် မြင့်မြတ်လှပါပေသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မောင်လွန်းကြိုင် ရေးသော ဤစာအုပ် "သိင်္ဂါရရသ" တွင်လည်း ဇာတ်ဆောင်သူများမှာ အသက် ၈၀-ကျော် ဘိုးဘိုးနှင့် ဘွားဘွား တို့၏ အကြောင်း ဖြစ်၍ အထက်ပါ သီချင်းနှင့် ကဗျာများကို သတိရမိခြင်း ဖြစ်ပါသည်။ ဘိုးဘိုး(ခေါ်) ဦးဘမှို ၈၅-နှစ်နှင့်၊ ဘွားဘွား (ခေါ်) ဒေါ်ဖွားသစ် ၈၂-နှစ် တို့မှာ အိမ်ထောင်သက် နှစ်ပေါင်း ၅၀-ကျော်ပင် ရှိခဲ့ပြီ ဖြစ်၍ ဤဘဝတွင် မောင်နှင့်မယ်တို့ ကြုံကြိုက်ခဲ့လှသော ရွှေရတုသဘင်အဆင့် ကိုပင် ကျော်လွန်ပြီးခဲ့သူများ ဖြစ်၏။

၀ ၀ ၀

ဦးဘမှိုနှင့် ဒေါ်ဖွားသစ်တို့သည် ယခုအချိန်၌ ရွှေရတု သဘင်ကို ဆင်နွှဲခဲ့ကြပြီးနောက်၊ ၇၅-နှစ်မြောက် စိန်ရတု သဘင်ကို ငံ့လင့်နေကြသူများ ဖြစ်၏။ စာရေးဆရာ မောင်လွန်းကြိုင်က ဤသို့ သက်ကြီးရွယ်ရင့် မောင်နှံတို့၏ ဘဝဇာတ်လမ်းကို ပီပြင်အောင် သရုပ်ဖော် ရေးခြယ်ရာတွင် သူ၏ စာဖတ် ပရိတ်သတ်မှာ ဘိုးဘွားရိပ်သာ တို့၌သာ ရှိတန်ရာ၏ဟု မှတ်ထင်ကြဘွယ်ပင်။



ကျွန်တော်ကား ဤသို့ မမြင်ပါ။

ကျွန်တော်တို့ ဗုဒ္ဓဘာသာ လောက၌ သက်ကြီး ရွယ်ကြီးများကို ပူဇော်သော မောင်မယ်တို့ ရရှိမြဲဆုကား 'ကျန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ အသက် ရာကျော် ရှည်၍ သားအောင် မင်းအောင် ပေါင်းရပါစေ၊ ဘဝခရီး၌ ခလုတ် မထိ ဆူးမငြိပဲ လိုအပ်သော ဆုနှင့် တလုံး တဝတည်း ပြည့်စုံကြပါစေ' ဟူ၍ ဖြစ်၏။

သို့လျှင် ဤဘဝ၌ အိမ်ထောင်ရှင်တို့အဖို့ အိုအောင် မင်းအောင် ပေါင်းသင်းရခြင်းသည် အမွန်မြတ်ဆုံးသော ဆုလာဘ် ဖြစ်နေ၏။ ထိုဆုလာဘ်နှင့် ပတ်သက်၍ ရွှေတံဆိပ် ဆင်မြန်းပြီးသူ ဦးဘမှိုနှင့် ဒေါ်ဖွားသစ်တို့သည် စံပြ မောင်မယ်အဆင့်သို့ ရောက်ရှိပြီးသူများ မဟုတ်ပါလော။ သို့ဖြစ်လျှင် ဤ "သိင်္ဂါရရသ" ဝတ္ထုထဲမှ ဤစံပြ ဘိုးဘိုး နှင့် ဘွားဘွားတို့၏ အထုပ္ပတ္တိသည် အရပ်လေးမျက်နှာရှိ ညားခါစနှင့် ညားပြီး ဇနီးမောင်နှံတို့အတွက် စိတ်ဝင် စားဖွယ်၊ အတုယူဖွယ် မဖြစ်နိုင်ပါသလော။

လူငယ်များအဖို့ ယေဘုယျအားဖြင့် အဘိုးကြီး အဘွား ကြီးတို့၏ အကြောင်းအရာတို့၌ စိတ်ဝင်စားမှု နည်းပါး ကြ၏။ ငယ်ရွယ်သူ ဇာတ်လိုက်မင်းသားနှင့် မင်းသမီးတို့၏ ဇာတ်ထုပ်များကို ရှုစားလိုကြ၏။ ဇာတ်လမ်းမှာလည်း ပထမအရွယ်၌ မင်းသားနှင့် မင်းသမီးတို့ ညားကြပြီး ဆုံးလေသည်။ ဒုတိယအရွယ်၊ တတိယအရွယ်တို့၌

www.burmeseclassic.com

www.burmeseclassic.com



ထို မောင်မယ်တို့၏ ဘဝ ရုန်းကန်ပုံနှင့် အောင်မြင်မှု၊ သို့မဟုတ် ကျဆုံးမှုတို့မှာ ဘဝနှင့်လည်းကောင်း၊ အနုပညာနှင့် လည်းကောင်း မသက်ဆိုင်သလို ရှိထတ်ပေသည်။

အာရုံငါးပါးကို ဦးစားပေးသော အနောက်နိုင်ငံဝတ္ထုများ၊ ရုပ်ရှင်များ လွှမ်းမိုးသော ယခုခေတ်တွင် ကျွန်တော်တို့သည် ဗုဒ္ဓဘာသာများအနေဖြင့် ဘဝတခုလုံးကို ခြုံငုံ၍ သုံးသပ်တတ်သော အလေ့အထရှိသည်ကို မမေ့အပ်ချေ။ ဝေဿန္တရာ အစရှိသော ဇာတ်ကြီးဆယ်ပွဲတို့တွင်မင်းသားနှင့် မင်းသမီးညားပြီးချိန်၌ ဇာတ်လမ်းမဆုံးချေ။ မောင်နှင့် မယ်တို့သည် လောကဓံတရားတို့၌ အမျိုးမျိုး ကျင်လည်ပြီးမှသာလျှင် ဇာတ်ပေါင်းခန်းသို့ ရောက်လေသည်။

ဤစာအုပ်၌လည်း မောင်လွန်းကြင် သည် သူ၏ ဘိုးဘိုးနှင့် ဘွားဘွားတို့ အကြောင်းကို အာရှယဉ်ကျေးမှု ဘောင်အတွင်း၌ စိတ်ဝင်စားဖွယ်၊ သိင်္ဂါရရသ ပေါ်လွင်အောင် အသေးစိပ် လှပခြယ်မှုန်း တင်ဆက်ထားပေသည်။ စာတအုပ်လုံးတွင် ခံစားချက် အထွတ်အထိပ်သို့ ရောက်စေသော ဇာတ်သိမ်းခန်းကို ရေးဖွဲ့ထားပုံမှာ အလွန်

ထိမိ ပါပေသည်။ စာဖတ်သူအား နှလုံး လှိုက်ခုန် ပီတိအဟုန်ပွားစေတော့သည်။

ဝတ္ထုအနေဖြင့် ရေးသားတင်ပြခြင်းကြောင့် ဦးဘမိုးနှင့် ဒေါ်ဖွားသစ်တို့သည် စာရေးဆရာ၏ စိတ်ကူးယဉ်ခြင်းသာ ဖြစ်မည်ဟု မှတ်ထင်ကြပေမည်။ သို့သော် ဤစာအုပ်ကို အတော်အတန်ဖတ်မိလျှင် ထို ဘိုးဘိုးနှင့် ဘွားဘွားဆိုသူတို့မှာ ရန်ကုန်မြို့၊ ပြည်လမ်း၊ ဟံသာဝတီအဝိုင်းကြီးအနီး၊ ခြံဝင်းကြီးထဲမှ တိုက်အိမ်တွင် ယခု သက်ရှိထင်ရှားနေထိုင်လျက်ရှိကြသူများဖြစ်ကြောင်းကို သိရပေလိမ့်မည်။

ကျွန်တော့် အဖို့၌လည်း ထိုသို့ သိရှိရသဖြင့် အထူးဝမ်းမြောက်မိပေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဘိုးဘိုးနှင့် ဘွားဘွားမှာ အခြားသူများမဟုတ်ပဲ၊ ဒုတိယ ကမ္ဘာစစ်ကြီး အတွင်းက စစ်ပြေးဘဝတွင် ကာလကတ္တား မြို့၌ ကျွန်တော်နှင့် ရေစက်ဆုံခဲ့ကြသော အန်ကယ်(ဝါ) ဦးလေးကြီးနှင့်အန်တီတို့ ဖြစ်နေသောကြောင့်ပေတည်း။

အန်ကယ်သည် ရန်ကုန်တက္ကသိုလ်မှ အင်္ဂလိပ်စာဂုဏ်ထူးနှင့် ဘီအေဘွဲ့ရရှိပြီးနောက် မြို့အုပ် အလုပ်ဝင်လုပ်သည်။

မြို့အုပ်ဘဝ၌ မပျော်ပိုက်၍ ခွင့်ရက်ရှည်ယူကာ ဘိလပ်သို့ သွားခဲ့သည်။ ဘာရစ္စတာခေါ် ဝတ်လုံဘွဲ့ ယူခဲ့သည်။ ထိုခေတ်က မြန်မာစာရေးဆရာများက ဘိလပ်ပြန် ဝတ်လုံ

www.burmeseclassic.com

www.burmeseclassic.com



များသည် ဘွတ်ဖိနပ်ကို ခွာသံပြင်းပြင်း စီးနင်းကာ ဆောင့်ကြွားကြွားနိုင်လှသည်ဟု ကဲ့ရဲ့တတ်၏။

သို့သော် ဘိလပ်ပြန်တို့၏ ခွာသံ ပြင်းခြင်းမှာလည်း တော်လှန်ရေး တမျိုးပင်ဖြစ်သည်။ အင်္ဂလိပ်အရာရှိကြီးများက သူတို့ထံလာရောက်သူ မြန်မာများအား ဖိနပ်ချွတ်စေချင်၏။ မြန်မာ ဝတ်လုံတော်ရများက ဖိနပ်မချွတ်သည်သာမက သူတို့ရှေ့တော်တွင် ဆောင့်၍ပင်နင်းတတ်၏။ ထိုလူတန်းစားသစ်ကို အကြောင်းပြု၍ Barristocracy (ဘာရစ္စတိုကရေစီ) ဟူသော ဝေါဟာရသစ် တခုပင် ရန်ကုန်၌ ပေါ်ပေါက်ခဲ့ရာ အန်ကယ်သည်လည်း ထို ဆောင့်ကြွားကြွား အုပ်စု၌ ပါဝင်ခဲ့သည်။

ဘိလပ်မှ ပညာစုံခဲ့ပြီးနောက်၊ အသက် ၃၀–အရွယ်တွင် အန်ကယ်သည် မြိတ်သူအလှပဂေး၊ ရန်ကုန်ကွန်ဗင့် ကျောင်းထွက် ဗိုလ်ကပြားမကလေးနှင့် အကြောင်း ဆက် ကာ ပေါင်းဖက် မိကြသည်။

“ဥဿဖယား ပတ္တမြား မြိတ်ဇာနီ
မျက်ခုံးမျက်တောင် သက်တန့်ရောင်သွေး
သွားတော်လေးရယ်က (ထိန်ကြည်)၊
ချစ်တာသစ္စာ လှစ်ကာထုတ်ယင်ဖြင့်
မေတ္တာသုတ်ကယ်နှင့် (ချိန်မည်)၊....”



ဤသည်လည်း အန်ကယ် အန်တီတို့နှင့် ခေတ်ပြိုင် ဦးဒိုးဝိန်ကြီး၏ တေးသွားပင် ဖြစ်၏။

○ ○ ○

အန်ကယ်သည် တချိန်က ရန်ကုန် အနောက်ပိုင်းမှ ရွေးချယ်သောမြူနီစီပါယ်လူကြီးလည်းဖြစ်ခဲ့၍နေပြည်တော်၏ မြို့မြို့ဘတဦး ဖြစ်ခဲ့ပေသည်။ ဘိလပ်ပြန်ဝတ်လုံတော်ရ ဖြစ်သောကြောင့်လည်း သူ့၌အရည်အချင်းမရှိဟု မည်သူမျှ မပြော နိုင်တော့ချေ။ လူမှုဝန်ထမ်း ရွက်ဆောင်ရာတွင် ဟန်ကြီး ပန်ကြီး မလုပ်တတ်ပဲ လူတန်းစား အသီးသီးနှင့် ဖော်ရွေစွာ ဟက်ဟက်ပက်ပက် ဆက်ဆံတတ်ပေသည်။ ထို့ကြောင့် လည်း သူသည် ၁၉၂၂–ခုနှစ် ဘိလပ်မှ ပြန်ရောက်ချိန်မှစ၍၊ ၁၉၄၂–ခုနှစ် စစ်ကြီးဖြစ်ပွားချိန်အထိ ရန်ကုန်မြို့တွင် မြို့မျက်နှာဖုံးလူကြီးတဦး အနေဖြင့် အစစ အရာရာ အဆင်ပြေခဲ့ပေသည်။

ဘိလပ်ပြန်ဝတ်လုံချင်း သူနှင့် တွဲဖက် လုပ်ကိုင်သူမှာ ဦးဘဒွန်းဖြစ်လျက် သူ့ကိုလည်းလူချစ်လူခင်ပေါလေသည်။ နောက်ပိုင်းတွင် အန်ကယ်ဒွန်းသည် လွှတ်တော်အတွင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးမှူးဖြစ်လာသောအခါ မြန်မာပြည်အရပ်ရပ်မှ အမတ်ပေါင်းစုံတို့နှင့် ရင်းနှီးလာပေသည်။ အမတ်ကြီးများသည် မှုခင်းကိစ္စတို့၌ ဦးဘဒွန်းမှ တဆင့် အန်ကယ် ကိုလည်း အားကိုးနိုင်ကြလေသည်။

သို့လျှင် အန်ကယ်၏ ဝတ်လုံနယ်ပယ်သည် ပိုမို ကျယ်ပြန့်လာ၏။ ဝင်ငွေများသည်ထက် များလာ၏ "ပေါင်မှာ စာနက်၊ ချက်မှာစာဖြူ၊ မလုပ်ပဲနှင့် ကြွယ်မည့်သူ" ဟူ၍ အင်္ဂဝိဇ္ဇာအဟောတခုရှိသည်မှာ မှန်ပေမည်။ အန်ကယ်၏ ပေါင်တွင် မွေးရာပါ အနက်ကွက်ကလေး တခု ပါရှိ၏။ ထို့ကြောင့် ပရိယေသနအတွက် အခက်အခဲမရှိခဲ့ပေ။

o o o

စစ်ကြီးမဖြစ်ပွားမီ ၁၉၃၉–ခုနှစ်က ချုံကင်း မြို့သို့ ချစ်ကြည်ရေးသွားရောက်ခဲ့ကြသော မြန်မာအဖွဲ့တွင် မြို့မ ဆရာကြီးဦးဘလွင်က ခေါင်းဆောင်လျက် အန်ကယ်က အတွင်းရေးမှူးဖြစ်သည်။ အခြား အဖွဲ့ဝင်တို့မှာ ဒီးဒုတ် ဦးဘချို၊ သခင်နု၊ ဒေါ်မြစိန်၊ ဆရာဖြစ်သင်ကျောင်းအုပ် ဦးဘ၊ ဂန်ဂါဆင်နှင့် မစ္စတာလျူးတို့ဖြစ်၏။ မိုင်၇၀၀–ကျော်



ခရီးကို အသွားတွင် လေယာဉ်ပျံ၊ အပြန်တွင်မော်တော်ကား စီးခဲ့ကြသည်။ ခေါင်းဆောင်ကြီးချန်ကေရှိတ်နှင့် ဆွေးနွေးခဲ့ကြသည်။ ချုံကင်းတွင် မြန်မာအဖွဲ့ဝင်တိုင်း ချစ်ကြည်ရေး အသင်းသွင်းခဲ့ကြသည်။ တရုတ်ကြက်ခြေနီ အသင်းသို့လည်း ငွေ ၁၀၀၀–ကျပ် လှူခဲ့ကြသည်။

ထိုအလှူငွေကို အန်ကယ်က ရန်ကုန်မြို့အဖွဲ့မှတောင်းခံခဲ့သော ငွေကျပ် ၅၀၀၀–တောင်းသည့်အနက် တစ်ထောင်သာ ရခဲ့သည်။ ထိုခေတ်က မြို့လူကြီးများမှာအဖွဲ့ဝင် အင်္ဂလိပ်တို့၏ မျက်နှာကိုလည်း ကြည့်နေရသဖြင့် စိတ်ကြိုက် မလုပ်ခဲ့ကြ။

တချိန်က ဂျာမဏီပြည် အိုလံပစ်ပွဲသို့ ဇော်ဝိတ်ကြီးအား လွှတ်ရန် မြူနီစီပါယ်က ထောက်ပံ့ကြေး ပေးရမည်ဟု အန်ကယ်က အဆိုတင်သွင်း၏။ ထောက်ခံမည့်သူ တယောက်မှ မရှိ၍ ဇော်ဝိတ်ကြီး သည် အိန္ဒိယပြည်မှ ပန်ချာပီ အားကစားသမားများနှင့် အတူလိုက်ပါသွားရလေသည်။ ထို့ကြောင့် ဘာလင်ပွဲတော်၌ ဇော်ဝိတ်ကြီးမှာမြန်မာလူမျိုး ဖြစ်သော်လည်း ပန်ချာပီခေါင်းပေါင်းနှင့် ချီတက်ခဲ့ရလေသည်။ အန်ကယ်အဖို့ ထိုသို့သော အရေးနိမ့်မှု များလည်း ကြုံခဲ့ရသည်။

o o o

www.burmeseclassic.com

www.burmeseclassic.com

(၅)

ဂျပန်များ ဝင်လာချိန်တွင် အန်ကယ်သည် စစ်ပြေး အဖြစ် လားရှိုးမြို့သို့ ရောက်ရှိနေ၏။ တရုတ်ဗိုလ်ချုပ်ကြီး ဝမ်း(P.S.Wong)က မြန်မာခေါင်းဆောင်များကို တရုတ်ပြည်၌ ခိုလှုံကာ ဖက်ဆစ် ဆန့်ကျင်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်စေလို၏။ လားရှိုးမြို့၌ပင် ထိုအသင်း စတင်ဖွဲ့စည်းရာ ဆရာပေါ်ထွန်း၊ ဆရာထွန်းအောင်ကျော်၊ ဒေါ်မြစိန်နှင့် ရှမ်းစော်ဘွားများ တက်ရောက် ကြ၏။ အန်ကယ်က ထိုအဖွဲ့၏ အတွင်းရေးမှူးဖြစ်လျက် အခြား ပါဝင်သူတို့မှာ ဦးဘဒွန်း၊ ဦးကျင်သိန်းနှင့် ချွတ္တာဂျီတို့ ဖြစ်၏။

ထိုအချိန်က သခင်နုသည် မန္တလေးတောင်၌ ရှိနေရာ သူ့ကိုလည်း တရုတ်ပြည်က ဖိတ်ခေါ်လေသည်။ ထို့ကြောင့် ဦးဘချိုနှင့် ဒေါ်မြစိန်တို့ မန္တလေးတောင်သို့ သွားရောက် စေ့စပ်၏။ အင်္ဂလိပ်က စစ်ပြီးဆုံးချိန်တွင် မြန်မာပြည်ကို လွတ်လပ်ရေး ပေးမည်ဟု ကတိပြုရန် သခင်နုကလိုလား၏။

နှစ်ရက် အကြာတွင် အင်္ဂလိပ် အရာရှိ နှစ်ဦးတို့သည် မန္တလေးတောင်သို့ ရောက်လာကာ သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်းနှင့် သခင်ကျော်စိန်တို့ကို တရုတ်ပြည်သို့ သွား ရန် ခေါ်ယူလေသည်။ မော်တော်ကားနှင့် မေမြို့သို့ ခရီး ထွက်ရာ တောင်ခြေသို့အရောက်တွင် ဂျပန်များက နယ်စပ် [illegible] မြန်မာလမ်းမကြီးကိုဖြတ်တောက်လိုက်ကြောင်း သတင်းရရှိသည်။ ထို့ကြောင့် သခင်လေးဦးကို မန္တလေး တောင်သို့ ပြန်ပို့လိုက်ရသည်။

ဗိုလ်ချုပ်ကြီးဝမ်းက ဒေါ်မြစိန်နှင့် အန်ကယ်တို့မိသားစု တရုတ်ပြည်သို့ လိုက်ပါရန် ထရပ်ကားကြီး သုံးစင်း စီစဉ် ပေး၏၊ ကူမင်းမြို့သို့ လုံခြုံစွာရောက်ကြသည်။ တရုတ်ပြည် ရောက် မြန်မာများအနေဖြင့် ဖက်ဆစ်ဆန့်ကျင်ရေး ဆက် လက် ပူးလုပ်ကြရန် ဖြစ်သော်လည်း ဇနီးဖြစ်သူမှာ ထိုအရပ် တွင် မနေတတ်၍၊ ကာလကတ္တားသို့ အမေရိကန်စစ်လေယာဉ် ဖြင့် ပြောင်းရွှေ့ခဲ့ကြသည်။

အိန္ဒိယပြည်တွင် ဒေါ်မြစိန်က ဒေလီမြို့ အသံလွှင့်ရုံ၌ ဝင်ရောက်အမှုထမ်း၏။ အန်ကယ်တို့မိသားစုကား လှည့်လည် ဘုရားဖူးကြ၏။ သားဖြစ်သူကို မိဂဒါဝုန်၌ ရှင်ပြုရခြင်းမှာ အမွန်မြတ်ဆုံးသော ကုသိုလ်ပေတည်း။ ထို့နောက် မြန်မာ စစ်ပြေးများ ပေါများရာ ကာလကတ္တားမြို့သို့ သွားရောက် နေထိုင်ကာ အန်ကယ်က ဝတ်လုံလောက၌ ပါဝင်လုပ်ကိုင် သည်။

www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်ကြီး သိန်းဖေမြင့်ကို စစ်ပြေးဘဝ၌ အန်ကယ် ကပင် စဘင် ကယ်ဆယ်ခဲ့ရသည်။ အိန္ဒိယပြည်သို့ရောက်သည် မှစ၍ သူ့ကို ဖမ်းချုပ်ခြင်း၊ သွားလေရာ စုံထောက်လိုက် ခြင်းတို့ ကြုံနေရ၏။ အန်ကယ်နှင့်တွေ့ဆုံချိန်တွင် တရုတ် ပြည်သို့ သွားချင်သည်ဆို၍ ဒေလီမြို့ရှိ တရုတ်အစိုးရကိုယ်စား လှယ်တော်နှင့် ဆက်သွယ် ပေးခဲ့လေသည်။ ထိုအချိန်မှစ၍ ဦးသိန်းဖေမြင့်မှာ အန်ကယ်တို့လိုပင် 'ဖက်ဆစ် ဆန့်ကျင် ရေးအဖွဲ့ဝင် မဟာမိတ်ဘက်တော်သား' အဆင့်အတန်းမျိုး ရရှိကာ စုံထောက်မလိုက်တော့ချေ။ ချုံကင်းသို့ လေယာဉ် ပျံနှင့် လွတ်လပ်စွာသွားလာခွင့် ရရှိခဲ့လေသည်။ နောက်ပိုင်း တွင် သူသည် ဘီဟာလာ အရပ်၌ 'မြန်မာ မြေအောက် တော်လှန်ရေး' သင်တန်း ဖွဲ့စည်းနိုင်ခဲ့သည်။

စစ်ပြီးခေတ်တွင်ကား အန် ကယ် သည် ရန်ကုန်မြို့၌ ဝတ်လုံ ဦးသိန်းနှင့် တွဲဖက်၍လုပ်ကိုင်ခဲ့သည်။

ကျောင်း နေ ဘက် များ တွင် ဒေါက်တာ ဘသန်းနှင့် ဦးကျင်သိန်းတို့ ပါဝင်၏။ ရင်းနှီးသော သူ၏ မိတ်ဆွေ အ သိုင်း အ ဝိုင်း တွင် ဦးဘချို၊ ဦးရာဇတ်၊ ဆာဘဦး၊ ဒေါက်တာ ဘဟန်၊ ကာနယ် မင်းစိန်၊ ဒေါ်ခင်ခင်ကြီး



သူတို့ ပါဝင်၏။ ဘု ရား တ ရား ရှိ သေ ကိုင်း ရှိုင်း သူ မြင်သော်လည်း အရက်သောက်ခြင်း၊ ဖဲရိုက်ခြင်း၊ မြင်းပွဲ သွားခြင်း၊ ဆေးလိပ် သောက်ခြင်းတို့၌လည်း အသင့်အတင့် မေ့လျော့တတ်ပေသည်။

ယခုအသက် ၇၅-နှစ် ၌ကား အန်ကယ်၏ မိတ်ဆွေ ဆောင်းရိုင်း အများပင် ကွန်လွန်ခဲ့ကြ၍ ပျော် ရွှင် ဖွယ် အခွင့်အရေးများ ကင်းမဲ့နေ၏။ ရေဒီ ယို သ တင်း နှင့် သီချင်းများကို နားသောတ ဆင်ယင်း ချစ်ဇနီးနှင့် စိန်ရတု သောင် အဘူဆင်နွဲနိုင်ရေးကို မျှော်တွေးမိ ပေတော့သည်။

Grow old along with me
The best is yet to be!"

"သောင်ခေအမဘာ အောင်စေရာ
မောင်စိန်ပို့မယ်.... နီဗူတာ...."

သို့လျှင် ကျွန်တော် ယခုဖော်ပြခဲ့သော အန်ကယ်နှင့် အန်တီတို့ ဘိုးဘိုး ဘွားဘွားအဖြစ် လုပ်ရှား ရုန်းကန် ပါဝင်ခဲ့ကြသည့် "သိင်္ဂါရရသ" ဝတ္ထုကို အစအဆုံး ဖတ်ကြည့်လျှင် လူ့စိတ် လူ့သဘာဝကို စားရေးဆရာ၏ အသေးစိပ်၍ မြင်တတ်ပုံ အကြောင်းအရာ ကလေးများ၊

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်သည် ဘဝ၏ ချစ်ခြင်းမေတ္တာ အလှတရားနှင့် ရသ ပေါ်လွင်စေသော အဖွဲ့အသီကလေးများ အပြင်၊ နိုင်ငံသမိုင်းအတွက် များစွာ အထောက်အထား ရစေမည့် အချက် အလက်များကို စိတ်ဝင်စားဖွယ် မြင်တွေ့သိရှိ ခံစားနိုင်ပါလိမ့်မည်။ ။

ညိုမြ (အိုးဝေ)
၂၃၊ ၆၊ ၈၁။



ထိုနေ့နံနက် အိုးအိုးအိပ်ရာမှ နိုးလာသောအခါ ဘုရားတရားကို အာရုံပြု၊ ဝေနေယျသတ္တဝါအပေါင်းကို မေတ္တာပို့ အမျှဝေပြီး ခါတိုင်းလို အိပ်ရာနံဘေး စားပွဲပေါ်မှ ခေတ်ခံသုံး ဆိုနီရေဒီယိုကလေးကို စမ်းသပ်ယူကာ နိုင်ငံခြားမှ အင်္ဂလိပ်ဘာသာစကားနှင့် လွှင့်ထုတ်သော ကမ္ဘာ့သတင်းများကို နားထောင်လိုစိတ်မရှိပေ။

ယခုတလော လူတကာ စိတ်ဝင်စား နေကြသည်ထက် ပို၍ပို၍ စိတ်ဝင်စားလှသော ဘရုတ်–ဗီယက်နမ် အရေး



www.burmeseclassic.com

www.burmeseclassic.com



အခင်း သတင်းများကိုပင် မေ့လျော့သွားသလို ဖြစ်နေမိသည်။

'အော်....ဘာလိုလိုနဲ့ ငါ့အသက် ၇၅-နှစ်ထဲ ဝင်ခဲ့ပြီ' ဟူသော အတွေးသာ ခေါင်းထဲဝင်နေခဲ့သည်။

တော်သလင်းလပြည့်ကျော် ၈-ရက်၊ မနေ့က ဆိုလျှင် ဘိုးဘိုးအသက် ၇၄-နှစ်မြောက်မွေးနေ့အထိမ်းအမှတ်အဖြစ် လှူဒါန်းကိုးကွယ်နေကျ ကြည့်မြင်တိုင် ဝေဠုဝန်ကျောင်းတိုက်ရှိ သံဃာများအတွက် မျက်နှာသုတ်ပဝါ၊ ထီး၊ ဖိနပ်၊ ဆပ်ပြာမွှေးများနှင့် ဒေါ်ဥာဏစာရီ၏ သီလရှင်ကျောင်းတိုက်သို့ ဆန်အိတ်များလှူဒါန်းခဲ့သည်။ ဝေဠုဝန် ဆွမ်းစားကျောင်း၏ အရှေ့ဘက် အဖီကိုမိုးရန် ပလပ်ဝတစ်အမိုးများလှူခဲ့သည်။ ဇီဝိတဒါန သံဃာ့ဆေးရုံသို့လည်း ငွေ ၅၀၀-လှူဒါန်းသည်။ ကိုလိဈေးမှ ငါးခူအရှင်များကိုဝယ်၍ သက်စေ့ ငါးရှင်လွှတ်ခဲ့သည်။

အိမ်မှာတော့ ဟိုတုန်းကလို မွေးနေ့ပွဲအဖြစ် ကြီးကြီးကျယ်ကျယ် မကျင်းပ မပြုလုပ်တော့။ ဘွားဘွား၏စီမံချက်အတိုင်း အိမ်သူ အိမ်သားများ စားရန် ဘိုးဘိုး အကြိုက် ကော်ပြန့်စိမ်းလိပ် လုပ်စားကြသည်။ မွေးချင်းမောင်နှမ ခုနစ်ယောက်တွင် ညီဖြစ်သူ၊ ကာလကတ္တားၡ် ကားတိုက်သေဆုံးခဲ့ရသည့် ပညာမင်းကြီး၏သား၊ ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက်မှူး လုပ်နေသော တူတော်မောင်နှင့်ဇနီးဖြစ်သူတို့က ဦးကြီးမွေးနေ့အတွက် အိမ်မှာကိုယ်တိုင် ဖုတ်သည်ဆိုသော ကိတ်မုန့်လာပေးကြသည်။ တူ-တူမတွေထဲမှ



သည်တူ တယောက်ပဲ ဦးကြီး ဖြစ်သူနှင့် အဆက်အဆံများသည်။

မျက်နှာမသစ်သေးပဲ အိပ်ရာထက်ဝယ် ငြိမ်သက် လဲလျောင်းယင်း ၇၄-နှစ်မျှ အချိန်ရှည်ကြာ ဖြတ်သန်းလာခဲ့ရသည့် ဘဝခရီးကို ပြန်လည်မျှော်ခေါ် တွေးကြည့်မိသည်။

ဘဝ၏စောစီးငယ်ရွယ်သော 'ဘက်တစ်မစ်ရှင်' (Baptis Mission) ကျောင်းသားဘဝက ကျောင်းပိတ်ရက်များတွင် အဘိုးတို့သရက်ခြံကြီးသို့ ဘိုးဘိုးသွားရောက်လည်ပတ်ခဲ့သည့် အချိန်များကား ဘိုးဘိုးအဖို့ အပျော်ရွှင်ဆုံး နေ့ရက်များဖြစ်ခဲ့သည်။

ဘိုးဘိုးတို့က မြင်းခြံဇာတိ၊ ဘိုးဘိုး၏အဖေမှာ 'အေ၊ တီ၊ အမ်' (A.T.M.) ခေါ် အမှုထမ်းကောင်းရွှေတံဆိပ်ရသည့် အခွန်ဝန်ဖြစ်သည်။ ထိုရွှေတံဆိပ်ကို အိန္ဒိယပြည် ဘုရင်ခံချုပ် လော့ဒ်ကာဆင် (Lord Carson) က လက်မှတ် ရေးထိုး၍ ပေးပို့၏။ အဖေက ဘိုးဘိုးကို ထိုရွှေတံဆိပ်မှာ ရေးထွင်းထားသည့်စာကို ဖတ်ခိုင်းဘူး၍ ဘိုးဘိုးမှတ်မိနေသည်။ ထိုရွှေတံဆိပ်မှာ တကျပ်သားခန့် အချိန်စီးမည်ဟု ဘိုးဘိုး ခန့်မှန်းဘူးခဲ့သည်။

ကျောင်းအားရက်များတွင် မြင်းခြံနှင့် လေးမိုင်ခွဲကျော်ဝေးသည့် ရေဝတီမြစ်ကမ်းနဖူးမှာရှိသော သဲဖြူဝ ကျေးရွာမှ အဘိုးတို့သရက်ခြံကြီးသို့ ဘိုးဘိုးသွားရောက် လည်ပတ်လေ့ရှိသည်။ အဘိုးတို့သရက်ခြံကြီးမှာ ဧကပေါင်း ၅၅-ဧကခန့် အကျယ်အဝန်းရှိသည်။ ခြံကြီးထဲတွင် မာလကာ၊

www.burmeseclassic.com

www.burmeseclassic.com



ချောက်၊ သံပရာ၊ ကျွဲကော၊ သရက်၊ မရန်းစသော စားပင်သီးပင်များစိုက်သည်။ သရက်ပင်များကိုတော့ အများဆုံးစိုက်သည်။ ဘင်္ဂလားမှ အမျိုးကောင်း သရက်မျိုးများမှာယူစိုက်သည်။

ဘိုးဘိုးက အဖေ့ဝယ်ပေးထားသည့်လေသေနတ်ကလေးနှင့် ခြံကြီးအတွင်း လျှောက်လည်ယင်း စာငှက်၊ ချိုးငှက်ငယ်များကို ပစ်တတ်သည်။ ညစာမစားမီ အဘိုးက ဝီစကီအမြဲသောက်လေ့ ရှိ၏။ အဘိုးက မြေးဖြစ်သူ ကိုလည်းတခါတခါ ဝီစကီတိုက်တတ်သည်။ အဘိုးအမြဲသောက်တတ်သည့် အရက်မှာ စကော့တလန်ပြည်မှချက်လုပ်သည့် 'သရဖူလေးလုံး' (Four Crowns)တံဆိပ်ဝီစကီဖြစ်သည်။ တလုံးမှ နှစ်ကျပ်နှင့်တမူးသာပဲ ပေးရသည်။ မြင်းခြံမှ ဘိုးဘိုး၏ အဖေက အမြဲဝယ်ပို့ပေးတတ်သည်။

ညအိပ်တော့အဘိုးအဘွားနှင့်အတူအိပ်ရသည်။တနင်္ဂနွေနေ့ညနေဘက်ရောက်မှအဘိုးကသရက်၊မာလကာကောင်းနိုးရာရာ အလုံး လှလှတွေကို ကိုယ်တိုင် ရွေးခူးပြီး မြေးဖြစ်သူစားရန် ပေးလိုက်သည်။ မုန့်ဖိုးဆိုပြီး ငွေ ၂-ကျပ်၊ ၃-ကျပ်လောက်ကို ဘိုးဘိုး၏ အင်္ကျီအိတ်ကပ်ထဲသို့ ထည့်ပေးတတ်သည်။ ပြီးတော့ ဘိုးဘိုးကို သူတို့ သရက်ခြံ တံခါးဝအထိလိုက်ပို့တတ်သေးသည်။

ဘိုးဘိုးမှာ ငယ်စဉ်ကပင် ပညာဉာဏ်ရည် ထက်မြက်ထူးချွန်သူ ဖြစ်သည်။ အင်္ဂလိပ်စာကို အထူး ဝါသနာပါလိုက်စားလေ့လာခဲ့သည်။ အဖေကလည်း အိမ်မှာ အင်္ဂလိပ်



စာအုပ်၊မဂ္ဂဇင်း၊ဂျာနယ်မျိုးစုံမှာယူဖတ်စေသည်။ လန်ဒန်မှထုတ်ဝေသည့် 'စတင်းမဂ္ဂဇင်း'၊ 'လန်ဒန်မဂ္ဂဇင်း'၊ 'ဝင်ဆာမဂ္ဂဇင်း'စသည် တို့ကို လစဉ်မှာပေးသည်။ဝင်ဆာမဂ္ဂဇင်းထဲကြော်ငြာ တွေ့ရသည့်'ပုလိပ်ဂေဇက်' (Police Gazette) စာစောင်ကို ဘိုးဘိုးကိုယ်တိုင် လန်ဒန်သို့ စာရေး မှာယူဘူးသည်။ လန်ဒန်မြို့နှင့် အင်္ဂလန်နိုင်ငံအတွင်း ဖြစ်ပျက်ပေါ်ပေါက်သည့်မှုခင်းမျိုး ပေါင်းစုံကို စိတ်ဝင်စားဘွယ်ဖော်ပြထားသည့် မှုခင်းစာစောင်ဖြစ်၏။ ထိုစာစောင်ကို ၂-နှစ်ခွဲတိုင်တိုင် မှာယူဖတ်ခဲ့သည်။ ဘိုးဘိုးက အင်္ဂလိပ်စာအုပ်မျိုးစုံကိုဖတ်ပြီး ကောင်းနိုးရာရာ စာကြောင်း၊ ဝါကျများ၊ လှပသည့် စကား အသုံးအနှုန်းများကို မှတ်စုစာအုပ်တွင် ရေးကူးမှတ်ထားတတ်သည်။စာရေးလျှင် သင့်သလိုအသုံးချသည့်သွင်းရေးတတ်သည်။

မဟုတ်မခံနိုင်သည့်စိတ်ဓာတ်၊ အမှန်ဘက်ကသာ ရပ်တည် နေလိုသော စိတ်ဓာတ်ကတော့ ငယ်စဉ်ကတည်းကပင် ဘိုးဘိုးမှာ ရှိခဲ့သည်။ ထိုစိတ်ဓာတ်ကတော့ ဘယ်တော့မှ ပျောက်ပျက်သွားမည် မဟုတ်။

မှတ်မိ သေးသည်။ မြင်းခြံ ခရစ်ယာန် သာသနာပြုဘက်တစ်မစ်ရှင်ကျောင်းမှာနေစဉ် ဘိုးဘိုးအသက် ၁၂-နှစ်အရွယ်၊ ခြောက်တန်းကျောင်းသား ဘဝက ဖြစ်သည်။ အတန်းတင် စာမေးပွဲတွင် ပထဝီဝင်ဘာသာ ထင်သည်၊ အရေးမကြီးသော ဘာသာပဲဟု အထင်သေးကာ တခြားဘာသာရပ်များကိုသာ ဖိကြိုးစားဖတ်၏။ အောင်စာရင်း

www.burmeseclassic.com



ထွက်လာတော့ ဘိုးဘိုးအမည်ကို မတွေ့ရ။ အင်္ဂလိပ်၊ သင်္ချာ၊ ရာဇဝင် ဘာသာရပ် များတွင် အမှတ် ကောင်းကောင်းရသော်လည်း ပထဝီဘာသာတွင် နှစ်မှတ်ထဲနှင့် ကပ်ကျကြောင်း အတန်းဆရာက ဘိုးဘိုးကိုပြောပြသည်။ သို့သော် ဘိုးဘိုးကဲ့သို့ပင် ပထဝီဝင်ဘာသာရပ်တွင်အောင်မှတ် ၄၀-ပြည့်ရန် နှစ်မှတ် လိုနေသည့် ခရစ်ယာန် ဘာသာဝင် ကျောင်းသားတဦးကိုမူ ခြောက်တန်းအအောင် ပေးလိုက်ကြောင်း ဘိုးဘိုးသိရ၏။

ကျောင်းမှာ ဘာစကားတခွန်းမှ မပြောခဲ့သော်လည်း ခံပြင်းစိတ်ကြီးလှစွာနှင့် အိမ်သို့ ပြန်လာခဲ့သည်။ အတန်းဆရာကိုလည်း အသိမပေး၊ အဖေလုပ်သူကိုလည်း မတိုင်ပင်ပဲ မိတ္ထီလာမှာရှိသည့် အင်္ဂလိပ်လူမျိုး ပညာဝန် မစ္စတာကောက် (Mr. Cox) ထံ အဖြစ်မှန်ကို အင်္ဂလိပ်ဘာသာနှင့် ဘိုးဘိုးက စာရေးလိုက်သည်။ ပထဝီဝင် ဘာသာရပ်တွင် ၃၈-မှတ် ရချင်းအတူတူ ခရစ်ယာန် ဘာသာဝင် ဖြစ်သည့် ကျောင်းသားကိုတော့ အအောင်ပေးပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးဖြစ်သည့် မိမိကိုတော့ အအောင် မပေးသည့် ကိစ္စမှာ လုံးဝ မတရားကြောင်း စာရေးလိုက်ခြင်းဖြစ်၏။

မကြာမီ မိတ္ထီလာပညာဝန်ရုံးမှ ဘိုးဘိုးထံ စာတစောင် ရောက်လာသည်။ ထိုစာမှာ မစ္စတာကောက်ထံ ဘိုးဘိုးရေးပို့လိုက်သည့်အင်္ဂလိပ်စာကို အရေးအသား၊ အထားအသိုအသုံးအနှုန်း မှန်ကန်အောင် မစ္စတာကောက်ကိုယ်တိုင်က ပြင်ဆင်



ပေးပြီး ဘိုးဘိုးထံပြန်ပို့လိုက်ခြင်းဖြစ်သည်။ ဘိုးဘိုးမှာ အံ့ဩ တကြီးတာ ဒုတိယ စာတစောင်ကို မစ္စတာကောက်ထံ ထပ်မံရေးပို့လိုက်ခြင်းဖြစ်သည်။ မိမိအား ဆဋ္ဌမတန်းတွင် ထပ်မံ စာသင်ကြား နေစေခြင်းမှာ မတရားကြောင်းကို အဓိကထား ရေးလိုက်ခြင်းဖြစ်သည်။ ထိုဒုတိယစာကိုလည်း မစ္စတာကောက်က ယခင်နည်းအတိုင်းပင် ပြင်ဆင်ပေးကာ ဘိုးဘိုးထံ ပြန်ပို့လိုက်ပြန်သည်။ ဘိုးဘိုးက ဇွဲမလျှော့ပဲ နောက်ထပ်စာနှစ်စောင် မစ္စတာကောက်ထံ ရေးပို့ပြန်သည်။

ဘိုးဘိုး၏ စတုတ္ထမြောက် စာပို့လိုက်ပြီး မကြာမီမှာပင် မစ္စတာကောက်မှာ မြင်းခြံရှိ အစိုးရ စာသင်ကျောင်းများသို့ စစ်ဆေးရန် ရောက်လာသည်။ မျက်နှာဖြူ ပညာရေးအရာရှိကြီးတဦး၏ အင်္ဂလိပ်ဘာသာနှင့် သတ္တိရှိရှိ စာလေးစောင်တိတိ ရေးပို့ခဲ့သော ဘက်တစ်မစ်ရှင် ကျောင်းမှ မြန်မာလူမျိုး ဆဋ္ဌမတန်း ကျောင်းသား မောင်ဘမို့ဆိုသူကလေးကို ကျောင်းမှာလိုက်ရှာသည်။ ပညာဝန် မစ္စတာကောက်မှာ အတန်းဆရာနှင့်အတူ အတန်းထဲသို့ဝင်လာကာ မောင်ဘမို့ဆိုသူကို မတ်တတ်ရပ်ခိုင်းသည်။ အတန်းပိုင်ဆရာနှင့် တတန်းလုံးရှိ ကျောင်းသားများက ဘိုးဘိုးအတွက် စိုးရိမ် ပူပန်ကြသည်။ ဘိုးဘိုးမှာလည်း ပညာဝန်ကိုယ်တိုင် မိမိကိုလာရှာကြောင်း သိရတော့ အနည်းငယ် ထိတ်လန့်မှု ဖြစ်ရသော်လည်း သူးတူးထွေတွေ ကြောက်ရွံ့စိတ် မရှိသည့်တော့ အမှန်ပင်။ ‘ငါအမှန်လုပ်တာပဲ၊ ငါမှန်တာကို ရေးလိုက်တာပဲ၊ ငါ့ဘက်က မှန်နေတာပဲ....’ ဟုစိတ်ထဲက

www.burmeseclassic.com

www.burmeseclassic.com



အကြိမ်ကြိမ် အထပ်ထပ် ရွတ်ဆိုကာ ကိုယ့်ကိုယ်ကိုယ် အားပေးသည်။

မစ္စတာကောက်က ဘိုးဘိုးအနားသို့ လာရောက်ကာ ပြုံးရွှင်ချိုမြသောမျက်နှာနှင့် ဘိုးဘိုး၏ပခုံးလေးကို ဆုပ်ကိုင်ပြီး "မင်းကို ခုနစ်တန်း တင်ပေးလိုက်ဖို့ မင်းတို့ ဆရာကို ငါ ပြောပြလိုက်မယ်။ မင်းနောက်ထပ်ငါ့ဆီကို စာရေးစရာမလိုတော့ဘူး" ဟု ပြောကာ အတန်းဆရာဘက်သို့ လှည့်ပြီး.... "ထူးချွန်မယ့် သူငယ်ပဲ...." ဟု ချီးကျူးသည်။ ထို့နောက် မစ္စတာကောက်က အတန်းဆရာနှင့် ခေတ္တမျှ တီးတိုးစကားပြောပြီး ပြန်သွားသည်။

သို့နှင့် ဘိုးဘိုးမှာ ဆဋ္ဌမတန်းတွင် ခြောက်လကျော်မျှ ထပ်နေခဲ့ရပြီးမှ ခုနစ်တန်းသို့ တက်ခွင့်ရသည်။ ထိုနှစ်မှာပင် ဘိုးဘိုး၏ ဖခင်မှာ အလုပ်တာဝန်နှင့် ရမည်းသင်းသို့ ပြောင်းခဲ့ရသည်။ ရမည်းသင်း အစိုးရအထက်တန်းကျောင်းတွင် ဘိုးဘိုးပညာသင်ကြားရသည်ကို ဖခင်က သဘောမကျသည်နှင့် ဘိုးဘိုးကို ရန်ကုန် စိန်ပေါလ်ကျောင်းသို့ ပို့လိုက်တော့သည်။

စိန်ပေါလ်ကျောင်းရောက်တော့ ဘိုးဘိုးအဖို့ပို၍ စာကြိုးစားရသည်။ နယ်ကျောင်းတွေ မှာတော့ ကိုယ့်ထက်သာသူ မရှိ သလောက်ပင်....။ ရှိပြန် တော့လည်း တယောက်စ၊ နှစ်ယောက်စ လောက်သာ။ စိန်ပေါလ်ကျောင်းကြီးမှာတော့ စာတော်သူများသည်။ အစိုးရအရာရှိကြီးများ၏သားများ၊ သဌေးသူကြွယ် သားများ၊ ဗိုလ်ကပြား၊ ကုလားကပြား



ဘော်ဂျပိုးများနှင့် ယှဉ်ပြိုင်ရတော့ သူတို့ထက် မသာသည့်တိုင် အနည်းဆုံး တန်းတူ အဆင့်မှာ ရပ်တည်နိုင်ရန် ဘိုးဘိုးမှာ အထူးကြိုးစားရသည်။ ကြိုးစားရကျိုးလည်း နပ်ခဲ့ပါ၏။ ဘိုးဘိုးမှာ အဆင့်မြင့်မြင့်အမှတ်ကောင်းကောင်းနှင့် စာမေးပွဲများအောင်ခဲ့သည်။ ဒေါက်တာဘသန်း၊ ပြည်မောင်မောင်၊ သာယာဝတီ မောင်မောင်၊ ဦးထွန်းရင် (မြစ်ကြီးနားအရေးပိုင်) စသူတို့မှာ ဘိုးဘိုး၏ အတန်းဖော်များ ဖြစ်ကြသည်။ ဒေါက်တာ ဘသန်းကတော့ ကျောင်းစာထက် ဘော်လုံးကစား ဝါသနာပါသည်။ ကျောင်းလက်ရွေးစင် ထူးချွန်သော ဘောသမားကောင်းတဦးဖြစ်သည်။

ဆယ်တန်း စာမေးပွဲကို ဘိုးဘိုးတို့စာမေးပွဲ နှစ်မျိုး နှစ်စားဖြေဆိုရသည်။ တမျိုးမှာမြန်မာနိုင်ငံပညာရေးဌာနမှ မေးခွန်းထုတ်သည့် 'တက္ကသိုလ်ဝင်' (Entrance) အမျိုးအစားဖြစ်ပြီး ကျန်တမျိုး မှာ အိန္ဒိယပြည် ကာလကတ္တား တက္ကသိုလ်မှ မေးခွန်းထုတ် စစ်ဆေးသည်ကို ဖြေဆိုရသော 'မက်ထရစ်' (Matric) ဆိုသော စာမေးပွဲဖြစ်သည်။

ဘိုးဘိုးမှာ ထိုစာမေးပွဲနှစ်မျိုးစလုံးကို အမှတ်များများနှင့် ဖြေဆိုအောင်မြင်ခဲ့သည်။ ကာလကတ္တားတက္ကသိုလ်သို့ မသွားတော့ပဲ 'တက္ကသိုလ်ဝင်' (Entrance) အောင်လက်မှတ်နှင့်ပင် ရန်ကုန် တက္ကသိုလ်မှာ ဘိုးဘိုးတက်ရောက် ပညာ သင်ကြားသည်။ အိုင်အေအောင်ပြီး ဘီအေတန်း ရောက်တော့ အင်္ဂလိပ်စာ ဂုဏ်ထူးယူသည်။ အင်္ဂလိပ်စာ ဂုဏ်ထူးနှင့် ဘီအေအောင်ပြီးသောအခါ ဘိုးဘိုးကကျောင်း

www.burmeseclassic.com

www.burmeseclassic.com



ဆရာလုပ်လိုသည်။ စာပြုချင်စိတ်ရှိသည်။ မျက်နှာဖြူအစိုးရ လက်အောက် မင်းမှုထမ်း ဘဝနှင့် အုပ်ချုပ်ရေး ဘက်မှာ အလုပ်အကိုင် လုပ်လိုစိတ်မရှိ။ မျက်နှာဖြူ အရာရှိတွေကို 'သခင်' ခေါ်ကာ 'ဘုရား' ထူးရမည်ကို စက်ဆုပ်လှသည်။ မျက်နှာဖြူ အထက် အရာရှိတွေကို ဒူးထောက် ခစား ရှိခိုး ကန်တော့လိုစိတ် ဘိုးဘိုးမှာ လုံးဝမရှိ။

သို့သော် ကျောင်းဆရာ အလုပ်ထက် မြို့အုပ်၊ မြို့ပိုင် အလုပ်က ပို၍ ဂုဏ်ရှိသည်ဟု ယူဆထားကြသည့် မိဘများ၏ အလိုဆန္ဒအရ နောက်ဆုံးမှာ မြို့အုပ်အလုပ်ကိုပဲ လုပ်ရန် ဘိုးဘိုးလျှောက်လွှာ တင်လိုက်ရသည်။

မြို့အုပ်ရာထူးအတွက် သက်ဆိုင်ရာ ရွေးချယ်ရေးအဖွဲ့က ဘိုးဘိုးအားခေါ်ယူတွေ့ဆုံ စစ်ဆေးဖြေဆိုခဲ့ရသည်မှာလည်း ဘိုးဘိုးအဖို့ မှတ်မှတ်ရရ ရှိခဲ့သည်။

နဂိုကပဲ မြို့အုပ်လုပ်ချင်စိတ်မရှိသည်မို့ မြို့အုပ်ရာထူးမရလျှင်လည်း ရှိစေတော့၊ ဒီကောင်တွေဆီမှာတော့ မျက်နှာလို မျက်နှာရလုပ်ပြီး အညှို့မခံဘူးဟု စိတ်ဆုံးဖြတ်ကာ လူတွေစစ်ဆေးသည့်နေ့တွင်ထိုခေတ်ကာလကခေတ်စားသည့် ( Button Boots ) ခေါ် ခြေမျက်စိအထက်ထိရှည်သော ကြိုးအစား ချိတ်များနှင့်ချိတ်ကာ စီးရသည့် ဘွတ်ဖိနပ် တမျိုးစီးကာ ဘောင်းဘီဝတ်ပြီး သွားသည်။ လျှောက်လွှာ တင်ထားကြသည့် ၁၂၀-ကျော်မျှသော အင်္ဂလိပ်-မြန်မာ ကပြား၊ အင်္ဂလိပ်-ကုလားကပြား၊ တရုတ်-မြန်မာကပြား၊ ကုလားလူမျိုး၊ မြန်မာလူမျိုးများစွာမှာ ရွေးချယ်ရေးအဖွဲ့



နှင့် တွေ့ဆုံရန် အခန်းတွင်းသို့ အသွားတွင် ဖိနပ်၊ ခြေစွပ် ပါမကျန် ချွတ်၍ဝင်ကြရသည်။ မေးမြန်း စစ်ဆေးနေစဉ် အခါမှာလည်း မတ်တတ်ရပ် လက်ပိုက်၍ ဖြေဆိုရသည်။ တချို့က ဒူးထောက် ဖြေဆိုကြသည်။

ဘိုးဘိုးအလှည့်ရောက်တော့ အခန်းဝမှ မြန်မာလူမျိုး စာရေးက ဘိုးဘိုးအား ဖိနပ်ချွတ်၍ဝင်ရန် ပြောသည်။ ဘိုးဘိုးက မျက်နှာဖြူများရှေ့မှာ ဖိနပ်မချွတ်လို၍ ဘောင်းဘီဝတ်ပြီး ကြိုးအစား ချိတ်များချိတ်ကာ သော့ခတ်ဝတ်ရသည့် ဖိနပ်ကို စီးလာကြောင်း၊ ဖိနပ်ချိတ်များ ဖွင့်သည့် သော့ကို အိမ်မှာထားခဲ့ကြောင်း၊ ထို့ကြောင့် ဖိနပ်မချွတ်နိုင်တော့ကြောင်း ခပ်တည်တည် ပြောပြီး အခန်းတွင်းသို့ ဝင်သွားသည်။

ရွေးချယ်ရေး ဘုတ်အဖွဲ့တွင် ဦးဖိုးရင်ဆိုသော မြန်မာလူမျိုး အရေးပိုင်တဦးကလွဲပြီး ကျန်လူ ခြောက် ယောက် စလုံးမှာ ထိပ်တန်း မျက်နှာဖြူအရာရှိကြီးများချည်း ဖြစ်သည်။ တရားရုံးချုပ်မှ တရားသူကြီး မစ္စတာတူမီး၊ မင်းကြီး မစ္စတာဂေါ်ဒွန်၊ ဗိုလ်ချုပ်ဘယ်ရီ (အိုင်၊ အမ်၊ အက်စ်) စသူများ။

ဘိုးဘိုး ဝတ်ထားသည့် အဝတ် အစားနှင့် ဖိနပ်၊ ကြောက်ရွံ့တုန်လှုပ်ခြင်းကင်းသော ဟန်ပန်အနေအထားကို မြင်တော့သူတို့တတွေ မနှစ်မြို့ခြင်း အမှန်တကယ် ဖြစ်ရသော်လည်းဘိုးဘိုး၏သတ္တိကို ကျိတ်၍ချီးကျူးလိုဟန်တော့ရှိပါ၏။ ပြီးတော့ ဘိုးဘိုး၏ ပညာအရည်အချင်းနှင့် ပတ်သက်၍

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန် တက္ကသိုလ် ကျောင်းအုပ်ကြီး မစ္စတာဟန်းတား၏ ထောက်ခံချက်များက ဘိုးဘိုးကို သူတို့ လက်အောက်မှ အအုပ်ချုပ်ခံလူတန်းစား သာမန်မြန်မာလူမျိုးတဦးအနေနှင့် အထင်အမြင်သေးချင်သည့်စိတ်ကို ကြီးစွာ အဟန့်အတားပြု နေဟန်တူသည်။ သူတို့မေးမြန်းသမျှကို ဘိုးဘိုးကကြောက်ရွံ့ စိတ်မရှိပဲ မှန်မှန် ဖြေကြားပြောဆိုသည်။ မြို့အုပ်ရာထူးထွက် လာတော့ လူ ၁၃-ယောက်စာရင်းတွင် ဘိုးဘိုးနာမည် ပါ လာခဲ့သည်။

သည်လိုနှင့်ပင် မြို့အုပ် အလုပ်သင်အဖြစ် လစာ ၁၃၅- ကျပ်နှင့် ဘိုးဘိုးကို မန္တလေးသို့ပို့လိုက်သည်။ မန္တလေးတွင် ငွေတိုက်ဝန်ထောက် ဦးတုတ်ကလေး(မြင်သစ်မြန်)၏ လက် အောက်တွင် အလုပ်လုပ်ရသည်။ ဘိုးဘိုးတို့က မြန်မာ ဘုရင့် မျိုးနွယ် မင်းသမီးများအား ပင်စင်လစာထုတ်ပေးရသည်။ မင်းသမီးများမှာ များသောအားဖြင့် ပင်စင်လစာကို ကိုယ် တိုင် လာရောက်ထုတ်ယူခြင်း မရှိသလောက်ပင်။ လူစားလွှတ် ၍ လစာထုတ်ခိုင်းတတ်ကြ၏။ အကြောင်းကလည်းရှိသည်။

မင်းသမီးအများမှာ အလုပ်အကိုင်လည်း မရှိကြသည်နှင့် ဖဲကစားယင်း အချိန်ဖြုန်းတတ်ကြသည်။ ဖဲရှုံးတော့ သူတို့ ၏ ပင်စင်လစာကို ပေါင်ထားရတော့သည်။ တချို့ ကြွေး တောင်တင်လိုက်သေးသည်။ ထို့ကြောင့် ပင်စင်လစာထုတ် သည့်နေ့ရက်တွင် သူတို့မှာ အမှန်တကယ် အသက်ရှင်လျက် ရှိနေကြောင်း၊ သူကြီး၏ ထောက်ခံချက်နှင့်ဖြစ်စေ၊ အစိုးရ အရာရှိတဦးဦး၏ ထောက်ခံချက်နှင့်ဖြစ်စေ သူတို့ကိုယ်စား



လူလွှတ်၍ လစာထုတ်ခိုင်းတတ်ကြသည်။ ဘိုးဘိုးမှာ မြန်မာ လူမျိုးတဦးအနေနှင့် စိတ်ထိခိုက်ခံစားရသေးသည်။ ဟိန်း ဂမေ်မင်းသမီးကြီး၊ စကားစိမ်းမင်းသမီး၊ ချွန်းတောင် မင်းသမီးတို့နှင့် ဘိုးဘိုး သိကျွမ်းရင်းနှီးခွင့်ရခဲ့သည်။

လစာထုတ်သည့်ကိစ္စနှင့်ပတ်သက်၍ အမှတ်တရတခု ဖြစ် ဘူးသည်။ လစာထုတ်ရက် တရက်မှာ မန္တလေးတွင် ငွေ (ငွေသား) ပြတ်သွားသည်။ ပထမကမ္ဘာစစ်ကြီး၏ ဂယက် ရိုက်ခတ်မှုကြောင့် ဖြစ်ဟန်တူသည်။ ရန်ကုန်မှ ပို့လိုက်သည် မှာလည်းငွေသားမဟုတ်၊ ရွှေဒင်္ဂါးများကို ပို့လိုက်၏။ ထို့ ကြောင့်လစာငွေများကို ငွေသားထုတ်မပေးနိုင်ပဲ ငွေသား တန်ဖိုးနှင့်တွက်ချက်ပြီးရွှေဒင်္ဂါးများကို လစာအဖြစ် ဘိုးဘိုး တို့ထုတ်ပေးခဲ့ရဘူးသည်။ ထိုအချိန် (၁၉၁၈-နှစ်ပတ်ဝန်း ကျင်)က ရွှေဒင်္ဂါးတပြား၏ တန်ဖိုးငွေမှာ ငွေသား ၁၂- ကျပ်၊ ၁၃-ကျပ် လောက်နှင့် ညီမျှသည်။

မန္တလေးမှာ မြို့အုပ်အလုပ်သင်အဖြစ်နှင့် တနှစ်ခန့်နေပြီး ပင်လယ်ဘူးမြို့သို့ ဘိုးဘိုးကိုပြောင်းရွှေ့လိုက်သည်။

ပင်လယ်ဘူးနှင့်မဲဇာအရပ်မှာ စင်စစ် မိုင်ပေါင်း ၅၀- ကျော်ခန့် ဝေးကွာသည်မှန်သော်လည်း ဘိုးဘိုးပင်လယ်ဘူး သို့သွားရောက်ရခြင်းသည် တနည်းအားဖြင့် မဲဇာသို့ရောက် ရခြင်းမည်၏ဟု ဘိုးဘိုးတွေးထင်ခဲ့သည်။

ပင်လယ်ဘူးမြို့ကား ထိုအချိန်အခါက အလွန်ခေါင်လှ သော အရပ်ဒေသတခုဖြစ်သည်။ မြို့ရယ်ဟုသာအမည်တပ် ထားသော်လည်း စင်စစ် တောရွာကြီးတရွာမျှသာဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီး အိမ်ကောင်းရယ်လို့ တဆောင်တလေမျှ မတွေ့ရ။ ဈေးလည်းမရှိ၊ ဆေးရုံအဖြစ် မည်ကာမတ္တအဆောက်အဦ ငယ် တခုနှင့် ကရင်စစ်သား ၂၀-ခန့်ရှိမည့် ကင်းတပ်ကလေးတခု မြို့အပြင် ခပ်လှမ်းလှမ်းမှာ ရှိသည်။

အစားအသောက် သားငါးအလွန်ရှားပါးသည်။ မုန့်ပဲသားရေစာဆိုတာလည်းမရှိ။ ကြက်ကတော့ ဈေးပေါသည်ဟုဆိုရမည်။ ငွေ တကျပ်ဖိုးဆိုလျှင် ကြက်ဖကြီး ရှစ်ကောင်ခန့်ရသည်။ ကြက်သားချည်း နေ့စဉ်စားနေရသဖြင့် တလခန့်ကြာတော့ဘိုးဘိုးမှာ ကြက်သားစားလိုစိတ် မရှိတော့သည်နှင့်ပျားရည်၊ ထန်းလျက်၊ ငါးသေတ္တာတို့နှင့် ထမင်းစားခဲ့ရသည်ကို ဘိုးဘိုး မှတ်မိနေသေးသည်။

ဒေသခံရှာသားများမှာ ရှမ်းနှင့်မြန်မာစပ်သည်ဆိုသော ကဒူးလူမျိုးများသာ ဖြစ်ကြသည်။ ကိုယ့် တဝမ်း တခါးအတွက်သာ လုပ်ကိုင်စားသောက် နေထိုင်ကြသည့် တောင်ယာ လယ်လုပ်သူများဖြစ်ပြီး အလွန် ဆင်းရဲချို့တဲ့ကြသည်။ တနှစ်လုံးနေလို့ ငွေတကျပ်ပြည့်အောင် လက်ထဲမကိုင်ဘူးသည့် ကဒူးတောင်သူ အများကို ဘိုးဘိုး တွေ့ဘူးကြုံဘူးခဲ့သည်။

ဘိုးဘိုး အမှတ်ရမိသေးသည်။ အလွန်ဆင်းရဲသည့် ကဒူးတောင်သူ တဦး အပေါ်တွင် အစိုးရမင်းက လူခွန်တော်ထမ်းဆောင်ခွင့် လွတ်ရန် ဘိုးဘိုးက ထောက်ခံဆောင်ရွက်ပေးလိုက်သည်။ ထိုစဉ်က လူခွန်တော်နှုန်းမှာ တဒေယာက်လျှင် တနှစ်အတွက် ငွေ ၅-ကျပ်ဖြစ်၏။



အခွန် လွတ်သွားသောအခါ ထိုတောင်သူက ဘိုးဘိုးကို အလွန်ကျေးဇူးတင် ရကား သူ့မှာပါလာသည့် ငွေကြေးအသပြာကို တကိုယ်လုံး အနှံ့အပြား ရှာဖွေရာ စုစုပေါင်း ပိုက်ဆံတမူးသာ တွေ့ရသည်။ ထိုနေ့အဖို့ သူပိုင်သည့် ငွေကြေးမှာ ထိုတမူးသော အသပြာသာ ဖြစ်ကြောင်းလည်း ပြောပြသည်။ ထိုပိုက်ဆံတမူးကို ကြောက်ကြောက်ရွံ့ရွံ့နှင့် ဘိုးဘိုး၏ အလုပ်စားပွဲ ပေါ်သို့ လာတင်ကာ ဘိုးဘိုးကို ရိုရိုသေသေ ပေး၏။ ဘိုးဘိုးစိတ်ထဲ ထိခိုက်သွားသည်။ မယူလိုကြောင်းပြောသော်လည်းကျေးဇူးအလွန်တင်လွန်း၍ သူ့မှာ - ချမ်းသာသမျှ ထိုငွေအသပြာတမူးကို ယူထားလိုက်ပါရန် အထပ်ထပ်အခါခါ ပြောသည်။

သည်တော့မှ ဘိုးဘိုးက ထိုပိုက်ဆံ တမူးကို ယူလိုက်လျှင် မိမိအား လာဘ်စား လာဘ်ယူသည်ဟု လူအများက ယူဆကြမည်။ ကဒူးတောင်သူအပေါ်မှာလည်း လာဘ်ထိုးမှုနှင့် အမှုလုပ်နိုင်သည်ဟု သူနားလည်အောင် တမျိုးတမည် လှည့်ပြောမှ ပိုက်ဆံတမူးကို မယူချင့်ယူချင် ပြန်ယူသွားလေသည်။

ဒေသခံလူအများစုမှာ ဆင်းရဲနွမ်းပါး ကြသော်လည်း အမျိုးသားရေး စိတ်ဓာတ်ကတော့ အပြည့်အဝရှိကြသည်။ ကဒူးအမျိုးသားများကို ဘာလူမျိုးလဲဟုမေးလျှင် အင်္ဂလိပ်အစိုးရကို တော်လှန်ပုန်ကန်သည့် ဝန်းသို စော်ဘွားကြီး၏ တပည့် သားမြေး အဆက်အနွယ် ရှမ်းမြန်မာစပ်များ ဖြစ်ကြသည်ဟု ဂုဏ်ယူပြောတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဝန်းသိုစော်ဘွား ကြီးအင်္ဂလိပ်ကိုတော်လှန်ပုန်ကန်စဉ်က အရေးနိမ့်သောအခါ စော်ဘွားကြီးနှင့်အတူ တပည့်တပန်း နောက်လိုက်အများအပြား ဝန်းသိုမှ ပင်လယ်ဘူးသို့ ဆင်းလာခဲ့ရကြောင်း၊ ထို့ကြောင့် ပင်လယ်ဘူးတွင် ရှမ်းနှင့် မြန်မာစပ်သော လူမျိုးတမျိုး ( ကဒူးများ )ဖြစ်ပေါ်လာကြောင်း ဘိုးဘိုးသိရသည်။

ပင်လယ်ဘူးမှာ နေစဉ် အခပြေးသန်လှသည့် လူတဦးကို ဘိုးဘိုးတွေ့ခဲ့သည်။ ပင်လယ်ဘူးလို တောတောင်ဓိမ့်စမ်း ထူထပ်လှသည့် ဒေသတွင် ငှက်ဖျားဒဏ်ကို ကာကွယ်ရန် ဘိုးဘိုးမှာ ဝီစကီအရက်ပုလင်းကို အမြဲဆောင်ထားရသည်။ တခါမှာတော့ ဝီစကီကုန်သွားရာ အရက်ရနိုင်သော အနီးဆုံးနေရာမှာ ပင်လယ်ဘူးနှင့် မိုင် ၃၀- ခရီးတာ ကွာဝေးသည့်ဝန်းသိုမြို့ရှိ နယ်ပိုင်ဝန်ထောက် ဗိုလ်ကပြား မစ္စတာ ရစ်ချတ်ထံ၌ဖြစ်၏။

ပင်လယ်ဘူးသူကြီးက ဘိုးဘိုးအားလမ်းလျှောက်အလွန်လျှန် မြန် သ လောက် အပြေး သန်သူ တဦးရှိကြောင်း၊ ထိုသူ့ကို အရက်ယူရန် စေလွှတ်လိုက်လျှင် နေ့ချင်းမီ ပြန်ရောက်ပါလိမ့်မည်ဟု ပြောသည်။ ပင်လယ်ဘူးနှင့် ဝန်းသိုအကြား ခရီးလမ်းပန်းတလျှောက်ကား တောင်ကုန်းချိုင့်ဝှမ်း ထူပြောကြမ်းတမ်းလှသည်။ မိုးရာသီဆိုလျှင် လှည်းလမ်းကြောင်းတလျှောက် ရွှံ့ဗွက်နှံ့အိုင်များသောကြောင့်လှည်းနှင့်နွားများမှာ ရွှံ့နှံ့များထဲ မကြာခဏနစ်ကာ ခရီးနှေးဖင့်စေသည်။ ဘိုးဘိုးက သူ၏စကားကို မယုံကြည်သော်လည်း



စမ်းသပ်သည့်အနေနှင့် မစ္စတာ ရစ်ချတ်ထံ ဝီစကီနှစ်ပုလင်း ချေးလိုက်ပါရန် စာရေးပြီး ထိုသူကိုပေးလိုက်သည်။

နံနက် ၈ - နာရီ မထိုးမီ အချိန်လောက်က ထိုသူထွက်သွားရာ ဘိုးဘိုးညစာမစားမီ ၄-နာရီထိုးလုံးနီးတွင် ထိုသူမှာ ပင်လယ်ဘူးသို့ပြန်ရောက်လာခဲ့သည်။ အိုင်ယာလန်ပြည်လုပ် 'ဗွတ်(ရှ)မီးလ်' (Bush Mill) အမှတ်တံဆိပ် ဝီစကီ နှစ်ပုလင်းနှင့်အတူ မစ္စတာရစ်ချတ်က ဘိုးဘိုးထံ ရေးလိုက်သောစာကို ဘိုးဘိုးအား ပေးသည်။ ဘိုးဘိုးက သည်ခရီးကို ဘယ်နည်းဘယ်ပုံ သွားခဲ့သလဲ မေးမြန်းတော့ လှည်းလမ်းကြောင်းခရီးအတိုင်းမသွားပဲ ဖြတ်လမ်းမှ တောတောင်များကို ကျော်ဖြတ်သွားကြောင်း၊ မြေပြန့်လွင်ပြင်ဆိုလျှင် ပြေးသွားပြီး တောင်တက်လမ်းခရီးဆိုလျှင် ခပ်မြန်မြန် လျှောက်ကြောင်းပြောပြသည်။ ဘိုးဘိုးမှာ အံ့ဩချီးကျူးလျက် ထိုခြေမြန်တော် ကဒူးလူမျိုးအား ဆုငွေ ၅-ကျပ် ပေးလိုက်သည်။

ဘိုးဘိုးမှာ လူငယ် လူရွယ် လူလွတ်ဖြစ်ပြီးရုံးအလုပ် ကိစ္စလည်း ပြောပလောက်အောင် မရှိလှသည်နှင့် တနေ့တနေ့ မြင်းစီး ခရီးထွက်ယင်းသာ အချိန်ကုန်ရသည်။ ထိုနေရာ ဒေသများတွင် တောတောင်ကုန်း ကမူ ထူထပ်လှရကား၊ ကျွဲ နွား ဆွဲသည့် လှည်းနှင့် မြင်းများကိုသာ အသုံးပြု သွားလာကြရသည်။ တခြား ယာဉ်ရထားမရှိ။

ဘိုးဘိုး မြင်းစီး ခရီးထွက်ခြင်းမှာ နောင်တဖန် ပြန်ရောက်ရန် အလွန်ခဲယဉ်းသည့် ဤမှာဘက်ရှိ အလွန်ခေါင်



www.burmeseclassic.com

www.burmeseclassic.com



သော တောတောင်ဒေသ ရပ်ရွာများကို အပြင်းလည်းပြေ၊ ဒေသန္တရ ဗဟုသုတလည်း ရရန် လျှောက် လည် လို ၍ တကြောင်း၊ ခရီးစရိတ် အတွက်ကြောင့်လည်း တကြောင်း ကြောင့်ဖြစ်သည်။ ထိုအချိန်က အစိုးရ၏ ခရီးစရိတ် သတ်မှတ်နှုန်းထားမှာ ခရီး ၅-မိုင်ထက် ကျော်လျှင် တမိုင်ကို ငါးမူးနှုန်းဖြစ်၏။ ထို့ကြောင့် တနေ့ကိုအနည်းဆုံးမိုင် ၂၀-ကျော်ကျော် မြင်းစီးထွက်ခြင်း ဖြစ်သည်။ သည်လို မြင်းစီး ခရီးထွက်ယင်း အုန်းသာ၊ ဖောင်းပြင်၊ တမူးမြို့များမှ ဘဆင့် အိန္ဒိယမြန်မာနယ်စပ်ထိ ဘိုးဘိုးရောက်ခဲ့ဘူးသည်။

မိုးကုန်စ ဆောင်းဦးပေါက် အချိန် ကာလများကား ထိုဒေသဝန်းကျင်တွင် ခြေခင်းလက်ခင်း အလွန် သာယာလှသည်။ ဥတုရာသီမှာ ညီညွတ်မျှတပြီး နေလို့ထိုင်လို့ကောင်းလှသည်။ ခရီးထွက် တောလည်ရန် အကောင်းဆုံး အချိန်ရာသီသည်းဖြစ်သည်။ တောပန်း၊ တောင်ပန်းတို့ စုံစုံလင်လင် ပွင့်ဖူးသည့် အချိန်လည်းဖြစ်သည်။

ထိုအချိန် ရောက်ပြီဆိုလျှင် အလွန် ကြီးထွားလှပသော ငန်းဖြူကြီးများမှာ အစုအသင်းဖွဲ့ပြီး အရှေ့မြောက်အရပ်ဆီမှ ပျံသန်းလာကာ ပင်လယ်ဘူး ပတ်ဝန်းကျင်ရှိ အင်း အိုင် ရေစပ်များနှင့်မူး မြစ်ညာဘက်ဆီတွင် နားခိုကျက်စားတတ်ကြသည်။ အအေးပိုင်း ဒေသ တရုတ်ပြည် မြောက်ဘက် တောင်တန်းများဆီမှ ရေကြည် မြက်နုရာ နေရောင်ခြည် နွေးထွေးသည့် သမပိုင်းဒေသများဆီသို့ ခရီးယာယီ ရွှေ့ပြောင်း ရောက်ရှိလာခြင်းဖြစ်သည်ဟု ဘိုးဘိုး သိရသည်။



နှစ်လ၊ သုံးလ ခန့်နေပြီး အအေး လွန်ကဲသည့် ဆောင်းလယ်ရောက်မှ အနောက်ဘက်စူးစူးသို့ ပျံသွားတတ်ကြသည်။

ပင်လယ်ဘူး အနောက်ဘက်တွင် 'ဝမ်းဘဲအင်း' ဟူသော အရပ်ဒေသတခုရှိရာ နှစ်စဉ်နှစ်တိုင်း ထိုဒေသတွင် ငန်းဖြူကြီးများ လာရောက်ကျက်စားသည့် အင်း အိုင်များကို အစွဲပြု၍ ထိုအမည် တွင်လေသလားဟု ဘိုးဘိုးတွေးဆကြည့်မိသေးသည်။

ဘိုးဘိုးမှာ အမဲငယ်များပစ်ရန် နှစ်လုံးပြူး သေနတ်တလက်ရှိရာ ခရီးထွက်တိုင်း ယူသွားတတ်သည်။ ဘိုးဘိုးကိုယ်တိုင် ထိုငန်းဖြူမျိုးကြီး နှစ်ကောင်၊ သုံးကောင်ခန့် ပစ်၍ရဘူးသည်။ ဝန်းသို နယ်ပိုင် ဝန်ထောက် ပင်လယ်ဘူးရောက်ခိုက် ကြုံကိုက်သည်နှင့် ငါးပိဿာနီးနီး အချိန်စီးမည့် ငန်းဖြူကြီးတကောင်ကို ဘိုးဘိုးက ပစ်၍ လက်ဆောင်ပေးဘူးရာ မျက်နှာဖြူ လူမျိုး ကသာအရေးပိုင် မစ္စတာ ရစ်ကာဆင် ( Ricarson ) ကသည်း သူ့ကိုပါ တကောင်လောက်ပစ်ပေးပါဟု ပြောဘူးသည်။

ထိုငန်းဖြူကြီးများကို ပစ်နိုင်ရန် အခွင့်အရေးမှာလည်း မလွယ်ကူလှ။ သူတို့ ကျက်စားနေကျ အိုင်တအိုင်၊ အင်းတအင်းတွင် တနေ့လုံး ထိုင် စောင့် ဆိုင်း နေသော်လည်း ကျချင်မှ ကျလာတတ်ကြသည်။ အများအားဖြင့် နံနက်စောစော နေထွက်စ အချိန်များတွင် တွေ့ရတတ်သည်။

တနေ့ နံနက် ဘိုးဘိုးတို့ခရီးထွက်လာယင်း ရေအိုင်ကြီးတအိုင် အလယ်တွင် ငန်းဖြူကြီးသုံးကောင် ရှေ့ဘူးနေကြ

www.burmeseclassic.com

www.burmeseclassic.com



သည်ကို ကိုက်တရာ အကွာခန့်လောက်မှ ဘိုးဘိုးတို့ လှမ်းမြင်ရသည်။ တကောင်မှာ အလွန်ကြီးထွား၍ အဖိုဖြစ်ဟန် ယူဆရပြီး ကျန်နှစ်ကောင်မှာ အနည်းငယ်မျှ ငယ်သောကြောင့် အမ များဖြစ်ဟန်တူသည်။

စိမ်းမြကြည်လင်သော ရေပြင်မိတွင် ဖြူဆွတ်လှပသော ငန်းကြီးသုံးကောင် ရေကူးနေကြသည်မှာ ထွန်းသစ်စ ရွှေနေခြည်တွင် ပန်းချီကားကောင်း တချပ်ပမာ ဘိုးဘိုး မြင်တွေ့ရသည်။ သေနတ်နှင့်ပစ်ရန်ပင် မေ့သွားသလိုဖြစ်ပြီး ရှုခင်း အလှပန်းချီကားကို ငေးမော ကြည့်နေမိသည်။ သတိရတော့လည်း ပစ်လိုစိတ်သိပ်မရှိ။ သို့သော် သည်လို အခွင့်အရေးမျိုးရရန် အတော်ခဲယဉ်းလှပြီး ကသာ အရေးပိုင်ကိုလည်း ကတိခံထားမိရာ ငန်းဖိုကြီးကိုရွေးကာ ပစ်မှတ်ယူချိန်ပြီး ပစ်လိုက်တော့သည်။

တကောင်ကိုထိမှန်ပြီး ကျန်နှစ်ကောင်မှာ ပျံတက်သွားသည်။ ထိမှန်သွားသည့် ငန်းကြီးမှာလည်း အဖိုဖြစ်နေကြောင်း သိရသည်။ ပျံတက်သွားသည့် ငန်းနှစ်ကောင်အနက် တကောင်သည်သာ အဝေးသို့ပျံသွားပြီး ကျန်တကောင်မှာမူ ခဏအတွင်း ရေအိုင် ဆီသို့ ပြန်လည်ရောက်ရှိလာသည်။

ရေပေါ်တွင် တောင်ပံကြီးများ ဘဖျပ်ဖျပ် ရိုက်ခတ်လျက် အသက်ငင်နေသည့် ငန်းဖိုကြီးအနီးသို့ ပျံဝဲလာပြီး ရေမျက်နှာပြင်အနီး တဝဲဝဲ တလည်လည် ငန်းဖိုကြီးကို



လှည့်ပတ်၍ ပျံဝဲနေတော့သည်။ ဘိုးဘိုးနှင့် တပည့်ဖြစ်သူမှာ ထူးဆန်းသော မြင်ကွင်းကို ငေးကြည့်နေမိတော့သည်။

ဘိုးဘိုးတို့က ခြုံရိပ်အကွယ် ပစ်ခတ်သည့်နေရာမှ ထွက်လာကာ ပျံဝဲနေသော ငန်းမ ကို လှသံပေးခြိမ်းခြောက်လိုက်သည့်တိုင် ဝေးရာသို့ ပျံမသွားသေးပဲ ငန်းဖိုကြီးအနီးမှာ တဝဲလည်လည် လှည့်ပတ် ပျံသန်းနေသေးသည်။ ဘိုးဘိုး စိတ်ထဲ အလွန်ထိခိုက် ခံစားသွားသည်။ အဟိတ် တိရစ္ဆာန် ဖြစ်သော်လည်း ကြင်ဖော် ကြင်ဖက် အပေါ်မှာ အလွန်သစ္စာရှိပါကလား၊ သေအတူ ရှင်မကွဲဆိုသလို တကောင် အပေါ် တကောင် ချစ်ခြင်းမေတ္တာ ကြီးမားလှပါလားဟု တွေးယင်း မိမိပစ်လိုက်မိသည်ကို နောင်တ တရားကြီးစွာ ရမိတော့သည်။

ငန်းဖိုကြီးအနီး ၄ ါးမိနစ်ကျော်ကျော်ကြာမျှ ပျံဝဲနေသည့်ငန်းမကို ဘိုးဘိုးကမပစ်တော့ပဲ တခြားအရပ်သို့လွှဲကာ သေနတ်သံပေး ပစ်လိုက်တော့မှ ပျံတက် ပျောက်ကွယ်သွားတော့သည်။

ထိုနေ့ ထိုရက်ကစ၍ တောပစ်သည့် အလုပ်ကို ဘိုးဘိုး လုံး၀ စွန့်လွှတ်လိုက်တော့သည်။ နှစ်လုံးပြူး သေနတ်ကိုလည်း နောင်တွင် မန္တလေးရောက်တော့ ရောင်းပစ်လိုက်သည်။

မင်းလက်ဝဲသုန္ဒရ၏ မျက်ဖြေရတုကြောင့် လူသိများခဲ့ရသည့် မဲဇာအရပ်ကို ဘိုးဘိုးမရောက်ခဲ့သော်လည်း ပင်လယ်ဘူး၊ ကောလင်း၊ ဗန်းမောက်၊ ဝန်းသို စသောဒေသများ

www.burmeseclassic.com

www.burmeseclassic.com



ကား မဲဇာသစ်တောနှင့် ရေကြောမြေကြော တစပ်တည်း၊ တဆက်တည်း ပင်ဖြစ်သည်။

ဘိုးဘိုး ယခင်ကကြားဘူး၊ ဖတ်ဘူးသည့် လက်ဝဲသုန္ဒရ၏ 'မဲဇာတောင်ခြေ' ရတုထဲမှ .... "သံဝါဖြောက်ဖြောက်၊ ဆီးနှင်းပေါက်လည်း၊ မိုးလောက်ပြင်းထန်၊ သွန်းချပြန်သော်၊ ယုဂန်ထင်ရှား၊ တောင်တော်ဖျားက၊ ရထားယာဉ်သာ၊ နေစကြာလည်း၊ ဆောင်ဝါမထွန်း၊ ချမ်းရှာ လှန်း ၍၊ တည့်မွန်းချိန်နေ၊ ရောက်လွယ်စေဟု" ....ဟူသော စာပိုဒ်မှာ ဘိုးဘိုးခရီးထွက်တိုင်း ကိုယ်တွေ့ ကြုံရတတ်သည်။

ဆောင်းရက် နံနက်ခင်းများတွင် နေဝန်းကို ကြည်ကြည်လင်လင် မြင်နိုင်ရန် အလွန်ခဲယဉ်းသည်။ မွန်းတည့်ချိန်လောက်မှပဲ နေရောင်ခြည် ပူပူနွေးနွေးကို ရရှိစားရသည်။ တောင်ခိုးနှင့် နှင်းမြူတို့ အမြဲအစဉ် အုံ့ဆိုင်းမှုန်မှိုင်းလျက် မေးခိုက်ခိုက်တုန်အောင် ချမ်းအေးလှသည်။ လူနေရပ်ကွက် ကွက်ကွက်ကလေးမှလွဲပြီး လယ်ယာကွင်း အနည်းငယ်ရှိပြီး တောကြီး၊ စိမ့်ကြီး၊ မှိုင်ကြီးတွေသာ ပတ်ပတ်လည် ဝန်းရံလျက် ရှိသည်။

သက်တမ်း ရှည်ကြာလှပြီဖြစ်သော လူတယောက်ဖက် မမိနိုင်သည့် ကျွန်းပင်အိုကြီးများမှာ မိုးထိ မြင့်မားဟန် မြင်တွေ့ရသည်။ ကျွန်းရွက်ကြီးများ၊ ကျွန်းခက်လက်များ တရွက်နှင့်တရွက်၊ တခက်နှင့်တခက် ထိစပ်ယှက်မိုးနေသောကြောင့် ကောင်းကင်ကိုဖောက်မမြင်နိုင်။ တနေ့လုံး နေလုံးမှ မြေအပြင်ကို နေမြောက် နေမှုန် တိုးမဝင်နိုင်လောက်



အောင် စိမ့်မှိုင်နက်လှသည့် တောရပ်ဒေသဖြစ်၏။ ကျွန်းရွက် ဖားဖားကြီးများပေါ်သို့ နှင်းစက်တွေ တပေါက်ပေါက်ကျဆင်းသံမှာ အမှန်တကယ်မိုးသီးမိုးပေါက်ရွာချသံ ပမာ ကြားရသည်။ ကျွန်းရွက်များပေါ်မှ တဆင့် နှင်းစက်များ ကြွေဆင်းရာ လူကိုယ်နှင့် အင်္ကျီများပေါ်တွင် နှိုရဲ ပေကျံ တတ်သေးသည်။ ပြီးတော့ မှက်ဆိုသော ယင်ကောင်ကြီး တမျိုးမှာ သစ်ပင်ထက်မှ လူကိုယ်ပေါ်သို့ ခုန်ဆင်းပြီး အသားထဲစူးနစ်ဝင်ကာ သွေးစုပ်တတ်သည်။ ငှက်ဖျားခြင်လည်း အလွန်ပေါများသည့် ဒေသဖြစ်သည်။

ဘိုးဘိုးမှာ လက်ဝဲသုန္ဒရလို ရွှေပြည်တော်ကိုလွမ်းတဲ့ ရောအိမ်သူဇနီးလည်း မကျန်ရစ်။ ရွှေလည်ဆွဲချင်ရှာပေမည့် သားသမီးလည်းမရှိ။ သို့သော် မြို့တော်ဆီသို့ ပြန်လိုစိတ် မြင်းပြသည်။ ဤရပ် ဤဒေသတွင် နေရသည်မှာ အကျိုးတည်း နိုင်လှသည်။ ပြီးတော့ ငှက်ဖျားရောဂါကို အမြဲသတိထားနေရသည်။ ဤဒေသသို့ ရောက် လာကြ သည့် အစိုးရ အမှုထမ်း ဟူသမျှ ငှက်ဖျားမိ၍ ပြန်ရသည်မှာလည်း အစဉ်အလာလို ဖြစ်နေသည်။ ဘိုးဘိုးတို့လို နေ့စဉ် စိမ့်ထဲ မှိုင်ထဲ ခရီးသွား နေရသူအဖို့ ငှက်ဖျား ရောဂါ ရရန် အလွန်လွယ်ကူလှသည်။ သည်လိုနှင့် ပင်လယ်ဘူးသို့ ဘိုးဘိုးရောက်ပြီး ကိုးလခန့်အကြာတွင် ငှက်ဖျား မိတော့သည်။

သည်ချပ်သည်မြေတွင် ဆေးကောင်း ဝါးကောင်းလည်း မရှိ၊ ပြုစုစောင့်ရှောက်မည့် ဆွေမျိုးရင်းချာ ဆို၍လည်း

www.burmeseclassic.com

တယောက်မျှမရှိသည်နှင့် ခွင့်ရက်ရှည်ယူမည်၊ သည်နေရာကို တော့ ပြန်မလာလိုတော့ပြီ၊ အလုပ်မှထွက်ရလျှင်လည်းထွက် ရစေ တော့ဟု စိတ်ဆုံးဖြတ်လျက် ခွင့်တင်ကာ ရန်ကုန်သို့ ပြန်ဆင်းလာခဲ့သည်။

ဤအချက်ကပင်လျှင် ဘိုးဘိုးအား အင်္ဂလန်သို့ပညာသင် သွားရန် အကြောင်းဖန်လာသလို ဖြစ်သွားတော့သည်။ နဂိုကမှ အစိုးရအမှုထမ်းအလုပ် မလုပ်လိုရကားဘိလပ်သွား ၍ ဝတ်လုံပညာသင်ကြားပြီး လွတ်လွတ်လပ်လပ် ရှေ့နေ လိုက်စားမည်ဟု စိတ်ဆုံးဖြတ်လိုက်တော့သည်။

ထို့ကြောင့်ဘိုးဘိုးအသက် ၂၄–နှစ် အရွယ်တွင် အထူး ခွင့်ယူ၍ အင်္ဂလန်နိုင်ငံသို့သွားခဲ့သည်။ ထိုနိုင်ငံတွင် သုံး နှစ်တာနေကာ ဝတ်လုံစာမေးပွဲအောင်မြင်ပြီး၁၉၂၂–ခုနှစ် တွင် မြန်မာနိုင်ငံသို့ ပြန်လာခဲ့သည်။ လက်ရှိ အစိုးရ အမှုထမ်းရာထူးမှ နုတ်ထွက်လိုက်ကာ ဘားလမ်းတွင် တိုက် ခန်း တခန်းငှားပြီး ဦးဘဒွန်း (အန်ကယ်ဒွန်း) နှင့် တွဲ၍ ရှေ့နေလိုက်သည်။

ဘိလပ်ပြန် ဝတ်လုံတော်ရ ရှားပါးလှသော ထိုခေတ်၊ ထိုအချိန် ကာလက ရုပ်ချော၊ သဘောကောင်း၊ ဆွေမျိုး ညာတကာ အသိုင်းအဝိုင်းလည်း ကောင်းလှသော ဘိုးဘိုး အဖို့ အမှုကြီးများ အများဆုံးရကာ ဘိုးဘိုး၏ အမည်မှာ တစတစနှင့် လျှမ်းလျှမ်းတောက် ထင်ပေါ်ကျော်ကြားလာ ခဲ့သည်။ ပျိုတိုင်းကြိုက်သည့် နှင်းဆီခိုင် ဖြစ်ခဲ့ရသည်။



ဘိုးဘိုးအသက် ၂၉–နှစ်အရွယ်တွင် ဘွားဘွားနှင့်တွေ့ဆုံ မေတ္တာမျှကာ အိမ်ထောင်ကျခဲ့သည်။ သည်နောက်တော့ တဘက်မှ ရှေ့နေလိုက်ယင်း ရန်ကုန် မြူနီစီပါယ်ကော်ပိုရေး ရှင်းတွင် ရန်ကုန်အနောက်ပိုင်းမှ တရုတ်အမျိုးသားများ၏ ကိုယ်စားလှယ် မြူနီစီပါယ် ကောင်ဆယ်လာ လူကြီးမင်း အဖြစ်လည်းကောင်း၊ ဟောင်ကောင်နှင့် ရှန်ဟဲဘဏ်လုပ်ငန်း ကော်ပိုရေးရှင်း၊ တရုတ်ဘဏ် စသော ဘဏ်တိုက်ကြီး ငါးတိုက်၏ ဥပဒေ အတိုင်ပင်ခံလူကြီးအဖြစ် လည်းကောင်း ၁၂–နှစ်ကျော်မျှ တာဝန်ယူထမ်းဆောင်ခဲ့သည်မှာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်သည့် အချိန်အထိပင်။ ထို နေ့ ရက် များ ကား ဘိုးဘိုး၏ အတောက်ပ အထင်ရှားဆုံး နေ့ရက်ကာလ များပင်ဖြစ်သည်။

၁၉၃၉–ခုနှစ်၊ ဒီဇင်ဘာလ ၁၂–ရက်နေ့က တရုတ် နိုင်ငံသို့ မြန်မာပြည်မှ ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့အဖြစ် ဘိုးဘိုးတို့ သွားရောက် လည်ပတ်ခဲ့ကြပုံ များကိုတော့ ကောင်းစွာ မှတ်မိနေသေးသည်။

သည်လိုမှတ်မိနေသည်ကတော့ တနည်းအားဖြင့် ဘိုးဘိုး အဖို့ ပထမဦးဆုံးအကြိမ် လေယာဉ်ပျံ စီးဘူးခြင်းကြောင့် လည်း ဖြစ်မည်။ ( ဘိလပ်ကို သွားခဲ့စဉ်ကတော့ နေ့ ရက် ရှည်ကြာစွာ သင်္ဘောစီး၍ ရေလမ်းခရီး သွားခဲ့ရခြင်းသာ ဖြစ်၏။ ) ထို့ပြင် ထိုချစ်ကြည်ရေးအဖွဲ့သည် မြန်မာနိုင်ငံ၏ ပထမဦးဆုံးအကြိမ်အဖြစ် တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့် အဖွဲ့ ဖြစ်ခြင်းကြောင့်လည်း ဖြစ်မည်။

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



တနေ့ကတောင် ဘိုးဘိုးတို့ တရုတ်ပြည်သွားသည့် ကိစ္စနှင့်ပတ်သက်ပြီး ဘိုးဘိုးနှင့် ချစ်ခင်ရင်းနှီးသည့် နိုင်ငံတော်ကောင်စီဝင်ဟောင်း ရခိုင်မိတ်ဆွေတဦးကို ပြောပြနေရသေးသည်။ တရုတ်ပြည်မှ ချန်ကေရှိတ် လက်ဆောင်ပေးလိုက်သည့် တရုတ်အမျိုးသား လူကုံထံတို့ ဝတ်ဆင်သည့် အနက်ရောင် ပိုး အပေါ်ဖုံးအင်္ကျီ၊ ရှည်လျား ပွယောင်းသော ဖဲဝတ်လုံကြီး၊ သတ္တုလေယာဉ် ပုံစံငယ်လေးများကို ဘိုးဘိုး၏ ဗီရိုထဲမှ ထုတ်ပြခိုင်းရသေးသည်။ နှစ်ကာလ ရှည်ကြာဟောင်းမြင်း လာခဲ့သည့်တိုင် ထို လက်ဆောင် အင်္ကျီများသည် တရုတ်ပိုးဖဲ၏ဂုဏ်သတင်းကို ဖော်ကျူးသည့်အနေနှင့် သစ်လွင်တောက်ပ ခိုင်ခံ့ဆဲဖြစ်ကြောင်း ဘိုးဘိုးသိရသည်။

မြို့မ ဦးဘလွင် ခေါင်းဆောင်သည့် မြန်မာ အဖွဲ့ဝင်ကိုးဦး ( ဘိုးဘိုး၊ ဦးဘလွင်၊ ဒီးဒုတ် ဦးဘချို၊ ဒေါ်မြစိန်၊ သခင်နု၊ ဦးဘ၊ မစ္စတာ ဂန်ဂါဆင်၊ မစ္စတာ ဝီလီယန်ကျန်၊ မစ္စတာလျူး ) ပါဝင်သည့် ဘိုးဘိုးတို့ ချစ်ကြည်ရေး မိတ်ဆက် အဖွဲ့သည် တရုတ်နိုင်ငံပိုင် လေယာဉ်ငယ်နှင့် တရုတ်ပြည်သို့ သွားခဲ့ကြသည်။

ရန်ကုန် မင်္ဂလာဒုံမှ ဦးစွာ လားရှိုးသို့သွားသည်။ ထိုမှ ဆက်လက် ပျံသန်းရာ အချိန် ၂-နာရီ ခန့်အကြာတွင် ယူနန်နယ်၏ မြို့တော် ကူးမင်းသို့ရောက်သည်။ ကူးမင်းမှတဆင့် ချုံကင်းသို့ ၃-နာရီခန့်အကြာတွင် ရောက်၏။

ချုံကင်းလေယာဉ်ကွင်းမှာ တောင်နှစ်လုံးကြား မြေညီလွင်ပြင်တွင် တည်ဆောက်ထားသည်။ ဘိုးဘိုးတို့ အဖွဲ့ဝင်များ တောင်ခြေအထိ လမ်းလျှောက်သွားပြီး အသင့်စောင့်နေသော ထမ်းစင်များပေါ် တက်ကာ ချုံကင်းမြို့ သို့သွားကြသည်။ ခရီးသည် တယောက်သာ စီးနိုင်ပြီး အထမ်းသမားနှစ်ဦးထမ်းသည့် ထမ်းစင်ယာဉ်တမျိုးကို တရုတ်ပြည်ရောက်မှ ဘိုးဘိုးတို့ စီးဘူးသည်။



ထိုအချိန်က ကျူးကျော်သူ ဖက်စစ်ဂျပန်များ၏ စစ်ရန်ကြောင့် တရုတ်ပြည် ဗဟိုအစိုးရသည် ပီကင်းမြို့တော်မှ ဆုတ်ခွာ တိမ်းရှောင်လာကာ ချုံကင်းမြို့တွင် ရုံးစိုက်နေသည့် အချိန်ကာလဖြစ်သည်။

ဘိုးဘိုးတို့သည် ချုံကင်းတွင် တရုတ်ပြည် အာဏာရှင်စစ်ဗိုလ်ချုပ်ကြီး လဇ္ဇင်းမိုးချန်ကေရှိတ်နှင့် နေ့လယ်စာအတူစားကာ နှစ်နိုင်ငံ ချစ်ကြည်ရေးကို တိုင်ပင်ဆွေးနွေးခဲ့ကြသည်။ ကူမင်တန် အစိုးရ၏ ထိပ်သီးအရာရှိကြီးများ ဖြစ်သော တရုတ်ပြည် သမ္မတကြီး လင်စန်၊ နိုင်ငံခြားရေးဝန်ကြီးဒေါက်တာဝမ်းချုန်းဟူဝီး၊ နန်းရင်းဝန်နှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာကွန်း၊ စစ်ဗိုလ်ချုပ်ကြီးလင်း၊ စစ်ဗိုလ်ချုပ်ကြီးဖန်ယုဆိုင်၊ ချုံကင်းမြို့တော်ဝန်၊ စစ်ဝန်ကြီးချုပ်၊ လမ်းဖောက်လုပ်ရေး ဝန်ကြီး စသူတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

ချုန်တူးတက္ကသိုလ်၊ တရုတ်စက်မှုလက်မှုဆိုင်ရာ သမဝါယမ လုပ်ငန်းဌာနများ၊ စစ်လေ့ကျင့်ရေးကျောင်း၊ ဘွိုင်စကောက် ဌာနချုပ်၊ တရုတ်ဂျပန်စစ်တွင် မိဘမဲ့ဖြစ်ကြ

www.burmeseclassic.com

www.burmeseclassic.com



ရသည့် ကလေးသူငယ်များဂေဟာတို့သို့ သွားရောက်ကြည့်ရှုလေ့လာကြသည်။

ချုံကင်းအသံလွှင့်ရုံသို့လည်း ရောက်သည်။ မြန်မာအဖွဲ့ဝင်များ တဦးကို သုံးမိနစ်ကျစီ စကားပြောခွင့်ရ၍ ဘိုးဘိုးသည်လည်း အမှတ်တရ အသံလွှင့် ဓာတ်ခွက်မှ မြန်မာနိုင်ငံသို့ ၃-မိနစ်ခန့် စကားပြောလိုက်သေးသည်။

ယန်စီမြစ်ကိုဖြတ်ကာ ချုံကင်းမြို့၏တဘက် ၁၅-မိုင်ခန့် အကွာရှိ ဂျပန်အကျဉ်းသားများထားသည့် စခန်းကိုလည်း သွားရောက်ကြည့်ကြသည်။

ချုံကင်းတွင် ဖူကျန် နယ်သားများက ဧည့်ခံသောညစာစားပွဲသို့ တက်ရောက်ကြရသေးသည်။

ဘိုးဘိုးတို့သည်ချုံကင်းတွင် ကိုးရက်ခန့် လည်ပတ်သွားလာကြည့်ရှုကြပြီး ချန်တူးမြို့သို့ လေယာဉ်နှင့်သွားကြသည်။ ချန်တူးစစ်ကျောင်း၊ လေယာဉ်မောင်း သင်ကျောင်းများသို့ သွားရောက်ကြည့်ရှုလေ့လာ ကြသည်။ ချန်တူးမှ ကူမင်းသို့ လေယာဉ်နှင့်ပြန်သည်။ ကူမင်းရောက်မှ ကားသုံးစီးနှင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။ ချူးစတန်း၊ ရှာကွမ်း၊ ပေါက်ရှန်းမြို့များကိုဖြတ်ပြီး သံလွင်ကြိုးတံတားကြီးကို ကျော်ရသည်။ ထို့နောက် မန်ဇစ်တွင် ခဏနားပြီး ဆက်လက်ထွက်ခွာလာကြကာ ဝမ်တိန်မှဘဆင့် လားရှိုးသို့ ရောက်၏။

သို့လျှင် မြန်မာချစ်ကြည်ရေး မိတ်ဆက် အဖွဲ့သည် တရုတ်ပြည်တွင် ရက်သတ္တပတ် နှစ်ပတ်နီးပါး လှည့်လည်



သွားလာ နေထိုင်ခဲ့ကြပြီး မိုင်ပေါင်း ၈၆၀-ကျော် ရှည်လျားသည့် တရုတ် - မြန်မာလမ်းမကြီး တလျှောက် မော်တော်ကားနှင့် မြန်မာနိုင်ငံသို့ ပြန်လာခဲ့ကြသည်။

ထိုစဉ်ကတော့ နောက်တကြိမ် ထိုနေရာဒေသများကို စစ်ပြေးဘဝနှင့် ပြန်လည် ရောက်ရဦးမည်ဟု ဘယ်လိုမျှ မမျှော်လင့်ခဲ့။ ကမ္ဘာစစ်ကြီး ဖြစ်လာလျှင်လည်း ပြည်တွင်း တနေရာရာ၌ ခိုအောင်းနေတော့မည်ဟု ရည်ရွယ်ထားခဲ့သည်။

သို့သော် တကယ်တမ်း ဂျပန်က အင်္ဂလိပ်အား စစ်ကြေငြာပြီး ဂျပန်တွေ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်လာချိန်မှာတော့ စစ်ပြေးဘဝနှင့် တရုတ်-မြန်မာ လမ်းမကြီးတလျှောက် တရုတ်ပြည်တွင်းသို့ ဒုတိယအကြိမ် ဘိုးဘိုးရောက်ပြန်တော့သည်။

အစ ပထမ ကတော့ ဆွေမျိုးရင်းချာမှာ ချစ်ခင်ရင်းနှီးနေကြသည့် ဖျာပုံရှိ ဒေါ်ကျင်မြိုင်၊ ဒေါ်ကျင်မေ (ဗိုလ်လကျ်ာ၏ မိခင်နှင့်အဒေါ်) တို့အိမ်မှာ ရက်သတ္တပတ်နှစ်ပတ်ခန့် နေထိုင်ခဲ့သေးသည်။ သို့သော် ဘိုးဘိုးတို့အဖို့ ဂျပန်များ ဝင်လာသောအခါ မြန်မာပြည်တွင်းတွင် စေ့ရိပ်ခို၍ မနေနိုင်စရာ အကြောင်းများက ရှိသည်။

လူမျိုးတမျိုးက တခြား လူမျိုးတမျိုးအပေါ် အနိုင်ကျင့်မှုများကို မလိုလားသူဘိုးဘိုးက ဂျပန်နိုင်ငံလုပ် ကုန်ပစ္စည်းများကို သပိတ်မှောက် ကန့်ကွက်သည့် အဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။ ဘိုးဘိုးကိုယ်တိုင် ရန်ကုန်မြို့တွင်း

www.burmeseclassic.com

www.burmeseclassic.com



နှင့် နယ်အရပ်ရပ်သို့ဆင်းကာ ဂျပန်ကုန်ပစ္စည်းများကို ဝယ်ယူအသုံးမပြုပဲ သပိတ်မှောက်ဆန့်ကျင်ရန် စည်းရုံးလှုံ့ဆော်ရေးတရားပွဲများ ကျင်းပ ဟောပြောခဲ့ဘူးသည်။ တရုတ်ပြည်တွင် ဂျပန်နှင့် စစ်ဖြစ်သောအခါ တရုတ် ကြက်ခြေနီအသင်းအတွက် ရန်ပုံငွေ ကျပ် ၁၀၀၀–ကို ဘိုးဘိုးက ဦးဆောင် ဦးရွက်ပြု၍ မြန်မာနိုင်ငံ ရန်ကုန် မြူနီစီပါယ်ကော်ပိုရေးရှင်းမှ တောင်းခံ ပို့ပေးခဲ့သည်။ ထို့ပြင် ဂျပန်တို့၏ ရန်သူနိုင်ငံ တရုတ်ပြည်သို့ ဘိုးဘိုးတို့ ချစ်ကြည်ရေးသွားရောက်ခဲ့ပြီး ကျူးကျော်သူ ဂျပန်စစ်ကို ရှုတ်ချပြစ်တင်ဝေဖန်ခဲ့ကြသည် မဟုတ်ပါလား။

ဤအချက်များကို စုံစမ်း သိရှိထားကြသော ဂျပန်တို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက် လာချိန်တွင် ဘိုးဘိုးတို့လို လူမျိုးကို မြေလျှိုးမိုးပျံ ရှာဖွေကာ တွေ့သည့်ချင်းဝေးမဆိုင်းပဲ ခုတ်ပိုင်း လက်စား ချေကြမည်။ ပြီးတော့ဘွားဘွား၏ ဖခင်မှာ အင်္ဂလန်သား စစ်ဝင် ဖြစ်သည်။ ဘွားဘွားမှာ မြန်မာရုပ်ရယ်လို့ လုံးဝမရှိ။ ဂျပန်တွေ ဒုက္ခပေးနိုင်စရာအကြောင်းတွေက အများကြီးရှိသည်။

(တကယ်တမ်း ဂျပန်များ ရန်ကုန်မြို့တွင်းသို့ ဝင်ရောက်လာချိန်မှာ မြန်မာလူမျိုး စပိုင်တယောက်နှင့်အတူ ဂျပန်စစ်ထောက်လှမ်းရေး အရာရှိအချို့ လိုက်ပါလျက် ဘိုးဘိုးတို့နေသွားသည့် လတ္တာလမ်း တိုက်ခန်း သို့ ရောက်လာကြသည်။ ထိုအချိန်မှာ ဘိုးဘိုးတို့မိသားစုမှာ မန္တလေးသို့ရောက်နှင့်ကြပြီ။ ဂျပန်များက စပိုင်များသတင်းပို့ပေးထားချက်



အရ သူတို့အလိုရှိသည့် ဘိုးဘိုးတို့လို လူမျိုး အမည်စာရင်းစာရွက်ကြီးနှင့် လာကြသည်။ အိမ်တံခါးကို ချိုးဖျက်ဝင်ပြီး ပြန့်ကျဲ ကျန်ရစ်နေသော အိမ်ထောင် ပရိဘောဂနှင့်ပစ္စည်းများကို ဘာမှတော့မလုပ်ပဲ သူတို့အလိုရှိသော စာရွက်စာတမ်း ဓာတ်ပုံများကို လိုက်လံရှာဖွေကြသည်။

ဤအကြောင်းကို ကြိုတင် သိမြင်ထားသော ဘိုးဘိုးကလတ္တာလမ်းအိမ်မှ မထွက်ခွာမီကပင် ဂျပန်ဆန့်ကျင်ရေးဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများ၊ တရုတ်ပြည်သို့ မိတ်ဆက်အဖွဲ့နှင့်သွားခဲ့စဉ် ချန်ကေရှိတ် အစိုးရအဖွဲ့ဝင် ထိပ်သီးခေါင်းဆောင်ကြီးများနှင့် အမှတ်တရ ရိုက်ကူးထားခဲ့ကြသော၊ နောင်တခေတ်မှာ သမိုင်းဝင် အသုံးကျမည့်ဓာတ်ပုံပေါင်း များစွာနှင့် သတင်းစာ ဖြတ်ပိုင်းများကိုမီးရှို့ ဖျောက်ဖျက်ပစ်ခဲ့ပြီးပြီ။ သားဖြစ်သူက နှမြောလွန်းလှ၍ ဟန့်တားတာတောင်မရခဲ့။

လူကိုလည်း မတွေ့ရ၊ အထောက်အထား စာရွက်၊ စာတမ်းများကိုလည်း မတွေ့ရတော့ အိမ်နီးနားချင်းများကို စစ်ဆေး မေးမြန်းသည်။ အိမ်နီးပါးချင်း အချို့က ရန်ကုန်ကို ဗုံးကျစဉ်က ဘိုးဘိုးမှာ ဗုံးထဲ ပါသွားပြီဟု လိမ်လည်ပြောကြသည်။ အချို့ကလည်း ဘိုးဘိုးမှာ စစ်ကိုင်းချောင်တွင် သင်္ကန်းဝတ်လျက် တရားရှာမှီးနေသည်ဟု သင့်သလိုပြောလိုက်မှ ဂျပန်များပြန်သွားကြောင်း နောက်နောင်ဘိုးဘိုးတို့ ရန်ကုန်ပြန်ရောက်တော့ သိရှိကြရသည်။)

www.burmeseclassic.com



ဒေါ်ကျင်မြိုင်တို့က ဖျာပုံမြို့ပေါ်မှာ မနေလိုလျှင်လည်း တောနယ်ဘက်သို့ သွားရောက်နေထိုင်ရန် အကြံပေးသေးသည်။ သို့သော် အောက်မြန်မာပြည်ဘက်တွင် ဘိုးဘိုး တို့ ဘယ်လိုမှ နေ၍မဖြစ်။ ထို့ကြောင့် ရွှေထည်၊ ငွေထည်အချို့ ထည့်ထားသည့် သေတ္တာနှစ်လုံးကို ဒေါ်ကျင်မြိုင်တို့ထံ အပ်ထားခဲ့ပြီး မိသားစုသုံးဦး ရန်ကုန်သို့ ပြန်လာခဲ့ကြသည်။

ဂျပန်ရန်မှ ကင်းဝေးအောင် ဘယ်ရပ် ဘယ်ရွာမှာ ခိုအောင်းနေကြရမလဲ စဉ်းစားတွေးတောကြသည်။ သားဖြစ်သူက စစ်ကာလအတွင်း ရှမ်းပြည်မြောက်ပိုင်း လားရှိုးဘက်တွင် စစ်ရိပ်ခိုရန် အကြံပေးသည်။ လားရှိုးတွင် ဘွားဘွားတို့၏ ဆွေမျိုးသားချင်း တဦးမှာ ဟိုတယ်ဆိုင်၊ ရုပ်ရှင်ရုံဖွင့်ကာ စီးပွားဖြစ်လျက်ရှိသည်။

တရုတ်-ဂျပန် စစ်ကြောင့် တရုတ်ဆိပ်ကမ်း မြို့ကြီးများကို ဂျပန်များက ပိတ်ဆို့လိုက်ရာ တရုတ် မြန်မာကားလမ်းမကြီးကို ဖောက်လုပ်သည်မှစပြီး (၁၉၃၈ - ခုနှစ်ခန့်) လားရှိုးမြို့မှာ စီးပွားရေးအဓိက အချက်အချာ ကျသည့် အလွန်စည်ကားလှသောမြို့တမြို့ ဖြစ်လာခဲ့သည်။ လားရှိုးတွင် တရုတ်ပြည်ထွက် ကုန်ပစ္စည်း ဘာမဆို ဝယ်၍ရသည်။ တနေ့တနေ့ ကုန်တင်လော်ရီကားကြီး ပေါင်း မြောက်မြားစွာ ဝင်ထွက်ဖြတ်သန်းသွားကြသည်။ ဘိုးဘိုးစိတ်ထဲကလည်း ဂျပန်များ ဘယ်နည်းနှင့်မျှ ရှမ်းပြည်အထိ တက်ရောက်သိမ်းပိုက်နိုင်ကြလိမ့်မည် မဟုတ်ဟုထင်မှတ်ခဲ့၏။ ထို့ကြောင့် လားရှိုးဘက်သို့ တိမ်းရှောင်နေရန် စိတ်ဆုံးဖြတ်လိုက်သည်။



သို့လျှင် ဘိုးဘိုးတို့မိသားစု သုံးဦးနှင့် အိမ်ဖော်မိန်းကလေးတဦးတို့ ရန်ကုန်မှ ပြည်သို့ ဖေဖော်ဝါရီ လဆန်း တရက်နေ့တွင် ကားနှင့်ထွက်လာခဲ့ကြသည်။ ပြည်မြို့ အစိုးရ ဗိုလ်တဲတွင် ခဏနားပြီး ခရီးသည်တင် ရေဝတီ ကုမ္ပဏီပိုင် သင်္ဘောနှင့်မြင်းခြံသို့ သွားသည်။ မြင်းခြံရှိ ဘိုးဘိုးတို့ အမေအိမ်တွင် နှစ်ရက်သုံးရက်ခန့်နေပြီး မီးရထားနှင့် မန္တလေးသို့ ခရီးဆက်ကြသည်။

မန္တလေးမှတဆင့် လားရှိုးထိ ဘိုးဘိုးတို့မီးရထားနှင့်ပင် သွားကြသည်။ ဘိုးဘိုးတို့ လားရှိုးသို့ရောက်ချိန်တွင် တရုတ်ပြည်မှ အာဏာရှင် ချန်ကေရှိတ်၏ ညာလက်ရုံးလည်းဖြစ်၊ ယုံကြည် စိတ်ချရသော ကိုယ်စားလှယ်လည်း ဖြစ်သည့် ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်း မှာ လားရှိုးသို့ ရောက်နှင့်နေချိန်ဖြစ်သည်။

ဗိုလ်ချုပ်ကြီးဝမ်း၏ အကြံအစည်မှာ ဘိုး ဘိုး တို့ လို မျိုးချစ်စိတ်လည်းရှိ၊ နိုင်ငံရေး အမြင်လည်းရှိသော မြန်မာ ခေါင်းဆောင်လူကြီးများ (အထူးသဖြင့် တရုတ်ပြည်သို့ ရောက်ဖူးခဲ့ကြသည့် မြန်မာနိုင်ငံမှ ချစ်ကြည်ရေး မိတ်ဆက် အဖွဲ့ဝင် လူကြီးများ)အား လက်လှမ်းမီသလောက် စုရုံး ခေါ်ယူကာ ရှမ်းပြည်တနေရာမှဖြစ်စေ၊ တရုတ်ပြည်တွင်းမှ ဖြစ်စေ မဟာမိတ်များ၏အကူအညီနှင့် ဂျပန်လက်အောက် ရောက်ရှိနေကြသော မြန်မာလူမျိုးများထံရေဒီယိုမှ ဖက်ဆစ် ဂျပန်ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို အသံလွှင့်ဝါဒဖြန့်ရန်နှင့် စည်းရုံးရေး လုပ်ငန်းများ ပြုလုပ်ရန်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် 'စစ်ကာလအတွင်း ဖက်ဆစ်ကျူးကျော်သူ ဆန့်ကျင်ရေးအသင်း (မြန်မာနိုင်ငံ)' (Anti-Aggression War Campaign Association - Burma) ကိုလားရှိုးမြို့၊ အမှတ် ၁၂–ဘုရားကျောင်းလမ်း အဆောက်အအုံတွင် ဖွဲ့စည်းတည်ထောင်ကာ ဘိုးဘိုးကိုအသင်း၏အတွင်းရေးမှူးအဖြစ် တင်မြှောက်ခဲ့ကြသည်။

ဂျပန်တို့၏ ကျူးကျော်မှုကိုသာ ဘိုးဘိုးရွတ်ချလိုသည်မဟုတ်၊ ဂျပန်နှင့် ဂျာမနီတို့၏ ဖက်ဆစ်ဝါဒဆိုးကိုလည်း ဘိုးဘိုးလုံးဝမလိုလား၊ ဖက်ဆစ်ဝါဒသာလျှင် ဤကမ္ဘာမှာ ကြီးစိုးခဲ့လျှင် ကမ္ဘာသူကမ္ဘာသားအပေါင်းမှာ လူညွန့်တုံးတော့မည်၊ ထို့ကြောင့် ဖက်ဆစ်ဝါဒဆိုးကိုတွန်းလှန်တိုက်ဖျက်နေသော ဒီမိုကရေစီဘက်တော်သားများကို ကူညီရန်မှာ ကမ္ဘာ့တိုးတက်မှုကိုလိုလား တောင့်တသော ကမ္ဘာသူကမ္ဘာသား တိုင်း၏တာဝန်တရပ်ဖြစ်သည်ဆိုသောအချက်ကို ဘိုးဘိုးထောက်ခံခဲ့သည်။

ထိုအသင်း ဖွဲ့စည်းခြင်း အထိမ်းအမှတ် အဖြစ် 'ဟောင်အမ်း' (Hong Aun) တရုတ်ဟိုတယ်ကြီးတွင်ညစာစားပွဲကြီးတခု တည်ခင်း ကျွေးမွေးသည်။ ထိုအစည်းအဝေးနှင့် ညစာစားပွဲသို့ ဘိုးဘိုး၊ ဝန်ကြီးချုပ်ဆာပေါ်ထွန်း၊ ဘဏ္ဍာရေးဝန်ကြီး ဆာထွန်းအောင်ကျော်နှင့်အခြားဝန်ကြီးသုံးဦး၊ ဒေါ်မြစိန်၊ ရှမ်းစော်ဘွားများ၊ အင်္ဂလိပ်၊ တရုတ် စစ်သတင်းထောက်အချို့၊ မြန်မာအရာရှိလူကြီး လူကောင်းအချို့ တက်ရောက်ကြသည်။



ဗိုလ်ချုပ်ကြီးဝမ်း၏ အစီအစဉ်အတိုင်း တရုတ်ပြည်သို့ ခေါ်ယူမည့် မြန်မာ့ခေါင်းဆောင်များနှင့် ထင်ရှားသည့် နိုင်ငံရေးသမားများစာရင်းတွင် အချို့မှာ မန္တလေး၊ မေမြို့၊ စစ်ကိုင်းဘက်သို့ ရောက်ရှိ နေကြသည်။

ထိုသူများနှင့် တွေ့ဆုံဆွေးနွေးရန် ဗိုလ်ချုပ်ကြီးဝမ်းနှင့်အတူ ဘိုးဘိုး၊ ဦးဘဒွန်း (အန်ကယ်ဒွန်း)၊ ပုဇွန်တောင်ဦးကျင်သိန်း၊ မစ္စတာ ချာတာဂျီ၊ ဒေါ်မြစိန်နှင့် အသင်းဝင်လူကြီးအချို့ မေမြို့သို့ ထွက်ခွာသွားကြသည်။ သွားဘွား၊ သားဖြစ်သူနှင့် အိမ်ဖော်မလေးကိုတော့ သိန္နီရှိ ဝိတ်ချူရသော မိတ်ဆွေတဦး အိမ်တွင် ထားခဲ့သည်။

ဗိုလ်ချုပ်ကြီးဝမ်း အလိုရှိနေသည့် သခင်နုမှာလည်း ထိုအချိန်က မန္တလေးထောင်၌ ဗြိတိသျှအစိုးရ၏ သခင်နိုင်ငံရေး အကျဉ်းသားအဖြစ် ရောက်ရှိနေသည်။ ထိုအချိန်က မန္တလေးမြို့၏ သုံးပုံနှစ်ပုံခန့်မှာ ဂျပန်ဗုံးဒဏ်ကြောင့် မှုန်မှုန် ပျက်စီးနေကာ မန္တလေးထောင်ကြီးထဲမှာလည်း ဗုံးရော ဂါ အကြီးအကျယ် ဖြစ်နေသည်။ ရှေ့တိုးချီပါရွာတွင် စစ်ပြေးနေရသော ဒီးဒုတ်ဦးဘချို၏ စီစဉ်ချက်အရ ဗိုလ်ချုပ်ကြီးဝမ်းမှာ မန္တလေးထောင်သို့ သွားရောက်၍ သခင်နုကိုတွေ့သည်။ ဘိုးဘိုးတို့က မေမြို့မှာ ကျန်ရစ်သည်။

ဗိုလ်ချုပ်ကြီးဝမ်းက သခင်နုအား သူ၏အစီအစဉ်ကို ပြောပြသည်။ သခင်နုအား ချုံကင်းသို့ လိုက်ပါရန် စည်းရုံးသည်။

www.burmeseclassic.com

www.burmeseclassic.com



သခင်နုက ဖက်ဆစ် စနစ်ဆိုးကို မုန်းတီး တိုက်ဖျက်လိုသည့် မြန်မာပြည်မှ ကွန်မြူနစ်ခေါင်းဆောင်များဖြစ်ကြသည့် သခင်စိုး၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း၊ သခင်ကျော်စိန်တို့ကိုပါ သူနှင့်အတူ ချုံကင်းသို့ ခေါ်ရန်အကြံပေးသည်။ ထို့ပြင် မြန်မာပြည် ဘုရင်ခံချုပ် ဆာရယ်ဂျီနယ်ဒေါ်မန်စမစ်နှင့် ဗိုလ်ချုပ်ကြီးဝမ်း သွားတွေ့ကာ စစ်ပြီးလျှင် မြန်မာပြည်ကို လွတ်လပ်ရေးပေးမည်ဟု ကြေငြာချက်ထုတ်ရန်၊ လန်ဒန်သို့သံကြိုးရိုက်ရန်၊ ဘုရင်ခံချုပ်ကို ပြောပေးရန် သခင်နုက တောင်းဆိုသည်။

ဗိုလ်ချုပ်ကြီးဝမ်းကလည်း ဘုရင်ခံချုပ်အား ဘိလပ်သို့ သံကြိုးရိုက်ရန်အလေးအနက် တိုက်တွန်းပါမည်ဟု ကတိခံသည်။

ဗိုလ်ချုပ်ကြီးဝမ်း မန္တလေးထောင်မှပြန်လာပြီးနောက် နှစ်ရက်ခန့် အကြာတွင် ဒီးဒုတ်ဦးဘချို၊ ဒေါ်မြစိန်နှင့် ဝိလီယန်ဆင်း ဆိုသူတို့ မန္တလေးထောင်သို့ ရောက်လာကာ သခင်နုအား ချုံကင်းသို့ သွားရောက်မည့်ကိစ္စကို ဆွေးနွေးကြသည်။

သို့နှင့် နောက်ထပ် နှစ်ရက်အကြာတွင် အင်္ဂလိပ်အရာရှိ ဘဦးနှင့် ရဲအမှုထမ်းတဦးတို့ မော်တော်ကား တစီးနှင့် သခင်နုတို့အား ချုံကင်းသို့ ခေါ်ရန် မန္တလေးထောင်သို့ ရောက်လာခဲ့ကြသည်။ သခင်နု၊ သခင်စိုး၊ သခင်ဗဟိန်း၊ သခင်ကျော်စိန်တို့လေးဦးကို ထောင်တွင်းမှ ထုတ်ယူကာ မော်တော်ကားနှင့် မေမြို့သို့ခေါ်ဆောင်သွားသည်။ အကြ



စည်မှာ သခင်နုတို့အား မေမြို့မှ တဆင့် လားရှိုးသို့ ခေါ်ယူသွားကာ၊ လားရှိုးမှ လေယာဉ်ပျံနှင့် ချုံကင်းသို့ သွားရန်ဖြစ်၏။ သခင်သန်းထွန်းမှာ မုံရွာထောင်ထဲတွင် ရှိနေသောကြောင့် တပါတည်း မလိုက် နိုင် တော့ပေ။ ဒေါက်တာ ဘမော်မှာလည်းမိုးကုတ်ထောင်ထဲတွင် ရောက်ရှိနေသည်။

သခင်နုတို့ကို တင်ဆောင်သွားသည့် မော်တော်ကားသည် မေမြို့အတက် ဘောင်ခြေနားအရောက်တွင် မေမြို့မှ ဆင်းလာသည့် ကားတစီးနှင့်တွေ့၏။ တရုတ်–မြန်မာ လမ်းမကြီးကို ဂျပန်များ ဖြတ်တောက်လိုက်ပြီဖြစ်၍ ရှေ့ဆက် မသွားနိုင်တော့ကြောင်း၊ လမ်းတလျှောက်တွင် တရုတ်စစ်သားများ၊ စစ်ပြေးခရီးသည်ကားအများနှင့် ပိတ်ဆို့လျက် ရှိကြောင်း ပြောပြသည်။ ထို့ကြောင့် သခင်နုတို့ လူစုအား မန္တလေးထောင်တွင်းသို့ ပြန်ပို့လိုက်ရတော့သည်။

ထိုအချိန်ကား မြန်မာပြည်ရှိ ဗြိတိသျှအစိုးရအဖို့ အဆိုးဝါးဆုံး၊ အမှောင်မိုက်ဆုံး အချိန်ကာလ ဖြစ်သည်။ ဂျပန်များက အလုံးအရင်းနှင့် မြန်မာနိုင်ငံတွင်းသို့ဝင်လာခဲ့သည့်အလျောက် ဗြိတိသျှ အရာရှိကြီးငယ်များမှာ ဖြစ်သည့်နည်းနှင့် မြန်မာနိုင်ငံမှ အိန္ဒိယပြည်သို့ အဆောတလျင် ထွက်ခွာပြေးနေကြရသည့် အချိန်၊ မဟာမိတ် တပ်များမှာလည်း မြောက်အရပ်သို့ တစ တစ ဆုတ်ခွာလာနေကြသည့် အချိန်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံ၏ ဗြိတိသျှဘုရင်ခံချုပ် ဆာရယ်ဂျီနယ် ဒေါ်မန်စမစ်သည်ပင် ဇနီးသည်နှင့်အတူ မြစ်ကြီးနားမြို့သို့ ဆုတ်ခွာလာခဲ့ရချိန်ဖြစ်သည်။ ရေဝတီမြစ်ဆုံမှ စိမ်းလဲ့ကြည်လင်သော မြစ်ရေပြင်ကို ငေးစိုက်ကြည့်ကာ အိန္ဒိယနိုင်ငံသို့ ဟူးကောင်းတောင်ကြားလမ်းမှ ခြေလျင် စစ်ပြေးရကောင်းနိုးနိုး၊ အိန္ဒိယမှ လာခေါ်မည့် လေတပ်ပိုင် လေယာဉ်နှင့်ပဲ လိုက်ရကောင်းနိုးနိုး၊ မြန်မာနိုင်ငံ ကချင်တောင်တန်းဒေသ တနေရာရာတွင် ခိုအောင်းကျန်ရစ်ရကောင်းနိုးနိုးနှင့် လန်ဒန်ရှိ နန်းရေးဝန် ချာချီထံမှ အမိန့်သံကြိုးစာကို ရင်တထိတ်ထိတ် စောင့်မျှော်နေရသည့် အချိန်ကာလမျိုးဖြစ်သည်။

မဟာမိတ်တပ်များကို ကူညီရန် ရောက်ရှိလာကြသည့် မြန်မာနိုင်ငံအလယ်ပိုင်းရှိ ချန်ကေရှိတ်၏ အမှတ် ၅-တရုတ်တပ်မတော်ကြီးမှာလည်း ဂျပန်စစ်အင်အားကြောင့် ဖရိုဖရဲ ဖြစ်သွားခဲ့ရသည်နှင့် အညီ ဂျပန် စစ်ကြောင်းကြီးတကြောင်းမှာလည်း သံလွင်မြစ်ကို ကူး၍ ရှမ်းပြည်မှဖြတ်ကာ ဗြိတိသျှတပ်များ၏ စစ်နံ့ကိုပြန့်၍ ဝိုင်းဝန်း ထိုးနှက်လာကြသည်။

ဘိုးဘိုးမျှော်လင့်ထားသည်ထက် ဆောလျင်စွာ ဂျပန်များသည် သံချပ်ကာတပ်များ၊ တင့်ကား တပ်များ၊ မော်တော်ယာဉ်စီး ခြေလျင် တပ်များနှင့် ရှမ်းပြည်မြောက်ပိုင်းဆီသို့ အလုံးအရင်းနှင့် ချီတက်လာကြတော့သည်။



ချင်းတွင်းဘက်မှလည်း ဂျပန် စစ်တပ်[illegible] လက်နက်အင်အား၊ လူအင်အား အပြည့်အစုံနှင့် ဖိတက်လာကြသည်။ ထို့ကြောင့် ဗြိတိသျှစစ်ဗိုလ်ချုပ်ကြီး အလက်ဇန်းဒါးမှာ မူလအစီအစဉ်ဖြစ်သည့် မြစ်ကြီးနားသို့ မဟာမိတ်တပ်များ ဆုတ်ခွာရန် အစီအစဉ်ကို ဖျက်လိုက်ရကာ ရေဝတီမြစ်ကို ဖြတ်ကျော်ပြီး ရွှေဘိုမှတဆင့် တမူးလမ်းမှ အိန္ဒိယသို့ ဆုတ်ခွာရန် အမိန့်ပေးလိုက်ရတော့သည်။ အင်းဝတံတားကြီးကိုပင် မဟာမိတ်တပ်များက ဖောက်ခွဲဖျက်ဆီးပစ်လိုက်ပြီးပြီ။

သည်လို အခြေအနေတွင် ဘိုးဘိုးတို့လည်း မေမြို့မှာ ဆက်လက်မနေဝံ့တော့သည်နှင့်ဖြစ်သလိုနည်းနှင့် လားရှိုးသို့ အရောက်သွားရတော့သည်။ လားရှိုးမြို့ကား ထိုအချိန်တွင် အလွန်တိတ်ဆိတ်ခြောက်ကပ်လျက်ရှိသည်။ ဂျပန်လေယာဉ်များက မကြာခဏ လာရောက် ဗုံးကြဲချခြင်းကြောင့် ဖြစ်သည်။ အသင်းတည်ရာ အမှတ် ၁၂-ဘုရားကျောင်းလမ်းတွင်လည်း အသင်းဝင်မြန်မာမိတ်ဆွေများကို ဘိုးဘိုးမတွေ့ရ။ ထို့ကြောင့် သိန္နီသို့ သွားရောက်ကာ ဘိုးဘိုးနှင့် သွားစုပြန်ဆုံကြသည်။

ဗိုလ်ချုပ်ကြီးဝမ်းက ဘာမျှ စဉ်းစားမနေတော့ပဲ သူနှင့်အတူ တရုတ်ပြည်တွင်းသို့တပါတည်း လိုက်ခဲ့ရန်သာ ဘိုးဘိုးကိုခေါ်သည်။ ထို့ကြောင့် ဘိုးဘိုးတို့မှာ သိန္နီမှ ကွတ်ခိုင်၊ ကွတ်ခိုင်မှ မိုင်းယု၊ မိုင်းယုမှ ကျူကုတ်ထိ စစ်သတင်းကိုနား ထောင်ယင်းထွက်လာခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးမှာတော့ ဗိုလ်ချုပ်ကြီးဝမ်း စီစဉ် ငှားရမ်းပေးသော ထရပ်ကားကြီး သုံးစီးနှင့် ကျူကုတ်မှ တရုတ်မြန်မာနယ်စပ် ဝမ်တိမ်ကို ဖြတ်ကာ တရုတ် ပြည်တွင်းသို့ ဘိုးဘိုးတို့ စစ်ပြေးခဲ့ရတော့ သည်။ မူလ စီစဉ်ထားသလို ဒီးဒုတ် ဦးဘချို၊ သခင်နု၊ သခင်စိုး၊ သခင်သန်းထွန်း စသူတို့နှင့် တခြား မြန်မာခေါင်းဆောင်လူကြီးအချို့ မပါနိုင်တော့ပဲ ဘိုးဘိုးတို့ မိသားစု၊ ဒေါ်မြစိန်၊ ဒေါ်မြစိန်၏ သားနှင့်သမီး၊ ထိုစဉ်က လူပျိုကြီးဘဝမှာ ရှိသေးသည့် ဒေါက်တာမှန်းအောင်တို့သာ ဗိုလ်ချုပ်ကြီးဝမ်းနှင့် အတူ လိုက်ပါသွားခဲ့ကြရ တော့သည်။

ဤတရုတ်-မြန်မာ နယ်ခြားလမ်းမှ တရုတ်ပြည်သို့ ပြေးကြသည့် စစ်ပြေး ဒုက္ခသည်များမှာ တောင်ကုတ် တောင်ကြားလမ်း၊ ဟူးကောင်း တောင်ကြားလမ်း၊ တမူးလမ်းကြောင်းများနှင့် အိန္ဒိယပြည်သို့ ပြေးကြရသည့် စစ်ပြေးဦးရေထက် နည်းပါးသည်ဟု ဆိုစရာရှိသော်လည်း ဘိုးဘိုးတို့မှာ လူမျိုးပေါင်းစုံ၏ ဒုက္ခပေါင်းစုံကို ကြုံကြိုက်မြင်တွေ့ခဲ့ကြရသည်။

စစ်ပြေး ခရီးသည်များ အထဲတွင် အမှတ် ၅-တရုတ်တပ်မတော်ကြီးနှင့် အမှတ် ၆-တရုတ်တပ်မတော်မှတပ်ကြွင်းတပ်ကျန် စစ်သားများ အများဆုံးပါဝင်ကြသည်။

တရုတ်-မြန်မာ လမ်းမကြီးကို ဂျပန်များကဖြတ်တောက်လိုက်သော်လည်း အမှတ် ၆-တရုတ်တပ်မကြီးမှ တပ်ကြွင်း



တပ်ကျန် စစ်သားများမှာအရှေ့ဘက်တရုတ်ပြည်သို့ အချိန်မီပြန်လည် ဆုတ်ခွာနိုင်ခဲ့ကြသည်။

မြန်မာပြည် အလယ်ပိုင်းမှ အမှတ် ၅-တရုတ်တပ်မကြီးမှာမူ ကစဉ့်ကရဲ ဖရိုဖရဲ ဖြစ်ကာ တောင်မမီ၊ မြောက်မမီ ဖြစ်လျက် ကျန်ရစ်ခဲ့သည်။ ဗြိတိသျှ စစ်ဗိုလ်ချုပ်ကြီး အလက်ဇန်းဒါးက အမှတ် ၅-တပ်မတော်ကြီးအား အိန္ဒိယပြည်သို့ လာရောက်ခိုလှုံခွင့် ပေးမည်ဟု တရုတ်တပ်များကို အုပ်ချုပ်ကွပ်ကဲသူ အမေရိကန် စစ်ဗိုလ်ချုပ် စတီးဝဲလ် (အမေရိကန်သမတ ရို့စဗဲ့က ချန်ကေရှိတ် သဘောတူလျှင် မြန်မာနိုင်ငံမှ တရုတ်တပ်များကို အုပ်ချုပ်ကွပ်ကဲရန် စေလွှတ်လိုက်သူ) အား အကြောင်း ကြားထားသည်။

သို့ဖြစ်သော် အမှတ် ၅-တပ်မကြီးမှာ ထိန်းသိမ်းမရနိုင်အောင် ကစဉ့်ကရဲ တပ်ပျက်သွားတော့သည်။ တပ်ပျက်ကြီးမှ စစ်သားအချို့သာ ဟူးကောင်းဘက်မှ လည်းကောင်း၊ ဟုန်းမလင်းဘက်မှလည်းကောင်း အိန္ဒိယသို့ ပြေးချိန်ရကြပြီး တပ်ပျက်စစ်သား အများစုမှာ၊ တရုတ်-မြန်မာ နယ်ခြားလမ်းမှ တရုတ်ပြည်သို့ ဖြစ်သလို ဆုတ်ခွာ ထွက်ပြေးကြရတော့သည်။

တရုတ်စစ်သားများထဲတွင် ဟိုက်စကူး ကျောင်းသားအရွယ် စစ်သား လူငယ်ကလေးများ အများအပြား ပါဝင်ကြသည်။ အချို့မှာ အသက် ၁၄-နှစ်ပင်ပြည့်ဦးမည်မထင်ရ။ ရိုင်ဖယ်သေနတ်ကိုပင် ကောင်းစွာမနိုင်သေး။ ပါးရဲရဲနှင့် ချစ်စဖွယ်လူငယ်လေးများကို တွေ့ရ၍ ဘွားဘွားမှာ

www.burmeseclassic.com

www.burmeseclassic.com



သနားမဆုံး ဖြစ်ခဲ့ရသည်။ သိန္နီမှ ပါနိုင်သလောက် စုဆောင်းသယ်ယူလာခဲ့သည့်စားနပ်ရိက္ခာများထဲမှသင့်သလို ခွဲဝေပေးရသေးသည်။

တရုတ်စစ်သားများအပြင် မြန်မာပြည်သို့ လာရောက်စီးပွားရှာဖွေနေခဲ့ကြသည့် တရုတ်ကုန်သည်များ၊ တရုတ်မြန်မာ ကပြားများ၊ မြန်မာလူမျိုး စစ်ပြေးများကိုလည်း အများအပြား တွေ့ရသည်။ တရုတ်-မြန်မာ လမ်းမကြီး တလျှောက်တွင် ယာဉ်ရထား၊ မော်တော်ကားပုံစံ အမျိုးမျိုးနှင့် စစ်ပြေးဒုက္ခသည် လူအမျိုးမျိုးကို တွေ့ကြရသည်။

ဗိုလ်ချုပ်ကြီးဝမ်းက ဘိုးဘိုးတို့ မိသားစု သုံးစုကို ထရပ်ကားကြီး သုံးစီးနှင့် ခွဲဝေလိုက်ပါစေပြီး သူကိုယ်တိုင်မှာမူ ဆလွန်းကားငယ်လေးနှင့် လိုက်သည်။

ဘိုးဘိုးတို့မှာသူ၏ အထူး ဧည့်သည်တော်များဖြစ်သည့်အလျောက်သူတတ်နိုင်သလောက် ကူညီစောင့်ရှောက်သည်။ ရှေ့ပြေးအဖြစ် သူက ကားကလေးနှင့် ရှေ့မှ သွားကာ သူ၏ကားနောက်ကမှ ဘိုးဘိုးတို့ ကားများကို လိုက်စေသည်။ တခါတခါ သူ၏ ကားက နောက် တော်တော်ဝေးဝေးမှာ ကျန်ရစ်လျှင် ဘိုးဘိုးတို့ ကားသုံးစီးက ရပ်စောင့်ရသည်။

ဗိုလ်ချုပ်ကြီးဝမ်းမှာ လမ်းတလျှောက်လုံး ရနိုင်သမျှ သတင်းယူကာ ချုံကင်းရောက်လျှင် ချန်ကေရှိတ်ထံသတင်းပို့ အစီရင်ခံရမည်ကြောင့် ဖြစ်သည်။ စစ်သတင်း အခြေအနေကိုလည်း အံ့ဘွယ် သူ ရရှိနေတတ်သည်။ ရန်သူ



တွေ ဘယ်ရောက်နေသည်၊ ဘယ်မျှအင်အား အလုံးအရင်း ရှိနေပြီဆိုတာ တိတိကျကျသတင်းရနေတတ်သည်။ ဘယ်မြို့ ဘယ်ရွာကို ရန်သူ ဂျပန်လေတပ်က ဘယ်နေ့၊ ဘယ်အချိန် ဗုံးလာကြဲမည်ဆိုသည့် သတင်းများကိုလည်းအမှန်တကယ် ကြိုတင်သိရှိနေသူ ဖြစ်သည်။

သည်လို တရုတ်–မြန်မာလမ်းမကြီး တလျှောက် စစ်ပြေးပြေးခဲ့ရသည့် နေ့ရက်များကိုတော့ ဘိုးဘိုးအစမှ အဆုံး ပြန်ပြောင်းတွေးလိုစိတ်ပင် မရှိပြီ။

တသက်နှင့်တကိုယ် ထိုမျှလောက် စိတ်ဆင်းရဲဒုက္ခရောက်ခဲ့ရသည့်အဖြစ်၊ ထိုမျှလောက် ကြောက်ရွံ့ထိတ်လန့်နေခဲ့ရသည့်အချိန်မျိုး ထိုစဉ်အချိန်ကပဲ ကြုံခဲ့ရဘူးသည်။ ယခင်ကလည်းမကြုံဘူး၊ နောက်နောင်လည်း ကြုံဘူးမည်မထင်။

တရုတ်–မြန်မာ နယ်စပ် အလွန်တွင် ငှက်ဖျားရောဂါ ထူထပ်လှသည့် ဖန်ဆီ၊ ချီဖန်၊ မန့်ဇီစသော တရုတ်မြို့ရွာများကို မနေမနား ဖြတ်သန်းခဲ့ကြရသည်။

တချိန်က ပန်းသေးမြို့တော်ဖြစ်ခဲ့သော ပေါက်ရှန်းမြို့သို့ ရောက်သောအခါ ဂျပန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုကို မရှုမလှ ခံကြရတော့သည်။ ဘိုးဘိုးတို့မှာ ဂျပန်ဗုံးဒဏ်မှ လက်မတင်လေး လွတ်မြောက်လာခဲ့ကြရသည်။ စစ်ပြေးခရီးသည် ၅၀၀၀(ငါးထောင်)ကျော် သေကြေ ပျက်စီးကြရသည်။ ပေါက်ရှန်းမှာ မနေဝံ့တော့သောကြောင့် လောင်လိုင်းသို့ ခရီးဆက်ကြရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးတို့ ပြေးလာခဲ့ရသည့် တရုတ်-မြန်မာ လမ်းမကြီး တလျှောက်တွင် စစ်ပြေး၊ တပ်ပြေး လူပေါင်းစုံ အလွန်များပြားရကား လမ်းတလျှောက်မြို့ရွာများရှိ တည်းခိုခန်း၊ စားသောက်ခန်း၊ ထမင်းဆိုင်ခန်းများမှာ အလွန်စည်ကားနေတော့သည်။ ဟိုတယ်၊ ထမင်းဆိုင်များတွင် နေရာလပ်၊ ထိုင်ခုံလပ်၊ အခန်းလပ် မရှိအောင် စားသောက် သူတွေများပြားလှသည်။ ဆိုင်သည်များမှာ လက်မလည်အောင်ရောင်းရ၊ အလုပ်များကြရသည်။

ရှာကွမ်းဆိုသောမြို့ကိုတော့ ဘိုးဘိုးတို့အမှတ်ရစရာ ဖြစ်နေခဲ့သည်။ ပေါက်ရှန်းမှ မရပ်မနား ခရီးဆက်လာခဲ့ကြပြီး ရှာကွမ်းမြို့သို့ရောက်သောအခါ တညတာ အိပ်စက်ရန် ရပ်နားရသည်။ ရှာကွမ်းမြို့ကား အလွန်ကျယ်ပြန့် ကြီးမားလှသည့် 'အားဟိုင်း' အမည်ရှိ ရေကန်ကြီးတကန်၏ ကမ်းနဖူးတွင် တည်ထားသော လှပသာယာသည့် မြို့တမြို့ ဖြစ်သည်။

ညအချိန်တွင် ကျယ်ပြန့်သောရေပြင်ကြီးကို ဖြတ်သန်းတိုက်ခတ်လာသည့်လေမှာ သဲကန္တာရအလယ်တွင် တိုက်ခတ်နေသည့် လေကဲ့သို့ တဝုန်းဝုန်းအသံမြည်ကာ ကျယ်လောင်စူးရှလှသည်။ တခါမှ မရောက်ဖူးသည့် သူစိမ်း တရုံဆံ့ညှော်သည်များအဖို့ ဘာသံပါလိမ့်ဟု ထိတ်လန့် အံ့ဩဘွယ်ဖြစ်ကြရသည်။ ထို့ကြောင့် စကားများများ အသံကျယ်ကျယ် ပြောသူဆိုလျှင်' ရှာကွမ်း၏ လေပမာ' ဟု တရုတ်စကားပုံ ရှိခဲ့ကြောင်းဘိုးဘိုး ကြားသိခဲ့ရသည်။ ဘွားဘွား



မှာ ကောင်းစွာ မအိပ်နိုင်ပဲ လေသံကိုသာ တညလုံးနားထောင်လျက် ရှိခဲ့သည်။

ရှာကွမ်းမြို့မှ 'အားဟိုင်း' ရေကန်ကြီး သည်လည်း တရုတ်ပြည်တွင် နာမည် ကျော်ကြားလှ၏။ တောင်ကုန်း၊ တောင်တန်းတွေ ပတ်လည် ဝိုင်းရံထားသည့် ကန်ကြီးမှာ လူ၏နားရွက်ပုံသဏ္ဌာန်ရှိသည်ဟု သိရ၏။ ('အားဟိုင်း' ဆိုသည်မှာ 'နားရွက်ပင်လယ်' ဟု တရုတ်လိုအဓိပ္ပာယ်ရသည်။ လူ၏ နားရွက်သဏ္ဌာန်ရှိသည့် ပင်လယ်တမျှ အလွန်ကြီးမားသော ရေကန်ဟု ဆိုလိုသည်။) ဘိုးဘိုးတို့ ရောက်ဖူးသည့် မြန်မာပြည်အင်းလေးကန်ထက် အဆပေါင်းများစွာ ကျယ်ဝန်း ကြီးမားလှသည်။ တဘက်ကမ်း တောင်တန်းကုန်းမြေကို ပျပျရေးရေးသာ မြင်တွေ့နိုင်သည်။ အနောက်မြောက်အဝေးဆီမှာတော့ ကောင်းကင်မြူတိမ်နှင့် ရောထွေး မှိန်မြယ်သွားသည့် တိဗက်တောင်တန်းကြီးများကို တွေ့ရသည်။ ပင်လယ်ဝ ပမာ ကမ်းစပ်သို့ တဝုန်းဝုန်း ရိုက်ခတ်နေသည့် လှိုင်းလုံးကြီးများကို ဘိုးဘိုးတို့ မြင်တွေ့ရသည်။

လဝန်းရှန်းပြည့် ထိန်သာသည့်ညများတွင် စိမ်းကြည်သော ကန်ရေမျက်နှာပြင်ပေါ်သို့ လရောင်ခြည် ကျရောက်ထိဟပ်နေပုံမှာ အလွန်အလွန် လှပကြည်နူးဘွယ် ကောင်းသောကြောင့် လပြည့်ညများရောက်လျှင် အနီးအပါးမြို့ရွာဒေသများမှ လူအများ အားဟိုင်းရေကန်ကြီးသို့ လာရောက်ကြည့်ရှုတတ်ကြသည်ဟု ပြောကြသည်။ ဘိုးဘိုးတို့ တည်းခိုခဲ့သည့် ညကတော့ လမိုက်ည ဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



တခု ထူးဆန်းနေသည်မှာလည်း ထိုကန်ကြီး အတွင်း ဥဒဟို ဖြတ်သန်းသွားလာနေကြသည့် ရှက်တပ် လှေကြီးများတွင် အလုပ်သမားများမှာ အမျိုးသမီး များချည်း တွေ့ရခြင်းပင်။ ရှက်တင်၊ ရှက်ချ၊ လှော်ခတ်သူများမှာ အမျိုးသမီးများချည်းဖြစ်သည်။

သူတို့ဝတ်ထားသည့် အင်္ကျီအဝတ်အထည်များမှာလည်း ထူးဆန်းသလို ရှိနေသည်။ ဆင်းရဲလှသောကြောင့်ပေါက်ပြဲသည့် အင်္ကျီ အဝတ်အထည်များကို အထပ်ထပ် အခါခါ ဖာထေး ချုပ်ရက်ထားခြင်းဖြင့် အင်္ကျီ၏ နဂိုအသား၊ နဂိုအသွေး အဆင်ပျောက်သွားကာ ဖာလေးထားသည့် အထည်အစ အမျိုးမျိုး၏ ရောင်စုံအသွေးပဲရှိနေကာအင်္ကျီ အသားမှာလည်း ထူပိန်းသွားတော့သည်။အလွန်အေးသည့် အရပ်ဒေသမို့ သူတို့အင်္ကျီမှာ အအေးဒဏ် ခံနိုင်အောင် တမင် ဖာထေး ထားသလားတောင် ထင်ရသည်။

တရုတ် ပြည်တွင် ကျောက် ပြား ထွက်သောကြောင့် ထင်ရှားသည့်တာလိဖူးဆိုသောမြို့မှာလည်း ရှာကူမ်းမှတဆင့် သွားရသည်။ ထိုဒေသမှ ထွက်သည့် ကျောက်ပြားများကို သွေးလိုက်လျှင် ဆင်ရုပ်၊ မြင်းရုပ်၊ လူရုပ်သဏ္ဍာန် အကွက် ဖော်ထားသလို ထွက်လာတတ်သည်။ ထို ကျောက်ပြားများကို ကြမ်းခင်း၊ နံရံကပ် အမျိုးမျိုး အသုံး ပြုကြသည်။ ဗိုလ်ချုပ်ကြီး ဝမ်းပြောပြချက်နှင့်ပဲ ဘိုးဘိုးတို့ကျေနပ်တင်း တိမ်လိုက်ရသည်။ တိုင်းပြည်အေးငြိမ်းသာယာသည့် အချိန်



ကာလမှာဆိုလျှင် သွားရောက်ကြည့်ရှု လေ့လာဖို့ အလွန် ကောင်းမှာပဲဟုသာ စိတ်ထဲက ဘိုးဘိုးတွေးဆရတော့သည်။

သည်လိုနှင့် ကူမင်းသို့ ဘိုးဘိုးတို့ ရောက်ကြရသည်။ ကူမင်းကား ထိုကာလ ထိုအချိန်မျိုးမှာပင် အလွန်စည်ကားသည့်မြို့ ဖြစ်၏။ သို့သော်လည်း နေ့အချိန်ဆိုလျှင် တမြို့လုံး တိတ်ဆိတ်ခြောက်ကပ် နေတတ်သည်။ နေ့အချိန်တွင် ဂျပန်တို့၏ ဗုံးရန်ကို ကြောက်ရွံ့ကြ၍ တမြို့လုံးလိုလိုမှ လူများမှာ မြို့နှင့် အတော်အလှမ်းဝေးသည့် တောရပ်ဒေသများသို့ သွားရောက် တိမ်းရှောင်နေကြသည်။

ညနေ ၅-နာရီကျော်မှ ကိုယ့်အိမ် ကိုယ့်ယာသို့ ပြန်လာ တတ်ကြသည်ဟု သိရ၏။ ည ၆- နာရီ ကျော်သည်နှင့် တပြိုင်နက် တမြို့လုံးရှိ ဆိုင်ကြီး၊ ကန္တားကြီးများမှာ လျှပ်စစ်မီးရောင် တထိန်ထိန် တပြောင်ပြောင် ထွန်းလင်းလာကာ လူသူ အများအပြား စည်ကား ဆူညံစွာ ရောင်းဝယ် ဖောက်ကား သွားလာ စားသောက် နေကြသည်ကိုတွေ့ရ တော့သည်။

ကူမင်းရောက်တော့ တရုတ်ပြည်တွင်း တနေရာရာမှာပင် စစ်ရိပ်ခိုသင့်သလား၊ အိန္ဒိယနိုင်ငံသို့ သွားရောက် ရမလား ဘိုးဘိုးတို့ စဉ်းစားရပြန်သည်။ အကြောင်း အမျိုးမျိုးတို့ ကြောင့် ဘိုးဘိုးရော ဘွားဘွားပါ တရုတ်ပြည်တွင်နေထိုင်လိုစိတ် မရှိကြ။

ဘွားဘွားက အစားအသောက် အလွန် ရွေးသည်။ ကြက်သား၊ ဆိတ်သားကလွဲပြီး ဘယ်အသားမှ စားကျင့်

www.burmeseclassic.com

www.burmeseclassic.com



မရှိ။ ငါးဆိုလျှင်လည်း ဘယ်လိုငါးမှ၊ ဘယ်ပုံငါးမှုနှင့်။ အကြေးခွံမရှိသည့် ငါးမျိုးဆိုလျှင်လည်း ဘွားဘွား ဘယ်တော့မှ မစား။

လမ်းတလျှောက်လုံး ကြက်ဥပြုတ်၊ ရေနွေးကြမ်းနှင့်သာ ထမင်းစားပြီး အသက် ဆက်လာခဲ့သည်။ တရုတ် ဟိုတယ်ကြီးများမှာ ထမင်းစားကြတော့လည်း ဟင်းလျာတိုင်းတွင် ဝက်ဆီနံ့ရသည်ဆိုကာ မယ်မယ်ရရ ဘာမှမစား။

တရုတ်ပြည်ရောက်လာသောအခါ ရန်ကုန်မှာ မမြင်ဘူးခဲ့သည့် ကလေးပေါင်လုံးခန့် ကြီးထွားသော မုန်လာဉ၊ စလယ်တောင်း ပမာဏလောက် ရှိမည့် ခရမ်းချဉ်သီး၊ လူတယောက် ဖက်မမိနိုင်သည့် ဂေါ်ဖီထုပ်ကြီးများ၊ ခြေမလက်မခန့် ရိုးတံတုတ်ပြိုးသည့် ရေကန်စွန်း၊ ယောက်ျားကြီးလက်လောက် ရှည်လျားမည့်သခွားသီးကြီးများကိုမြင်တော့လည်း ဘွားဘွားက အံ့သြရုံသာပဲ ရှိသည်။ တရုတ်ပြည်က ဟင်းသီးဟင်းရွက်များကို ဘွားဘွား စားချင်စိတ်မရှိ။

ထိုအရပ်ဒေသများတွင် လူ့မစင်နှင့် ကျင်ငယ်ကို ရေဖျော်၍ မြေသြဇာအဖြစ် သီးနှံပင်များကို လောင်းထည့်ပေးသည်ကို ဘွားဘွားကိုယ်တိုင် မြင်တွေ့ခဲ့သည်။ မြစ်နားကမ်းနားတလျှောက် မစင်မြေသြဇာ တင်ကာ လှည့်လည်ရောင်းချနေကြသော တရုတ်လှေကြီးအများကို ဘွားဘွား မြင်တွေ့ခဲ့ရဘူးပြီ။ ထို့ကြောင့် ဘယ်လောက်ပဲ ကြီးထွားကြီးထွား၊ ဘယ်လောက်ပဲ လတ်ဆတ်လတ်ဆတ်၊ သည်လို



လူ့မစင်ကို မြေသြဇာ ကျွေး[illegible]တော့ ဘွားဘွားစိတ်ထဲက ဘယ်လိုမှ မသတီ။

ပြီးတော့ မိသားစုသုံးဦးတွင် သားဖြစ်သူတယောက်သာ တရုတ်စကား ပြောဆိုတတ်သည်။ ငယ်စဉ်က လမ်းမတော် တရုတ်ကျောင်းမှာ နေခဲ့ဘူးရာ တရုတ် ကလေးများနှင့် အပေါင်းအသင်းဖြစ်ပြီး တရုတ်စာတတ်ကာ တရုတ်စကား ပြောတတ်ခြင်းပင်။ ဘွားဘွားကတော့ တရုတ်စကားဆိုလို့ အခေါ်အဝေါ်၊ အသုံးအနှုန်း အနည်းအကျဉ်း လောက်ပဲ နားလည်သည်။ တရုတ်စကား မပြောတတ်။ ဘိုးဘိုးကိုယ်တိုင်ပင် ဘွားဘွားထက် နည်းနည်းပဲ သာ၏။

ထို့ကြောင့် တရုတ်ပြည်တွင် ဈေး ဝယ် ရာ က အစ သားဖြစ်သူပါမှအဆင်ပြေရတော့သည်။ ဘိုးဘိုးဘွားဘွားတို့ ပြောဆိုတတ်သော ကမ္ဘာသုံး အင်္ဂလိပ်စကား ပြောလျှင်လည်း နားလည်သူတရုတ် အလွန်နည်းပါးသည်။ ကုလားစကားနှင့် ဘိုးဘိုး ဘွားဘွားတို့က ပြောပြန်တော့ ပိုဆိုးသည်။ မြန်မာစကားကတော့ သူတို့ ကြားဘူးမည်တောင် မထင်။

ဘွားဘွားဆိုတာကလည်း ဈေးဝယ်လျှင် ကိုယ်တိုင်ဝယ်မှ၊ ကိုယ်တိုင်ဈေးဆစ်ပြီး ဝယ်ခြမ်းရမှ ကျေနပ်သူဖြစ်၏။ မြန်မာလူမျိုး အပေါင်းအသင်း မိတ်ဆွေဆိုပြန်တော့လည်း ဘွားဘွားတို့နှင့်အတူ စစ်ပြေးလာခဲ့ကြသည့် ဒေါ်မြစိန်တို့ မိသားစု သုံးဦး၊ ဒေါက်တာမွန်းအောင်နှင့် တရုတ်-မြန်မာ ကပြား ဆယ်ကိုးယောက်လောက်သာရှိသည်။ ဗိုလ်ချုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းက ဘိုးဘိုး ဘွားဘွားတို့ကို အတတ်နိုင်ဆုံး အကူအညီ ပေးသည့်တိုင်အောင် ဘွားဘွားမှာ အားငယ်နေတတ်၏။

အိန္ဒိယပြည်သို့သွားလျှင်တော့ တရုတ်ပြည်မှာနေရ ထိုင်ရသည်ထက် ပိုပြီးအဆင်ပြေလိမ့်မည်ဟု ဘွားဘွားကတွေး၏။ မိသားစု သုံးဦးလုံး ပြောတတ် ဆိုတတ်သည့် အင်္ဂလိပ်စကား၊ ကုလားစကားကို အိန္ဒိယပြည်မှာ ပြောလို့ရသည်။ အိန္ဒိယအစားအစာကို ဘွားဘွား စား၍ရသည်။ ပြီးတော့ အိန္ဒိယပြည်တွင် အသိမိတ်ဆွေ ကိုယ့်မြန်မာလူမျိုး အများအပြားရောက်ရှိနေကြကြောင်း ဘိုးဘိုးဘွားဘွားတို့ ကြားနှင့်ပြီး ဖြစ်သည်။

တရုတ်ပြည်မှာနေရသည်မှာလည်း မြန်မာနိုင်ငံနှင့် လုံးဝအဆက်အသွယ်ပြတ်နေသလိုပင်။ မြန်မာပြည်ကသတင်းစုံကို ကြားခွင့်မရကြ။ အိန္ဒိယနိုင်ငံမှာတော့ စစ်ဖြစ်နေသော်လည်း တနည်းမဟုတ်တနည်း မြန်မာနိုင်ငံနှင့် အဆက်အသွယ်ရရှိနေကာ မြန်မာပြည်မှသတင်းစုံကို ကြားခွင့်ရမည်ဟု မျှော်လင့်ကြသည်။ ထိုအချိန်တွင် ဆင်းမလား တောင်စခန်းမြို့ကလေးမှာ မြန်မာပြည် စစ်ပြေးအစိုးရ ရုံးစိုက်လျက်ရှိနေသည်မဟုတ်ပါလား။

ဘိုးဘိုးအနေနှင့်လည်း အိန္ဒိယပြည်သို့သွားရောက်ပြီး စစ်ရပ်ခိုခြင်းက ပိုရှိသင့်လျော်မည်ဟုတွေးမိသည်။ မြန်မာပြည်ဘုရင်ခံချုပ် ဒေါ်မန်စမစ်မှာ လွန်ခဲ့သည့် မေလဆန်းကပင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေကြောင်း၊ သူနှင့်အတူ မြန်မာပြည်စစ်ပြေးအစိုးရကို အိန္ဒိယဘုရင်ခံချုပ်က ဆင်းမလား



တောင်စခန်းမြို့ကလေးတွင် နေသားတကျ ထားရှိကြောင်း ဘိုးဘိုးတို့ သတင်းရရှိသည်။

သည်တော့ ဘိုးဘိုးတခု တွေးကြည့်သည်။ မြန်မာနိုင်ငံကို ဂျပန်များ အပြီးအပိုင် သိမ်းလိုက်ပြီးဖြစ်ရာ ဗြိတိသျှတို့အဖို့ မြန်မာနိုင်ငံကို အုပ်ချုပ်နေစရာ အကြောင်း မရှိတော့ပေ။ အုပ်ချုပ်စရာ တိုင်းပြည်မရှိတော့ပါပဲ မြန်မာနိုင်ငံကိုအုပ်ချုပ်ရန် ဘုရင်ခံနှင့်တကွ သူ၏ မင်းတိုင်ပင်အဖွဲ့ကို ဆင်းမလားတွင် ဆက်လက်ထားရှိနေခြင်းမှာအကြောင်းရှိမည်။

ဤသို့ ဆင်းမလားတွင် မြန်မာပြည်အစိုးရအဖွဲ့ကိုဗြိတိသျှအစိုးရကြီးအဖွဲ့က ဆက်လက် ထားရှိခြင်းသည် ဂျပန်တို့မှ မြန်မာနိုင်ငံကို ခေတ္တခဏမျှသာ သိမ်းပိုက်ထားနိုင်စွမ်းရှိပြီး စစ်ကြီးကို မဟာမိတ် တပ်များကသာ အောင်နိုင်ရမည်ဖြစ်သော သဘောကိုကမ္ဘာ့နိုင်ငံအများအား တင်ပြလိုခြင်းပင် ဖြစ်မည်။

ဤကမ္ဘာစစ်ကြီးကိုလည်း မဟာမိတ်များပင် နိုင်ရမည်ဟု ဘိုးဘိုးယုံကြည်တွက်ဆ ထားရာ စစ်ကြီးမပြီးဆုံးမီအခိုက်အတန့်ကလေးတွင် ဆင်းမလားမြို့မှာနေထိုင်ခြင်းက အပက် ...က်က အဆင်ပြေနိုင်လိမ့်မည်။ မြန်မာနိုင်ငံမှ ကိုယ့်လူမျိုး ကိုယ့်သုပ်ခဖော်ကိုင်တက်၊ ကိုယ့်မိတ်ဆွေ အပေါင်းအသင်းများနှင့် တွေ့ရမည်။

အကြံကောင်း၊ ဉာဏ်ကောင်းများ ရနိုင်မည်။ မြန်မာပြည်အစိုးရ ရုံးစိုက်ရာ မြို့ဖြစ်သည့် အလျောက် မျက်စိကြီး၊

www.burmeseclassic.com

www.burmeseclassic.com



နားကြီးအရပ်ဖြစ်၍ ဂျပန်လက်အောက် ရောက်ရှိနေသေ
မြန်မာနိုင်ငံ၏ အခြေအနေ၊ စစ်သတင်းများကို အမြဲကြ
သိခွင့်ရမည်။ အသက်အိုးအိမ်စည်းစိမ်အတွက်လည်း လုံခြ
ပို၍ ရနိုင်မည်ဟု တွေးကြည့်သည်။
ဘိုးဘိုး၊ ဘွားဘွားနှင့် သားဖြစ်သူ သုံးဦးစလုံးမှ
တရုတ်ပြည်မှာနေကြသည်ထက် အိန္ဒိယနိုင်ငံသို့ သွားနေခြ
က ပိုပြီးသင့်လျော်မည့်အရေးကို အညီအညွတ် သဘော
တူကြသည်။
ထို့ကြောင့် ဘိုးဘိုးက ဗိုလ်ချုပ်ကြီးဝမ်းအား အိန္ဒိ
နိုင်ငံသို့ သွားရောက်နေထိုင်လိုကြောင်း ပွင့်ဟ ပြောလို
တော့သည်။
ဗိုလ်ချုပ်ကြီးဝမ်းက ဘိုးဘိုးတို့ မိသားစုကိုတရုတ်ပြ
ချုံကင်းမှာနေပါ၊ အလိုရှိသမျှ အကူအညီ ပေးမည်
ကတိပေးသည်။ ဒါမှမဟုတ်လျှင်လည်း ဘိုးဘိုးတဦးတည
ဖြစ်ဖြစ် တရုတ်ပြည်မှာကျန်ရစ်ခဲ့ပါ။ မဟာမိတ်များနှင့်တ
တရုတ်ပြည်တွင်းမှနေကာ ဖက်ဆင်ဆန့်ကျင်ရေး လုပ်င
များတွင် ကိုယ်တိုင်လက်ရောက် မပြုလုပ်လိုလျှင်လည်း အကြ
ဉာဏ်ပေးရန် ကျန်ရစ်ပါဟု တောင်းပန်သည်။
ဘိုးဘိုးကလည်း ဇနီးဖြစ်သူမှာ ကောင်းစွာ ကျန်းမာ
သည်မဟုတ်၊ ချမ်းအေးလှသည့် တရုတ်ပြည် ရာသီဥတုန
လည်း မသင့်၊ အိန္ဒိယပြည်မှာ ရောက်ရှိနေကြပြီ ဖြစ်သည
မြန်မာလူမျိုး မိတ်ဆွေအပေါင်းအသင်းများနှင့်သာ တွေ့
လိုစိတ် စွဲလမ်းပြင်း ပြနေကြောင်း၊ မမာသည့်ဇနီးနှင့်သည



မှာ တကွဲတပြားခွဲနေရန် မသင့်ကြောင်းများနှင့် ဇနီး
သည်၏ ကျန်းမာရေး အခြေအနေကိုအဓိကထားအကြောင်း
သည်။ နောက်ဆုံးမှာဗိုလ်ချုပ်ကြီးဝမ်းကဘိုးဘိုးတို့ဆန္ဒကို
ကိုက်လျောလိုက်တော့သည်။
ထို့ကြောင့် ကူမင်းသို့ ရောက်ပြီး တလကျော်ခန့်အကြာ
၁၉၄၂–ခုနှစ်၊ ဇွန်လနောက်ဆုံးပတ်၏ ရာသီဥတု ဆိုးဝါး
သော မိုးသည်းထန်သည့် တနံနက်ခင်းတွင် အမေရိကန်
လေယာဉ်တစီးနှင့် ဘိုးဘိုးတို့ မိသားစုသုံးဦး ကူမင်းမှ
အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့သို့ သွားရောက် ခဲ့ကြသည်။
ဒေါ်မြစိန်မိသားစုနှင့် ဒေါက်တာမွန်းအောင်တို့ကတော့
တရုတ်ပြည်မှာပင် ကျန်ရစ်ကာ နောက်မှ အိန္ဒိယသို့ လိုက်
လာကြသည်။
သည်လိုစစ်ပြေးဘဝနှင့် မိသားစုသုံးဦး အမြို့မြို့ အရွာ
ရွာကိုဖြတ်ကျော်ခဲ့ကြစဉ် စစ်ကာလ၏ဒုက္ခအဖုံဖုံနှင့် တွေ့ကြုံ
ခဲ့ကြရသလို တဘက်ကလည်း မရောက်ဘူးသည့်ဒေသမြို့ရွာ
များတွင် မမြင်ဘူးခဲ့သည့် အခြင်းအရာတို့ကို တွေ့မြင်ခဲ့ကြရ
သောကြောင့် အတွေ့အကြုံသစ်၊ ဗဟုသုတ တိုးပွားလာခဲ့
သည်ဟု အဆိုးထဲမှအကောင်းကို ဘိုးဘိုးရှာကြည့်ရသည်။
ပင်လယ်ရေမျက်နှာပြင် အထက် အမြင့်ပေ ၇၀၀၀–
(ခုနစ်ထောင်)ကျော် ဟိမဝန္တာတောင်နှာမောင်းပေါ်တွင်
တည်ထားသည့် ဆင်းမလားတောင်စခန်း မြို့ကလေးရှိ
မ်းနားသန့်ပြန့်လှသော 'ဒိုဆက်ရော့စ်' ( Dosetrox)
ကိုတယ်ကြီးတွင် ဘိုးဘိုးတို့ တည်းခိုနေထိုင်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆင်းမလားမှာ မြန်မာပြည် စစ်ပြေးအစိုးရ၏ ရုံးစိုက် ရာမြို့ဖြစ်ရာ ကိုယ့်တိုင်းပြည်မှ ကိုယ့်လူမျိုး၊ ကိုယ့်မိတ်ဆွေ ကိုယ့်လုပ်ဖော်ကိုင်ဘက်ဟောင်းများစွာနှင့်မသေမပျောက် ကံကောင်းထောက်မ၍ ပြန်လည်တွေ့ဆုံကြရသည်။

ဟိုတယ်ပြတင်းမှ အရှေ့ဘက်သို့ လှမ်းမျှော်ကြည့်လျှင် အမြဲအစဉ် နှင်းခမောက်ဆောင်းထားသော ဧဝရက်တောင် ထွတ်ကို ကြည်နူးဘွယ်မြင်တွေ့ရသည်။ နံနက်နေထွက်စနှင့် ညနေ နေဝင်လုဆဲအချိန်များတွင် နှင်းခဲ နှင်းတောင်များ အပေါ် နေရောင်ခြည် ထိုးဟပ်နေသည်မှာ ရွှေတောင် ရွှေထွတ်များပမာ တလက်လက် တဖိတ်ဖိတ်နှင့် သာယာ ရှုမောဘွယ် ကောင်းလှသည်။

ထင်းရှူးပင်များကား ဆင်းမလားမြို့ကလေး၏ အဆင် တန်ဆာ အလှတပါးပင်။

လေအသိမ်းတွင် နွဲ့ယိမ်း ညွတ်ပျောင်းသော ကိုယ်ဟ လက်ခြေနှင့် လာရောက်သည့် သူစိမ်းဧည့်သည်ကို ကြိုဆိုနေ ဟန်။ ဘယ်ကိုကြည့်ကြည့် ပတ်ပတ်လည်မှာ စိမ်းမြသော ထင်းရှူးမှိုင်ခြေနှင့် တောင်ခိုးနှင်းမြူတို့ ဝေဆိုင်းနားခိုနေ တတ်သည့် တောင်စွယ်တောင်တန်းအထပ်ထပ်နှင့်သာ။ ဥတု ရာသီမှာ တနေ့လုံး ချမ်းစိမ့်နေကာအမြဲမီးလှုံနေကြရသည်

မြို့အနေအထားမှာ တောင်ကုန်း ချိုင့်ဝှမ်း အမြင့်အနိမ့် ကလေးများနှင့် အလွန် လှပသာယာသည်။လူလေးယော ဆွဲသောလန်ချားကို ဆင်းမလားမြို့တွင် ဘိုးဘိုးတို့ အသ



အဆန်း မြင်တွေ့ခဲ့ရသည်။ ကုန်းတက် ကုန်းဆင်းများသော ကြောင့် ကုန်းအတက်တွင် လူနှစ်ယောက်က ရှေ့မှဆွဲ၍ ကျန် တခြား နှစ်ယောက်က နောက်မှ တွန်းပေးရသည်။ ကုန်း အဆင်းမှာတော့ ရှေ့ကလူနှစ်ယောက်ဆွဲသော လန်ချားကို နောက်မှ နှစ်ယောက်က ထိန်းပေးရသည်။

တမြို့လုံးမှာ မော်တော်ကားဆို၍မျက်နှာဖြူဘုရင်ခံချုပ် ၏ကားနှင့် ပန်ဂျပ်မဟာရာဂျာ စော်ဘွား၏ကား၊ စုစု ပေါင်း ၂-စီးတည်းသာရှိသည်။ တောင်ကုန်းကမူထူထပ်၍ လန်ချား၊ စက်ဘီးနှင့်မြင်းများကိုသာ အသုံးပြု သွားလာ ကြသည်။ ထိုစဉ်က အတွင်းဝန်ဖြစ်သော အိုင်၊ စီ၊ အက်စ် ဦးတင်ထွတ်မှာ မြင်းစီး၍ရုံးတက်သည်ကို မြင်တွေ့ရသည်။

ဆင်းမလားရှိ မြို့နေလူထုအများစုမှာ ဟိန္ဒူဘာသာဝင် များဖြစ်ကြရာ မျောက်သတ္တဝါများကို ဘေးမဲ့ ပေးထား သောကြောင့် တမြို့လုံးလိုလို နေရာအနှံ့ မျောက်အများကို မြင်တွေ့ရသည်။

လူတို့၏ အစားအစာ အသုံးအဆောင် ပစ္စည်းပစ္စယ များကို လစ်လျှင်လစ်သလို မျောက်များကခိုးဝှက် လုယူ ထွက်ပြေး တတ်ကြသည်။ ဟိုတယ်ပြတင်းပေါက်ဝ အထိ မျောက်များ တက်ရောက် လာတတ်ကြ၍ ပြတင်းမှန် တံခါးများကို အပြင်မှ သံဇကာတပ်ဆင် ထားရသည်။ ဘိုးဘိုးတို့ဇာတိ မြင်းခြံခရိုင်မှ ပုပ္ပားတောင်ကို သတိရ အောက်မေ့စရာ ဖြစ်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတွေ သိုးမွေးထိုးသည်ကိုလည်း ဆင်းမလား ရောက်မှ မြင်တွေ့ဘူးတော့သည်။ ဟိုတယ်မှ ဂေါ်ရခါး စားပွဲထိုးယောကျ်ားများမှာ အလုပ်အားလပ်ချိန်များတွင် သိုးမွေးဆွယ်တာ ထိုးနေတတ်ကြရာ အထူးအဆန်းသဖွယ် သိုးတိုးတို့ ကြည့်ရသေးသည်။

ဒေလီမြို့သစ်မှာနေစဉ်က အိန္ဒိယ နိုင်ငံတွင် အမြင့်မားဆုံး အဆောက်အအုံ ဖြစ်သော အမြင့် ၂၃၈-ပေ ရှိ 'ကုတ္တာဘ်မိုင်နာ' မျှော်စင်ကြီးကို တက်ရောက် ကြည့်ရှုခွင့် ရခဲ့ကြသည်။

ဒေလီမြို့သစ်မှ မိုင် ၁၂၀-ကျော် ကွာဝေးသော အာဂရာမြို့ကလေးသို့ ရထားစီးသွားကာ ကမ္ဘာ့ အံ့ဘွယ် ခုနစ်ပါးထဲတွင် တပါးအပါအဝင် ဖြစ်သော တပ်ဂျ်မဟာ သချိုင်းဂူဗိမာန်ကြီးကိုလည်း သွားရောက် ကြည့်ရှုလေ့လာ ခဲ့သေးသည်။

ချစ်ခြင်း မေတ္တာ သရုပ်ကို တင်စား ဖော်ပြသော ဤသချိုင်းဂူအဆောက်အအုံကြီးကားမြင်တွေ့ ကြရသူတိုင်း ရင်သပ်ရှုမော အံ့သြဘွယ်ဖန်ခဲ့သည်။ နှင်းပွင့် နှင်းခဲပမာ ဖြူဆွတ်သောကျောက်သားကို ဆစ်ပိုင်းတည်ဆောက်ထား သော ခန့်ထယ် ဆန်းပြားလှသည့် အဆောက်အအုံကြီးမှာ ဗိသုကာ လက်ရာဘက်မှ ကြည့်လျှင်လည်း ချီးကျူးဘွယ် ကောင်းလှတော့သည်။



ဘိုးဘိုးတို့ရောက်ခဲ့စဉ်က လသာညနှင့် ကြုံကြိုက်သည်။ ဘွားဘွားကတော့အဆောက်အအုံကြီး၏ မျက်နှာစာ စိမ်းမြသော မြက်ခင်းပြင်ပေါ်မှာ ခြေဆင်းလဲလူ နားနေသည်။ ဘိုးဘိုးက နံဘေးမှထိုင်ကာ ဤဗိမာန်ကြီးကို ဘယ်ခေတ်၊ ဘယ်ကာလလောက်က ဘယ်ဘုရင်က ကွယ်လွန်သူ သူ၏ မိဖုရားကို ဘယ်မျှလောက်ချစ်မြတ်နိုး၍ ဘယ်ပုံ ဘယ်နည်း ဆောက်လုပ်စေခဲ့ပုံ၊ ဘုရင်မှာ မိဖုရားကွယ်လွန်ပြီး မကြာမီ မှာပင် တခေါင်းလုံးရှိ ဆံပင်များ ဆွတ်ဆွတ်ဖြူသွားခဲ့ရပုံ များကို ဘွားဘွားအား ပြောပြသည်။

တိမ်စင် ပြာလဲ့ သော ကောင်းကင်ပြင်ကြီးကို နောက် ခံ ထားကာ လရောင်ခြည်ဟပ်၍ ဖြူဖွေးနေသောအဆောက် အအုံကြီးမှာ ဆိုက်ပရပ်ပင်မြင့်တို့ နံဘေးတပက်တချက် ဝန်း ခြံကိုက်ပျိုးထားသည့် ရှေ့မျက်နှာစာ ကန်ရေပြင်ပေါ်သို့ အရိပ်ထိုးကျနေပုံမှာ တကယ့် သက်ငြိမ် ပန်းချီကားတချပ် နှင့် တူလှသည်။

ညဉ့်အချိန်၏တိတ်ဆိတ် ငြိမ်သက်ခြင်း၊ အဆောက်အအုံ ဗိမာန်ကြီး၏ ခမ်းနားဆန်းပြားလှခြင်းနှင့်လရောင်ခြည်၏ ညို့မြူဖမ်းစားခြင်းတို့အပြင် ဘုရင်နှင့် မိဖုရားတို့၏ လွမ်း မောဘွယ် အတိတ်ရာဇဝင်ကို ကြားသိထားရသူများ အဖို့ ကြည်နူးဆွတ်ပျံ့ခြင်းဝေဒနာကို တစိမ့်စိမ့်ခံစားရသည်မှာ တော့ အမှန်ပင်။

ဒေလီမြို့သစ်မှာ နေခဲ့စဉ်က အိန္ဒိယနိုင်ငံသို့ ရောက်ရှိနေ သည့် တရုတ်ဗိုလ်ချုပ် ချောင်(Chiao)နှင့် ကော်မတ်ရှင်နာ

www.burmeseclassic.com

www.burmeseclassic.com



မင်းကြီးစီ၊ ပီ၊ ချမ်း(C.P. Chang)၊ (ချုံကင်း ပညာရေး ဝန်ကြီးဌာန)တို့ကို အမှူးပြု၍ ဖက်ဆစ် ကျူးကျော်သူ ဆန့်ကျင်ရေး အသင်း (A.A.W.C.A.) ဝင်များ၊ အိန္ဒိယသို့ ရောက်ရှိနေကြသည့် ဘိုးဘိုး၏ မြန်မာမိတ်ဆွေများကို 'ပြန်လည်ပေါင်းစည်းဆုံတွေ့ခြင်း ညစာစားပွဲ' (Reunion Dinner) အဖြစ် ဘိုးဘိုးက 'ကွန်နော့တ်' ရပ်ကွက်ရှိ 'ဗဟို' တရုတ် ဟိုတယ်ကြီးတွင် တရုတ် အစားအစာ တည်ခင်းကျွေးမွေးခဲ့သည်။

ထိုညစာစားပွဲကြီးသို့မြန်မာနိုင်ငံမှာ အမှုထမ်းခဲ့ကြသည့် အင်္ဂလိပ်လူမျိုး အရာရှိကြီးများ၊ တရုတ် အရာရှိကြီးများ၊ မြန်မာလူမျိုး စစ်ပြေးမိတ်ဆွေများ စုစုပေါင်း ၆၀-ကျော် တက်ရောက်ခဲ့ကြသည်။ ထိုဧည့်သည်များထဲတွင် ကပ္ပတိန်ခင်ဇော် (မြန်မာ့အသံ ဦးခင်ဇော်)နှင့် မသန်းအေး (အဆိုကျော်ဘိလပ်ပြန်သန်း)တို့လည်းတက်ရောက်ကြသည်။ ထိုစဉ်က ကပ္ပတိန်ခင်ဇော်နှင့်မသန်းအေးတို့မှာ 'အိန္ဒိယနိုင်ငံလုံးဆိုင်ရာ အသံလွှင့်ဌာန' (All India Radio) မြန်မာပိုင်း အစီအစဉ်တွင် အမှုထမ်းလျက် ရှိကြသည်။

နောက်တလခန့် အကြာတွင်လည်း ဒေလီရှိ 'ကာဒွေး' တရုတ် ဟိုတယ်ကြီး တခုတွင် 'ပြန်လည် ပေါင်းစည်းဆုံတွေ့ခြင်း' ညစာစားပွဲကြီးတခုကို ဘိုးဘိုးက မိတ်ဆွေများကို ဖိတ်ကြားကျွေးမွေးခဲ့သေးသည်။



ဘုံဘေမြို့မှ မိုင် ၂၀-ခန့် အကွာ၊ ဆန်တာခရု(ဇ်)မြို့ကလေးမှာနေစဉ် ၁၅-မိနစ်ခန့် လမ်းလျှောက်လျှင် ရောက်သွားသော 'ဂျူဟူး' ပင်လယ်ကမ်းခြေကိုလည်း ဘိုးဘိုးတို့ မကြာခဏ ရောက်တတ်ကြသည်။

ဂျူဟူး၊ နေရှုးစသောအိန္ဒိယ နိုင်ငံ၏ ခေါင်းဆောင်ကြီးများ လာရောက် အနားယူ အပန်းဖြေရာ ပင်လယ်စခန်းသာ ဖြစ်သည်။ ဘုံဘေမြို့မှ သဌေးများက ကမ်းခြေတလျှောက်တွင် ခမ်းနားလှပသော တိုက်အိမ်ကြီးများ ဆောက်လုပ်ထားကာ တလကိုးသီတင်း လာရောက်အပန်းဖြေနေထိုင်တတ်ကြသည်။ ဖာရစီလူမျိုး သဌေးများပိုင်သည့် တိုက်အိမ်အများဆုံးဖြစ်ကြောင်း သိရသည်။

အာရေဗီးယားပင်လယ်ပြင်ကျယ်ကို ဖြတ်သန်းတိုက်ခတ်လာသည့် အေးမြညှင်းပြေသော လေချိုကိုရှူရှိုက်ယင်း ပြန့်ညီ ကျယ်ပြောလှသည့် ငွေသဲသောင်ပြင် တလျှောက် မိသားစုသုံးဦး ဖြည်းညှင်းစွာ လမ်းလျှောက် အပန်းဖြေရသည်မှာ စစ်အတွင်းပါကလား ဆိုသည်ကို အခိုက်အတန့်မေ့ပျောက်နေခဲ့ကြသည်။

ရေကူးဝါသနာပါသူ ဘိုးဘိုးက ရေအမြဲကူးသည်။ သဲသောင်စပ်မှရပ်ကာ စိတ်မချနိုင်ပဲ ဘိုးဘိုး ရေကူးနေသည်ကို တမျှော်မျှော်နှင့် လိုက်လံကြည့်နေတတ်သည့် ဘွားဘွားကို တခါတရံမှာတော့ ဘိုးဘိုးက နောက်ပြောင်လိုလိုနှင့် ရေကူးနေရာမှ ရုတ်တရက် ရေထဲထိုးငုပ် ပျောက်ကွယ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကာ မထင်မှတ်သည့်နေရာ ဝါးတရိုက်သာသာခန့် အလွန်လောက်ရောက်မှ ဘွားကနဲ ရေပြင်ပေါ်သို့ ပြန်ပေါ်လာတတ်သည်။

ဘွားဘွားကတော့ အမြဲတမ်း အားငယ်စိတ် ရှိသူပီပီ ပင်လယ်ရေပြင်၏တဘက် မြန်မာပြည် ရှိမည် ထင်ရသော မမြင်သာနိုင်သောအရပ်သို့ ငေးနေတတ်သည်။

"စစ်ကြီးဘယ်တော့ပြီးဆုံးပါ့မလဲ ကိုဘမိရယ်....ကိုယ့်တိုင်း ကိုယ့်ပြည်ပြန်ချင်လှပြီ...." ဟုညည်းညူကာမျက်ရည်လည်တတ်၏။

ဘွားဘွားက စိတ်အားငယ်ရသော်လည်း အမှန်တော့ ဘိုးဘိုး၊ ဘွားဘွားတို့မိသားစုမှာ စစ်ကာလ၏မလွှဲမရှောင်သာသောဒုက္ခဆင်းရဲအနည်းငယ်မှလွဲ၍ ဘုရားသခင်၏ ဂုဏ်ကျေးဇူးကြောင့် စိတ်ချမ်းသာမှုအများဆုံး ရခဲ့ကြသည်ဟု ဆိုရမည်ပင်။

တရုတ်-မြန်မာလမ်းမကြီး တလျှောက် စစ်ပြေးခဲ့ရစဉ်ကလည်း တခြားသူများနှင့် နှိုင်းယှဉ်လိုက်လျှင် ဘိုးဘိုးဘွားဘွားတို့မှာ သက်တောင့်သက်သာ နေသာထိုင်သာများစွာရှိခဲ့သည်။ ချန်ကေရှိတ်၏ လက်ရုံး အထူးအာဏာရ စစ်ထောက်လှမ်းရေး ဗိုလ်ချုပ်ကြီး၏ အကူအညီ အစောင့်အရှောက်ကို တလမ်းလုံး ရခဲ့ကြသည်။ သည်ကျေးဇူးကိုတော့ ဘယ်တော့မှ မေ့နိုင်ကြမည်မဟုတ်။



ထို့ပြင် မြန်မာပြည်မှ အိန္ဒိယပြည်သို့ ရောက်သည်အထိ ခရီးလမ်းတလျှောက်လုံးတွင် ဘွားဘွား၏ ခါးမှာ အမြဲမပြတ် အဝတ်နှင့်ချုပ်ကာ ပတ်ထားသော အိတ်ထဲမှ စိန်ရွှေရတနာစုကို တရုတ်ပြည်တွင် ထုခွဲ ရောင်းချခဲ့သည်။ ထိုအချိန်က တရုတ်ပြည်တွင် ငွေကြေးဖောင်းပွမှု ဖြစ်လျက်နေရာ စိန်ရွှေဈေးကောင်း ရလိုက်သည်။ တရုတ်ပြည်တွင် နေခဲ့စဉ် ငွေကြေးနှင့်ပတ်သက်၍ ပူပန်ရာ မရှိခဲ့ကြ။ ကံကြမ္မာကလည်း ဘွားဘွားတို့ဘက်က အမြဲရှိနေခဲ့သည်။

ထို့ကြောင့်ပင် အိန္ဒိယနိုင်ငံ ရောက်တော့ ဘိုးဘိုးဘွားဘွားတို့ အဆင့်အတန်း မြင့်မြင့်နှင့် သူများနိုင်ငံမှာ နေထိုင်သုံးစွဲ နိုင်ခဲ့ကြသည်။ ထမင်းချက် ဘွိုင်ကုလား၊ စားပွဲထိုးများနှင့် ကျကျနန နေထိုင်ခဲ့ကြရသည်။ မြို့မှာ နေသွားတုံးသည့် အင်္ဂလိပ်စစ်ဗိုလ်တဦးအိမ်တွင် ထမင်းချက်ဖူးသော အိန္ဒိယအမျိုးသား ဘတ်တူလာကို အသိမိတ်ဆွေတဦးက ရှာပေးသည်။

ကာလကတ္တားတွင် တနှစ်ခွဲခန့် နေထိုင်စဉ် ဘိုးဘိုးက ဗိုဒ္ဓိဗိလိယံ အဆောက်အအုံရှိ ဘင်္ဂါလီ တရားလွှတ်တော်တွင် ရှေ့နေလိုက်သည်။ သားပြင်သူက မြန်မာ၊ တရုတ်၊ အိန္ဒိယ ပြည်များရှိ အမေရိကန် စစ်ဘက်များကို ရာရှင် အသုံးအဆောင်ပစ္စည်းများ ခွဲဝေပေးပို့သည့်ဌာနတွင် အလုပ်ဝင်လုပ်သည်။

မြန်မာပြည်မှ စစ်ပြေးလာခဲ့ကြသည့် အချို့မိတ်ဆွေများလို ပါလာသမျှ အထုပ်အထည်လေးကို ထုခွဲ ရောင်းချ

www.burmeseclassic.com

www.burmeseclassic.com



စားသောက်ပြီး အပိုဝင်ငွေ မရှိသည်နှင့် ဘယ်အချိန် စစ်ကြီး ပြီးဆုံးပါမလဲဟု တတမ်းတတ စောင့်စားနေရော မလို့ခဲ့။

ဗုဒ္ဓဘာသာဝင်တို့ ရောက်ဖူးလိုလှသည့် ဘုရားရှင် ဖွင့် တော်မူရာ ဗုဒ္ဓဂါယာ၊ ပရိနိဗ္ဗာန်ပြုရာ ကုသိနာရုံ၊ ပဥ္စဝဂ္ဂီ ငါးဦးအား တရားဦးဓမ္မစကြာဟောမြွက်သည့် မိဂဒါဝုန်၊ သတ္တာသတ္တဟ ခုနစ်ဌာန စသော ဗုဒ္ဓ၏ သမိုင်းဝင်ထင်ရှား သည့် နေရာဒေသများသို့ အနှံ့အပြားလှည့်လည်ဖူးမြော်ခွင့် ရခဲ့ကြသည်။

ဦးစွာဒေလီမှ မီးရထားနှင့် ဗာရာဏသီသို့သွားကြသည်။ ဗရာဏသီရောက်တော့ ဘွားဘွားက ရွှေကြည်ထိုး၊ ငွေကြည် ထိုး ဆာရီပိုးအုပ်များဝယ်သည်။ ဗာရာဏသီမှ တဆင့် 'တုန်ကာ'( Tonka )ခေါ် မြင်းလှည်းကလေးစီးကာခုနစ် မိုင်ခန့်ကွာဝေးသည့် မိဂဒါဝုန်သို့ ရောက်ခဲ့ကြသည်။

မိဂဒါဝုန် တောသို့ အဝင်မှာတော့ ကြည်နူးစရာလိုလို လွမ်းစရာလိုလို ရင်ထဲ ခံစားရသည်။ မြူခိုးလေးတွေ ဆိုင်း စို့လျက်စိမ်းညို့သောတောင်ကုန်း၊ ကမူ၊ ခင်တန်းလေးတွေ နှင့် ပင်ခြေရှင်းကာ အပေါ်မှ အကိုင်းအခက်အရွက် ဝေမြိုင် အုပ်မိုးသည့် သစ်ပင်သစ်ရိပ်အောက်မှ ဖြတ်သွားကြရသည်။ ဘိုးဘိုးက သမင်များ တွေ့ရလေမလား လိုက်ကြည့်သေး သည်။ တကောင်တမြီးမှ မတွေ့ရ။

မိဂဒါဝုန်တွင် ပဥ္စဝဂ္ဂီ ငါးဦးအား ဂေါတမဘုရားရှင်က ဓမ္မစကြာဟောသည့်နေရာတွင်အထိမ်းအမှတ်ဓမ္မစကြာစေတီ



တည်ထားသည်ကို ဖူးတွေ့ရသည်။ သီရိဓမ္မာသောကမင်းကြီး ၏ အထိမ်းအမှတ် ကျောက်စာတိုင်ကြီးကိုလည်း တွေ့ရ သည်။ မြေသားထဲတွင် နစ်မြုပ်ပျက်စီးနေပြီဖြစ်သော ရှေး ဟောင်း ကျောင်းတော်ရာအများအပြားမှာ မြူပြင် ထိန်း သိမ်းမည့်သူ ကင်းမဲ့လျက်ရှိသည်ကို ဝမ်းနည်းဘွယ်တွေ့မြင် ကြရသည်။

ထိုမှ မိုင် ၁၄၀–ကျော် ကွာဝေးသည့် ဘုရားရှင် ပရိ နိဗ္ဗာန် စံတော်မူရာ ကုသိနာရုံသို့ မီးရထားစီးသွားကြရ သည်။

ကုသိနာရုံတွင် ဘုရားရှင်ပရိနိဗ္ဗာန်စံတော်မူသည့်နေရာ၊ တဇောခတ် ကျွမ်းလောင်သည့်နေရာ စသည် စသည်ဖြင့် သတ်မှတ်ထားသည်။ သစ်ပင်ကြီး တပင်အောက် ကျောက် ဘေးပွဲရှည်ကြီးတခုပေါ်တွင် အလျား ပေ ၂၀–ခန့် ရှိမည့် ဗုဒ္ဓရုပ်ပွားတော် လျောင်းတော်မူရုပ်တုတဆူကို လှမ်းမြင် ၍ အနီးကပ် သွားရောက်ဖူးမြော်ရာ ဘုရားရှင် ပရိနိဗ္ဗာန် မစံဝင်မီ ဝေဒနာ ခံစားနေတော်မူပုံဖြစ်ကြောင်း သိရသည်။

ရုပ်ပွားတော်ကြီးမှာ မြောက်အရပ်သို့ ဦးခေါင်း ပြု၍ လက်ယာလက်တော်မှာ ဦးခေါင်းတော်၏အောက်မှခုထား ပြီး လက်ဝဲလက်တော်မှာ ရင်ဘတ်ပေါ်သို့တင်လျက် မျက် လုံးတော်များမှာ အထက်သို့ငေးစိုက်လျက် ဝေဒနာခံစား နေရပုံကို ကျောက်သားတွင် ထွင်းထုထားသည်မှာ သည်ပို ပေါ်လှသည်။ ဘုရားရှင် လဲလျောင်းနေရာ ကျောက်စားပွဲ

www.burmeseclassic.com

အောက်တွင်ရဟန်းများက ပူဆွေးဟန်မျက်နှာအနေအထား နှင့် ဘုရားရှင်အားဖူးမြော်နေပုံကို ကျောက်သားကိုပင် ဆစ်ပိုင်းထွင်းထုထားသည်။

ထိုရုပ်ပွားတော်ကြီးနှင့်ကပ်လျက် ပရိနိဗ္ဗာန်စေတီတော်ကြီးကို ဖူးတွေ့ရပြီး ပျက်စီး ယိုယွင်းနေသည့် အခန်းငယ်ပေါင်းများစွာ ဆက်စပ်နေသည့် ကျောင်းတော်ရာ ကြီးတဆောင်ကိုလည်း တွေ့ရသည်။

အနီးပတ်ဝန်းကျင်မှာတော့ သက်တန်းရင့်အိုလှပြီ ဖြစ်ဟန်တူသော အမျိုးအမည် ခွဲခြားမသိနိုင်သည့် သစ်ပင်မျိုးကြီးများနှင့်ရင်းတိုက်ပင်ကြီးများအနှံ့အပြားပေါက်ရောက်နေကြသည်။ သစ်ပင်များတက်တွင် တကိုင်းမှ တကိုင်းသို့ ခုန်ကူးပြေးလွှားနေကြသည့်၊ လူကိုလည်း ကြောက်ရွံ့ပုံ မရသော လူလောက်ကြီးမားသည့် မျောက်ကြီးများကို တွေ့မြင်ရသောကြောင့် ဘုရားဖူးမှာ တထိတ်ထိတ် တလန့်လန့်နှင့် ရှိခဲ့သည်။

ထို ကုသိနာရုံအရပ်တွင် ထူးဆန်းသော ဗုဒ္ဓဘာသာဝင် တရုတ်ဘုန်းကြီးတပါးကို ဘိုးဘိုးတို့မြင်တွေ့ခဲ့ရသည်။

သက်တော် ၅၀-နီးပါးရှိမည့် ထိုဘုန်းကြီးမှာ လယ်ကွင်းထဲရှိ ကြီးမားလှသော ညောင်ပင်ကြီးအောက်ပေါ်တွင် ဝါးတဲ ကျောင်းသင်္ခမ်းငယ်ဆောက်၍ သီတင်းသုံးသည်။ လွန်လွန်ကဲကဲ အကျင့် ကျင့်သည်။ သူ၏တကိုယ်လုံးကို မီးရှို့မြိုက်၍ကျင့်လေ့ရှိရာ ခန္ဓာကိုယ်တွင် မီးလောင်ကွက်ပေါင်းများစွာကို တွေ့ရသည်။



မိုးရာသီ ရေလျှံသည့် အချိန်များတွင် လယ်ကွင်းများရေပြည့်တတ်ရာ မြွေပေါင်းမြောက်များစွာမှာ ဘုန်းကြီးသီတင်းသုံးရာညောင်ပင်ကြီးပေါ်သို့တက်၍ကျောင်းသင်္ခမ်းထဲမှာပင် သွားလာရစ်ခွေနေတတ်ကြသည်။ ဘုန်းကြီးကိုလည်း ရန်သတ္တရှုပြုခြင်းမရှိ။

အနီးအပါးမှ ဟိန္ဒူလယ်သမားများမှာ ထိုဘုန်းကြီးကို ကြည်ညို ကိုးကွယ်ကြသည်။ သူ့ ထံမှာ ထူး ဆန်း သော မန္တန်ကန့်ခိုး ဣဒ္ဓိပါဒ်တစုံတခုရှိသည်ဟု ယုံကြည်ကြသည်။ လယ်သမားများမှာ ဗိုက်နာ၊ ခေါင်းခဲသည်မှအစ ပိုးထိ၊ မြွေကိုက်ခံရသည်အဆုံး၊ ရောဂါ အနာတရ ရှိလာလျှင် ထိုဘုန်းကြီးထံ လာရောက်ပြသသည်။ ဘုန်းကြီးက ဟစ်တခု ပေးမှတ်ကာ သူ၏လက်စွဲ တောင်ဝှေးလို တုတ်ချောင်းနှင့်ထိုးလိုက်လျှင် မကြာမီအတွင်း ဝေဒနာ ပျောက်ကင်းသက်သာခွင့်ရကြသည်ဟု လမ်းပြ ရှိုင်ဦးပဥ္စင်းက ဘိုးဘိုးတို့ကိုပြောပြသည်။ ထိုဘုန်းကြီးမှာ မြန်မာပြည်၌ပင် ခေတ္တသီတင်းသုံးခဲ့ဖူးကြောင်း ပြောသေးသည်။ ဘိုးဘိုးတို့က ထိုဘုန်းကြီးနှင့် တွေ့ဆုံစကားပြောဆိုလိုသော်လည်း တရားထိုင်နေသောကြောင့် ခပ်လှမ်းလှမ်းမှသာ မြင်တွေ့ခွင့် ရခဲ့ကြသည်။

ကုသိနာရုံမှနေပြီး ဗာရာဏသီသို့ ပြန်လာကြကာ ထိုမှတဆင့် ဂယာမြို့သို့ မီးရထားစီးသွားကြသည်။ ဂယာဘူတာရုံမှာဆင်းပြီး မြင်းလှည်းကလေးစီးကာ ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ သွားရသည်။

www.burmeseclassic.com



လမ်းတလျှောက်တွင် ဘုရားဖူးခရီးသည်များ ကြဲလှသည့် ကြေးပြားပိုက်ဆံများကို ကောက်ယူရန် ဘွားဘွားတို့ မြင်းလှည်းနောက်မှ အိန္ဒိယတိုင်းရင်းသား ကလေးငယ်များ အပြေးလိုက်လာရာ ဘွားဘွားတို့က ကြေးပြားများ ကြဲပေးသည်။

ဗုဒ္ဓဂါယာတွင် ကြည့်ရှုလေ့လာ ပူဇော်စရာ အတော်များသည်။

မဟာဗောဓိပင်ကိုလည်း ဖူးမြင်ရသည်။ အထိမ်းအမှတ်အသား စေတီတော်များ၊ အဆောက်အအုံများလည်း အတော်များများ ဆောက်လုပ်ထားသည်။ ထိုစေတီတော်များ၊ အဆောက်အအုံများ၊ ကျောင်းတော်ကြီးများမှာ (ထိုအချိန်က) ဟိန္ဒူဘာသာဝင်များပိုင်ဆိုင်သည့် လယ်ယာမြေ ပိုင်နက်အတွင်း တည်ရှိသောကြောင့် ဟိန္ဒူများ ပိုင်သလို ဖြစ်နေသည်။ ထိုအဆောက်အအုံများတွင် ဟိန္ဒူဘုန်းကြီးများ၊ ဆာဒူးလိုလို ဂေါဏ်းလိုလို ပုဂ္ဂိုလ်များကိုသာ တွေ့ရပြီး သင်္ကန်းခြုံရုံသည့် ဗုဒ္ဓဘာသာရဟန်းတော်တပါးမှ ဘိုးဘိုး မတွေ့ခဲ့ရ။

ဘိုးဘိုးတို့ မိသားစု သုံးဦးမှာ ထင်ရှားသည့် စေတီ၊ ကျောင်းကန်၊ အဆောက်အအုံကြီးများတွင် ပန်းကပ်လှူ ဆီမီးပူဇော်၊ အမှိုက်လှည်းကျင်းခြင်းဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ခဲ့ကြသည်။

သတ္တာသတ္တဟ ၇-ဌာနသို့လည်း လှည့်လည် ကြည့်ခဲ့ကြသေးသည်။



ရှင်တော် ဂေါတမ ဘုရားအဖြစ်သို့ ရောက်ပြီး မဟာဗောဓိ ညောင်ပင်အနီး ရွှေပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေလျက် ပဋိစ္စသမုပ္ပါဒ်ဓမ္မကို အနုလောမ၊ ပဋိလောမအားဖြင့် ဆင်ခြင်ကြံရှုလျက် ကုဋေတသိန်းမကသော ဖလသမာပတ်ကို ဝင်စားပြီး ခုနစ်ရက်ပတ်လုံး စံတော်မူသည့် ပလ္လင်သတ္တာဟ။

ရွှေပလ္လင်ထက်မှ ထတော်မူ၍ မဟာဗောဓိပင်အနီးမှာ ရပ်လျက် "ငါသည် ဗောဓိရပ်ခွင် ရွှေပလ္လင်ဝယ် သဗ္ဗညုတဉာဏ်ကို ရပေသည်တကား" ဟု မမှိတ်သော မျက်စိဖြင့် ရှုကြည့်တော်မူလျက် ခုနစ်ရက် ပတ်လုံး ဝိပယ်တော်မူရာ အရပ်ဖြစ်သည့် အနိမိသသတ္တာဟ။

ရွှေပလ္လင်နှင့် အနိမိသ အကြား အဓောင် ၆၀-ရှည်သော ရတနာစင်္ကြံတွင် စင်္ကြံကြွတော်မူရာအရပ်ဖြစ်သည့် ရတနာစင်္ကမ သတ္တာဟ။

ရတနာဘုံအိမ်၌ ထက်ဝယ်ဖွဲ့ခွေနေတော်မူလျက် ဝိနည်းပိဋကတ်၊ သုတ္တန်ပိဋကတ်၊ အဘိဓမ္မာပိဋကတ်တို့ကို သုံးသပ်ဆင်ခြင်တော်မူရာ ရတနာဃရ သတ္တာဟ။

မာရ်နတ်မင်း၏ သမီးသုံးဦးဖြစ်သော တဏှာ၊ အရတိ၊ ရာဂါတို့နှင့် ဟုံဟုံက ပုဏ္ဏားအား တရားအမြိုက် တိုက်ကျွေးရာ အဇပါလ ညောင်ပင်ရင်းဖြစ်သော အဇပါလ သတ္တာဟ။

မုစလိန္ဒ နဂါးမင်း၏ ကိုယ်အခွေထက်ဝယ် ခုနစ်ရက် ပတ်လုံး မိုးလေခိုကာ ဖလသမာပတ် ဝင်စားခဲ့သည့်

www.burmeseclassic.com

www.burmeseclassic.com



မုစလိန္ဒာ အိုင်၏အနီး ကျည်းပင်ရင်းဖြစ်သော မုစလိန္ဒ သတ္တာဟ။

ရာမညတိုင်း ဥက္ကလာဇနပုဒ် ပေါက္ခရဝတီမြို့မှ တဖုဿနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့လှူဒါန်းသောမုန့်များကို ခံယူလျက် ဆံတော်ဓာတ် လက်တဆုပ်ကို ပေးအပ်တော်မူသော လင်းလွန်းပင်ခြေရင်းဖြစ်သော ရာဇာယတနသတ္တာဟ။

နေရဉ္ဇရာမြစ် ဆိုသည်ကိုလည်း ဘိုးဘိုးတို့ တကူးတကန့် သွားရောက်ကြည့်ရှုခဲ့ကြသည်။

လွန်လေပြီးသော နှစ်ပေါင်း ၂၅၀၀-ကျော် အချိန်ကာလခန့်က ရှုတင့်စဖွယ်ကမ်းစသဲခုံနှင့် ရေအပြင် ပြန့်ကျယ်နက်ရှိုင်းလှသော နေရဉ္ဇရာမြစ်....။

ဗုဒ္ဓလောင်းလျာ ဘုရားအဖြစ်သို့ရောက်မည့်နေ့ နံနက်မိုးသောက်ယာမ်၌ ဥရုဝေလ တော၏အနီး သေနနိဂုံးမှ မဟာသေန သူကြွယ်၏သမီး သုဇာတာ ကပ်လှူပူဇော်သော ဃနာနို့ဆွမ်းကိုထည့်သည့် အဖိုးတသိန်းထိုက်သော ရွှေခွက်ကို အဓိဋ္ဌာန်၍ မျှောခဲ့သည့် နေရဉ္ဇရာမြစ်....။

ဗုဒ္ဓ၏ဖြစ်စဉ်တွင် အရေးပါအရာရောက်လှသည့် နေရာဒေသတခုအဖြစ် ပါဝင်ထင်ရှားခဲ့သော အဓိကရမြစ်မင်း နေရဉ္ဇရာသည် ယခုတော့ တမျှော်တခေါ် သဲသောင်တန်းကြီး ပေါ်ထွန်းလျက် မြစ်ကြောင်းထိမ်ကောကာ သာမန်ချောင်းငယ်တခုမျှသာ ရှိတော့ပြီ။ မှတ်မှတ်ရရဖြစ်အောင် ဘိုးဘိုးက ချောင်းတွင်းသို့ ဆင်းကြည့်သည်။ ဘိုးဘိုး၏



ဒူးဆစ်ပင်မမြုပ်။ မိုးရာသီမှာတော့ ရေ အတော်အသင့်ရှိကြောင်း သိရသည်။

ဘိုးဘိုးကစိတ်ကူးနှင့်မှန်းဆကာ ဗုဒ္ဓလောင်းလျာ ဘုရားအဖြစ်သို့ ရောက်သည့်နေ့က ကိုယ်လက် သန့်စင်ခဲ့သည့် နေရဉ္ဇရာမြစ်၏ သုပ္ပတိဋ္ဌိတ ရေချိုးဆိပ်၊ ဃနာနို့ဆွမ်းကို ၄၉-လုတ် ပရိဘုတ်တော်မူသည့် သဲသောင်ကမ်းခုံ၊ ကာယဂတာသတိ ဘာဝနာကို စီးဖြန်းတော်မူသည့် နေရဉ္ဇရာမြစ်နံဘေးမှ ခတ်လက်ဝေမြိုင်သော အင်ကြင်းတောအုပ်တို့ကို ရှုမျှော်ကြည့်သေးသည်။

ယခုတော့ ရေချိုးဆိပ်ရယ်လို့လည်း သတ်သတ်မှတ်မှတ်ဘယ်နေရာမှာမှမတွေ့ရ။ ညို့ဆိုင်းအုပ်ဝေသော အင်ကြင်းတောရိပ် ဆိုတာကိုလည်း သည်ပတ်ဝန်းကျင်မှာ မမြင်ရ။ ကျိုးကျဲသော ခင်တန်း ခြုံပုတ်ငယ်များကိုသာ ဟိုမှာသည်မှာ တွေ့မြင်ရသည်။

နှစ်အရှည်ကြာညောင်းသည်နှင့်အမျှ တချိန်က ထင်ရှားခဲ့သည့် နေရာဒေသများမှာ ပျက်စီးပျောက်ကွယ်ခဲ့ပြီ။ မတည်မြဲသော အနိစ္စတရား၏ ပြယုဂ်ပါတကားရယ်လို့ ဘိုးဘိုး တရားနှင့် ဆင်ခြင်မိသည်။

ဘွားဘွားကတော့ ကြည်ညို သပ္ပာယ်စရာတွေလျှင်ပဲဖြစ်ဖြစ်၊ သာယာကြည်နူးစရာတွေလျှင်ပဲဖြစ်ဖြစ် မျက်ရည်လည် ဝမ်းနည်းတတ်ရကား ဂေါတမ ရှင်တော်ဘုရားသက်တော်ထင်ရှားရှိစဉ် စံပယ်တော်မူခဲ့သည့် နေရာဒေသ

www.burmeseclassic.com

www.burmeseclassic.com



တခွင်ကို ယခုလို မျက်ဝါးထင်ထင် မြင်တွေ့ရောက်ရှိရတော့ မျက်ရည်တစမ်းစမ်းနှင့် ဝမ်းပန်းတနည်း ရင်ထဲမှာ တရှိုက်မက်မက် ခံစားရသည်။

ဒါဟာ ကြည်ညိုစိတ် သဒ္ဓါသက်သက်ပဲလား၊ ပူပန်သိုး ခြောက်ခြင်း ဗျာပါဒပဲလားဆိုတာတောင် ခွဲခြားမသိနိုင်ခဲ့။

စို့ဝဲလာသော မျက်ရည်စကို မသိမ်းဆည်းချင်တော့ပဲ ဘိုးဘိုး၏ ပခုံးစွန်းမှာ ပန်းလျစွာ ပါးအပ်မှီခိုယင်း....

"ကိုဘမိုရယ်....ကျွန်မလေ.... သည်နေရာတွေ ရောက်ရတော့ ရင်ထဲမှာ တမျိုးကြီးပဲ။ ဘုရားရှင်ကို ကြည်ညိုမြင်ယောင် လာမိရာက နောက်ဆုံး ကိုယ့် ဗမာပြည်ကိုပဲ လွမ်းမိတော့တယ်။ အမေ့ကိုလဲ သိပ်သတိရတာပဲ၊အမေ့ကို ဒီနေရာတွေ သိပ်ရောက်စေချင်တယ်၊ အော်....ဘယ်တော့များမှ ကိုယ့်ပြည်ကိုယ့်ရွာ ကိုယ့်အိမ်ကိုယ့်ရာ ပြန်ရောက်ကြရမယ် မသိဘူး...."ဟု ပြောကာမျက်ရည်ကျသည်။

ဘိုးဘိုး ကတော့ ဘွားဘွားအပေါ် နားလည် သူမို့ ဘွားဘွား၏ လက်ဖဝါးအစုံကို ကြင်နာယုယစွာ ထွေးဆုပ်လျက် ဘိုးဘိုး၏ ဆောင်နေကျ သန့်စင် ဖြူဆွတ်သော လက်ကိုင်ပဝါကို အင်္ကျီအိတ်ကပ်ထဲမှထုတ်ယူကာ ဘွားဘွား၏ မျက်ရည်စများကို ဂရုတစိုက်သုတ်ပေးယင်း ဖျောင်းဖျ နှစ်သိမ့်စကား ဆိုရသည်။

"ဒါဟာ ဝမ်းနည်းစရာမှ မဟုတ်ပဲ မဖွားသစ်ရယ်....။ စိတ်မကောင်းစရာ မျက်ရည်မကျပါနဲ့တော့....။ တိတ်ပါလေ....တိတ်ပါ၊ တိတ်ပါ။ တကယ်တော့ ကျွန်တော်တို့



မဖွားသစ်တို့ဟာ ဘယ့်လောက် ကံကောင်း လိုက်သလဲ ကြည့်စမ်း။ မြန်မာနိုင်ငံမှာရှိကြတဲ့ ဗမာလူထုဟာ စစ်ကာလအတွင်း ဟိုပြေးဒီပြေး၊ သူပုန်ရန်၊ ဒမြရန်ကတဘက်၊ ဂျပန်ရန်က တဘက်၊ လေယာဉ်ဗုံးရန်က တဘက်၊ အဘက်ဘက်က ရန်သူတွေဝိုင်းပြီး ဘယ့်ကလောက် အတိဒုက္ခရောက်နေကြရသလဲ။ အစားအစာ၊ အဝတ်အထည်၊ အသုံးအဆောင်၊ ဆေးဝါးကအစ ဘယ့်ကလောက် ခက်ခဲဆင်းရဲနေကြသလဲဆိုတာ အမြဲတမ်းကြားနေရတယ် မဟုတ်လား။

"ကျွန်တော်တို့ဆိုယင် အမိနိုင်ငံကခွဲခွာလာရတာ တခုကလွဲပြီး အတိဒုက္ခ ရောက်တယ် ဆိုတာ မရှိသလောက်ပဲ။ ဒီမှာ နေရတာ ဘယ်အေး ဘယ်ရန်မှ မရှိခဲ့ဘူး။ သူများနိုင်ငံမှာ နေရတယ်ဆိုပေမယ့် ငွေကြေး ဆိုတာလဲ ပြည့်ပြည့်စုံစုံ သုံးစွဲစားသောက်နိုင်တယ်။ ငွေရှိတော့ အစားအစာ၊ ဆေးဝါး၊ အဝတ်အထည် ဆိုတာ ကိုယ်ကြိုက် သလောက် ဝယ်ယူ ရရှိနိုင်တာပဲ မှတ်လား....။

"ပြီးတော့ ဒီလိုဘုရားပွင့်တဲ့ နေရာထူး နေရာမြတ်မျိုးဆိုတာ တော်တော်တန်တန် လူ ရောက်ဖူးခဲတဲ့ အရပ်ဒေသမျိုး။ ရောက်ဖူးအောင်လဲ တကူးတကန့် ငွေကြေးများစွာ အကုန်အကျခံပြီးမှ ရောက်ရတဲ့ နေရာမျိုး။ ကျွန်တော်တို့ မဖွားသစ်တို့မှာကုသိုလ်ကံအလွန်ထူးလို့ ငွေကြေးများများစားစားမကုန်ပဲ ရောက်ခဲ့ရတယ် မဟုတ်လား။ အိန္ဒိယ တပြည်လုံးမှာရှိတဲ့၊ ရောက်သင့်ရောက်ထိုက်တဲ့ နေရာဒေသ

www.burmeseclassic.com

www.burmeseclassic.com



မျိုးတွေကို အတော်လေး စုံစုံလင်လင် ရောက်ခဲ့ဘူးပြီပဲ။ ဘုရားပွင့်တဲ့ ဗုဒ္ဓဂါယာမှာဆိုယင် မဖွားသစ်စိတ်ကြိုက် အလှူဒါန ပြုခဲ့ရပြီ....။

"စစ်ကြီးလဲ မကြာမီပြီးဆုံးတော့မှာပဲ။ ဥရောပတိုက်မှာ ဒုတိယစစ်မျက်နှာပြင်ဖွင့်ပြီး နောက်ပိုင်း ကျွန်တော်တို့ မဟာမိတ်ဘက်က တိုက်ပွဲရ အောင်မြင်နေတယ် မဟုတ်လား။ ဟိုတနေ့က ရေဒီယိုသတင်းမှာ မဟာမိတ် အမေရိကန်ဟာ ပစိဖိတ်သမုဒ္ဒရာမှာ ဂျပန်တွေ သိမ်းယူထားတဲ့ ကျွန်းတွေကို တကျွန်းပြီးတကျွန်း တက်ရောက်သိမ်းပိုက်ပြီး ဂျပန်တွေကိုတိုက်ထုတ်နေတယ်ဆိုတာ ဖွားသစ် အကြားပဲ မဟုတ်လား....။

"မြန်မာပြည်မှာဆိုယင်လဲ ရခိုင်ဘက်မှာ စစ်တွေခရိုင်က စပြီး မဟာမိတ်တပ်တွေနဲ့ ပြည်သူ့ဆန့်ကျင်ရေး အင်အားစုတွေ ပူးပေါင်းပြီး ဂျပန်တွေကို တော်လှန်ရေး စနေပြီ။ အောင်ပွဲတွေလဲ ရနေပြီ ဆိုတာ ကုန်ခဲ့တဲ့ အပတ် ကပဲ ဦးကျော်မင်း ပြောပြသွားသေးတယ်မဟုတ်လား။ ဒီတော့ မကြာမီအချိန်မှာ ဂျပန် တွေဟာ မဟာမိတ်တွေ ဆီမှာ လက်နက်ချအရှုံးပေးရတော့မှာပဲ။ စစ်ပြီးပြီးချင်း ဗမာပြည်ကို ကျွန်တော်တို့ ပြန်ရမှာပါပဲ၊ ဝမ်းနည်းစရာတွေကို ရှာကြံတွေးမနေပါနဲ့တော့....၊ တိတ်ပါ၊ တိတ်ပါတော့...."

အမြတ်ဆုံးကတော့ တဦးတည်းသောသားကြီး ဩရသကို ဗာရာဏသီရှိ မိဂဒါဝုန်တွင် သင်္ကန်းဝတ်ခွင့် ရခဲ့ခြင်းပဲ ဖြစ်သည်။



ဘိုးဘိုးတို့မှာ ဗုဒ္ဓဂါယာမှ ဗာရာဏသီသို့ ပြန်လာကာ မိဂဒါဝုန် ကျောင်းသင်္ခမ်းတခုတွင် သီဟိုဠ် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး တပါးထံတွင် သားဖြစ်သူကို ဆံချကာ သင်္ကန်းဝတ်သည်။ မြန်မာလူမျိုးအပါအဝင် ဘုန်းတော်ကြီး ၂၃-ပါးကို ခဲဘွယ်ဘောဇဉ်နှင့် ဆွမ်းကျွေးသည်။ သူတို့ရပ်ရွာဓလေ့အတိုင်း ဘုန်းတော်ကြီးများက ငှက်ပျောဖက်နှင့် ဆွမ်းဘုဉ်းပေးသည်။ ဆွမ်းဘုဉ်းပေးပြီး နွားနို့လှူဒါန်းသည်။ ဘုန်းတော်ကြီးတပါးကို ငွေ ၁၅-ကျပ်စီ ကပ်လှူသည်။ ရခိုင်ဘုန်းကြီးခုနစ်ပါးကိုတော့ လက်ဦးက ပင့်ဖိတ်ဦးမည် ရည်ရွယ်ကြသည်။ သို့သော် ဂိုဏ်းချင်း မတူ၍ ကြွလာမည်မဟုတ်ဟု ပြောပြသောကြောင့် မဖိတ်ဖြစ်တော့။

သားဖြစ်သူကို ဆံချနေစဉ်မှာပင် ဂျပန်က မဟာမိတ်များကို လက်နက်ချ စစ်ပြေငြိမ်းကြောင်း သတင်းကောင်းကို ဘိုးဘိုးတို့ ကြားသိလိုက်ရတော့သည်။

စစ်ကြီးပြီးဆုံးသွားပြီ ဖြစ်သည့် သတင်းကောင်းကြားလိုက်ရ၍ မြန်မာနိုင်ငံကိုပြန်ရတော့မှာမို့ အားရဝမ်းသာစိတ် ဖြစ်ပေါ်လာသောကြောင့်လား၊ ဘုရားသားတော်အဖြစ် ဝါရွှေသောသင်္ကန်းနှင့် တင့်တယ် ကြည်စင်သောရှင်ပဒုမ၏ အသရေကို တွေ့မြင်ရ၍ ကြည်ညိုစိတ်ဖြစ်ပေါ်လာသောကြောင့်ပဲလား မသိရ။ ဘွားဘွားက တော့ သားဖြစ်သူ မောင်ပဥ္စင်းကိုကြည့်ပြီး မျက်ရည်ဖိုင်ဖိုင် ကျရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဗာရာဏသီ မိဂဒါဝုန်မှ ကာလကတ္တား ပြန်ရောက်ကြ တော့ မြန်မာပြည်ပြန်ရန်ကိစ္စကို စီစဉ်ကြသည်။

ကာလကတ္တားရှိ ဘင်္ဂါလီ လွှတ်တော်တွင် အမှုလိုက်ခဲ့ သောကြောင့် အတော်လေး နာမည်ရလာကာ အပေါင်း အသင်း မိတ် သင်္ဂဟများ ရနေပြီ ဖြစ်သော ဘိုးဘိုးကို အိန္ဒိယအမျိုးသားလုပ်ဖော်ကိုင်ဘက်များကကာလကတ္တား မှာပင် ဆက်လက်နေထိုင်ကာ ရှေ့နေလိုက်သွားရန် အကြံ ပေးကြသည်။

ဒေလီနှင့်ကာလကတ္တားတွင် အမှုလိုက်နေသည့် ဘိုးဘိုး၏ မိတ်ဆွေ၊ ဟောင်ကောင်နှင့် စင်္ကာပူဘက်မှ တရုတ်ရှေ့နေ ကြီးများကလည်း ဘိုး ဘိုး ကို မြန် မာ နိုင် ငံသို့ မပြန်ပဲ ဟောင်ကောင်ဘက်တွင် ရှေ့နေ အလုပ်နှင့် အသက်မွေး ဝမ်းကျောင်းပြုရန်၊ ဟောင်ကောင်တွင် ဘဏ်တိုက်များ အများအပြား ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ဘိုးဘိုးလို ဥပဒေကျွမ်းကျင်နားလည်ပြီးရှေ့နေသက်ဝနေပြီးဖြစ်သော ဘိလပ်ပြန် ဝတ်လုံတော်ရတဦးအား လခများစွာ ပေးကာ ဘဏ်တိုက်များ၏ ဥပဒေအကြံပေးအရာရှိကြီးအဖြစ် ခန့်လို လှကြောင်း၊ အမှန် တကယ်လည်း တိုးတက် ကြီးပွားရန် အလားအလာ များစွာ ရှိကြောင်း၊ ဟောင်ကောင်တွင် ဘိုးဘိုးတို့မိသားစု နေထိုင် စားသောက်ရေးကိစ္စကို သူတို့ ဆောင်ရွက် အကူအညီ ပေးမည် ဖြစ်ကြောင်း တိုက်တွန်း ပြောပြကြသည်။



ဘိုးဘိုးအနေနှင့်လည်း သဘောပေါက်သည်။ သူတို့ ပြောကြသည့်အတိုင်း ဘိုးဘိုး၏ပညာနှင့် သူတို့နိုင်ငံများ တွင် ကြီးပွားချမ်းသာတိုးတက်စရာ လမ်းစ အများကြီး ရှိပါ၏။

သို့သော် မြန်မာပြည်ကို လွမ်းလှပြီ။ မြန်မာ့မြေကို နင်းချင်လှပြီ။ မိုးဦးကျစ လေပြင်းတပိုက် ဝှေ့လိုက်လျှင် တဖုတ်ဖုတ် ကြွေကျသည့် သရက်သီးကင်းကလေးများကို ချစင်စင်ဆေးကာ ဖျာပုံဘက်မှ လာသည့် ငါးပိရည်ကြို မွှေးမွှေးနှင့်တို့ပြီး ထမင်းမြိန် စားချင်လှပြီ။

တိုင်းပြည်ကိုချစ်သောစိတ်၊ လူမျိုးအပေါ်ချစ်သည့်စိတ် ဆိုသည်မှာ ယခုလို အမိနိုင်ငံနှင့်ကြာရှည်စွာ ခွဲခွာနေလာ ရမှ သိသိသာသာ ဖွံ့ဖြိုးလာဟန်ကို ဘိုးဘိုး သိမြင်ခံစား ရသည်။

သုံးနှစ်ကျော်ကျော် အိန္ဒိယပြည်အနှံ့ လှည့်လည်နေခဲ့ရာ ဘယ်မြို့ ဘယ်ဒေသ ရောက်ရောက် ကိုယ့်မြန်မာနိုင်ငံကိုပဲ သတိတရ အောက်မေ့မိသည်။ မြန်မာလူမျိုးဆိုလျှင် တွေ့လို လှသည်။ ပုဆိုးဝတ်သည့်လူများတွေ့လျှင် စိတ်ဝင်စားကြရ သည်။ ဘယ်မြို့၊ ဘယ်ရွာမှာ မြန်မာလူမျိုး ရှိသည် ဆိုသံ ကြားလျှင် မေးမြန်းစုံစမ်းရသည်။ အိမ်ကိုခေါ်ပြီး မြန်မာ ထမင်းဟင်းကျွေးရသည်။ မြန်မာပြည်အကြောင်း တဝကြီး ပြောကြသည်။ တတ်နိုင်သမျှအကူအညီပေးရသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာလူမျိုးကိုမဆိုထားနှင့် မြန်မာပြည်မှာ နေသွား ဘူးသည် ဆိုသော အင်္ဂလိပ်မျက်နှာဖြူများ၊ အိန္ဒိယ အမျိုး သားများ၊ အင်္ဂလိပ်–အိန္ဒိယ ကပြားများအပေါ်မှာပင် သံယောဇဉ်မကင်း။

ဘွားဘွားကလည်း ကိုယ့်လူမျိုးမြန်မာများနှင့်တွေ့လျှင် တအားတက်သည်။ ဂျပန့် လက်အောက်ရှိ မြန်မာနိုင်ငံ အခြေအနေကို မေးမြန်းရသည်။

ကာလကတ္တားမှာနေထိုင်ခဲ့ကြစဉ်က ဘိုးဘိုးတို့အိမ်သည် မြန်မာလူမျိုးတို့၏ စားအိမ်သောက်အိမ် တအိမ်ဖြစ်ခဲ့သည်။ အိုင်၊စီ၊အက်စ် ဦးကျော်မင်းနှင့်ဇနီး၊ဗိုလ်ချုပ်အောင်သန်း (ဘိုးဘိုးတို့က သူ့ကို 'ကြက်တော' ဟု ခေါ်သည်။) ကာနယ်ဦးသိန်း(နောင်စာတိုက်မင်းကြီး)၊ မောင်သိန်းတင် (အိုးဝေ–ညိုမြ)၊ ရစ်ချတ်ပေါ်ဦး၊ မစ္စတာပတေးနှင့် ဇနီးသည်မမကြီး (ယခု 'ပုလဲမုန့်တိုက်'ပိုင်ရှင်၏ မိဘများ)၊ ဆေးပညာ လာရောက်သင်ကြားနေကြသည့် ရော်နယ်လှိုင် မပိုပို တို့မှာ ဘိုးဘိုးတို့ အိမ်သို့ မကြာခဏ လာရောက် စားသောက်တတ်ကြသည်။

ညိုမြကတော့ သူ့အဖေ ဇရှ.နေ ဦးသာဇံနှင့်ဘိုးဘိုးမှာ အလွန်ရင်းနှီးကြသည့် မိတ်ဆွေများ ဖြစ်သည့်အလျောက် ဘိုးဘိုးတို့အိမ်မှာ အမြဲလိုလို ရှိနေတတ်သည်။ ဦးသာဇံမှာ မင်းတိုင်ပင်အမတ်တဦး ဖြစ်ပြီး ဆာဂျေအေမောင်ကြီး၏ 'ရွှေတောင်ကြားပါတီဝင်' တဦးလည်း ဖြစ်သည်။ ထိုစဉ်က



ညိုမြနှင့် ရစ်ချတ်ပေါ်ဦးတို့မှာ အမေရိကန် ပြန်ကြားရေး ဌာနတွင် အမှုထမ်းလျက် ရှိနေကြသည်။ ညိုမြမှာ မြန်မာနိုင်ငံ၏ ပထမဦးဆုံး သတင်းစာပညာတော်သင် အဖြစ် အမေရိကားသို့ သွားရောက် သင်တန်းတက်ပြီး ပြန်ဖြစ်လာသည်နှင့် အိန္ဒိယပြည် အမေရိကန် ပြန်ကြားရေး ဌာနသို့ ရောက်ရှိလာခြင်း ဖြစ်၏။

သို့လျှင် ဘယ်ရပ် ဘယ်ရွာ ဘယ်ဒေသရောက်ရောက် ကိုယ့်ရပ် ကိုယ့်မြေကိုပဲ သတိရသည်။ ကိုယ့်လူမျိုးတွေနှင့်ပဲ တွေ့လိုလှသည်။ ဗုဒ္ဓ ပွင့်တော်မူရာ အရပ်ဒေသ ဝန်းကျင်ရှိ သိမ်ဝင် စေတီပုထိုး သာသနာ့အဆောက်အအုံ အစုံစုံကို ရောက်ရှိဖူးမြော်ခဲ့ရသည့်တိုင် ကိုယ့်ပြည် ကိုယ့်နိုင်ငံက ဆူလေး ဆူမတော်ပုံ ရွှေတိဂုံစေတီတော်ကြီးကို ဖူးမြော်ကြည်ညို ရတာလောက် အားမရလှပါဘူးဟု ဘွားဘွားက အမြဲ ပြောတတ်သည်။

ထို့ကြောင့် တိုင်းတပါးမှာ နေခဲ့ပြီး ဘယ်မျှ စီးပွား ချမ်းသာတိုးတက် ကြွယ်ဝကြွယ်ဝအလိုမရှိနိုင်။ ကိုယ့်တိုင်း ကိုယ့်ပြည်ကိုပဲပြန်လိုစိတ်ထက်သန်ပြင်းပြသည်။ ကိုယ့်လူမျိုး၊ ကိုယ့်ဆွေမျိုး၊ ကိုယ့်မိတ်သင်္ဂဟ အပေါင်းအသင်းများနှင့် တွေ့လိုသည့်ဆန္ဒ ထက်သန်ကြီးမားသည်။

နောက်ဆုံးမှာတော့ မိသားစုသုံးဦး စိတ်တူသဘောတူ အမိနိုင်ငံ မြန်မာပြည်သို့ပြန်ရန်အရေးကိုသာ ကြိုးစား ပြင်းပြင်းကြတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၅–ခုနှစ်၏နှစ်ဦးပိုင်းတွင် ဘိုးဘိုးတယောက်တည်း မြန်မာနိုင်ငံသို့ ဦးစွာပြန်လာပြီး ရန်ကုန်မှာ အလုပ်အကိုင် နေထိုင်စားသောက်ရေး ကိစ္စအဝဝကို စီမံသည်။ အစ အရာရာ အဆင်ပြေတော့မှ ကာလကတ္တားမှာကျန်ရစ်ခဲ့သည့် ဘွားဘွားနှင့် သားဖြစ်သူကို အကြောင်းကြား ခေါ်ယူ လိုက်သည်။

ဘားလမ်းနှင့် ကုန်သည်လမ်းထောင့် (ယခု မြန်မာ့ ထုတ်ကုန်သွင်းကုန် ကော်ပိုရေးရှင်း အဆောက်အအုံ)တွင် ဘိုးဘိုးကရုံးခန်းဖွင့်ကာ အခြေမပျက် ရှေ့နေလိုက်ခဲ့သည်။

အိန္ဒိယမှပြန်ရောက်ပြီး များမကြာမီ ဘိုးဘိုး ဘွားဘွား တို့က ဘဒ်လမ်းနေအိမ် ဝင်းခြံကြီးထဲတွင် မြန်မာ့နိုင်ငံရေး ခေါင်းဆောင် လူကြီး များ၊ စစ် အတွင်း က ဖက် ဆစ် ကျူးကျော်သူ ဆန့်ကျင်ရေးအသင်းဝင်များကို ဖိတ်ကြား ကာ ကြီးကျယ်ခမ်းနားသော ညစာစားပွဲကြီး ကျွေးမွေး တည်ခင်းသည်။

ဗိုလ်ချုပ် အောင်ဆန်းမှာ မြစ်ဝကျွန်းပေါ် ဘက်သို့ တရားဟောပြောရန် သွားရောက်စရာရှိ၍ ညစာ စားပွဲသို့ မလာရောက်နိုင်ကြောင်း အကြောင်းပြန်စာ ရေးပို့သည်။

သခင်နုမှာလည်း ဆေးရုံတက်နေရ၍ မတက်ရောက် ဖြစ်ခဲ့။ တခြားဖိတ်ကြားသည့် ဧည့်သည်များ စုံစုံလင်လင် တက်ရောက်ကြသည်။

ဘိုးဘိုး မှတ်မိသေးသည်။ ညစာ စားပွဲ ပြီးဆုံးပြီး ဧည့်သည်များပြန်သွားတော့ နောက်ဆုံး ဂဠုန်ဦးစောနှင့်



ညီမြ (အိုးဝေ)တို့မှာ အရက် သောက်ယင်း စကားပေါင်း ကျကျန်ရစ်ကြသည်။ ဦးစောက သူ့ပါတီသို့ဝင်ရန် ဘိုးဘိုး ကို ဆွယ်သေးသည်။

သည်လိုနှင့် အချိန်ကာလများ ရွေ့ပြောင်း ကုန်လွန် လာခဲ့သည်။

သည့်နောက် ဘဝ၌ ကြီးကျယ်သော အပြောင်းအလဲ ဟူ၍ မရှိသလောက် ဖြစ်ခဲ့သည်မှာ ဘိုးဘိုး အသက် ၇၀–ပြည့်သည့်အချိန်အထိပဲ ဆိုပါစို့။

ပြောင်းလဲမှု ဖြစ်လာရသည်မှာတော့ ဘိုးဘိုး၏လက်ယာ ဘက် မျက်လုံးတွင်းမှ ရေတိမ်ကို ခွဲထုတ်ချိန်မှာပဲ စထင် ခဲ့တော့သည်။

သားဖြစ်သူနှင့် အတိုက်အခံလုပ်ကာ ချစ်ခင် ရင်းနှီး သော မိတ်ဆွေဒေါက်တာချန်တိတ်နှင့်ခွဲခဲ့သည်။ အကြောင်း ကံလို့သာပဲ ဆိုရတော့မည်။ ကျွမ်းကျင်သော ဆေးသမား နှင့် ကုစား ပါလျက် မျက်စိမှ သွေး ယို ဆင်းလာကာ ရုတ်တရက် လက်ယာဘက်မျက်စိ ကွယ်သွားခဲ့ရသည်။

အကုသိုလ်ဟူသည် အပေါင်းအသင်းနှင့်လာတတ်စမြဲဟု အဆိုရှိသော်လည်း ဘိုးဘိုးထံသို့မူ တဦးချင်း ပျင်းရိ ဖင့်နွှဲ စွာ အချိန်ခြား၍ ရောက်လာလေသည်။

လက်ယာဘက်မျက်လုံးမှ ရေတိမ်မှာ လက်ဝဲ မျက်လုံး ဘက်ကို တဖြည်းဖြည်း ကူးလာခဲ့သည်။ ထို့ကြောင့် လက်ယာဘက်မျက်စိကွယ်ခဲ့ပြီး ၆–နှစ်ခန့်အကြာ ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



အသက် ၇၆–နှစ်တွင် လက်ဝဲဘက် မျက်လုံးကို ခွဲစိတ်ရပြန် သည်။

သည်တစ်ခါမှာတော့ ချက်ချင်းကွယ်မသွားခဲ့သော်လည်း တဖြည်းဖြည်းနှင့် မျက်စိမှုန်သီလာကာ နောက်ဆုံး မျက်စိ နှစ်ကွင်းလုံး ဝ အလင်းမရတော့သည့် မျက်မမြင် ဘဝသို့ ရောက်ခဲ့ရတော့သည်။

သည်လို မျက်စိလုံးဝကွယ်ခဲ့ပြီး ၂–နှစ်ကျော်ကြာသော အချိန်တွင် ဘိုးဘိုး၏ လက်ဝဲဘက် ပေါင်ရိုးမှာ သွင်သွင် ကျိုးခဲ့ရပြန်၏။ ဧည့်သည်များပြန်သွားချိန်တွင် ဘိုးဘိုးက အိမ်ရှေ့ သံဆွဲတံခါးကိုစမ်းသပ်ဆွဲပိတ်ရာမှ အရှိန်လွန်ကာ လဲကျခဲ့ရခြင်းဖြစ်၏။

ဆေးရုံကြီးမှာ တလကျော်ကျော်မလှုပ်မယှက် စိတ်ဆင်း ရဲခြင်းစွာ နေခဲ့ရသည်။ နဂိုပေါင်ရိုးနေရာတွင် သံချောင်း အစားထိုးကာ စိတ်ရှည်လက်ရှည် ကုသပေးသော အရိုး အထူးကုဆရာဝန် ဒေါက်တာမင်းအောင်ကို အထူးကျေးဇူး တင်မိသည်။ ဆေးရုံကြီးမှ အိမ်ပြန်ရောက်ချိန် မှာ တော့ ထိပ်ဖျားတွင် သားရေပြားတပ်ထားသည့် တုတ်နှစ်ချောင်း ကို ထောက်ကူအဖော်ပြုမှ သွားလာနိုင်သည့် ဒုက္ခိတဘဝ သို့ ရောက်ခဲ့ရတော့သည်။

ထိုစဉ်က စိတ်ပျက်အားငယ်လိုက်သည်မှာ ပြန်ပြောင်း ၍ပင် မတွေးချင်တော့ပြီ။ နက်ရှိုင်းလှသောအမှောင်ထုကြီး ထဲမှာ ဒုက္ခဆင်းရဲ ခံနေရသည့်အထဲ မစွမ်းမသန် ဘဝသို့



ရောက်ရပြန်သည်။ လူ့ဘဝကြီးမှာဆက်လက်နေထိုင်လိုစိတ် ပင် မရှိခဲ့။

ထို့ကြောင့် ဖြေဆေး ရှာရသည်။ ကျန်းမာ သန်စွမ်း ငယ်ရွယ်စဉ်က ဘယ်ခေတ်၊ ဘယ်ကာလမှာ ဖြစ်ဖြစ် အနေ အထိုင် ကြီးမြင့်ခဲ့သည့်ဘဝ၊ နာမည်တလုံးနှင့် လူအပေါင်း လေးစားကြည်ညိုခြင်း ခံရသည့်ဘဝ၊ လက်ရှိ အိုမင်းမစွမ်း အချိန်အရွယ်မှာလည်း ဘာတခုမှ ပူပင်ကြောင့်ကြတောင့်တ စရာ မလိုသည့်ဘဝကိုတွေးပြီး ဖြေသိမ့်ခဲ့ရသည်။ သည်လို နှင့်ပဲ တဖြည်းဖြည်း အသားကျကာ အနေတတ်လာခဲ့ရ တော့သည်။

ယခုတော့ အသက် ၈၅–နှစ်ထဲ ဝင်ခဲ့ပြီ။

သီလ၏အကျိုးကြောင့် သည်မျှ အသက်ရှင်နေထိုင်နိုင် သည်ကပင်ကျေနပ်စရာတချက်ဖြစ်သည်။ သို့သော်ဆက်လက် အသက်ရှင်မနေချင်ပြီ။

လူ့ဘဝမှာ အသက် ၈၀– ကျော်ပြီဆိုလျှင် ဘာမှအသုံး မဝင်တော့သည့် လူပိုသက်သက်ဖြစ်ခဲ့ပြီ။ အထူးသဖြင့်မိမိလို မျက်စိမမြင် မစွမ်းမသန်သည့်လူမျိုး။ လောကကြီးမှာ မနေ ထိုင်တော့သော်လည်း မသေနိုင်ပြန်တော့ငယ်စဉ်ဘဝပျော်ရွှင် ချမ်းမြေ့ခဲ့ရသည့် အချိန်ကာလများကိုသာ ပြန်ပြောင်းသတိ ရယင်း နေ့ရက်တွေကို ကုန်လွန်စေရတော့မည်။

ဂီတကို ငယ်စဉ်ကပင် ဝါသနာထုံသူဆိုတော့ ယခုပို သာ၍ တအာရုံကိုသာ အလေးထား ခံစားနိုင်သော ဘဝမှာ



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယိုမှ တေးဂီတသည် ဘိုးဘိုး၏ အဖော်ကောင်း အဖော်မွန်တဦး ဖြစ်ရတော့သည်။

ရေဒီယို မြန်မာ့အသံမှ ထုတ်လွှင့်သည့် သီချင်းကြီးကဏ္ဍ၊ ကာလပေါ် တေးသီချင်းကဏ္ဍများကို ဘိုးဘိုး အမြဲမပြတ် နားထောင်လေ့ရှိသည်။ ထင်ရှားသည့် ကာလပေါ် အဆိုတော်များ၏ အသံများကို မှတ်မိနေသည်။

ဂီတနှင့် ပတ်သက်လျှင်တော့ နန်းတော်ရှေ့ဆရာတင်ကို သတိမရပဲမနေနိုင်။ ခန္ဓာချုပ်ငြိမ်းပျောက်ကွယ်ခဲ့ပြီဖြစ်သော်လည်း ဘယ်ခေတ် ဘယ်အချိန်ရောက်ရောက် ပျောက်ကွယ်နိုင်မည်မဟုတ်သည့် သူ၏လက်ရာတေးသီချင်းများကိုတော့ ခေတ်အဆိုများနှင့် ယနေ့တိုင် အမြဲမပြတ် ကြားနေရသည်။

ဆရာတင့် သီချင်းတွေကို ဘိုးဘိုး ကြိုက်နှစ်သက်သလို အတော်များများလည်း ရသည်။ နာမည်နှင့် လိုက်အောင် 'ဆရာတင်' ရလောက်တဲ့ တကယ့် ဂီတစာဆိုပဲဟု ဘိုးဘိုး အမြဲချီးကျူး ပြောပြတတ်သည်။

လူ့စရိုက်၊ လူ့သဘာဝ၊ လူ့မနောကို ပေါ်လွင်အောင် အကြောင်းအရာမထပ် အတွေးအခေါ် ဆန်းသစ်ခေတ်မှီစွာ သံစဉ်သံတွဲ ညီညွတ်မျှတ နားဝင်ပီယံဖြစ်အောင် သီချင်းရေးစပ်သည့် နေရာတွင် ဆရာတင့်ကို မှီသူမရှိ၊ နောက်နောင်လည်း ဆရာတင့်လိုလူမျိုး ပေါ်ပေါက်လိမ့်မည်ဟု ဘိုးဘိုး မထင်။



ဆရာတင်နှင့် သိကျွမ်းရင်းနှီးခဲ့ရသည်မှာတော့ ချစ်ဒုက္ခ ဦးဘညွန့်နှင့် ဆက်သွယ်ပတ်သက်၍ ဖြစ်၏။

ဘိုးဘိုးမှာ အမှုလိုက်ရန် မန္တလေးသို့ မကြာခဏ သွားရသည်။ မန္တလေးသို့ ရောက်လျှင် ဦးဘညွန့်၏ အိမ်သို့ အမြဲသွားလည်တတ်သည်။ ထိုအချိန်က ဦးဘညွန့်မှာ မန္တလေး မီးရထားဌာနတွင် သယ်ယူပို့ဆောင်ရေးအရာရှိ( District Transport Service )အဖြစ် အမှုထမ်းလျက် ရှိသည်။

မီးရထားအရာရှိများအတွက်ပေးထားသော ဦးဘညွန့်၏ နေအိမ်မှာ ကျယ်ကျယ်ဝန်းဝန်းနှင့် လွတ်လွတ်လပ်လပ်ရှိသည်။ ဧည့်ခန်းထဲတွင် အနက်ရောင် စန္ဒရားကြီးတလုံးရှိသည်။

မန္တလေးကား အနုသဘင်သည် အပေါင်းတို့ စုဝေးပေါင်းဆုံရာ အနုပညာမြို့တော်ဖြစ်ရကား ဦးဘညွန့်အိမ်သို့ ဘိုးဘိုးရောက်သွားတိုင်း သဘင်လောက၊ အငြိမ့်လောကမှ ပညာသည် တဦးမဟုတ် တဦး အမြဲတမ်းဆိုလျက်၊ တီးလျက်ရှိနေသည်နှင့် ကြုံတတ်သည်။ ဦးဘညွန့်မှာလည်း ဂီတကို အထူးမြတ်နိုး ခုံမင်သူ ဖြစ်သည်။

အငြိမ့်သမများ၏ ဘာသရုပ်ကို ပီပြင်ထင်ရှားအောင် ရေးဖွဲ့သည့် ဂီတစာဆို နန်းတော်ရှေ့ဆရာတင် အကြောင်း ဘိုးဘိုးစကားစပ်ပြောရာက ဦးဘညွန့်က "ကိုတင်က အဆိုလဲ မညံ့ဘူး၊ လူချင်းလဲ သိသွားကြရအောင် ကိုတင့်ကို ကျွန်တော် အခေါ်ခိုင်းလိုက်မယ်" ဟု ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆရာတင်ရောက်လာတော့ ဘိုးဘိုးနှင့် မိတ်ဆက်ပေးကာ သီချင်းဆိုခိုင်းသည်။

နောက်နောင် ဆရာတင်နှင့် ပတ်သက်ပြီး ထိုအချိန်က အငြိမ့်လောကတွင် နာမည်ကြီးသည့် သာစည်သူ မမြရင်ကို ညဉ့်အချိန် မီးရောင်အောက်က ဇာတ်ခုံပေါ်မှာ မဟုတ်ပဲ နေ့၏အလင်းရောင်မှာ ဦးဘညွန့်၏ ဧည့်ခန်းထဲရှိ စန္ဒရား နံဘေးတွင် မြင်တွေ့သိကျွမ်းခဲ့ရဘူး၏။

ပရိသတ်မမြင်သာနိုင်သော မီးရောင်နှင့် ကင်းဝေးရာ ဇာတ်ခုံ ကန့်လန့်ကာနောက်ကွယ်ဆီမှအငြိမ့်သမနှင့် သီချင်း ရေးဆရာတို့၏ မထင်မှတ်သော ကြေကွဲဘွယ် ဇာတ်လမ်း တဝက်တပြက်မျိုးကိုပင် ဘိုးဘိုး တစွန်းတစမြင်တွေ့ကြားသိ ခဲ့ရဘူးသည်။

သူတို့တတွေ ဆိုနေတီးနေကြလျှင်ဘိုးဘိုးက ကိုယ်ရသည့် သီချင်းမျိုးဆိုလျှင် ခပ်တိုးတိုးလိုက်ဆို ညည်းနေတတ်သည်။ "ဝတ်လုံကြီးက တပုဒ်ဆိုပါအုံး" ဟု ပွဲတောင်း လာလျှင် တော့ သူတို့လိုပညာသည်တွေရှေ့မှာ တယောက်ထီးတည်း သီးသီးသန့်သန့်ဆိုပြရမှာ မဝံ့မရဲ ဖြစ်ရသည်မို့ "ကျွန်တော် က ဝါသနာတာ အလွန်ကြီးတာ ဘယ်သီချင်းမှ အစက အဆုံး တပုဒ်လုံးလုံး မရပါဘူး"....ဟု တမျိုး ပြောရ သည်။

အဲဒီတုန်းက ကိုဘညွန့်အိမ်မှာ သူတို့က သီချင်းရေး၊ သီချင်းတိုက်၊ဆိုကြ၊ တီးကြနဲ့၊ ကိုယ်ကတော့အနားကထိုင် ပြီး ငေးမောကျေနပ်ခဲ့ရတာ ပျော်စရာတော့ အကောင်း



သား၊ ခုပြန် တွေးလိုက်လျှင် နှစ်ပေါင်း ၄၀– ကျော်ခဲ့ပြီ၊ ဘယ်လောက်မှကြာတယ် မထင်လိုက်ရ၊ တကယ်တော့လဲ မမြရင်တို့၊ နန်းတော်ရှေ့တိုက္ကွယ်လွန်ခဲ့တာတောင် အတော် ကြာခဲ့ပြီပဲလေ၊ ကိုဘညွန့်ကတော့ ရန်ကုန်မှာ ရှိနေတယ် ဆိုတာပဲ ကြားရတယ်၊ ဘာလုပ် ဘာကိုင်နေမှန်း မသိရ၊ မြန်မာ့အသံ ခေတ်ဟောင်း ဓာတ်ပြားခန်းမှာ တခါတခါ သူ့ ကာလပေါ် ဓာတ်ပြားသီချင်း နှစ်ပုဒ်ရယ်၊ သီချင်းကြီး ဓာတ်ပြားခန်းမှာ သူ့အသံနဲ့ သီချင်း ၂–ပုဒ်၊ ၃–ပုဒ် ('သာရကာကျေး'ပတ်ပျိုး၊ 'ရွှေရင်ဘောင် ငွေရင်ဘောင်' ပတ်ပျိုးနဲ့ 'စုံသာမှိုင်လယ်' သီချင်းခန့်ကြီးထင်ရဲ့) ကြားရ တာကလွဲပြီး သူ့အကြောင်းဘာမှ မသိရ။ လူချင်းမတွေ့ကြ ရတော့သည်မှာ ကြာလှပြီ။ တခါလောက် တွေ့ဆုံကာ ရှေးဟောင်းနှောင်းဖြစ်တွေ ပြောချင်လှတယ်လေ၊ အိမ်မှာရှိ တဲ့၊ တီးသူမရှိတဲ့ စန္ဒရားခုံမှာ ထိုင်စေပြီး 'ပတ္တမြားဆောင်ဝါ ကံ့ကော်ဦးမှာလ ဆုတူးကို ပန်ရှယ်'ခိုင်းချင် သေးတယ် ကိုဘညွန့်ရေ....။

ချစ်ခင် ရင်းနှီးသော လုပ်ဖော် ကိုင်ဘက် အပေါင်း အသင်း မိတ်ဆွေတွေထဲက ဆာပေါ်ထွန်း၊ ဒီးဒုတ်ဦးဘချို၊ ဦးရာဇတ်၊ မြို့မ ဦးဘလွင်၊ သမ္မတ ဒေါက်တာ ဘဦး၊ ဒေါက်တာဘဟန်၊ မြို့တော်ဝန်ဟောင်းဦးဘစိုး၊ ဒေါက်တာ ဘသန်း၊ ကာနယ် မင်းစိန်၊ ဒေါက်တာ ဒေါ်ရင်မေ၊ ဒေါ်ခင်ခင်ကြီး စသူ တို့မှာ တဖြည်းဖြည်း ကွယ်လွန် ပျောက်ဆုံးနှင့် ကြပြီ။

www.burmeseclassic.com

www.burmeseclassic.com



ရင်းနှီးသော မိတ်ဆွေဆိုး၍ ဦးလှိုင်ဘွား၊ ပုစွန်တောင် ဦးကျင်သိန်း၊ ဦးဇမ်ဟုတ်၊ ပဲခူးဦးထွန်းမြင့်၊ ပါမောက္ခ ဟောင်း ဦးအောင်လှ၊ ဦးလှထွန်းဖြူ၊ ဒေါ်မေမေခင် စသူတို့ လောက်သာ ကျန်ရှိ တော့သည်။ (ဒေါ်မြစိန် ကတော့ သမီးရှိရာ အမေရိကန်သို့ လိုက်သွား သည်ဟု ကြားသိရသည်။) သူတို့နှင့်လည်း တနှစ်ကြာလို့မှ လူချင်း တကြိမ်လောက် တွေ့ဆုံစကားပြောဆိုဖို့ အခွင့်အရေး မရ နိုင်ကြ။ မမာမကျန်း သတင်းကြားရမှ တယ်လီဖုန်း နှင့် စကားပြော သတင်းမေးဖြစ်တော့သည်။

အင်း....အသက်အရွယ်တွေကလဲ ကြီးလာ ကြပြီကိုး။ သေလွန်နှင့် သူတို့လဲ တဖြုတ်ဖြုတ်နဲ့ ပျောက်ဆုံး သွား ကြပြီ။ ကျန်ရစ်သူတွေ မှာလဲ တယောက်တမျိုးစီ၊ ဒုက္ခ ဝေဒနာ တမျိုးမျိုးစီ ခံစားနေကြရတာပဲလေ။ မေမေခင် တောင် ချော်လဲပြီး တင်ပဆုံရိုးကျိုးလို့ အရိုး အထူးကု ဆေးရုံမှာ ခွဲစိတ်ကုသရတယ်လို့ တလောက သတင်းကြားရ သေးတယ်။ အိုနာ သေခြင်း ဆိုတဲ့ ဘေးကြီး ကတော့ အနေးနဲ့အမြန် ဘယ်သူမှပြေးမလွတ်နိုင်ဘူးလေ....။

တရားနှင့် တွေးရသော်လည်း အားငယ် စိတ် ကလေး ဖြစ်ပေါ်လာမိ သည်မှာတော့ မျက်စိ နှစ်ကွင်း အလင်းမရသည့် အချိန်ကပဲ စတင်ခဲ့သည် ဆိုပါတော့။

အသက်အရွယ် ကြီးရင့် အိုမင်းလာခဲ့ပြီး မျက်စိ လုံးဝ မမြင်တော့ပြီမို့ မိမိမှာ ဘာတခုမျှ အသုံးမကျ အရာမဝင်



တော့သည့်၊ ဘယ်သူကမှ အလိုမရှိနိုင်တော့သော အဖိုးအို [illegible]တ်တွကြီး ဖြစ်လေပြီဟု အားငယ်မိသည်။ ခြေပါ ကျိုးရ ပြီးတော့ ပို၍ စိတ်ဓာတ် ကျဆင်းသွားခဲ့သည်။ ဘယ်သူမှ ထမ်းရွက်၊ မသယ်ပိုးချင်တော့သည့် ဝန်ပိုး ဝန်ထုပ်ကြီး ပါတကားဟုလည်း တွေးတောမိသည်။

ဇနီးဖြစ်သူကပါ မိမိအပေါ်မှာ ယခင်ကလို ချစ်ခင် ကြင်နာစိတ် ထားရှိနိုင်ပါ သေးသလား၊ မေတ္တာတရား မျက်ပြယ် လျော့ပါးလေပြီလား၊ ယုံကြည် အားကိုးစိတ် ကင်းလေပြီလားဟု တောင်တောင်အီအီ ဘိုးဘိုးတခါတခါ တွေးတော်ကြည့်ဘူးသည်။ ကိုယ့်တွေးတော ထင်မြင်ချက် မှန်ကန် သေချာသလား ဆိုတာကိုလည်း ကိုယ့်ဟာကိုယ် အတိအကျတော့ မသိရနိုင်သေးပါ။

ရင်ထဲမှာ တအုံနွေးနွေး ခံစားနေရသည်ကို ပွင့်လင်း သွားအောင် ဇနီးသည်ကို ဖွင့်ဟ မေးမြန်းလိုစိတ်တော့ ဖြစ်ပေါ်လာမိပါ၏။ အမှန်တကယ် ဖွင့်မေးရမည် ဆိုပြန် တော့လည်း ရှက်သလိုလို ရှုံ့သလိုလိုဖြစ်မိပြန်သည်။ မမေး သင့်ပါဘူးဟုလည်း တဘက်က တွေးဆကြည့်ပြန်သည်။

"ဒီအသက်အရွယ်ကြီးက ကလေး ကလား ခလေး စကားပြောရသလား"ဟု အထင်သေးအမြင်သေး ခံရမှာ စိုး၍မိသည်။

"ဒီအဘိုးကြီး သူငယ်ပြန်ချင်ပြီထင်တယ်"ဟု အစွပ်စွဲ ခံရမှာကိုလည်း ကြောက်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



တော်တော်နှင့်တော့ သူငယ်ပြန်နိုင်မှာ မဟုတ်ဖူးဟု မိမိကိုယ်မိမိ ကောင်းစွာ ယုံကြည် သေချာစိတ်ရှိ၏။ ဉာဏ်ပညာ ထက်မြက်ထူးချွန်ပြီး စိတ်ဓာတ်မူမှန်ကာ ရင့်သန်သော အတွေးအခေါ် အမြော်အမြင် အဆင်အခြင်ရှိသော သူတဦးသည် ဘယ်အသက် ဘယ်အရွယ်ရောက်ရောက်သူငယ်ပြန်နိုင်စရာ အကြောင်းမရှိဆိုသော စိတ်ပညာဆရာများ၏ အဆိုအမိန့်များကိုလည်း စာအုပ်များတွင် ဘိုးဘိုး ဖတ်ဖူးခဲ့သည်။

ဘိုးဘိုးသည် ယခုလို အသက်၈၅–နှစ်ထဲ ဝင်လာခဲ့သည့်တိုင် သတိတရား မေ့လျော့ ချွတ်ယွင်းသည်ဟူ၍ လုံးဝမရှိခဲ့။

ဝိန်ပေါလ် ရှစ်တန်းကျောင်းသား ဘဝက သင်ကြားခဲ့ရသည့် အင်္ဂလိပ် ဘာသာ ဖတ်စာ အုပ်များ ထဲက 'ချားလ်ကင်စလီ' ရေးသော 'သူရဲကောင်းများ' (Heroes) စာအုပ်မှ အချို့အခန်းများကို ယနေ့တိုင် အလွတ်ရွတ်ဆိုပြနိုင်သေးသည်။

မြန်မာ့အသံ သီချင်းကြီး အစီအစဉ်မှ မန္တလေးမြို့ဘဲ့ 'အောင်မင်္ဂလာ' ယိုးဒယား၊ 'ယမုန်နာ' ရေလားပတ်ပျိုး၊ ယိုးဒယားဖိန်းချားကြီး၊ ဖိန်းချားလေး၊ အီနောင်ဇာတ်ထွက် 'ဖြူပြာမှုယာ' သီချင်းများ လွင့်ထုတ်လျှင် အသံစဉ်မှန်ကန်အောင် ဘိုးဘိုး လိုက်ဆို နိုင်သေးသည်။ အိမ်ကတယ်လီဖုန်းနံပတ် ၃၁၈၉၈–ဆိုတာ ဘယ်သူက မေးမေး



အချိန်မရွေး မှန်ကန်စွာ ပြောပြနိုင်သည်။ အိမ်က ကားနံပတ်တွေကိုရော မေးဦးမည်လား၊ ဘိုးဘိုးက တခွန်းတည်းနှင့် မှန်ကန်အောင် ပြောပြနိုင်သေးသည်။

ဘာမှလည်း လုပ်စရာမရှိသည်နှင့် တနေ့တနေ့ ရေဒီယိုလေးဖွင့်ကာ ကမ္ဘာအရပ်ရပ်မှ သတင်းမျိုးစုံကို ဖမ်းယူနားထောင်ရသောကြောင့် သတင်းစာ နေ့စဉ်ဖတ်သူများထက်ပင် ဘိုးဘိုးက သတင်းဗဟုသုတ ကြွယ်ဝသေးသည်။ လူငယ် စကားဝိုင်းမှာရော၊ လူလတ် စကားဝိုင်းမှာရော၊ လူကြီးစကားဝိုင်းမှာရော ဘိုးဘိုး စကားပြောဆိုဆွေးနွေးနိုင်အောင် ခေတ်မီ ဝင်ဆန့်ပါသေးသည်။

သို့သော်လည်း စောစောကတွေးမိသလို အားငယ်စိတ်ကလေး ဆိုတာကတော့ ခေါင်းထဲမှာ အမြဲတစေ ဝင်ဝင်နေတတ်သည်လေ။

သည်လို အားငယ်စိတ်ဝင်မိတော့ မိမိနှင့် ပတ်သက်ပြီး အဆင်မပြေစရာ သာမညအကြောင်းကိစ္စလေးတခုပေါ်လာလျှင်ပဲ ထူးထူးကဲကဲ အမှတ်သညာထားတတ်လာမိ၏။

'ငါဟာ ဘယ်နေရာမှာမှ အသုံးမဝင်တော့တဲ့ အဘိုးအိုကြီးမို့ ဘယ်သူကမှ ဂရုတစိုက် မရှိချင်တော့ဘူး' ဟု စိတ်ထဲက အလိုလို တွေးထင်လာတတ်၏။

'အော်....ဘာပဲလုပ်လုပ်၊ တပါးသူ့ရဲ့အကူအညီ အမှန်ရှိမှပဲ လုပ်နိုင် ကိုင်နိုင်တော့တဲ့ ဘဝကြီးပါကလား....' ဟု ကိုယ့်ကိုယ်ကိုယ် ဝမ်းနည်းအားငယ်မိပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မနေ့ညကလည်း (အမှန်တော့ အမြဲထာဝရ အမှောင်ထုကြီးထဲမှာ နေနေရသော ဘိုးဘိုးအဖို့ နေ့ည ဟူသည် ခွဲခြားမှု မရှိတော့ပြီ။ အိပ်လိုက်သည့်အချိန်သည် ညဥ့်ဖြစ်၍ နိုးလာသည့်အချိန်သည် နေ့ပဲဖြစ်ရတော့သည်။) တော်တော်နှင့် အိပ်မပျော်နိုင်ပဲ စိတ်က ဟိုရောက်လိုက် သည်ရောက်လိုက်နှင့် အားငယ်စရာ အကြောင်းတွေကိုပဲ တဝဲလည်လည် တွေးနေခဲ့သည်။

အသက် ၇၄–နှစ် ပြည့်ခဲ့ပြီဆိုတော့ ၇၅–နှစ်ထဲ ဝင်ပြန်တော့မည်။ သက်တမ်း တနှစ် တိုး၍ ကြီးပြန်တော့မည်။ တနှစ်ပို၍ အိုရပြန်တော့မည်။ ထို့အတူ ပို၍ပို၍ အသုံးမဝင်သည့် ဒုက္ခိတ လူအိုကြီး ဖြစ်ရပြန်ဦးမည်။

တခါတခါတော့လည်း သည်စိတ်ကို ကြိုးစား ဖျောက်ဖျက်ရသည်။

ဒီလိုအတွေးစိတ်ကူးဟာ ငါ့ဦးနှောက်ထဲဘယ်ကဘယ်လို အစပြုပြီး ဝင်ရောက်လာပါလိမ့်နော်။ အိမ်ကလူတွေကလဲ ငါ့စိတ်ကြိုက်၊ ငါ့အလိုအတိုင်း လုပ်ကိုင်ပေးကြသားပဲ၊ မဖွားသစ်ကလဲ ငါ့အလိုကိုအမြဲလိုက်နေတာပဲမဟုတ်လား။ ငါဟာ တနေ့တနေ့ ဘာမှ လုပ်စရာ ကိုင်စရာ မရှိတော့ အလကားနေယင်း ဟိုလျှောက်တွေး သည်လျှောက်တွေးနဲ့ အတွေးလွန်နေသလား။ ငါဟာ အသက်လဲကြီးလာ၊ ပင်စင်ငွေလဲ မရှိတဲ့လူ၊ မျက်စိကလဲမမြင်၊ ခြေကလဲကျိုးနေတော့ ကိုယ့်ကိုယ်ကိုယ် သနားစိတ်၊ ဝမ်းနည်းအားငယ်စိတ် အမြဲဝင်နေတာမို့ ကိုယ့်စိတ်နဲ့ သဘောမတွေ့၊ မတိုက်ဆိုင်တဲ့



အမှုကိစ္စလေးတခုကိုပဲ ပုံကြီးချဲ့နေတတ်သလား၊ ငါထင်သလိုလဲ ဟုတ်ချင်မှ ဟုတ်နိုင်မယ်။ မဖွားသစ်ဟာ ရာစုတဝက်ကျော်မျှ ငါနဲ့အတူ ဒုက္ခသုက္ခဟူသမျှကို ခွဲဝေ ခံယူလာခဲ့ကြတဲ့ ပုဆိုးတန်းတင် အကြင်လင်မယား မဟုတ်ပါလား....။

သည်လို တွေးကြည့်ပြန်တော့ စိတ် ကျေနပ်ချမ်းသာမှု အတန်ရပြန်၏။ သို့ပါသော်လည်း မိမိ၏ ဒုက္ခိတ ဘဝဆိုးကြီးကို တသီတတန်းကြီးတွေးမိတိုင်း သည်စိတ်မျိုးကလေး ဝင်ဝင်လာရသည်။ အထူးသဖြင့် သည်နှစ်ထဲမှာမှ သည်စိတ်ဓာတ်မျိုးက တိုး၍ ကြီးထွား ရှင်သန်လာခဲ့သည်ကို ဘိုးဘိုး သတိချပ်မိသည်။

"ဘိုးဘိုး.... နိုးလာပြီလား၊ မျက်နှာသစ်ဖို့ ရေပူနဲ့ ရေအေး စပ်ယူခဲ့ပြီ ဘိုးဘိုး"

ဘိုးဘိုး၏ အတွေးရှည်ကြီးကို အိမ်ဖော်မလေး ဘူလုံး၏ အသံက ဖြတ်တောက်ပစ်လိုက်တော့သည်။

ဘိုးဘိုးက ချောင်းတချက်ဟန့်လိုက်ပြီး "အေး....အေး ရေချိုးခန်းထဲထားခဲ့တော့...." ဟု ပြန်ပြောလိုက်သည်။

ဘူလုံး၏အသံကိုကြားလိုက်ရတော့ နံနက် ၆–နာရီခွဲပြီဆိုတာ ဘိုးဘိုး သိလိုက်ရသည်။

ငါနိုးနေတာ တနာရီခွဲကျော်ကျော်တောင် ရှိသွားပြီ။ နှစ်ပေါင်း ၇၀–ကျော် ကာလအတွင်း ဖြစ်ပျက်ခဲ့ရတဲ့ အဖြစ်တွေကို တနာရီအတွင်း တွေးတောလို့ ရနိုင်အောင် သည်စိတ်ရဲ့ စွမ်းအင်ဆိုတာက သိပ်ထက် သိပ်မြန်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



ဒါ့ကြောင့်ပဲ တို့ဘုရားရှင်ကိုယ်တော်မြတ်ကြီးက စိတ်ကို အဓိကထား ဟောကြားခဲ့တာပဲ....။

ဘိုးဘိုးက လှဲနေရာမှ ထလိုက်ကာ အိပ်ရာပေါ်တွင် ထိုင်လိုက်သည်။ ရေချိုးခန်းသို့ ဖြတ်သွားသည့် ဘူလုံး၏ ခြေသံတရှပ်ရှပ်၊ တံခါးဖွင့်သံ၊ ရေနွေးပုံး ချထားသံ၊ ရေချိုးခန်းမှ ပြန်ထွက်လာသည့် ခြေသံများကို ကြားရိုး ကြားစဉ်အတိုင်း ကြားရပြီးနောက် ခြေသံ ဝေးပျောက် သွားသည်။

ဘိုးဘိုးက ခုတင်ခေါင်းရင်းဘက် နံရံတွင် ထောင်ထား သည့် တုတ်နှစ်ချောင်းကို စမ်းယူလိုက်ကာ မတ်တတ် ရပ်လိုက်ပြီး ရေချိုးခန်းဆီသို့ ဖြည်းညှင်းစွာ လျှောက် သွားလေသည်။

၂။

ဘိုးဘိုး မျက်နှာသစ်နေချိန်မှာတော့ ဘွားဘွားက သူမ၏ သီးခြားအိပ်ခန်းရှိ ခုတင်ထက် ဝယ် လဲလျောင်း ယင်း တော်စိပ်ပုတီးကို အဓိဋ္ဌာန်နှင့်အညီ စိတ်ပြီးခဲ့လေပြီ။

ဟိုယခင်အချိန်များကဆိုလျှင်တော့ဘွားဘွားသည်နံနက် ၅-နာရီ ထိုးကတည်းက အိပ်ရာမှ ထကာ ဘုရားစင်မှာ ရေချမ်းလဲလှယ်၊ ကော်ဖီကပ်၊ ကြာရှည်စွာ ဘုရားရှိခိုး၊ ဆုတောင်းမေတ္တာပို့ပြီး ကော်ဖီစားပွဲအတွက် နံနက်စာကို ပြင်ဆင်ယင်း နံနက်ဦး အချိန်ကာလများကို ကုန်လွန်စေခဲ့ သည်ပင်။

www.burmeseclassic.com

www.burmeseclassic.com



ယခုတော့ ရေချမ်းလည်း မလဲနိုင်တော့ပဲ အိပ်ရာထက်ကသာ အိမ်ဖော်မလေးတွေကို စီမံအမိန့်ပေးနိုင်တော့သည့်ဘဝသို့ ရောက်ခဲ့ရသည်မှာ လေးနှစ်ကျော်ခဲ့ပြီ။ ကိုယ်တိုင်ကိုယ်ကျ ဘာတခုမှ မလုပ်ကိုင် မဆောင်ရွက်နိုင်တော့။

လာမည့် ဝါဆိုလကွယ်နေ့ရောက်လျှင် ဘွားဘွားအသက် ၇၀–တင်းတင်းပြည့်တော့မည်။

အသက် ၇၀–ဆိုသည်မှာ အိုမင်း ကြီးရင့်လှပြီလေ။ လွန်ခဲ့သည့် သုံးလေးနှစ်လောက်ကပဲ အကျောရောဂါလိုလိုခြေထောက် ထုံကျဉ်ကိုက်ခဲလာရာ လူတွဲရှိမှပဲလမ်းလျှောက်ရဲတော့သည်။ တိုက်အပေါ်ထပ်သို့ လုံးဝ မတက်ဖြစ်တော့သည်မှာလည်း ကြာလေပြီ။

တနေ့တနေ့ ကော်ဖီသောက်ချိန်၊ ထမင်းစားချိန်များမှလွဲပြီး ကျန်အချိန်ဟူသမျှ အိပ်ရာထက်ဝယ်လဲလျောင်းယင်းသာ ကုန်လွန်စေခဲ့ရသည်။ ဘွားဘွား ဝါသနာပါလှသည့် ချက်ပြုတ်ရေးကိစ္စများအတွက် မီးဖိုချောင်ထဲသို့ ဝင်ရောက်မစီမံနိုင်တော့သည်မှာလည်း ကြာခဲ့ပြီ။ ကရင် ညီအစ်မခင်မြင့်၊ ဘုလုံးတို့နှင့်သာ ပစ်ထားလိုက်ရတော့သည်။ ဆန်အိတ်ကို ကြွက်ဖောက်နေသလား၊ ဆီပုံးပွင့်နေ၍ ပိုးဟပ်တွေပဲ ကျသေနေသလား၊ ဆားအိုးကိုမဖုံးမိ၍ အရည်ပျော်နေမလားဆိုတာတွေကို သွားရောက်၍ မကြည့်ရှု၊ မပိတ်ဆို့၊ မဖုံးဖိနိုင်တော့ပြီ။ အိပ်ရာထဲမှာ လဲလျောင်းနေယင်းသာ တွေးတောပူပန်စိတ် ဖြစ်နေရတော့သည်။



တကယ်တော့ ဘွားဘွားသည် မီးဖိုချောင်တာဝန် စီမံထမ်းဆောင်ရာ၌လည်းကောင်း၊ အိမ်ထောင်ကို ထိန်းသိမ်းရာ၌ လည်းကောင်း ကျော်ကြားသူ အိမ်ရှင်မ ကောင်းတဦး ဖြစ်ခဲ့သည်။

များသောအားဖြင့် ယောက္ခမဟူသည် ချွေးမလုပ်သူ၏ကောင်းသတင်း ဂုဏ်ပုဒ်ကို ဖော်ထုတ်ရိုးထုံးစံ မရှိတတ်သော်လည်း ဘိုးဘိုး၏မိခင်သည် ဘွားဘွား၏ ဂုဏ်သတင်းကိုတော့ လူတကာရှေ့မှာ ကြွေးကြော်ခဲ့ရသည်။

“မဖွားသစ်လို မိန်းမမျိုးနဲ့ ရလို့သာ မောင်ဘမှိုတို့ခုလိုအခြေအနေမျိုးနဲ့နေရတာ၊ ယောကျ်ားလုပ်သူက ဘယ်လောက် ငွေရှာပေးပေး၊ ဘော်ကျော့နေတတ်တဲ့ မိန်းမမျိုးနဲ့သာဆိုယင် ပစ္စည်းဥစ္စာတင်မှာ မဟုတ်ဘူး၊ မောင်ဘမှိုကလဲ အမြဲတမ်းပျော်ပျော်အေးအေးပဲနေတတ်တာ....”ဟု မကြာခဏပြောပြတတ်သည်။

ဟုတ်တော့လည်း ဟုတ်သည်။ ဘိုးဘိုးက အမြဲတမ်းအပေါင်းအသင်းများနှင့် ပျော်ပျော်ပါးပါးနေတတ်သည်။

ဘိလပ်ပြန် ဝတ်လုံတော်ရကြီးဆိုပြန်တော့ အလုပ်အကိုင်အမှုကိစ္စနှင့် ပတ်သက်၍သော်လည်းကောင်း၊ လူမှုရေးအရသော်လည်းကောင်း၊ အပေါင်းအသင်း အဆက်အဆံများရသည်။ ရုံးဆင်းသော်လည်း အိမ်သို့ပြန်မရောက်နိုင်သေးပဲကလပ်များ၊ အသင်းတိုက်များမှာ အချိန် ကုန်ရတတ်၏။ ဘယ်အသင်း၏ အမှုဆောင်လူကြီး၊ ဘယ်အဖွဲ့၏ နာယကကြီးအဖြစ် ပျော်ပွဲ ရှင်ပွဲ ညစာစားပွဲတွေ တက်ရောက်ရ

www.burmeseclassic.com

www.burmeseclassic.com



သည့်မှာလည်း မကြာခဏပင်။ ထို့ကြောင့်ညဥ့်နက်မှအိမ်သို့ ပြန်ရောက်ရသည့်ရက်တွေက များလှတော့သည်။

ဘိုးဘိုးက အတောင် ၂၀-ဆက် မင်းယောကျ်ားပီသစွာ အရက်လည်းသောက်တတ်သည်။ ဘိုးဘိုးသောက်တတ်သည့် စကော့တလန်ပြည်ဖြစ် ဝီစကီအရက်မျိုးကို အိမ်မှာသေတ္တာ လိုက်ဝယ်ထားရသည်။

မြင်းလောင်းသည်။ (မြင်းလောင်းသည့်အတတ်ကတော့ ဘိလပ်မှာနေစဉ်က ရလာခဲ့ခြင်းပဲဖြစ်၏။ ဘိလပ်မှာကတော့ ရန်ကုန်မှာလို စနေ၊ တနင်္ဂနွေကျောင်းပိတ်၊ ရုံးပိတ်ရက် များမှာသာ မြင်းပွဲ ဖွင့်သည်မဟုတ်။ လန်ဒန်နှင့် အနီး ပတ်ဝန်းကျင် ဆင်ခြေဖုံး ဒေသများတွင် နေ့စဉ်နေ့တိုင်း မြင်းပွဲများရှိသည်။ ဘိလပ်မှာ နေစဉ်တနေ့မှာ ပေါင် ၁၂၀-ကျော်ကျော် ဘိုးဘိုး မြင်းနိုင်ဘူးသည်။ ထိုခေတ်က ပေါင် ၁၂၀-ကျော် ငွေဆိုသည်မှာ နည်းလှသည်မဟုတ်။ ထိုငွေနှင့် မှတ်မှတ်ရရ ပြင်သစ်နိုင်ငံပါရီမြို့သို့ ဘိုးဘိုး သွား ရောက်လည်ပတ်ခဲ့သည်။)

ဖဲရိုက်လည်းဝါသနာပါလှသည်။ စီးကရက်ကိုအမြဲမပြတ် သောက်တတ်သည်။ ထိုအချိန်က နာမည်ကြီးလှသော အလိပ် ၂၀-ဝင် ဗူးတဗူးကို ငါးကျပ်တမူး ပေးရသည့် 'အီဂျစ်ရှင်း ကရောင်း ပရင့်' ('Egyptian - Crown Prince') စီးကရက်ကို ဒါဇင်လိုက်ဝယ်ထားရသည်။



အနေအထိုင်၊ အစားအသောက်၊ အဝတ်အစားက အစ ဘိုးဘိုးက အဆင့်အတန်းမြင့်မြင့်၊ စတိုင်ကျကျ၊ ခေတ်မှီမှီမှ ဖြစ်သည်။ အနောက်တိုင်းဝတ်စုံနှင့်ပဲ ရုံးတက်လေ့ရှိရာ ဒိနပ်များဆိုလျှင် ဦးထိပ်မှာ အရိပ် ထင်လောက်အောင် ပြောင်လက်နေမှ ကျေနပ်သည်။

ဘိုးဘိုးတို့ရုံးခန်းမှာ စာရေး လေးယောက်တောင်ခန့် ထားသည်။ မင်းစေတယောက်ပင် ထားလိုက် သေး၏။ အကျေးအမွေး အခေပးအကမ်းလည်း ရက်ရောလှသည်။ ဘိုးဘိုး၏ ရုံးခန်းသို့ ရောက်လာသမျှသော အလှူခံကို လက်ချည်းပြန်ရသည်ဟူ၍ မရှိစေရ။

နိုင်ငံရေးတခေတ်က ဝန်ကြီး၊ ဝန်ငယ် ဖြစ်ခဲ့သူတို့သည် ဘိုးဘိုးနှင့် မသိကျွမ်း မရင်းနှီးသူ၊ တချိန်က(သခင်ဘဝက) ဘိုးဘိုး၏ အထောက်အပံ့၊ အမ အစနှင့် လွတ်ကင်းသူ မရှိ သလောက်ပင်ဖြစ်သည်။ ဘားလမ်းရှိ ဘိုးဘိုး၏ရုံးခန်းသည် သခင်တသိုက်တို့ ကွန်းခိုနားနေရာ ရိပ်သာငယ်လေးသဖွယ် ဖြစ်ခဲ့ရသည်။

စစ်ကာလအတွင်း ဘိုးဘိုးတို့ အိန္ဒိယနိုင်ငံ ဒေလီမြို့သစ် မှာ နေထိုင်စဉ်က သခင်သိန်းဖေ ( သိန်းဖေမြင့် ) ဆိုသူကို ဘိုးဘိုး အကူအညီတခုပေးခဲ့ဘူးသည်။

ထိုစဉ်က ဘိုးဘိုးတို့မှာ ဒေလီမြို့သစ် ပစ်သရပ်(ချ) ( Prithuiraj ) လမ်း အိမ်အမှတ် ၄၅-ရှိ တရုတ်ဗိုလ်မှူး လျူး၏အိမ်တွင် ခေတ္တတည်းခိုနေစဉ်က ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မှူးလျှူးမှာ ဗိုလ်ချုပ်ကြီး ပီ၊အက်စ်၊ဝမ်း၏ အိန္ဒိယပြည်ဆိုင်ရာ ကိုယ်စားလှယ်ဖြစ်သည်။ ဒေလီရှိကော်မစ်ရှင်နာရုံး (ထိုစဉ်က အိန္ဒိယပြည်တွင် တရုတ်သံရုံးမထားရှိသေး။) မှာ အခန်းတခန်းနှင့် သီးသန့်ရုံးတက်ရသည်။ သူ၏အလုပ်တာဝန်မှာ အိန္ဒိယနိုင်ငံ၏ နိုင်ငံရေးအခြေအနေ၊ စစ်ရေးအနေအထားများကို စုံစမ်းထောက်လှမ်းပြီး ပီ၊အက်စ်၊ဝမ်းထံ သတင်းပေးပို့ရသည့် အလုပ်ဖြစ်၏။

တနေ့တွင် မစ္စတာဂန်ဂါဆင် (၁၉၃၉–ခုနှစ်၊ တရုတ်ပြည်သို့ မြန်မာနိုင်ငံမှ ဘိုးဘိုးတို့နှင့် အတူ ချစ်ကြည်ရေးသွားခဲ့သည့် အဖွဲ့ဝင်တဦး) မှာ ဒေလီ မြို့ဟောင်းရှိ 'ပန်ဂျပ်ဟိုတယ်'တွင် ရောက်ရှိတည်းခိုနေကြောင်း သတင်းကြားရ၍ ဘိုးဘိုးက သားဖြစ်သူအား ထို ပန်ဂျပ်ဟိုတယ်သို့ သွားရောက်ကာ ဂန်ဂါဆင်ကို အရှာခိုင်းလိုက်သည်။

သားဖြစ်သူက သွားရောက်ရှာဖွေရာ ပန်ဂျပ် ဟိုတယ် ဧည့်သည်စာရင်းစာအုပ်တွင်မစ္စတာဂန်ဂါဆင်အမည်ကိုတွေ့ရသော်လည်း အပြင်သို့ထွက်နေခိုက်မို့ လူကိုမတွေ့ရချေ။

ဧည့်စာရင်းစာအုပ်တွင် မြန်မာလူမျိုးနှစ်ဦး၏ အမည်ကိုလည်း တွေ့ရသည်။

မြန်မာ အမည်များကို တွေ့ရတော့ ကိုယ့်မြန်မာ လူမျိုးများနှင့် တွေ့ဆုံ စကားပြောလိုသောကြောင့် ဟိုတယ်မြေညီထပ်ရှိ သူတို့အခန်းတွင်းသို့ ဝင်ခွင့်တောင်းကာ ထိုမြန်မာနှစ်ဦးနှင့် တွေ့ဆုံသည်။ တဦးမှာ သခင်သိန်းဖေဆိုသူ



ဖြစ်ပြီး ကျန်တဦးမှာသူ၏ အဖော် သခင်တဦးဖြစ်ကြောင်း ပြောပြသည်။

သခင် သိန်းဖေက သူနှင့် သူ၏ အဖော် မိတ်ဆွေမှာ ဖက်ဆစ်ဆန့်ကျင်ရေး၊ ဂျပန်ဆန့်ကျင်ရေး လုပ်ငန်းများကို ပြည်ပ မဟာမိတ်များ၏ အကူအညီနှင့် စည်းရုံး ပြုလုပ်ရန် ရည်ရွယ်ချက်နှင့် ရခိုင်ပြည်ဘက်မှ လှည့်၍ အိန္ဒိယ နိုင်ငံသို့ ထွက်လာခဲ့ကြောင်း၊ လက်ဦးက သခင်စိုး ဆိုသူပါ အိန္ဒိယပြည်သို့လိုက်ရန် အစီအစဉ် ရှိခဲ့သော်လည်း သခင်စိုးမှာ မြန်မာပြည်တွင်းမှာ နေပြီး ဖက်ဆစ် ဂျပန် ဆန့်ကျင်ရေး လုပ်ငန်းများကို ဦးဆောင်ပြုလုပ်ရမည် ဖြစ်သောကြောင့် ကျန်ရစ် ခဲ့ကြောင်း၊ အိန္ဒိယသို့ ရောက်လာသော အခါ မဟာမိတ် ဗြိတိသျှတို့က သူတို့နှစ်ဦးကို မယုံကြည်ပဲ ဖမ်းဆီးကာ အကျယ်ချုပ် ထားကြောင်း၊ ဘယ်ကိုပဲ သွားသွား စုံလိပ်အရာရှိတဦး အမြဲလိုက်ပါစောင့်ကြပ်လျက်ရှိကြောင်း၊ ထို့ကြောင့် အဓိကရည်ရွယ်ချက်ဖြစ်သည့် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများကို ဘာတခုမှ ထိထိ ရောက်ရောက် လုပ်ကိုင်နိုင်ကြောင်းများကို ပြောပြသည်။

တယောက်အကြောင်း တယောက် မေးမြန်း ပြောဆိုကြရာက ၁၉၃၉–ခုနှစ်က တရုတ်ပြည်သို့ ချစ်ကြည်ရေးသွားခဲ့သည့် မြန်မာအဖွဲ့ဝင်တဦး၏ သား၊ 'ဖက်ဆစ် ကျူးကျော်သူ ဆန့်ကျင်ရေး အသင်း (မြန်မာနိုင်ငံ)' ၏ အတွင်းရေးမှူးဖြစ်သူ၏ သားမှန်း သိသွားသော အခါ သခင်

www.burmeseclassic.com

www.burmeseclassic.com



သိန်းဖေက "ဟာ–ဒါဖြင့် အတော်ပဲဗျို၊ ခင်ဗျားရဲ့ အဖေကို ပဲ ကျွန်တော်တို့ တွေ့ချင်နေတာ...." ဟု ပြောသည်။

ထို့ကြောင့် သားဖြစ်သူက ဒေလီမြို့သစ်ရှိ ဘိုးဘိုးတို့ တည်းခိုနေထိုင်သည့် အိမ်လိပ်စာကို ပေးခဲ့သည်။

ထိုနေ့ညနေမှာပင် သခင်သိန်းဖေမှာ ဘိုးဘိုးတို့အိမ်သို့ တိတ်တဆိတ် ရောက်လာသည်။

အကျိုးအကြောင်း စုံစုံလင်လင်ပြောပြပြီး အိန္ဒိယနိုင်ငံ မှာ မယ်မယ် ရရ ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်းများ မလုပ်ကိုင်နိုင်ပဲ ယခုလို အကျယ်ချုပ် နေရသည်ထက် တရုတ် ပြည်သို့ သွား ရောက်လျှင် ဖက်ဆစ်ဆန့်ကျင်ရေး လုပ်ငန်း များကို ပိုမိုထိရောက်အောင်လုပ်ကိုင် နိုင်မည်ဟု မျှော်လင့် ကြောင်း၊ တရုတ်ပြည်သို့သွားရောက်နိုင်ရန် (တရုတ်အစိုးရ က အိန္ဒိယရှိဗြိတိသျှအစိုးရထံမှ သူတို့နှစ်ဦးကို တရုတ်ပြည်သို့ ခေါ်ယူနိုင်ရန်) ဘိုးဘိုးအနေနှင့် တရုတ်ပြည် ချုံကင်း ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်းထံ မိတ်ဆက်သဘောမျိုး ထောက်ခံစာ တစောင်လောက် ရေးပို့ပေးရန် ပြောသည်။

ဘိုးဘိုးကတော့ ထူးထူး ထွေထွေ မစဉ်းစားတော့ပြီ ဖက်ဆစ်ဆန့်ကျင့်ရေး၊ ဂျပန်ဆန့်ကျင်ရေးလုပ်ငန်း ဟူသော မှာ မြန်မာနိုင်ငံနှင့် မြန်မာ တမျိုးသားလုံး ကောင်းစား ရေးတို့မှတဆင့် ဗြိတိသျှ နယ်ချဲ့ လက်အောက်မှ မြန်မာတ လုံးဝလွတ်လပ်မှုရရှိရေး၏လမ်းစ ဟုယူဆပြီးသားဖြစ်သည် သို့ဖြင့် ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်းထံ အကျိုးအကြောင်း စာရေးပို့ရန် ကတိပြုလိုက်သည်။



သို့သော် စာကို သည်အတိုင်းရေးပို့၍မဖြစ်။ စစ်ကာလ အတွင်းက ပြည်တွင်းပြည်ပသို့ ပို့သော စာရွက် စာတမ်း ဟူသမျှကို အစိုးရက ဖွင့်ဖတ်စစ်ဆေးပြီးမှပို့ပေးတတ်သည် ဖြစ်ရာ သခင်သိန်းဖေတို့အတွက် ဘိုးဘိုးရေးပို့ရမည့်စာမျိုး မှာ ဗြိတိသျှအစိုးရအား အသိပေး၍မဖြစ်သည့် လျှို့ဝှက် စာမျိုး ဖြစ်သည်။

ထို့ကြောင့် ဘိုးဘိုးက ထိုစာကို တရုတ်ကော်မစ်ရှင်နာ ရုံးမှတဆင့် ဗိုလ်မှူးလျူး၏ ထိပ်တန်းလျှို့ဝှက် စစ်သတင်း များနှင့်အတူ ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်းထံ ပို့ပေး လိုက်ရသည်။

မကြာမီမှာပင် သခင်သိန်းဖေနှင့် သူ၏အဖော်ကိုအင်္ဂလိပ် အစိုးရက တရုတ်ပြည်သို့ ထွက်ခွင့်ပြုလိုက်ကြောင်း ဗိုလ်မှူး လျူးက ပြောပြသည်။

သခင်လှဖေ (ဗိုလ်လက်ျာ) လာရောက် တောင်းခဲ့ဘူး သည့် အကူအညီကို ဘိုးဘိုး မပေးဖြစ်လိုက် သည်ကိုတော့ စိတ်မကောင်း ဖြစ်ခဲ့ရဘူးသည်။

သခင်လှဖေတို့ အိမ်သားစုနှင့် ဘိုးဘိုး ဘွားဘွားတို့မှာ တကယ့် ဆွေမျိုးရင်းချာလို ရင်းနှီးချစ်ခင်ကြသည်။ ဘိုးဘိုး ဘွားဘွားတို့ ဖျာပုံမှာ နေကြစဉ်က သခင်လှဖေတို့နှင့် အိမ်ချင်းကပ် နေခဲ့ဘူးသည်။

သခင်လှဖေ၏မိခင် ဒေါ်ကျင်မြိုင်နှင့် ညီမ အပျိုကြီး များမှာ ဘွားဘွားကို အလွန်ချစ်ခင်ကြသည်။ ဘွားဘွား အိမ်ထောင်မကျမီကဆိုလျှင်သခင်လှဖေ၏အဒေါ် အပျိုကြီး

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်မများနှင့် အတူအိပ် အတူစားနေခဲ့ဘူးသည်။ သား ဖြစ်သူကို ဘွားဘွား ဝမ်းကမွေးထုတ်လိုက်ရသည်က လွဲပြီး သည်အပျိုကြီးတွေလက်ပေါ်မှာပင် ကြီးပြင်းလာခဲ့ရသည်။

မောင်ဘသန်း(မောင်ပါ)၊ မောင်လှဖေ(ဗိုလ်လကျ်ာ)၊ မောင်လှရွှေ(အာဏာရှင်ဒေါက်တာလှရွှေ)၊ မောင်မောင် (မြလှိုင်)၊ မောင်ချစ်(ဗိုလ်ကြီးသန်းဇင်) ညီအစ်ကို တတွေ မှာလည်း ဘိုးဘိုးနှင့် ဘွားဘွားတို့ကို ဦးလေး အဒေါ်ရင်း ပမာ ချစ်ခင်ကြသည်။ ဘိုးဘိုးနှင့်ဘွားဘွားမှာ ရန်ကုန်သို့ ပြောင်းသွားပြီးသည့်တိုင် ဒေါ်ကျင်မြိုင်တို့မိသားစုအပေါ် သံယောဇဉ်မပြတ်နိုင်ကြ။ ဖျာပုံနှင့်ရန်ကုန် ဆက်ဆံကူးလူး သွားလာ နေခဲ့ကြသည်။

သခင်လှဖေမှာညီအစ်ကိုများထဲတွင် နိုင်ငံရေးစိတ်ဓာတ် အပြင်းပြဆုံး ဖြစ်သည်။ နိုင်ငံရေးကိစ္စနှင့် ပတ်သက်၍ပဲ ဖြစ်ဖြစ်၊ တခြားအကြောင်းကိစ္စနှင့် ပတ်သက်၍ပဲ ဖြစ်ဖြစ် လတ္တာလမ်းရှိ ဘိုးဘိုးတို့နေအိမ် တိုက်ခန်းသို့ လာရောက်၍ ဘိုးဘိုးနှင့် ဆွေးနွေးတိုင်ပင် အကြံဉာဏ် တောင်းခံ တတ် သည်။

သခင်လှဖေနှင့်အတူသခင်တယောက် မဟုတ်တယောက် ဘိုးဘိုးတို့အိမ်သို့ ပါလာတတ်သည်။ သခင်ထိန်ဝင်း (နိုင်ငံ ဂုဏ်ရည်ပထမ အဆင့်)နှင့် မောင်လှဘော်တို့ကတော့ သခင် လှဖေနှင့် အမြဲပါလာတတ်ကြသည်။

ဘိုးဘိုးတို့ အိမ်သို့ရောက်လျှင်သခင်လှဖေမှာ တော်တော် နှင့် မပြန်ဖြစ်။



ဘွားဘွားက "ဖျာပုံအိမ်သားတွေ နေကောင်းကြရဲ့ လား၊ မကျင်မြိုင်၊ မကျင်မေတို့ရော ကျန်းကျန်းမာမာရှိကြ ရဲ့လား...."ဟု သခင်လှဖေ၏ မိဘများနှင့် အဒေါ် အပျို ကြီးတွေကို သတင်းမေးတတ်သည်။

"မောင်လှဖေတို့ ကြုံတုန်း ထမင်းစားသွားကြကွယ်" ဟု ဆိုကာ ထမင်းကျွေးတတ်သည်။ စားသောက်စရာရှိလျှင် နှက်ကြောက်ဟန်လုပ်မနေပဲ တကယ်တမ်းဝမှပဲ ထတတ် သည့် သခင်လူငယ်များကိုကြည့်ကာ "ဒီလို အားရ ပါးရ စားမှ ကျွေးရတဲ့သူကလဲ ကျေနပ်တယ်။ စား....စား.... များများစားမှ တိုင်းပြည်အတွက် များများအလုပ်လုပ် နိုင် ကြမှာ...."ဟု ဘွားဘွားက ပြောတတ်သည်။

တနေ့ နံနက် (၁၉၄၁-ခုနှစ်၊ မတ်လ ဆန်းလောက် ထင်သည်။) ဘိုးဘိုးရုံးမသွားမီ သခင်လှဖေမှာ ဘိုးဘိုးတို့ တိုက်ခန်းသို့ သုတ်သုတ်ပျာပျာ ရောက်လာသည်။

သခင်လှဖေက ဘိုးဘိုးကို အလွန်လျှို့ဝှက်သည့် သတင်း စကားတခုကို ယုံယုံကြည်ကြည်ပြောသည်။

ဗြိတိသျှတို့ထံမှ ဗမာ့လွတ်လပ်ရေးကို ရယူနိုင်အောင် ရည်သန်း တည်ထောင်ထားသော 'ဗမာ့ထွက်ရပ်ဂိုဏ်း'နှင့် သခင်လူငယ် တစုတို့ လျှို့ဝှက်စွာ တည်ထောင်ထားသည့် 'ပြည်သူ့အရေးတော်ပုံပါတီ'မှ အလွန် အရေးကြီးသည့် အဖွဲ့ဝင်တဦး၊ ဗြိတိသျှအစိုးရ ဘက်က အရေး တကြီး အလိုရှိနေသော ဗမာ့လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်နေ သည့် မြန်မာလူငယ် သခင်တဦး၊ ထိုသူကို ဘိုးဘိုးတို့

www.burmeseclassic.com

www.burmeseclassic.com



တိုက်ခန်းမှာ ၄-၅ ရက်ခန့် ဘယ်သူမှမသိရအောင်ဝှက်ထားလိုကြောင်း ပြောပြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက်၊ မြန်မာ လူမျိုးများ ကောင်းစားရေးအတွက် တိုက်ပွဲဝင်နေသော မြန်မာလူငယ် ဆိုတော့ ဗြိတိသျှအစိုးရ၏ တရားဥပဒေနှင့် မည်သို့ပင် ဆန့်ကျင်စေဦး ဘိုးဘိုး ကူညီအားပေးရန် အသင့်ရှိသည်။

သို့သော် သည်ကိစ္စမှာ ဘိုးဘိုးတဦးတည်းဆန္ဒနှင့်မဖြစ် နိုင်သေး။ ထို့ကြောင့် ဘွားဘွားကိုပြောပြတိုင်ပင်ရသည်။

ဝတ်လိုက်ကတော်တဦး အနေနှင့် တရားဥပဒေကို အတော် အသင့် သိနားလည်နေသူ ဘွားဘွားက သည်စကားကြားရ တော့ အတော်ပဲ ထိတ်လန့်သွားသည်။ အစိုးရ၏ တရား ဥပဒေနှင့် ငြိစွန်းမည့်ကိစ္စမျိုးကို ဘယ်တော့မှ မလုပ်လို။ ထိုကိစ္စမျိုးနှင့်လည်း ဘယ်လိုမှ မပတ်သက်ချင်။

အလွန်စည်ကားသော ရပ်ကွက်ဖြစ်သည့် လတ္တာလမ်းရှိ ဘိုးဘိုးတို့တိုက်ခန်းမှာ ဘိုးဘိုး၏အမှုသည်များ၊ အပေါင်း အသင်း အင်္ဂလိပ်အရာရှိများ၊ တခြားမိတ်ဆွေသင်္ဂဟများ၊ သား၏မိတ်ဆွေများနှင့် အမြဲမပြတ်စည်ကားနေတတ်သည်။

ဘိုးဘိုးတို့တိုက်ခန်းတွင် ဧည့်ခန်းကျယ်ကြီး၊ ဘိုးဘိုးနှင့် ဘွားဘွားအိပ်သည့် အိပ်ခန်း၊ အိမ်ဖော် မိန်းကလေးများ အတွက် အခန်းတခန်း၊ ထမင်းချက်ခန်းတို့သာ ရှိသည်။ သားဖြစ်သူမှာ ညဘက်တွင် ပေ ၅၀-(ယခု မောင်ခိုင် လမ်း)ရှိ ဦးလေး၏တိုက်ခန်းမှာ သွားရောက်အိပ်သည်။



ထို့ကြောင့် ဘယ်သူမှမသိရအောင် လျှို့ဝှက်စွာ နေလို သော ဗြိတိသျှအစိုးရအလိုရှိနေသည့် သူတဦးကို သီးသီး သန့်သန့် ဝှက်ထားနိုင်စရာ လုံခြုံသော အခန်းရယ်လို့ မရှိ။

ဘိုးဘိုးစဉ်းစားကြည့်သေးသည်။

ဘိုးဘိုးတို့ တိုက်ခန်းတွင် ထားရန်မှာ ဘယ်လိုမှ အဆင် မပြေ။ ယုံကြည်စိတ်ချ၍ လာရောက်ပြောပြ အကူအညီ တောင်းသည့် သခင်လှဖေကိုလည်း တတ်နိုင်သလောက် အကူအညီ ပေးလိုလှသည်။ ထားလျှင်တော့ ဖြစ်ပါ၏။ သို့သော် ခဏနှင့် လူသိနိုင်စရာအကြောင်းရှိသည်။

နောက်ဆုံး သခင်လှဖေကို အခြေအနေ အကြောင်း အမျိုးမျိုးကြောင့် ဘိုးဘိုးတို့အိမ်ခန်းတွင် ထိုသူကိုထားရန် မသင့်ကြောင်း ပြောလိုက်ရတော့သည်။

စစ်ကြီးပြီးဆုံးပြီးနောက် သခင်လှဖေပြောပြမှ ဘိုးဘိုး တို့အိမ်တွင် ဗြိတိသျှအစိုးရမသိအောင် ဝှက်ထားလိုသူမှာ သခင်အောင်ဆန်း ဖြစ်ကြောင်း ဘိုးဘိုးတို့အဖွဲ့ဘွယ် သိရ တော့သည်။ ပို၍လည်း စိတ်မကောင်းဖြစ်ရသည်။ ဂျူဗလီ ခန်းမ ဧည့်ခံပွဲတခုတွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တွေ့ရာ ထိုအကြောင်းကို စကားစပ်၍ ပြောမိကြသေးသည်။

'ပြည်သူ့အရေးတော်ပုံပါတီ' ခေါင်းဆောင် သခင် အောင်ဆန်းမှာ ဗမာ့လွတ်လပ်ရေးအတွက် ဗြိတိသျှ အစိုးရ အားတော်လှန်ပုန်ကန်ရန် နိုင်ငံခြား တိုင်းပြည် တပြည်ပြည် မှ လက်နက်ခဲယမ်း အကူအညီရမှ ဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကိစ္စအတွက် ဂျပန်ပြည်နှင့် ဆက်သွယ်ဆောင်ရွက်ရန် ဆွေးနွေးပြေလည်ကာ သခင်အောင်ဆန်းမှာ ဂျပန်ပြည်သို့ တိတ်တဆိတ်စွန့်စားထွက်ခွာသွားခဲ့သည်။ ဂျပန်ပြည်တွင် ဗိုလ်မှူးကြီးဆူဇူကီးနှင့်တွေ့ကာ ဗမာ့လွတ်လပ်ရေး စီမံကိန်းကို ရေးဆွဲတင်ပြသည်။

ဂျပန်စစ်ဦးစီး ဌာနချုပ်မှ ထိုစီမံကိန်းကို အတည်ပြုလက်ခံလိုက်ရာ သခင် အောင်ဆန်းမှာ မြန်မာ နိုင်ငံသို့ ရုပ်ဖျက်ပြီး တိတ်တဆိတ် ပြန်ရောက် လာခဲ့သည်။

သူ၏ ရဲဘော်များထဲမှ လူငယ်သုံးကျိပ်ကို ရွေးချယ်၍ ဂျပန်ပြည်မှာ စစ်ပညာသင်ရန် ခေါ်ယူသွားခဲ့သည်။ ထို့နောက် ယိုးဒယားနိုင်ငံ၊ ဘန်ကောက်မြို့တွင် ဗမာ့တပ်မတော်ကို ဖွဲ့စည်းကာ မြန်မာနိုင်ငံတွင်းသို့ မဟာမိတ်ဂျပန်များနှင့်အတူဝင်ရောက်လာခဲ့ကြပြီး ဗြိတိသျှ အစိုးရအား တိုက်ထုတ် ခဲ့ခြင်းဖြစ်သည်။

ထိုသို့ သခင်အောင်ဆန်းက ဂျပန်နိုင်ငံမှ ပထမအကြိမ်မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာချိန်၊ ဂျပန် နိုင်ငံသို့ပြန်လည်မထွက်ခွာမီ ၆-ရက်တာကာလတွင် ဗြိတိသျှအစိုးရမသိအောင် အထူးလျှို့ဝှက်စွာ နေထိုင်ရမည်ဖြစ်ရာ သခင်လူငယ်များအား အမြဲတမ်း ငွေအား၊ အကြံဉာဏ်အားကူညီပေးတတ်သည့် မျိုးချစ်စိတ်လည်းရှိ ယုံလည်းယုံကြည်ရသည့် ဘိုးဘိုးထံ သခင်လှဖေက လာရောက် အကူအညီတောင်းခဲ့ခြင်းပဲ ဖြစ်သည်။



သို့လျှင် ဘိုးဘိုး၏ ဉာဏ်ရည်ဉာဏ်သွေး ထက်မြက်မှု၊ ပေါင်းသင်းဆက်ဆံရေး ပြေပြစ် ကောင်းမွန်မှု၊ အသိုင်းအဝိုင်း ကောင်းမှု တို့ကြောင့် ဘိုးဘိုးမှာ နာမည်ကျော်ကြား လူသိများခဲ့ကာ အမှုကြီးများစွာကို လိုက်ရသည်။ ဘိုးဘိုးလိုက်သည့် အမှုအခင်းဟူသမျှမှာလည်း နိုင်သည်သာများခဲ့သည်။

တစ်ခါတေးဘက်မှ လယ်ပိုင်ရှင်တဦး၏အမှုတွင် ဘိုးဘိုးအမှုလိုက်ရာ အချိန်ကြာသော်လည်း နောက်ဆုံး အနိုင်ရသည်။ လယ်ပိုင်ရှင်မှာ ဝတ်လုံခပေးရန် ငွေကြေးမရှိတော့သောကြောင့် သူပိုင်ဆိုင်သည့် လယ်ဧကများစွာကို အမှန်တကယ်လည်း ကျေးဇူးတင်လှသည်နှင့် ဘိုးဘိုးကိုပေးသည်။ သို့သော် ဘိုးဘိုးက မယူလိုက်။

သည်လိုကိစ္စတွေကြောင့် ဘိုးဘိုးမှာ ပို၍နာမည်ကြီးစရာဖြစ်ခဲ့ရသည်။ ဘိုးဘိုးခေတ်နှင့်တော့ ဘိုးဘိုး တွင်ကျယ်ခဲ့သည်။ ထို့ကြောင့်လည်း ဘွားဘွားလက်ထဲသို့ ငွေများများအပ်နိုင်ခဲ့သည်။

ဘိုးဘိုးအပ်သမျှ ငွေကိုလည်း ဘွားဘွားက အိမ်ရှင်မကောင်းပီသစွာ စုစုဆောင်းဆောင်း ထိန်းထိန်းသိမ်းသိမ်းရှိခဲ့၏။ ကုန်သင့်သည့်နေရာ၌သာ ကုန်စေ၍ မကုန်သင့်သည့်နေရာတွင် ခြူးတပြားလောက်မှမကုန်စေရ။ ဘယ်အရာမျိုး၌မဆို ဘွားဘွားက စေ့စပ်သေချာသည်။ စည်းကမ်းရှိသည်။ နည်းလမ်းသိသည်။ စီးသည့်ရေ ဆယ်သည့်ကန်ပေါင်းဖြစ်ရမည် မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com



တချို့ မင်းကတော်၊ စိုးကတော် တွေလို စီးကရက်လက်ကြားညှပ်ကာ ဖဲရိုက်၊ ကက်ဆဲ့၊ မြင်းလောင်း၊ တီးပါတီတက်၊ ပွဲလမ်းသဘင် ရှပ်ရှင်သွားခြင်းမျိုး ဘွားဘွား၌မရှိ။

အိမ်ထဲမှာပင် ဘာကုပ်ကုပ်နှင့်အလုပ်နှင့်လက်မပြတ်ရှိတတ်သည်။ လုပ်စရာကိုင်စရာမရှိလျှင်တော့ သန့်စင်စွာရေမိုးချိုး၊ သနပ်ခါး ခြေဆုံးခေါင်းဆုံးလိမ်းပြီး (ဘွားဘွားက သနပ်ခါး အလွန် ကြိုက်သည်။) ပါတိတ် လုံချည် ဝတ်ကာဟင်းချက်နည်း အမျိုးမျိုး၊ မုန့်လုပ်နည်း အမျိုးမျိုး၊ ဇာထိုး ပန်းထိုးနည်းအမျိုးမျိုး စာအုပ်များကို ဖတ်ယင်းအချိန် ကုန်တတ်သည်။ ဘုရင်ခံမင်းမြတ် တည်ခင်းသောညစာစားပွဲများကိုပင် တနှစ်မှာတကြိမ်တက်ဖြစ်ဖို့ ခဲ ယဉ်းလှသည်။

စကော့ဈေး၊ ရိုးကုမ္ပဏီတိုက်၊ ဝိုက်တဲဝေးတိုက်၊ ဝပ်ဆင်တိုက် စသည့်နေရာများကိုတော့ တပတ်မှာတကြိမ်လောက်ဘွားဘွား ရောက်တတ်သည်။ ဘွားဘွားက အဝတ်အစားအသုံးအဆောင် ပစ္စည်းများကို များများစားစား မဝယ်သော်လည်း ဝယ်သမျှမှာတော့ အဖိုးတန်၊ အမျိုးမှန်၊ အဆင့်အတန်း မြင့်မြင့်ချည်းသာဖြစ်သည်။

ကိုယ်နှင့် လိုက်ဖက်မည့် အသွေးအဆင် မျိုးကိုလည်းတော်တည့် မှန်ကန်အောင် ရွေးချယ်တတ်သည်။ တကယ်တော့လည်း ဘွားဘွားလို ဖြူဖြူနွဲ့နွဲ့ ယဉ်ယဉ်လှလှ အမျိုးသမီးတဦးအနေနှင့် ဘယ်အဆင် ဘယ်အသွေး ဝတ်ဝတ်လိုက်ဖက်ကြည့်ကောင်းရမည် မဟုတ်ပါလား။



ဘွားဘွားက မိမိအတွက်သာမဟုတ်။ ဈေး ထွက်တိုင်းသားအတွက်ရော၊ ခင်ပွန်းသည်အတွက်ပါ အင်္ကျီ လုံချည်၊ ဖိနပ်၊ လည်စည်းက အစ ဘွားဘွားကိုယ်တိုင် ရွေးချယ်ဝယ်ပေးလေ့ရှိသည်။

ပြီးတော့ ဘွားဘွားက စိန်ရွှေရတနာ ဝယ်ယူစုဆောင်းသည့် ဝါသနာပါသည်။

မိမိကိုယ်မှာတော့ စိန် ရွှေ သီး ညှတ်နေအောင် ဝတ်စားဆင်ယင်လေ့မရှိ။ တချို့ ကွမ်းသီးလုံးပမာဏ ဖက်ထုပ်ကွင်းစိန်နားကပ်ဝတ်ဆင်သည်ကိုရိုင်းသည်ဟုဘွားဘွားမြင်သည်။ ဝါကြွားသည်ဟုလည်း ထင်သည်။ ဗိုလ်သွေးပါခြင်းကြောင့်လို့ပဲ အပြစ်မြင်ချင်သူတွေ မြင်စေတော့၊ အဖိုးတန် အရည်ကောင်းစိန်သေးသေး တလုံး နားကပ် ပန်တာကိုပဲ နှစ်သက်သည်။ စိန်လက်ကောက်ဆိုလျှင်လည်း တပါးသွားပဲ ဝတ်ဆင်လေ့ရှိသည်။

ဘုရင်ခံမင်းမြတ်၏ ဒင်းနားပါတီပွဲသဘင်တွင် ရှိသမျှစိန်ရွှေရတနာ လက်ဝတ်လက်စား တွေကို ဝတ်လာကာကတော်ချင်းပြိုင်ကြသည့်မိန်းမတသိုက်အလယ်မှာတည်တည်ခန့်ခန့် သန့်သန့်ယဉ်ယဉ် ဝတ်စား ဆင်ယင် ထားသောဘွားဘွား၏ ရုပ်ဆင်းသဏ္ဌာန်မှာ ထူးခြားစွာ ပေါ်လွင်ထင်ရှားနေရတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ပွဲလမ်းသဘင်တွေကိုလည်း တက်ခဲ့သူမို့ 'သည်အလှ ပိုင်ရှင်ဟာ ဘယ်သူ့မစွက်ပါလိမ့်'ဟု သိလိုသူတွေများကြ၏။ ယဉ်ကျေးလှပါသည်ဆိုသော အင်္ဂလန်သား မျက်နှာဖြူ အရာရှိ ကြီးငယ်အများပင် ဘွားဘွား၏ ခန့်ညားတည်ငြိမ် သွေ့သောအလှ၌ အခိုက်အတန့် ငေးမော တွေဝေကြရသည်။ အကြောင်း သိရလျှင်တော့ ဘိုးဘိုးကို ကျိတ်၍ ချီးကျူး တတ်ကြသည်။

ယခုလို အသက် ၇၀-အမယ်ကြီး အရွယ်မှာတောင်မြင် တွေ့သိကျွမ်းသူတိုင်းက "ခုအရွယ်မှာတောင်ဒီလောက်ချော လှနေသေးတာ၊ ငယ်ငယ်တုန်းကသာဆိုယင် ဘယ်လောက် ချောလိုက် လှလိုက်မယ် မသိဘူး" ...ဟုအံ့ဩတတ်ကြသည်။

သားဖြစ်သူ၏ အသိမိတ်ဆွေ၊ မိသားစု ဆရာဝန်တပိုင်း ဖြစ်နေသော ဒေါက်တာ မခင်ဦးကဆိုလျှင်တော့ "အန်တီရဲ့ အသားအရည်က ဖြူဆွတ်သလောက် နူးညံ့ ချောမွေ့ နေတော့ အပ်နဲ့တောင် မထိုးရက်ဘူး" ဟု အမြဲပြောတတ် သည်။

သည်ဖြူဆွတ် ချောညက် လှသည့် အသား အရည်ကို ငယ်စဉ်ကတည်းက လူပြောသူပြောများခဲ့သည်။ "အသား မွေးထားသလား" ဟု မေးမြန်းဘူးကြသည်။

ဘွားဘွားမှာ ဗိုလ်သွေးတဝက်ပါသော်လည်း အလွန် မြန်မာဆန်သူဖြစ်သည်။ မျက်နှာချေမိတ်ကပ်ဆိုတာမျက်နှာ ပေါ်တင်ခဲသည်။ မြန်မာ့သနပ်ခါးကို ဘွားဘွားအနှစ်သက် ဆုံး၊ သနပ်ခါး၏ ဝါဖျော့သောအသွေးနှင့် သင်းပြေမွှေး



ရန့်၊ မွှေးမွှေးအေးအေးလေးကို ဘွားဘွား ကြိုက်သည်။ နေ့စဉ်နေ့တိုင်း ရေချိုးပြီးလျှင် သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းတတ်သည်။ မျက်နှာ ပေါ်မှာတော့ ရေကျဲလေး ဝါးပါးလိမ်းသည်။ ဘွားဘွား၏ဖြူနုစင်ကြယ်သောအသား အရည်နှင့် လိုက်ဖက်လှသည်။ မင်းစိုးရာဇာတွေ စုံသည့် ပွဲကြီးလမ်းကြီးမျိုးကို တခါတလေ ဘိုးဘိုး မရမကခေါ်၍ လိုက်သွားရသည့် အခါမျိုး၌သာ မျက်နှာချေ အနည်းငယ် သုံးတတ်၏။

တသက်နှင့်တကိုယ် နှုတ်ခမ်းဆိုးဆေး မဆိုးခဲ့။ ဒါက တော့အတုအပဆိုးဆေးမခြယ်လှယ်ချင်အောင် ဘွားဘွား၏ နဂို သဘာဝ နှုတ်ခမ်းက နီရဲနေခြင်းကြောင့် ဖြစ်ကောင်း ဖြစ်မည်။

သည်ခေတ် ရုပ်ရှင်မင်းသမီးတွေ နှုတ်ခမ်း ဆိုးဆေးနှင့် ကိုယ်ကြိုက်သည့်နှုတ်ခမ်းပုံပြုပြင်ရေးဆွဲထားသလို ဘွားဘွား ၏ နှုတ်ခမ်းလေးများမှာ ပုံသဏ္ဌာန် ကျနလှပ၏။ အသက် အရွယ် ကြီးရင့်လာခဲ့သည့်တိုင် သည်နှုတ်ခမ်းအလှမှာ လျော့ ပါး ပျက်စီးသွားခြင်းမရှိသေး။

ဆံပင်၏ကောင်းခြင်းမှာလည်း ငယ်စဉ်ကဆိုလျှင် ဆံအုပ် ကောင်းသလောက် လျှော့ဖြေချလိုက်လျှင် ဒူးကောက်ကွေး ထိကျရောက်ကာ အဖျားသွယ်ညွတ်၏။ ဘဝပါရမီ ဆုံးလှ သူအဖြစ် မြင်ရသူတိုင်း အံ့ဩဘွယ်ဖြစ်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com



အဝတ်အထည်ထဲမှာတော့ ပါတိတ်လုံချည်ကို အကြိုက်ဆုံး အမြတ်နိုးဆုံးပင်။ ပိုး၊ ဖဲ၊ ဘရိုကိတ်တွေ ဘယ်လောက်အဖိုးတန်တန် ပါတိတ်ဝတ်ရတာလောက် သဘောမတွေ့။ ဘိုးဘိုး တရုတ်ပြည်ကို ချစ်ကြည်ရေးမိတ်ဆက်အဖွဲ့နှင့် လိုက်သွားစဉ်က အပြန်မှာ ဘွားဘွားအတွက် ပါတိတ်လုံချည်များ ဝယ်ခဲ့ဘူးသည်။

ယခုခေတ် တန်ဘိုးကြီးမြင့်လှသည့် ယိုးဒယား၊ တရုတ်၊ မလေးရှား၊ အင်ဒိုနီးရှား ပါတိတ်တွေကို ကြည့်ပြီး... "ခေတ်အလျောက် အဆင်ဆန်းတယ်၊ အသွေးဆန်းတယ်လို့ ပြောရပေမယ့် ရှေးခေတ်ပါတိတ်မျိုးကိုတော့ မမှီချင်ဘူး။ ဘွားဘွားတို့ ဝတ်ခဲ့တဲ့ပါတိတ်ဆိုတာ ကိုယ်ပေါ်မှာဝတ်ရှ မှန်းတောင်မသိဘူး၊ ချောအိညံ့သက်နေတာပဲ၊ အသားသိပ်ကောင်းတာ၊ ဟိုခေတ် ပါတိတ်တွေကို မမှီပေါင်တော်" – ဟု အကဲဖြတ်တတ်သည်။

ပါတိတ်လုံချည် ကြိုက်သည့် စိတ်ကတော့ ယခုတိုင် မပျောက်ပျက်ချင်သေး။ လက်ဆောင်ပေးကြ၊ ကန်တော့ကြသည့် လုံချည်အကျီတွေထဲမှာ ပါတိတ်လုံချည် ပါလာယင်တော့ နည်းနည်း စိတ်ဝင်စားသည်။

အထည်အနားစကို သေသေချာချာ ပွတ်သပ်ကိုင်တွယ်ကာ အဆင်အသွေးကို အနီးကပ် စေ့စေ့စပ်စပ်ကြည့်ပြီး "အင်း.... မသေခင်တော့ ခဏဝတ်ကြည့်လိုက်မလေ...." ဟု ရှက်သယောင်အပြုံးနှင့် ပြောတတ်သည်။



ပြီးတော့ ချက်ချင်းဆိုသလိုဘူလုံးကိုဘွားဘွား လက်ထပ်ဆင်ပြုထားသည့်အတိုင်း အရောင်တူချည်နှင့် ချုပ်ကြောင်းညီညာသောလက်ချုပ် ချုပ်စေသည်။ လုံချည်သစ်ကိုဝတ်ပြီး ဘုရားစင်ရှိရာသို့ ပို့ခိုင်းကာ ကျကျနန ဘုရားကိုဖာရှိပြုခိုင်းသည်။ နှစ်ရက်လောက် ဆက်တိုက်ဝတ်လိုက်ပြီးလျှင်ဘား လိုချင်သူ ယူစေတော့၊ စွန့်ကြဲ ေးကမ်း လိုက်တော့သည်။

အင်္ဂလိပ်သွေးနှင့် ဂျာမန်သွေးနှောသည့် ဖခင်ဖြစ်သူထံ အမွေရလိုက်ခြင်းကြောင့်ပဲ ဖြစ်မည်ထင်ရသည်။

ဘွားဘွားသည် စည်းစနစ်ကြီးသလို စိတ်ခတ်ကြီးမြင့်လည်း ရှိသည်။ စိတ်သဘောထားနူးညံ့ကာ ကြင်နာသနားတတ်သည် မှန်သော်လည်း နာစရာရှိလျှင်တော့ တော်တော်နှင့် မပျောက်နိုင်ပဲ ရှိုးတွင်းချဉ်ဆီတိုင် စွဲသွားတတ်သည်။

မိမိမှာ အသက် ငါးနှစ်အရွယ်၊ ဖခင် နောက်မိန်းမယူသွားသောအခါ ဖခင်ဖြစ်သူအပေါ်မှာ အလွန်စိတ်နာသွားရတော့သည်။ စာကောင်းစွာမတတ်သော၊ ရိုးအသော၊ လူမှုရေး နားမလည်ရှာသော၊ ဖဲရိုက် ဝါသနာပါလှသော၊ အသက်ငယ်ငယ်နှင့် အိမ်ထောင်ပျက်ရသည့် မိခင်ကိုတော့ သနား၏။

မိခင်ဖြစ်သူနှင့် ဖခင်တို့ ဘယ်လိုကစ၊ ဘယ်အကြောင်းကြောင့် ကွဲသွားရသည်ကို သည်နေ့အထိ ရေရေရာရာ



www.burmeseclassic.com

www.burmeseclassic.com



မသိနိုင်သော်လည်း မိခင်၏ အမေနှင့် ညီအစ်မတော်ကြောင်း
ဖြစ်မည်ဟု ထင်ရသည်။

အဖေရှိတုန်းကတော့ အမေ ဖဲရိုက်သည်ကို တခါမှ
မမြင်ဖူး မကြားဖူး။ အဖေနှင့် ကွဲသွားတော့ တနေ့တနေ
အနီးအနားအိမ်များကို သွားလည်လို့အချိန်ကုန်တတ်သည်။
သည်တော့ ပုလဲသဌေးကတော်၊ ငှက်သိုက်သဌေးကတော်
ဗသျှူးမ၊ တရုတ်မ တွေနှင့် အပေါင်းအသင်း ဖြစ်သည်။

ထိုမှစပြီး အမေ ဖဲရိုက်တတ်လာသည်။ စိတ်ပြေ
လက်ပျောက်ရယ်လို့ (လင်သည်ကလည်း နောက်မိန်း
ယူလိုက်သည်မို့) အပျော်အပါး ဖဲကစားရာက ငွေကြေးနှ
ကစားတတ်လာသည်။ တရက်တလေ အပျင်းပြေရယ်လို့
မဟုတ်။ နေ့စဉ်ရက်ဆက် အကျင့်တခုလိုဖြစ်လာတော့သည်။

နောက်ဆုံးမှာတော့ ဗိုလ်ကတော် ဖြူဖြူတို့ ဖဲဝိုင်းလို
သည်မှာ ငွေကြေးမလွယ်ကူလျှင် ရွှေလက်ကောက်၊ ရွှေဘီး
ရွှေဆွဲကြိုးကိုချပြီး ကစားသည်အထိ အတင့်ရဲလာသည်။
လင်သည်ပေးထားခဲ့သည့် လက်ဝတ်လက်စား ပစ္စည်းတွေမှ
မှုန်းမှုန်းနှင့် ဖြုန်းပစ်ခဲ့သလား ထင်စရာ ရှိသည်။

သည်အချက်ကို ဘွားဘွား မနှစ်သက်ဆုံးပင်။ အဖေနှ
အတူနေစဉ်က အမေ့မှာ လက်ဝတ်လက်စား အတော်
များများရှိသည်။ လူအထင်မသေးနိုင်အောင် ဗိုလ်ကတော်
ဟူသော ဂုဏ်ပုဒ်နှင့် အညီ ဝတ်စားဆင်ယင်စေခဲ့သည်။
'အမေသာလိမ်မာယင် အဖေပေးခဲ့တဲ့ ပစ္စည်းဥစ္စာနဲ့ တသ



လုံး ထိုင်စားသွားနိုင်မယ်' ဟု ဘွားဘွား အမြဲ တွေးခဲ့
ဘူးသည်။

အမေ့ကြောင့် ဘွားဘွားမှာ အသက်ငယ်ငယ်လေးနှင့်
အရှက်ရသည်။ "ဖွားသစ်ရဲ့အမေ ဖြူဖြူတယောက် ဘယ်
သဌေးကတော်ရဲ့ 'ကြေးကြီးကစားဝိုင်းမှာ တွေ့ခဲ့ရတယ်"
ဆိုသော သတင်းမျိုးကို ဘွားဘွား မကြားချင်အဆုံး
ဖြစ်သည်။ ရှက်စိတ်၊ ဒေါသစိတ်၊ ဝမ်းနည်းစိတ်နှင့်
တကိုယ်တည်း ကျိတ်၍ ငိုရှိုက်ခဲ့ရဘူးသည်။

တခါတရံမှာတော့ အမေရှိရာ ဖဲဝိုင်းကို လိုက်လံရှာဖွေ
တာ လူတွေ သူတွေရှေ့မှာ တတ်သိနားလည်သူ လူကြီး
သူကြီးတယောက်ပမာ အမေ့ကိုဆူရသည်။ အမေဖဲဝိုင်းက
မထမချင်း ငိုနေတတ်သည်။ အမေက ဖဲနိုင်ထားသည့်ငွေထဲမှ
မုန့်ဘိုး တစ်ကျပ်ပေးပြီး အိမ်ပြန်လွှတ်သည်။ ရပ်မြဲ ရပ်နေ
သည်။ သည်တော့မှ အမေ့မှာ သမီးကိုချော့ပြီး အိမ်သို့
အတူ ပြန်လာတတ်သည်။

သမီးဖြစ်သူမှာ ဖခင်နှင့် ချွတ်စွပ်တူညီသည်ဟု လူတိုင်းက
ပြောတတ်ကြသည်။ ဖြူဆွတ်နုထွေးသော အသားအရည်၊
ကြည်လင် ပြာလဲ့သော မျက်လုံး၊ ထူထဲ နက်မှောင်သည့်
မျက်ခုံး မျက်တောင်၊ ဖြောင့်စင်း သွယ်တန်း သည့်
နှာခေါင်း၊ ပိရိလှပသည့် ပါးစပ်ကအစ အားလုံးတူညီသည်
ဟု ဆိုတတ်ကြသည်။

ဒါကြောင့်ပဲလားမသိ၊ အမေက အမြဲပြောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ညည်းပါပါရဲ့ မျက်လုံးမျိုးနဲ့ အမေ့ကို စိမ်းစိမ်း မကြည့်နဲ့၊ ညည်းပါပါရဲ့ မျက်နှာထားမျိုးနဲ့ အမေ့ကို ရန်မတွေ့ပါနဲ့ကွယ်"

တခါတခါတော့လည်း–

"ဖွားသစ်ရယ်.... မိန်းမ သား ချင်း ဆိုတာက လွဲလို့ ညည်းမှာ အမေနဲ့တူတာဘာတခုမှမရှိပါလား၊ ညည်းပါပါ ရဲ့စိတ်၊ ညည်းပါပါရဲ့ အမူအယာ၊ ညည်းပါပါရဲ့ ရုပ်အတိုင်း ပါပဲလား။ အင်းလေ.... ဒါကြောင့်လဲ ညည်း ပါပါက သူ့ကိုယ်စား အမေ့ဆီမှာ ညည်းကိုထားခဲ့ပြီး အမေ့ကိုပစ် သွားတာ ထင်ပါရဲ့ကွယ်...." ဟု ပြောယင်းက အမှတ်မထင် ကျိုးပဲ့သွားရသည့် ချွန်မြသော မာန၏ သက်သေအဖြစ် ချစ်ဝေ့လာသော အမေ့မျက်ရည်စကို ဘွားဘွား မြင်လိုက် ရသည်။

သာမန် ကလေးအသိမျိုးထက် ထူးကဲ တတ်သိသော ဘွားဘွားက အမေ့မျက်ရည်စကို မြင်တွေ့ရတော့ အမှန် တကယ် စိတ်မကောင်းဖြစ်ရသည်။

"အားမငယ်ပါနဲ့ အမေရယ်.... ဖွားသစ်ကြီးလှာယင် အမေ့ကို လုပ်ကျွေးမှာပေါ့" ဟု အံ့သြဘွယ်ပြောတော့ အမေက မျက်ရည်စကို အပြုံးနှင့်ဖျက်ချေကာ "အမေ့သမီး က သိပ်လိမ်မာတာပဲကွယ်၊ အားကိုးရမယ့်သမီးပဲ၊ အမေ အားမငယ်ပါဘူး...." ဟု ပြောကာ စိတ်လိုလက်ရ သမီး၏ နဖူးလေးကို နမ်းမွှေးတတ်သည်။



အဖေအလုပ်ကိစ္စနှင့် ရမည်းသင်းသို့ပြောင်းစဉ် မိသားစု သုံးဦး ပျော်ရွှင်စွာ နေထိုင်ခဲ့သည့် အဖြစ်များကိုတော့ ဘွားဘွားကောင်းစွာမှတ်မိနေသည်။

မြို့စွန်ရှိလူနေအိမ်ခြေနှင့် အတော်လေးအလှမ်းကွာသော ခြံဝန်းကျယ်ကြီးထဲက တိုက်ခံအိမ်ကြီးမှာ နေကြသည်။ အုတ်ကြွပ်အမိုးနီ၊ ရေနံချေးဝ၍ မည်းနက်နေသော အိမ်နံရံ၊ တရုတ်ကပ် တံခါးဘောင်များ၊ အိမ်ရှေ့မှာ ဆင်ဝင်နှင့်၊ အိမ်ရှေ့ကလှမ်းခေါ်လျှင် အိမ်နောက်က ကြားနိုင်ခဲသော ရှည်လျားကျယ်ဝန်းလှသည့် အိမ်ကြီးကို မျက်စိထဲ ယခုတိုင် မြင်ယောင်မိသည်။ အိမ်နံဘေး သရက်ပင်ကြီးတွင် ဒန်းဆင် ထားသည်။ ထမင်းစား၊ လက်ဖက်ရည် သောက်ကြလျှင် ဘွားဂင်ကုလားတွေနှင့် ဟန်ကျပန်ကျ နေထိုင်ရသည်။

ခြံထဲမှာ သရက်ပင်၊ မာလကာပင်၊ ပိန္နဲပင်၊ တညင်းပင်၊ ပိတောက်ပင်ကြီး များနှင့် စိမ့်ကြီး မြိုင်ကြီးလိုထင်ရသည်။ လူသူအရောက်နည်းလှသည့်တောစပ်နှင့် တဆက်တည်းလိုလို ဖြစ်သော အိမ်နောက်ဘက်ခြံစာစပ်၊ ဝါးရုံပင်ခြေရှုပ်ရှုပ် ချုံပုပ်ထဲတွင် တောကြက်မိသားစု အသိုက်ဖွဲ့နေသည်။

ကြက်ကလေးတွေ ပေါက်တော့ ထမင်းချက် ဆွာမိက ကြေးနန်းနှင့်စာတိုက်ပိုလ် သခင်ကြီး၏ သမီးကလေးကစားရန် ကြက်ကလေးတကောင် ဖမ်းယူလာသည်။ သည်ကြက် ကလေးကို လက်က မချ၊ တကိုင်ကိုင်၊ တပွေ့ပွေ့၊ တဖက် ဖက်နှင့် နေရာ နှစ်ရက်ပင်မကြာ ကြက်ကလေးသေဆုံးသွား

www.burmeseclassic.com

www.burmeseclassic.com



သည်။ ဘွားဘွားမှာ ကြက်ကလေး သေဆုံးသွားရခြင်း အတွက် ငိုလိုက်ရသေးသည်။

မိုးကုတ်ကို အဖေအလုပ်ပြောင်းရတော့ အဖေနှင့်အမေ ကွဲနေပြီ။

အဖေမှာ နောက်မိန်းမ ယူပြီးပြီ။ နောက်မိန်းမနှင့် အဖေ အမြဲအတူနေ မနေတော့မသိရ။ အမေ့ဆွေမျိုးဘက်က အဆိုအရတော့ ထိုမိန်းမကို စပတ်လမ်းထဲမှာ အခန်းတခန်း ငှားပေးထားပြီး သူသွားလိုမှ သွားတွေ့သည်တဲ့။

မိုးကုတ်ကို အဖေ မပြောင်းမီ သမီးဖြစ်သူကို ကျောင်းမှ ခေါ်ယူကာ တွေ့သည်။

အဖေက ရန်ကုန်စာတိုက်ကြီးရှိ သူ၏ အလုပ်ခန်းထဲက ကုလားထိုင်ခန့်ခန့်ကြီးမှာ ထိုင်လျက် သူ၏ ပေါင်ပေါ်မှာ သမီးကို ထိုင်ထားယင်း ပြောသည်။

"ပါပါနဲ့ မိုးကုတ်ကို သမီးလိုက်နေမှာလား၊ ခုကျောင်း တက်နေပြီး ကျောင်းပိတ်ယင် မိုးကုတ်က ပါပါ လာပြီး သမီးကို ခေါ်မယ်၊ လိုက်မယ်မဟုတ်လား"

ဘွားဘွားက စိတ်ထဲ ရှိသည့်အတိုင်း "အမေ့ကော ခေါ်မှာလား ပါပါ"ဟု ရုတ်တရက် မေးမိသည်။

အဖေက အနည်းငယ် မျက်နှာပျက်သွားကာ ချက်ချင်း အိန္ဒြေဆယ်လိုက်ပြီး ဖြည်းညှင်းညင်သာစွာ ပြောလေသည်။

"သမီးရဲ့ အမေက ပါပါနဲ့မှ လိုက်မနေချင်ပဲ၊ သူ ကြိုက်သလို သူ့ဟာသူ နေပစေပေါ့။ သမီး ပါပါနဲ့ လိုက် နေမယ် မဟုတ်လား"



အဖေ့စကား သည်လိုကြားရတော့ ဘွားဘွားရင်ထဲ ဒေါသပဲ ဖြစ်ရမလို၊ ဝမ်းပဲ နည်းရမလို ဖြစ်သွားသည်။ အမေ့မှာ အပြစ်မရှိပဲနှင့် အဖေ နောက်မိန်းမယူကာ အမေ့ကိုပစ်သွားသည်ဟု အမေ့ ညီအစ်မတွေ ပြောဆို နေကျ ကြားဘူးနားဝများနှင့် အဖေ့ကို ရန်တွေ့လိုက် ချင်သည်။

သို့သော် အဖေ့ကို ရန်မတွေ့ရဲ။ အဖေ့အပေါ်မှာ ချစ်စိတ်ကလေးက ကြွင်းကျန်ရစ်သေးသည်။ အမေနှင့် ကွဲသွားပြီးနောက် ဖအေနှင့် သမီးမှာ ခပ်စိမ်းစိမ်း ခပ်တန်းတန်းဖြစ်သွားတော့ ကြောက်ရွံ့စိတ်ကလည်း ရှိနေ သည်။ ပြီးတော့ အဖေ၏ ရုံးခန်း အရှိန်အဝါကလည်း ခန့် ထယ် ကြီးမားလှပါဘိသည်။

ထို့ကြောင့် နှုတ်ခမ်းကို တင်းတင်းကိုက်ကာ စကား တခွန်းမှ အဖေ့ကို ပြန်မပြောဖြစ်။

သမီးဖြစ်သူ၏ ပေါင်ပေါ်ကို တင်ထားသည့် အဖေ၏ ရှည်သွယ် ဖြူဖွေးသော လက်ယာဘက် လက်သူကြွယ်မှ ငွေနှင့် ကွင်းထားသည့် မန်ကျည်းစေ့ သာသာ အရွယ် ဖြူလဲ့သော ကျောက်ကြီးကိုသာ မမှိတ်မသုန် စူးစိုက် ကြည့်နေမိသည်။

အဖေက သမီး၏ပခုံးလေးကို ခပ်ဖြည်းဖြည်း ကိုင်လှုပ် ကာ "လိုက်မယ်မဟုတ်လား.... ပြောလေ.... သမီး...." ဟု ထပ်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"အမေ မပါပဲနဲ့တော့ သမီး မလိုက်ချင်ဘူးပါပါ"ဟု ပြောကာ မျက်ရည် တတွေတွေ ကျဆင်းလာတော့သည်။

အဖေက ငုံ့ကြည့်ကာ ဘွားဘွား ငိုနေမှန်းသိတော့ သမီးဖြစ်သူ၏ ဆံနွယ်မျှင်ကလေးတွေကို ယုယစွာ ပွတ်သပ်ပေးယင်း....

"သမီးက....ပါပါ့ထက် သမီးအမေကို ပိုချစ်တာပဲနော်။ သမီးကို ပါပါ အတင်းအဓမ္မ မခေါ်တော့ပါဘူးကွယ်။ သမီးအမေနဲ့သာနေရစ်ပါ"ဟု တုန်ရီသောအသံနှင့်ပြောပြီး တိတ်ဆိတ်သွားသည်။ အဖေ မျက်ရည်ကျသည် ထင်၏။ မော်မကြည့်ရဲသောကြောင့် အသေအချာ မသိရ။ ခဏကြာမှ အဖေက ပြောသည်။

"သမီးရဲ့ ကျောင်းလခငွေကို ပါပါ မှန်မှန်ပို့ပေးမယ်။ သမီးရဲ့အမေဆီကိုလဲ သမီးအတွက် တလကို ငွေ ၂၀၀-စီ ပါပါ ပို့ပေးမယ်၊ သမီးရဲ့ကျောင်းက ဆရာမ တွေကိုလဲ ပါပါ သွားတွေ့အုံးမယ်။ သမီးအလိုရှိတာ ဆရာမတွေကို ပြောယင် သူတို့ပါပါ့ဆီ အကြောင်းကြား စာရေးပေးလိမ့်မယ်။ ရန်ကုန်ရောက်တိုင်းလဲ သမီးကို ကျောင်းမှာ ပါပါလာတွေ့မယ်"

အဖေ မိုးကုတ်ပြောင်းသွားပြီး နှစ်ခါ သုံးခါလောက် သမီးဖြစ်သူကို ကျောင်းမှာလာတွေ့သည်။ ထိုအချိန်က ဘွားဘွားမှာ ယခု ရန်ကုန်ဆေးရုံကြီးရှေ့ရှိ 'ဂွတ်ရှက်ပါး သီလရှင်ကျောင်း' (ယခု လသာမြို့နယ်အမှတ် ၂-အထက်တန်းကျောင်း) မှာ ကျောင်းအိပ်ကျောင်းစား နေသည်။



အဝတ်အစားလှလှလေးများနှင့် ချောကလက်၊ သကြားလုံး၊ ဘီစကွတ်မုန့်မျိုးစုံ ဝယ်ယူလာတတ်သည့် ဖခင်ဖြစ်သူကို အတွေ့ခံလိုစိတ် မရှိပြီ။ ဘွားဘွားစိတ်ထဲက အဖေဖြစ်သူကို မိမိဘဝမှာ သေဆုံးပျောက်ပျက်သွားသူ တဦးလိုသာမှတ်ယူလိုက်ပြီး ဖြစ်သည်။ ကြီးဒေါ်၊ အဒေါ်လုပ်သူများကလည်း အဖေ့ကို စိတ်နာစေမည့် စကားများသာ နားသွင်းပြောကြားမြဲဖြစ်သည်။

ထို့ကြောင့် အဖေ ကျောင်းသို့ရောက်လာလျှင် အတွေ့မခံချင်။ စိတ် ထဲ နာကျည်း သလို၊ ဝမ်းနည်းသလို စိတ်မကောင်း ဖြစ်ရသည်။ သီလရှင် ဆရာမကြီးများကို ကြောက်ရွံ့၍သာ ဆင်းတွေ့ရသည်။ သမီး စားစရိတ်အတွက် အမေ့ထံ ဖခင်ဖြစ်သူထံမှ တလလျှင် ငွေ ၂၀၀-ကျပ် ပေးပို့သည် ကိုပင် လက်ခံယူလိုစိတ်မရှိ။ သည်လောက် မာနကြီးမြင့်လှသည်။

သည်လိုနှင့် အဖေနှင့် အနေဝေးကွာ သွားတော့သည်။

ကျောင်းကထွက်တော့ အဖေကိုးကွယ်သည့် ဘာသာကိုလုံးဝစွန့်ပစ်လိုက်တော့သည်။ အဖေပေးခဲ့သည့် ခရစ်ယာန်နာမည်ကိုတောင် ကျောင်းနေဘက် သူငယ်ချင်း မိတ်ဆွေများက ခေါ်ဝေါ်လျှင် မကြိုက်နှစ်သက်သလို ဖြစ်ရသည်။

ဖအေတူ မအေကွဲသည့် မောင်ညီမများ ထားဝယ်ဘက်မှာ ရှိသည်ဆိုတာကိုလည်း စုံစမ်းမေမြန်းခြင်းမရှိ။ အင်္ဂလန်နိုင်ငံ ရောက်ရှိင်းယားနယ် ဘက်မှာနေကြသည့် ဖခင်ဘက်မှ တော်စပ်သော ဆွေမျိုးရင်းချာ များနှင့်လည်း အဆက်

www.burmeseclassic.com

www.burmeseclassic.com



အသွယ် မလုပ်တော့။ တခါတရံ အဖေ့ကိုလွမ်းစိတ်ပေါ် လာယင်တော့ အမေ့အပေါ်မှာရက်စက်ခဲ့သည်ဟု တထစ်ချ မှတ်ယူထားစိတ်ကို ပွားများစေလျက် နာစရာနှင့်ဖြေလိုက်သည်။

အဖေ့ကို စိတ်နာသော်လည်း အဲဖေ့ ကျေးဇူးကိုတော့ သတိရသည်။

အဖေက စည်းကမ်းကြီးသည်။ တိကျသေချာသည်။ (ဒါကြောင့်လည်း တနည်းအားဖြင့် အမေနှင့်အတူ မနေနိုင်ခြင်း ဖြစ်လိမ့်မည်။) သမီးဖြစ်သူ ရန်ကုန်ကျောင်းသို့ ပြန်လျှင် ဂါဝန်က ဘယ်နှစ်ထည်၊ အင်္ကျီကဘယ်နှစ်ထည်၊ ဘောင်းဘီက ဘယ်နှစ်ထည် စာရင်းလုပ်ပေးသည်။

သမီး၏ နာမည်နှင့် ဖခင်မျိုးရိုးနာမည် တွဲဖက်ထားသော 'အီး၊အေ'၊(E.A.) နာမည်အတိုကောက် အင်္ဂလိပ် စာလုံးကို အဖေကိုယ်တိုင် အနီရောင်ပိုးချည်နှင့် အဝတ်အစားများတွင် အမှတ်အသားထိုးပေးတတ်သည်။ အမေက တော့ သူနှင့် ဘာတခုမှ မသက်ဆိုင်သလို ဖာသိဖာသာပဲနေ တတ်သည်။

အဖေဖြစ်သူကို မိမိ၏ အသက် ကယ်ခဲ့သည့် ကျေးဇူးရှင် အဖြစ်လည်း ဘွားဘွား ကျေးဇူးတင်စရာ အကြောင်းတခု ရှိခဲ့သည်။

တခုသော နွေရာသီကျောင်းပိတ်ချိန် ဘွားဘွား မြို့သို့ ပြန်စဉ်က ဖြစ်သည်။ အဖေမှာ အမေနှင့်ကွဲပြီးနောက်၊



တနှစ်လောက်ကြာပြီး အချိန်ကဖြစ်၏။ အဖေ ရန်ကုန်သို့ ပြောင်းလုဆဲအချိန်လည်း ဖြစ်သည်။

အမှတ်မထင် တနံနက် အိပ်ရာက အထ၊ ဘွားဘွား၏ လက်ယာဘက် ဒူးကောက်ကွေးမှာ နာကျင်နေပြီး ခြေဆန့်လျှင် အခံရ ခက်သည်။ ဘာဖြစ်မှန်းလည်း မသိရ။ လူကြီးတွေကို ပြောပြတော့ နာကျင်သည့်နေရာကို ဆေးလိမ်းပေးသည်ကို မှတ်မိ၏။

နောက် နှစ်ရက်ခန့်ကြာတော့ နာကျင်သည့် ဒူးကောက်ကွေးနေရာမှာ ဖူးရောင်နီရဲသော အနာလုံး တလုံး ပေါ်လာသည်။ အိပ်ရာမှာ လဲနေကာ မထနိုင်တော့။ အဘိုးဖြစ်သူနှင့် ကြီးဒေါ်ဖြစ်သူတို့က မြန်မာ ဆေးမြီးတိုများ လိမ်းကျံ မန်းမှုတ်သည်။ မြေကိုင်သည်ဆိုလား၊ မြေဖုတ်ဘီလူး ဖမ်းသည်ဆိုလား တယောက်တပေါက် ပြောကြကာ ဗေဒယာဂဆရာနှင့် ကုသည်။

သည်သတင်းကို ဘယ်က ဘယ်လိုအဖေကြားသည်မသိ။ အရပ်လူကြီး အချို့နှင့်အတူ ဇနီးဟောင်းအိမ်သို့ အဖေ မလာစဖူး ရောက်လာသည်။ သမီး၏ ဒူးကောက်ကွေးမှ အနာကို ကြည့်ပြီးနောက် မျက်နှာပျက်ပျက် ဒေါသ ထွက်ထွက်နှင့် အမေ့ဆွေမျိုးတသိုက်ကို ဆူပူကြိမ်းမောင်းသည်။ သူ့သမီးကို ရန်ကုန် ဆေးရုံကြီးသို့ ချက်ချင်း ပို့မည် ပြောသည်။

သတော်လည်း အဆင်သင့် ကြုံကြိုက်သောကြောင့် ဘွားဘွားကို ရန်ကုန်သို့ ယူသွားသည်။ ဘွားဘွားနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



အမေနှင့် ကြီးဒေါ်တို့ကို လိုက်စေသည်။ အဖေကတော့ သူ့ဟာသူ တသီးတခြား သဘော်ာ ပထမတန်း အခန်းမှ စီးပြီး ဘွားဘွားတို့ကို ဒုတိယတန်းမှ လိုက်စေသည်။

ရန်ကုန်ရောက်တော့ ဘွားဘွားတို့ မိသားစု သုံးဦးကို ဆေးရုံကြီးနှင့်နီးသည့် ရန်ကုန်အနောက်ပိုင်း လမ်းတလမ်းမှာ တိုက်ခန်းငှားပေးသည်။

ရန်ကုန်ရောက်သည့် နေ့မှာပင် ဘွားဘွားကို ဆေးရုံသို့ တင်လိုက်သည်။ ထိုစဉ်က ဆေးရုံကြီးမှာ ဗိုလ်ချုပ်ဈေးအရှေ့ ယခု 'ဗိုလ်ချုပ်ဈေးသစ်' နေရာမှာ ရှိသည်။ သစ်သား အဆောင်များသာဖြစ်ပြီး ဇယောကျ်ားလူနာဆောင် သတ်သတ် မိန်းမ လူနာဆောင် သတ်သတ် ခွဲခြားထားသည်။

ယောကျ်ား လူနာဆောင်က ပိုပြီး သန့်ပြန့်သည်မို့ ဘွားဘွားကို ယောကျ်ားဆောင်မှာ ထားသည်။ ဆေးရုံ တင်ပြီး နောက်တနေ့မှာ ဘွားဘွား၏ ဒူးကောက်ကွေးမှ အနာကို အခွဲအစိတ် အထူး ကျွမ်းကျင်သည် ဆိုသော ကုလားဆရာဝန် တဦးက ခွဲစိတ်သည်။ နာလိုက်သည်မှာ အသက်ပင် ပါသွားမလား ဘွားဘွား ထင်ရသည်။

အဖေက တနေ့မှာ တခေါက်တော့ ညနေဘက် မှန်မှန် လာပြီး သမီးကို ကြည့်သည်။ ကစားစရာ အရုပ်ကလေး များ၊ စားစရာ ပန်းသီး၊ စပျစ်သီး၊ ချောကလက်၊ သကြားလုံး၊ ဘီစကွတ်မုန့် အစုံ ဝယ်လာပြီး သမီးကို ကျွေးတတ်သည်။ မျက်နှာဖြူ အရာရှိကြီး၏ သမီးမို့



ဆေးရုံမှ ဆရာဝန်၊ သူနာပြု ဆရာမတွေက ဂရုတစိုက် အရေးတယူ ရှိကြသည်။ ဆေးရုံမှာ လေးငါးရက်ခန့် နေရပြီးမှ အဖေ ငှားပေးသည့်တိုက်ခန်းသို့ ပြောင်းရသည်။

နောက်မှ အမေက ပြောသည်။ ဘွားဘွား၏ ခြေမှ အနာကို မခွဲစိတ်ပဲ နောက် လေးငါးရက်လောက် ထား လျှင် ခြေ ဖြတ်ပစ်ရတော့မည်တဲ့။ အသက်က ငယ်သည်မို့ အနာဒဏ် မခံနိုင်ပဲ သေတောင်သွားနိုင်သည်တဲ့။ အချိန်မီ အဖေက ရန်ကုန်ကို ခေါ်ယူ ခွဲစိတ် လိုက်သောကြောင့် သာ ခြေ မဖြတ်ရပဲ သက်သာခွင့် ရသည်တဲ့။

နောက်နောင် ဘွားဘွား ကြီးပြင်းလာပြီး အလှပြင် နေလျှင် တခါတခါ အမေက အနားမှ ထိုင်ကြည့်နေကာ "ဖွားသစ်ရယ်.... ညည်းရုပ်က ဘယ်လောက် ချောချော ဘယ် လောက် လှလှ ခြေ အ ဖြတ်ကြီး နဲ့သာ ဆို ယင် ဘယ်ယောကျ်ားမှ ညည်းကို ယူချင်မှာ မဟုတ်ဘူး။ ညည်း ပါပါ ကျေးဇူးကြောင့်ပဲ" ဟု ရယ်ရွှန်း ပတ်ရွှန်း ပြော တတ်တော့ 'ဟုတ်တယ်၊ ပါပါကြောင့် ငါဟာ ရုပ်ပျက် ဆင်းပျက် ဒုက္ခိတ ဘဝ မရောက်ခဲ့ရတာပဲ' ဟု သေရာ ပါမည့် ဒူးကောက်ကွေးမှ ဒင်္ဂါးဝိုင်းပမာခန့် ဒဏ်ရာ အမာရွတ်ကြီးကို စမ်းသပ်ကြည့်ကာ အဖေ့ကို ကျေးဇူး တင်မဆုံး ဖြစ်ရသည်။

အဖေမှာ အမေနှင့် အတူ မနေတော့သည့်တိုင် တခါ တခါ သမီးကို အထည်ဆိုင်၊ ကစားစရာ ဆိုင်းသည့်

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကြီးတွေထဲ ခေါ်သွားတတ်သည်။ သမီးကြိုက်သည့် အဝတ်အထည်၊ ကစားစရာများကို ဝယ်ခိုင်းပြီး အဖေ့ ဒရိုင်ဘာ ကုလားကို သယ်ခိုင်းသည်။ အဖေနှင့် အတူ မနေကြရသော်လည်း ဘွားဘွား မျက်နှာ မငယ်ခဲ့ရ။

"ဖွားသစ်တို့အဖေ ဗိုလ်ကြီးက 'မ' ကို မခင်ပေမယ့် 'ဥ' ကိုတော့ ခင်တယ်။ သူ့ ရုပ်နဲ့တူတဲ့ သူ့ သွေးကိုတော့ ချစ်လိုက်ရတာ"ဟု လူကြီးတွေ ပြောသံ ဘွားဘွား ငယ်ငယ်က အမြဲ ကြားရတတ်သည်။

အဖေက သမီးအပေါ် အမှန်တကယ်ချစ်ပါသည်ဆိုတာ ဘွားဘွားကိုယ်တိုင် သိခဲ့ရပြီး ဘွားဘွားကလည်း ကျေးဇူးရှင် အဖေ့ကို ချစ်ခဲ့ရတာ မှန်သော်လည်း အဖေ့ အပေါ် ဘွားဘွား အမုန်းစိတ် မွေးနေခဲ့ရခြင်းကတော့ ရှင်ကွဲ ကွဲသွားကြရပြီးနောက် ဘယ်တော့မှ ပြန်လည် မတွေ့နိုင်ကြတော့သည်နှင့်အညီ မုန်းစရာ၊ နာစရာတွေကို ရှာတွေးရသည်က စိတ်ထဲ သက်သာမည်ထင်ခြင်းကြောင့် ဖြစ်လေမလား မသိ။

စစ်ပြေးဘဝနှင့် ဘွားဘွားတို့ အိန္ဒိယနိုင်ငံမှာ ရှိစဉ် အဖေ့ကို မှတ်မှတ်ရရ သတိရစရာ ဖြစ်ရဘူးသည်။

ဆန်တာခရုဇ် မြို့ကလေးရှိ 'ဖလိုရာ' အဆောက်အအုံမှာ နေစဉ် ဘွားဘွားတို့နှင့်အတူ အိမ်ငှား နေကြသော အပေါ်ထပ်မှ ဂိုအာနီးစ်လူမျိုး အိမ်ထောင်စုနှင့် သိကျွမ်း ရင်းနှီးခဲ့ကြသည်။ မိဘမျိုးရိုး မေးမြန်းရာက ဘွားဘွား၏ ဖခင် ဖြစ်သူအကြောင်း စကားစ ပေါ်သည်။



ဘွားဘွား၏ဖခင်မှာ ပင်စင်ယူပြီး မိုးကုတ်မှာ အခြေ ကျနေခဲ့သည်။ ထို့နောက် အိန္ဒိယနိုင်ငံ မိုင်ဆိုပြည်နယ်ရှိ ဘန်ဂလို မြို့ကလေးမှာ လာနေသည်။ အင်္ဂလန်သို့လည်း မပြန်တော့ပဲ ဘန်ဂလိုမြို့မှာပင် ခြံမြေအိမ်ရာ ဝယ်ပြီး အိန္ဒိယ တိုင်းရင်းသား တပည့်တဦးနှင့်အတူ အတည်တကျ အနားယူ နေထိုင်လျက် ယခုတိုင် ရှိကြောင်း၊ မျက်စိ အနည်းငယ် မကောင်းကြောင်း အတိအကျ ပြောပြကြသည်။

ထိုစဉ်က ဘွားဘွား အသက် ၄၃–နှစ်ခန့် ရှိပြီ ဖြစ်ရာ ဘွားဘွား အသက် ၈–နှစ်ခန့်က အဖေနှင့်ကွဲကွာသွားတော့ အဖေ့ အသက်မှာ အနည်းဆုံး ၇၁–နှစ် ကျော်ရောပေါ့။ အဖေနှင့်သမီး မတွေ့ကြရသည်မှာ နှစ်ပေါင်း ၃၅–နှစ် ကျော်ပေပြီ။ သမီးကို ပြန်တွေ့လို့ ဘယ်လိုမှ မှတ်မိနိုင်တော့မည် မဟုတ်။ ပြောပြမှပဲ၊ ပို သေချာ အောင် လက်ယာဘက် ဒူးကောက်ကွေးက ဒဏ်ရာအမာရွတ်ကြီးကို ပြလိုက်တော့မှပဲ အဖေ မှတ်မိ သိရှိနိုင်တော့မည်။

ဘယ်နည်းနှင့်မဆို နှစ်ပေါင်း ရှည်ကြာစွာ ကွဲကွာနေခဲ့သည့် သမီးဖြစ်သူကို သည်လိုအချိန်၊ သည်လိုနေရာမျိုးမှာ မမျှော်လင့်ပဲ အဖေပြန်လို့ တွေ့ရလျှင် မဖော်ပြနိုင်လောက်အောင် ပျော်ရွှင် ဝမ်းသာလိမ့်မည်ဟု ဘွားဘွား ယုံကြည်သည်။

အမေနှင့် ရုပ်ချင်း ချွတ်စွပ် တူလှပါသည် ဆိုသော၊ အလွန်ချောမော ခန့်ညားလှပါသည်ဆိုသော အဘိုးဖြစ်သူ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ကြီးကို မြေး ဖြစ်သူကလည်း တွေ့မြင်လိုလှသည်။ "ပါပါက သူ့မြေးကို မြင်ရယင် ကျွန်မကို တွေ့ရတာ ထက်တောင် ဝမ်းသာမယ်လားမသိဘူး" ဟု ဘွားဘွားက မျှော်လင့်သည်။ ဘိုးဘိုးကလည်း မိသားစုသုံးဦး ဘန်ဂလို မြို့ကလေးသို့ လိုက်သွားကာ ဘွားဘွား၏ ဖခင်ဖြစ်သူနှင့် တွေ့ဆုံရန် ဘွားဘွားကိုတိုက်တွန်းသည်။

သို့သော် သွားရောက် မတွေ့တော့ဘူးဟု ဘွားဘွား ဆုံးဖြတ်ချက်ချလိုက်သည်။

အမေ့ကြောင့် အမေတယောက် အသက်ငယ်ငယ်နှင့် အိမ်ထောင်ပျက်ကာ စိတ်လေလွင့်ခဲ့ရပုံ၊ ဖဲသမား လုံးလုံး ဖြစ်သွားရပုံများကို မြင်ယောင်လာမိသည်။ မိမိမှာ မသိ နားမလည်သည့် ကလေးအရွယ်၊ အမေရှိရာဖဲဝိုင်းတကာသို့ လိုက်သွားခဲ့ရသည့်အဖြစ်များကို သတိရသည်။ အမေ၏ညီမ တွေ ပြောပြနားထောင်းဘူးသည့်၊ အမေ့ကို အမုန်းတရား ပွားစေမည့် အတင်း စကားတွေကို ကြားယောင် မိပြန် သည်။ ပြီးတော့ အမေအသက် ၄၀–အရွယ် စောစီးစွာ သေဆုံးခဲ့ရပုံတွေကို တသီတတန်းကြီး မြင်ယောင်သတိရလာ သည်။

'တွေ့ယင်တော့ကော ဘာထူးအုံးမှာလဲလေ....'ဟု စိတ် လျှော့လိုက်ကာ သွားမတွေ့တော့ပေ။ မတွေ့တော့ဘူးဟု ဆုံးဖြတ်လိုက်ပြီးမှ မျက်ရည်တွေ ကျရပြန်သေးသည်။



သည်လိုစိတ်ဓာတ်မျိုး ရှိတတ်သူတွေမှာ စွဲလမ်း ထိခိုက် တ်ဓာတ်ကျသည့် ရောဂါဝေဒနာ စွဲကပ်လာလျှင် ပို၍ပင် ည်ကြာ ခံစားနေတတ်သလား မသိ။ ထိုဝေဒနာမျိုး ားဘွားထံ အစပျိုး စွဲကပ်လာခဲ့သည်မှာ အမေနှင့်ငွေး လေး သေဆုံးစဉ်ကပဲ စတင်ခဲ့သည် ဆိုရတော့မည်။

ဘွားဘွားတို့ ဖျာပုံမှ ရန်ကုန်သို့ ပြောင်းလာတော့ န်းဆိုးတန်း ဝါလီမာမက်တိုက်ခန်းမှာ အမေကဘွားဘွား တို့နှင့် လာနေသည်။

အမေမှာ အသက်၃၀–ကျော်လာကတည်းကပဲ ချုံချာ ခဲ့သည်။ ကျန်းမာရေး ချို့တဲ့သည်။ တမျိုးမဟုတ် တမျိုး အမြဲ တရှောင်ရှောင်နှင့် နေမကောင်း ဖြစ်နေတတ်သည်။

သည်လိုနှင့် ဘွားဘွား အသက် ၂၄–နှစ်အရွယ်၊ အမေ့ အသက် ၄၀–မှာ အသားဝါရောဂါနှင့် အမေကွယ်လွန်ခဲ့ သည်။

ထိုစဉ်ကတော့ အသားဝါ အသည်းရောင်ရောဂါဆိုတာ ခုခေတ်မှာလို လူသိမများ၊ ခေတ်မစားလှ။ ဘာရောဂါ န်းတောင် ကောင်းစွာမသိနိုင်ကြ။ အမေ ကိုယ်တိုင်က ည်း သူခံစားရသည်ကို ဆရာဝန်အား ရေရေလည်လည် ပြောပြတတ်။ အမေဆိုတာကတော့ ပေါ့ပေါ့နေ၊ ပေါ့ပေါ့ ား ထဲက၊ ကိုယ့်ကျန်းမာရေး ကိုယ်ဂရုမစိုက်၊ အင်္ဂလိပ် ဆေးစားရမှာလည်း အလွန်ကြောက်သည်။

ရောဂါအတော်ကျွမ်းတော့မှ အမေ့ကို ဆေးရုံကြီး တင်ပြီး ကုသ ရသည်။ ဘိုးဘိုး၏ မျက်နှာနှင့် ဆရာဝန်

www.burmeseclassic.com



ဆရာမတွေက ဂရုတစိုက် ကုသ ကြည့်ရှုကြသော်လည်း အခြေအနေ မထူး။

သည်အထဲ အမေက ဆရာဝန်တွေ ပေးသည့် ဆေးကို မှန်မှန် မစား၊ သူ့အသက် ၄၀-အဝင်၊ သူ့မွေးရက် မလွန်မီ ကွယ်လွန်မည်ဆိုတာ ကျိန်းသေ တွက်ဆ ယုံကြည်ထားသည်။ ဆေးရုံကြီးမှာ ကြာရှည်မနေချင်။

တနေ့မှာ "ဖွားသစ်ရယ်....အမေဒီမှာနေရတာ ရောဂါ သက်သာတယ် မရှိဘူး၊ ဒီမှာဆက်နေယင် အမေ့ရောဂါ ပိုပြီးဆိုးလိမ့်မယ်။ အမေ ဒီမှာ မနေချင်တော့ဘူး၊ မထူးတော့ပါဘူးကွယ်၊ အိမ်ကိုပဲ ပြောင်းနေချင် တော့တယ်။ အမေ တောင်းပန်ပါရစေ သမီးရယ်....။ အမေ့ကို အိမ်ပဲ ပြန်ခေါ်သွားပါ။ အိမ်မှာပဲ ငါ့သမီးလက်ပေါ်မှာ အမေ သေချင်တယ်...." ဟု ပြောကာ သမီးကိုဖက်၍ အမေငိုသည်။

နောက်ဆုံးတော့ အမေ့ စိတ်ချမ်းသာမှု အတွက် လိုက်လျောလိုက်ရကာ အမေ့ကိုဆေးရုံကြီးမှ အိမ်သို့ပြောင်း ယူသည်။ အိမ်မှာပဲ ဆရာဝန်ခေါ်ပင့်၍ ဆက်လက်ကုသသည်။ သည်လိုနှင့် ဆေးရုံမှအိမ်သို့ရောက်ပြီး ရက်သတ္တပတ် တပတ်ခန့်အကြာ တကိုယ်လုံး ဖောရောင်လာကာ အမေ ကွယ်လွန်သွားသည်။

ဘွားဘွား၏ဘဝတွင် ပထမဦးဆုံးအကြိမ် ကြီးစွာသော ဆုံးရှုံး ပူဆွေးရခြင်းပဲဖြစ်သည်။



အမေကွယ်လွန်သွားတော့ ဘွားဘွားမှာ မနေတတ် မထိုင်တတ် ဖြစ်ကျန်ရစ်ရသည်။ အမေရှိစဉ်ကတော့ ဘိုးဘိုး ရုံးသွား၊ သားဖြစ်သူက ကျောင်း သွား ပေ မယ့်၊ ဘွားဘွားအဖို့ အမေနှင့် အတူနေယင်း အိမ်မှုကိစ္စအဝဝ လုပ်ကိုင်ကာ အချိန်ကုန်လွန်ရသည်။

အမေ မရှိတော့ တနေ့တနေ့ကို အချိန်တွေ ဘယ်လိုကုန် လွန်ရပါ့ မလဲဆိုတာ ဘွားဘွားမတွေးတတ်။ ခါတိုင်းပြုလုပ် နေကျ အိမ်မှုကိစ္စများကိုလည်း လုပ်လိုစိတ် မရှိသလောက် ဖြစ်ရသည်။

ဘိုးဘိုးက နံနက်၉-နာရီကျော်ကတည်းက သူ့ရုံးခန်းကို သွားသည်။ ရုံးကိစ္စပြီးပြန်တော့ ကလပ်တွေ၊ အသင်းတိုက် တွေမှာ မိတ်ဆွေ အပေါင်းအသင်းများနှင့် အချိန်ကုန် ဆတ်ပြီး ညဉ့်နက်မိုးချုပ်မှ အိမ်ပြန်ရောက်သည်။ သားဖြစ်သူ ကလည်း တနေ့လုံးကျောင်းတက်နေပြီး ညနေဘက်မှ အိမ်ပြန် ရောက်သည်။ အိမ်မှာ နေလှုသည်မရှိ။ မောင်ခိုင်လမ်းရှိ ဦးလေး၏တိုက်ခန်းမှာ အိပ်သည်ကများသည်။

ချက်ချိန် ပြုတ်ချိန်ကလွဲပြီး အိမ် ဖော် မိန်းက လေး နှစ်ယောက်မှာလည်း ကိုယ့်နေရာနှင့်ကိုယ် နေတတ်ကြတော့ ဘွားဘွား တ ယောက် တည်း နေရသည်က များသည်။ တကိုယ်ထီးတည်းနေနေရတော့ စိတ်အတွေးပိုပြီးပျံ့လွင့်ခွင့် ရသည်။ အဖေ့အကြောင်း၊ အမေ့အကြောင်း၊ စိတ်မကောင်း ရာ အကြောင်းတွေကိုပဲ တဝဲလည်လည်တွေးနေတတ်သည်။ အမြဲတမ်းဝမ်းနည်းအားငယ်စိတ် ဖြစ်နေရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



သားဖြစ်သူက မကြာခဏဆို သလိုပင် "အိမ်မှာ ကျွန်တော်နဲ့ အတူကစားဖို့ ညီညီလေး မွေးပေးပါ...." ဟု အမေ့ဆီမှာ ပူစာတောင်းဆိုတတ်သည်။ အမေကလည်း တဦးတည်းသော သားကို မွေးပြီး၊ သည်သားအတွက် ညီညီလေးရော၊ ညီမလေးရော တဦးတယောက်မှ ထပ်မံ မမွေးပေးနိုင်တော့။

ဘိုးဘိုးက သည်အဖြစ်ကို သိမြင်လာသည်။ ဘွားဘွား၏ လပ်ဟာနေသောရင်၊ အထီးတည်းနေရသော အချိန်ကာလ များကို ကွက်လပ်ဖြည့်စွက်ရန် ကလေးတယောက် မွေးစား ချင်သလားဟု ဘိုးဘိုးက ဘွားဘွားကိုမေးသည်။

ထို့ကြောင့် ငချွေးလေးမှာ ဘွားဘွားတို့အိမ်သို့ ရောက် လာခဲ့ရသည်။ ပဲခူးဘက်မှ ဘိုးဘိုး၏အမှုသည်တဦး အဆက် အသွယ်နှင့် ဒပ်ဖရင် ဆေးရုံကြီးမှာ လာမွေးသော ဖအေ မပေါ်သည့်၊ မိခင်က အလိုမရှိနိုင်သော ခုနစ်ရက်သားအရွယ် ယောကျ်ားကလေးတဦးကို အမွေစား အမွေခံအဖြစ် ဘိုးဘိုး ဘွားဘွားတို့ မွေးစားခဲ့ကြသည်။

မွေးစားသားသာ ဆိုသော်လည်း ကိုယ့်ဝမ်းမှာလွယ်ပြီး မွေးထုတ်လိုက်ရသည့် သားအရင်းပမာ ဘိုးဘိုး ဘွားဘွား တို့သည်ကလေးကို တုန်နေအောင် ချစ်ခဲ့ကြသည်။

ကလေးလေး ကလည်း အလွန် ချစ်စရာကောင်းသည်။ ဘယ်သူ့ဘက်က ပါလာသည့် ဗိုလ်သွေးမှန်းတော့ မသိရ။ မျက်လုံးလေးများ ပြာလဲ့ကာ ဆံပင်လေးများ နီတွေး လိမ်ကောက်နေသည်။ အသားလေးဆိုသည်မှာ ပေါက်က



မလား ထင်ရလောက်အောင် ဖြူနုနေသည်။ လည်ရစ် သုံးရစ် ပေါ်လွင်ထင်ရှားကာ မြင်ရသူ မချစ်ချင်ပဲမနေ နိုင်အောင် ကလေးရုပ်အဆင်းက တင့်တယ်သားနား၏။

ကလေးကို ဘိုးဘိုးနှင့်ဘွားဘွား အကြားမှာ ထား သိပ်သည်။ သားဖြစ်သူကို မွေးဖွားစဉ်ကတောင် ကလေး ထိန်း အာရားမ မထားခဲ့။ ငချွေးလေး ရောက်လာတော့ အာရားမ တစ်ယောက် ငှားရသည်။ သို့သော် လည်း ကလေးကို ရေချိုးရာကအစ ဘွားဘွားကိုယ်တိုင် ချိုးပေး ရမှ ကျေနပ်နိုင်သည်။ အာရားမမှာ ဘွားဘွားကို အကူ သဘောမျှသာ ဖြစ်သည်။

ဘွားဘွားတို့အိမ်ကို ငချွေးလေး ရောက်လာတော့ ဘိုးဘိုး ဘွားဘွားတို့ အဖို့ ဘဝ တမျိုးသစ်လာခဲ့သည်ဟု ပြောရမည်။ အထူးသဖြင့် ဘွားဘွားအဖို့ တနေ့တာ အချိန် တာလများကို ကလေး၏ ဝေယျာဝစ္စများနှင့်သာ ကုန် လွန်စေရသည်။ ဟိုစဉ်ကလို တကိုယ်ထီးတည်း တွေးချင် ရာ တွေးဖို့ အချိန် မရနိုင်တော့။ ဘိုးဘိုးမှာလည်း ရုံးက ဆင်းခဲ့ပြီး ဟိုစဉ်ကလို ကလပ်တွေမှာ ညဥ့်နက် အောင် မနေနိုင်ခဲ့တော့။

သားဖြစ်သူပင် ကျောင်းတက်ချိန်ကလွဲလို့ အိမ်မှာပဲ ငချွေးလေးနှင့် အချိန်ကုန်တတ်သည်။ ခါတိုင်းလို ကစား ဖော် အပေါင်းအသင်းများနှင့် တိုက်အောက် ဆင်းလို့ တောင် မကစားဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



သူ့ညီညီလေး၏ ဖြီးသင်မရနိုင်သေးသည့် ဆံပင်နီထွေးထွေးလေးများကို ဘီးနှင့် မရမက ဗိုလ်ကော ခွဲပေးသည်။ ဘွားဘွားက "ကလေးဟာ ငယ်သေးတယ်၊ ငယ်ထိပ်ပေါက်သွားမယ်နော်၊ ဘီးကြီးနဲ့ ဖြီးမနေနဲ့...."ဟု မီးဖိုချောင်ထဲမှ လှမ်းအော်ရသည်။

ဖခင်ဖြစ်သူ၏ ကော့စမတ်တစ်ဗူးကို တိတ်တဆိတ် သွားယူကာ လူကြီးတွေအလစ်မှာ ကလေးဆံပင်ကို လိမ်းပေးသည်။ ကိုယ်တိုင် သနပ်ခါး သွေးပြီး ကလေးကို လိမ်းပေးသည်။ ကံလေး အိပ်နေလျှင်လည်း ယပ်တောင်တစ်ချောင်းနှင့် အနားက ထိုင်ပြီး ခြင်ယင် ယပ်မောင်းပေးသည်။ လူကြီးတွေလစ်ယင် လစ်သလို ကလေးကို မနိုင့်တနိုင် ချီပိုး ထိန်းကျောင်းတတ်သည်။ မုန့်စား ဆင်းချိန် ကျောင်းမှ အိမ်သို့ ဓာတ်ရထားနှင့် ပြန်ပြန် လာကာ ကလေးအနားမှာ တရစ်ဝဲဝဲ လုပ်နေတတ်၍ ကြိမ်းမောင်းကာ ကျောင်းသို့ ပြန်လွှတ်ရသည်။

ငခွေးလေးကလည်း အရွယ်နှင့် မလိုက်အောင် တတ်သိနားလည်၏။ လွှတ်မည့်ငါးမို့ ကြီးလေသည်လား မပြောတတ်။

တခါတရံ ဘွားဘွားက ဟန်ဆောင်ကာ မျက်နှာထား မျက်နှာထားနှင့် "ဒီကောင်လေး ရောက်လာလို့ တို့တအိမ်သားလုံး အလုပ်ရှုပ်ကြရတယ်။ တရက်လုံး အနားကို မခွာဘူး"ဟုဆိုလျှင် ကလေးက မျက်နှာလေး မဲ့လာကာ ငိုမလိုလုပ်သည်။



ဘွားဘွားက ပွေ့ချီပြီးရင်မှာအပ်ကာ "ငါ့သားကြီးက သိပ်လိမ်မာတာပဲ မယ်လှရေ....။ မေမေ့ကို ဘာတခုမှ မပူဆာဘူး။ ဒါ့ကြောင့် မေမေ့မှာ ချစ်လိုက်ရတာ...."ဟု ပြောပြီး ပါးကလေးကို နမ်းမွှေးလိုက်ယင်တော့ လက်ကလေးများနှင့် ဘွားဘွား၏ပါးပြင်ကို ကုတ်ခြစ်ကျီစယ်ကာ နားလည်သလို အသံကလေးများပင် ထွက်လျက် ပြုံးရွှင်ရယ်မောတတ်သည်။ အနီးမှ ဘိုးဘိုးက သားအမိနှစ်ဦးကို ပီတိပြုံးဖြင့် ကြည့်နေတတ်သည်။

သို့သော် မမြင်သာသော ကံကြမ္မာသည် ဤပျော်ရွှင်ဖွယ် မိသားစုလေး၏ ချမ်းမြေ့ရိပ်မြုံကို တဖုံတနည်း ဖြိုခွဲပစ်ရန် အကြံပေါ်ဟန် တူ၏။

ငခွေးလေးမှာ ဆေးရုံမှ အိမ်သို့ ယူလာကတည်းက နေကောင်းတယ်ရယ်လို့ သိပ်မရှိ။ ရင်ပတ်ကလေး ပိန်ရှပ်ကာ ဗိုက်က ပူဖောင်းလျက် ရှိသည်။ အသက်ရှူသံပြင်းကာ အမြဲ မောနေပုံ ရသည်။ နို့ဗူး စို့ပြီးတိုင်းလိုလို အန်ပစ်တတ်သည်။ ထိုခေတ်က ကလေး အထူးကုဆရာဝန်အဖြစ် ကျော်ကြားသော အိန္ဒိယအမျိုးသား ဒေါက်တာ ချာကိုကို အမြဲ ခေါ်ပြီး ကုရသည်။

သို့သော်လည်း ကံကြမ္မာကို ဘယ်သူမှ ဟန့်တား နှောင့်ယှက်ပိုင်ခွင့် မရှိ။

ဖအေ မပေါ်ပဲ မွေးခဲ့ရပြီး အမေက စွန့်ပစ်လိုက်ရသည်လို့ မွေးစားမိဘ ရင်ခွင်မျိုး ရောက်ခဲ့ရသော်မှ ကလေးအဖို့ အေးငြိမ်းချမ်းသာခွင့် မရနိုင်ခဲ့။ တနေ့တခြားသာ

www.burmeseclassic.com

www.burmeseclassic.com



ရောဂါပြင်းထန်လာခဲ့သည်။ ကလေးကိုယ်ဝန်ရှိစဉ်က မိခင်ဖြစ်သူမှာ သန္ဓေဖျက်ဆေးများ စားခဲ့သောကြောင့် မိခင်ဝမ်းထဲ ရှိနေစဉ်ကပင် ကလေးမှာ ရောဂါရလာသည်ဟု ဆရာဝန်က ပြောပြသည်။

မကွယ်လွန်မီ သုံးရက်လောက် အလိုမှာတော့ တကိုယ်လုံး အကြောဆွဲကာ မျက်စိ နှစ်လုံးစလုံး ကျောက်ခဲပြီး မျက်စိပျက်သွားဟန် ထင်ရသည်။ ဝေဒနာ ခံစားရသည်မှာ အသက်အရွယ်လေးနှင့် မလိုက်အောင် ပြင်းထန်လွန်းလှ၍ မကြည့်ရက်နိုင်ကြတော့သောကြောင့် မြန်မြန် အသက်ကုန်ပါစေတော့ဟု မတောင်းသင့်သော ဆုကို တောင်းကြသည်။

သည်လိုနှင့် သုံးရက်ခန့် ဝေဒနာအပြင်းအထန်ခံစားပြီး အသက် ခြောက်လနှင့် လေးရက်သား အရွယ်တွင် ငခွေးလေး သေဆုံးသွားသည်။

ဘွားဘွားမှာ မေ့မြောမတတ် ငိုကြွေးခဲ့သည်။ ဘိုးဘိုး သည်ပင် ယောကျ်ားတန်မဲ့ လူရှေ့ သူရှေ့ မရှောင်နိုင်၊ မျက်ရည် မဆည်နိုင်ခဲ့။

ငခွေးလေး အသုဘချမည့်နေ့က လာရောက်သူ မိတ်ဆွေသင်္ဂဟထဲမှ အချို့က "ကလေးပဲ၊ ထင်းရှူး သေတ္တာနဲ့ ထည့်ပြီး သင်္ဂြိုဟ်လိုက် ပြီးတာပဲ"ဟု ပြောကြသည်။

ဘွားဘွား ရင်ထဲ ဆို့သွားသည်။ ငိုရှိုက် နေရာက "ကျွန်မသားကို ထင်းရှူးသေတ္တာထဲ မထည့်ရက်ပါဘူးရှင်



နောက်ဆုံး အနေနဲ့ ကျကျနန သင်္ဂြိုဟ်လိုက်မယ်...." ဟု ပြောသည်။

အာရှားမနှင့် ဒရိုင်ဘာကို ကားနှင့်လွှတ်ကာ ငခွေးလေး အတွက် လှပခန့်ညားသော မှန်ခေါင်းကို ဝယ်စေသည်။ ကလေး အလောင်းကို ဘွားဘွားကိုယ်တိုင် ရေချိုးပေးပြီး အဝတ်အစားသစ် ကလေးများ ဝတ်ဆင် ပေးသည်။ တစ်ခါဇင် မကသော ငခွေးလေးအတွက် ဝယ်ထားသည့် အင်္ကျီ ဘောင်းဘီ အသစ်ကလေးများကို အထပ်လိုက် ခေါင်းထဲမှာ ထည့်ပေးသည်။

သေခြင်းတရား ဆိုသည်ကို ကောင်းစွာ နားမလည်သေးဟန် တူသည့် သားဖြစ်သူက မလှုပ်ရှားတော့သော ငခွေးလေး၏ ခေါင်းမှ လိမ်ရှုပ်နေသော ဆံပင်ကလေး များကို သေသေသပ်သပ် ဖိုလ်ကေ ခွဲပေးနေသည်ကို မြင်ရသူများအဖို့ စိတ်ထိခိုက်ဖွယ် ဖြစ်စေတော့သည်။

ကလေးအလောင်းကို ခေါင်းထဲ ထည့်ကာနီးမှာတော့ "ကျွန်မ သားကို ဝအောင် ကြည့်ပါရစေအုံးရှင်...." ဟု တောင်းပန်ကာ အေးစက် တောင့်တင်း နေပြီ ဖြစ်သော ငခွေးလေး၏ ခြေလက်များကို ဘွားဘွားလက်နှင့်ဆုပ်ညှစ်ကာ ပါးပြင်နှင့် ဖိကပ် ထားသည်။ ခေါင်း ထဲ ထည့် ရန် အချိန်သင့်ပြီဖြစ်ကြောင်း သတိပေးကြတော့ ဘွားဘွားက ကလေး၏ လက်ကလေးများကိုမလွှတ်ပဲ "အမေ့ကိုတခါ ထဲ သားနဲ့အတူ ခေါ်သွားပါတော့လား သားရယ်...."ဟု

www.burmeseclassic.com

www.burmeseclassic.com



မြည်တမ်း ငိုကြွေးသည်။ ဘိုးဘိုးက ဖျောင်းဖျ ချော့မော့ကာ ဆွဲခေါ်ထားလိုက်ရသည်။

ငခွေးလေးကြောင့် ပူပန်ရသော ပရိဒေ၀မီးအရှိန်သည် လေး ငါး နှစ်ကြာအောင် ဘွားဘွား၏ရင်ကို လောင်မြိုက်ကျွမ်း မြေ့ စေခဲ့သည်။ ပါးလှပ်ပိန်သွယ်သော ခန္ဓာကိုယ် ဖြစ်ကျန်ရစ်စေသည်။

ငခွေးလေး သေဆုံးစက ဆိုလျှင် တအိမ်သားလုံးမှာ မနေတတ်မထိုင်တတ် ဖြစ်ကြရသည်။ အထူးသဖြင့် ဘွားဘွား အဖို့ အနေခက်စေခဲ့သည်။ ဘာလုပ်ရ ဘာကိုင်ရမှန်းမသိ၊ ယောင်တောင်တောင်နှင့် ဘာတခုကိုမျှ စိတ်ဝင်စားခြင်း မရှိပဲ စိတ်ပေါ့လက်ပေါ့ ငေးငိုင်လျက်သာ အချိန်ကုန်ရတတ်သည်။

ဘိုးဘိုးက ဘွားဘွားအဖြစ်ကို ကြည့်ကာ မရဲတရဲနှင့် "ကလေးတယောက်နောက်ထပ်မွေးစားချင်သေးသလား" ဟု မေးတော့ ဘွားဘွားက ချက်ချင်းဖြေ၏။

"တော်ပါပြီ ကိုဘမှိုရယ်....၊ နောက်တယောက်ထပ်မွေးလို့ သည်လိုအဖြစ်မျိုးနဲ့ ကြုံခဲ့ရယင် ကျွန်မ အသက် ပါ ပါသွားလိမ့်မယ်"

ငခွေးလေး သေဆုံးစဉ်က ခံစားခဲ့ရသည့် ဝေဒနာနှင့် ပတ်သက်၍ ဘွားဘွား အမြဲပြောနေတတ်သည်။

"တကယ်ပါပဲရှင်....၊ အမေဆုံးတော့ ပူဆွေးရတယ်ဆိုတောင် ကျွန်မစိတ်ထဲ ဒီလောက် မထိခိုက်ခဲ့ဘူး....၊ ငခွေးလေးဆုံးတော့ ကျွန်မလေ.... ဘယ်လို ခံစားရတယ်ဆိုတာ



ပြောမပြတတ်တော့ဘူး၊ ခြောက်လသားလေးအရွယ်နဲ့ မမျှော်အောင် ဝေဒနာ အပြင်းအထန် ခံစားနေရပြီး အသက်မထွက်နိုင်ပဲ ဆန့်တငင်ငင်နဲ့အကြောဆွဲနေပုံကို ခုထိ ကျွန်မ မျက်စိထဲ မြင်ယောင်နေတုန်းပဲ။ သိပ် သနားစရာကောင်းတာပဲ....။ အင်း....ငခွေးလေးသာ အသက်ရှင်နေမယ်ဆိုယင် ခုအချိန်မှာ အိမ်ထောင်ရက်သား ကျနေပြီပေါ့...." ဟု ပြောကာ တဘက်သို့လှည့်၍ မျက်ရည်လည်တတ်သည်။

ဒုတိယကမ္ဘာစစ်ကြီးဖြစ်ပြီး ဂျပန်လေတပ်မှ ရန်ကုန်မြို့ကြီးကို ဗုံးကြဲခဲ့သည့် အဖြစ်များသည်လည်း ဘွားဘွား၏ စိတ်ကို အထူး တုန်လှုပ် ချောက်ချားစေခဲ့ပြန်သည်။

ရန်ကုန် ဆိပ်ကမ်းပတ်ဝန်းကျင် နှင့် ကမ်းနားလမ်း တလျှောက်ကို ဂျပန်လေယာဉ်များ ဗုံးကြဲ၊ စက်သေနတ်ပစ် နေသည်ကို လတ္တာလမ်းအိမ် ဧည့်ခန်းဆောင်မှ လှမ်း၍ ဘွားဘွား မြင်တွေ့ နေရသည်။ မီးလောင်ဗုံး ကြဲ ချ၍ ဗိုလ်တထောင်ဘက်ဆိတွင် မီးခိုးလုံးကြီးများ မည်းနက်ပိတ်မှောင်ကာ ကောင်းကင်သို့ အလိပ်လိပ်တက်နေသည်ကိုလည်း မြင်ရသည်။

ကမ်းနားလမ်းတလျှောက်တွင် ဆိပ်ကမ်းအလုပ်သမားကော်ရင်ဂျီများနှင့် ကုလားကူလီပေါင်း များစွာမှာ မထင်မှတ်ပဲ ဂျပန်လေတပ်၏ စက်သေနတ်ပစ်ခြင်းကို ခံရသည်။ ကမ်းနားလမ်းတလျှောက် မမြင်ဝံ့ မကြည့်ရက်စရာ ကုလားလူမျိုးများ ထောင်နှင့်ချီ၍ အလောင်းချင်းထပ် သေကြေပျက်စီးကြရသည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှတို့၏ လေတပ်ခွဲနှစ်ခု (အင်္ဂလိပ် 'ဘုရင့်လေတပ်မတော်' R.A.F. နှင့် မကွေးမှ မင်္ဂလာဒုံသို့ ပြောင်းရွှေ့ထားသည့် 'အမေရိကန် ဘော်လံတီယာတပ်ခွဲ' A.V.G.) မှ လေယာဉ်ပျံများနှင့် ဂျပန်လေတပ်မှ လေယာဉ်ပျံများ ရန်ကုန်မြို့၏ ကောင်းကင်တွင် တိုက်ပွဲဖြစ်ရာ မဟာမိတ်များဘက်ကလား၊ ရန်သူဘက်ကလား မခန့်မှန်းနိုင်သော တိုက်လေယာဉ် အများအပြား မီးလောင် ပျက်စီးကာ မြေပြင်သို့ ထိုးစိုက် ကျဆင်းသွားကြသည်ကို ဘွားဘွားတို့ လှမ်းမြင်နေရသည်။

မီးလောင်ပျက်ဈလာသည့် လေယာဉ်တစင်းမှ လွင့်စဉ်လာသော ဦးခေါင်းမရှိတော့သည့် လေသူရဲတဦး၏ ခန္ဓာကိုယ်ကြီးမှာ ဘွားဘွားတို့လမ်းထဲသို့ ထိုးကျလာသည်ကိုလည်း ထိတ်လန့်ချောက်ချားဖွယ် မြင်လိုက်ရသည်။

သည်လို တသက်နှင့်တကိုယ် မမြင်မတွေ့ဘူးခဲ့သည့် အနိဋ္ဌာရုံများကို မြင်တွေ့ရပြီးနောက်၊ နှစ်ပေါင်း ၂၀–ကျော်မျှ စုဆောင်း ထိန်းသိမ်းလာခဲ့သည့် အိမ်ထောင်ပရိဘောဂ ပစ္စည်း ပစ္စယများနှင့် အိမ်ရာကို စွန့်ပစ် ထားခဲ့ရကာ ရည်ရွယ်ချက်မရှိ၊ အမည်မသိသောအရပ်သို့ အသက်လုကာ မိသားတစု ပြေးခဲ့ကြရသည်။

စစ်ပြေးဘဝနှင့် ရန်ကုန်မှရှမ်းပြည်မြောက်ပိုင်း တရုတ်–မြန်မာ နယ်စပ်ရောက်သည်အထိ တထိတ်ထိတ်တလန့်လန့်နှင့် နေကြရသည်။ ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်း၏အစီအစဉ်အရ တရုတ်ပြည်သို့ လိုက်ရမည်ဆိုပြန်တော့ ဘွားဘွားမှာ



အလွန်စိတ်ပျက်အားငယ်သွားရသည်။ မလိုက်ချင်၍ကျန်နေရစ်လို့လည်းမဖြစ်။ ဂျပန်များက ဖဝါးခြေထပ် နောက်မှ ကပ်၍ စစ်အင်အားဖိတက် လိုက်ပါလာကြသည်။

တရုတ်–မြန်မာနယ်စပ် ဝမ်တိမ်မှအထွက် လူပေါင်းစုံ ပြည့်လျှံ ကျပ်သိပ် စီးလိုက်သွားကြသည့် ဘတ်(စ)ကား၊ ဂျစ်၊ လော်လီ၊ ထရပ်၊ ဆလွန်းကားပေါင်း များစွာမှာ လမ်းမကြီးတလျှောက် ဆို့ပိတ် ကျပ်ခဲ နေတော့သည်။ နောက်ကျောမှ ကပ်ဖိပါလာသည့်ဂျပန့်ရန်ကိုကြောက်အားလန့်အားနှင့် ရှေ့သို့သာ အလောတကြီး စွတ်သွားလိုကြသည့် စစ်ပြေးဒုက္ခသည် တသီတတန်းကြီးကို ဘွားဘွားမြင်ရတော့ တခါတရံ ရုပ်ရှင်ထဲတွင် မြင်တွေ့ဘူးသည့်မြင်ကွင်းမျိုးကို သွားသတိရမိသည်။ အိပ်မက် မက်နေတာလား၊ အမှန်တကယ်မှ ဟုတ်ပါရဲ့လားဟု အခိုက်အတန့်တွေဝေရပြန်သည်။

အချို့မှာ အဝတ်တထည် ကိုယ်တခုနှင့် ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ပြီး ကြမ်းတမ်းလှသော ခရီးလမ်းတလျှောက် ခြေလျင်လျှောက်ကြရသည်။ 'သူများယောင်လို့ ပေါင်ရတယ်၊ အမောင် တောင်မှန်း မြောက်မှန်းမသိ' ဆိုသကဲ့သို့ တချို့လူများမှာ ဂျပန်တို့ ရန်ဘေးမှ ကင်းဝေးစေရန် အတွက်သာ အများနှင့် ရောနှောကာ၊ သူများ နည်းတူ ပြေးလာခဲ့ကြသည်။ ဘယ်သွားရမှန်း၊ ဘယ်ပြေးရမှန်း၊ ဘယ်ရောက်နေမှန်း၊ ဘယ်မှာ နားခိုရမှန်းမသိ၊ ရည်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



မျှော်မှန်းချက် လုံးဝမရှိ၊ ပန်းတိုင်မရှိသော ခရီးလမ်းကို လျှောက်နေကြရ သကဲ့သို့ပင်။

တချို့ ဒုက္ခသည်များမှာ ဘွားဘွားတို့ကားပေါ်မှစွန့်ပစ် လိုက်သည့် စားကြွင်း စားကျန် များကို အလု အယက် ဝိုင်းကောက် လုစားကြသည်။ လမ်းနံဘေးတလျှောက်မှာ တွေ့ရသည့် မသန့်ရှင်းသောသစ်ရွက်ပုပ်များ ကျနေသည့် စမ်းရေ၊ ချောင်းရေများကို မလွဲမရှောင်သာ သောက်သုံး ကြရသည်။ တချို့မှာ မော်တော်ကား ဘီးရိုင်လာအိုးထဲမှ ရေကိုအအေးခံပြီး သောက်ကြသည်။ သည်လို ဖြစ်သလို စား၊ ရရာရေသောက်ကြသော်အခါ ငှက်ဖျားနှင့်ဝမ်းရောဂါ ဖြစ်ပြီး လမ်းနံဘေးတလျှောက် တိရစ္ဆာန်များပမာ အတုံး အရုံး သေဆုံးကြရသည်။

သည်လို နိုးကပ်လှစွာ လူသေအလောင်းများကို မြင်တွေ့ ရတော့ ဘွားဘွားမှာ အသင့်ယူဆောင်လာခဲ့သည့် အစား အစာများကိုပင် မစားမသောက်ရဲအောင် အကြောက်ကြီး ကြောက်သွားတော့သည်။

BURMESE CLASSIC .com

အစာလုံးဝ မစားပဲနေလျှင် ခရီးဆက် သွားနိုင်မည် မဟုတ်၊ ဘယ်နေ့ဘယ်ရက်မှာမှရည်ရွယ်သည့် မြို့ရွာဒေသသို့ ရောက်မည်မှန်းလည်း မသိရ သောကြောင့် အစာဝင်အောင် ရဲရဲ စားပါဟု ဘိုးဘိုးက အထပ်ထပ် တိုက်တွန်းရသည်။ လမ်း တလျှောက်လုံး ကြက်ဥပြုတ်နှင့် ရေနွေးကြမ်းပဲ ဘွားဘွား စားရဲ သောက်ရဲတော့သည်။



လူပေါင်းများစွာကို မတန်တဆ တင်ယူသယ်ဆောင် သွားကြသည့် ကားများမှ ဒရိုင်ဘာများမှာလည်း ၂၄-နာရီလုံးလုံး မရပ်မနားပဲ ခရီးပြင်း မောင်းနှင်လျက်ရှိရာ တမှေးမျှ မအိပ်ရ၊ မနားကြရ။

တရုတ်-မြန်မာ လမ်းမကြီး တလျှောက် အချို့လမ်း များမှာ အသဲထိတ်ဖွယ်ကောင်းလှသည်။ ကားတစီးသာသာ သွားနိုင်သည့် တောင်ကွေ့လမ်းတွင် တဘက်က ကျောက် တောင် နံရံမြင့်ကြီး၊ တဘက်မှာတော့ အသူတရာနက်လှ သည့်၊ အောက်ခြေ မြေအပြင်ကို မြင်နိုင်စွမ်း မရှိသည့် တောတောင်လျှိုမြောင် ချောက်ကမ်းပါးကြီး။

ရုတ်တရက်ငိုက်မျည်းသွားသော ဒရိုင်ဘာအဖို့ လူပေါင်း များစွာ မတန်တဆ တင်ဆောင်ထားသည့် မိမိကားကို မထိန်းသိမ်းနိုင်တော့ပဲ ချောက်ကြီးထဲသို့တရှိန်ထိုး ထိုးဆင်း သွားတော့သည်။ ဘွားဘွားမှာ ရင်ကို လက်နှင့် ဖိသပ်ကာ "ဘုရား.... ဘုရား....ဘုရား...." ဟု မြည်တမ်းယင်း ချောက် ထဲသို့ ထိုးကျသွားသည့်ကားကို လိုက်လ မကြည့်ရဲ၊ မျက်စိ မှိတ်ထားရသည်။

ကားထဲ ပါသွားသည့် ဒုက္ခသည်ပေါင်း များစွာ၏ ကံကြမ္မာကိုကား မစဉ်းစားရဲတော့ပြီ။ ပေ ၆၀၀- မကာ နက်လှသည့်၊ သစ်ပင်များနှင့် ညို့မှောင်နေသောချောက်ကြီး ၏ မြေအပြင်သို့ မရောက်မီမှာပင် အသက်နှင့်ကိုယ် အိုးစား ကွဲကြရတော့မည်။ ကံထူးလှ၍ အသက် မသေ မပျောက်ပဲ

www.burmeseclassic.com

www.burmeseclassic.com



ကျန်ရစ်သူများမှာလည်း သည်မျှနက်လှသည့် လျှိုမြောင်ထဲမှ ကျောက်တောင် ကမ်းပါးယံကြီးများကို တွယ်ကပ်ကာ ကားလမ်းပေါ်သို့ ရောက်အောင် ဘယ်ပုံဘယ်နည်းနှင့် တက်ရောက် လာနိုင်ကြပါမည်နည်း။

သည်လိုအရှိန်လွန်ပြီး ကားများ ချောက်ထဲ ကျသွားသော်လည်း ဘယ်ကားမှ ဘယ်သူမှရပ်ပြီး အကူအညီမပေးနိုင်ကြ။ နောက်မှ ဒီလှိုင်းပမာ တိုးဖိတက်ရောက်လာသည့် ကားတန်းရှည်ကြီးက တမျှော် တခေါ်ပင်။ ရှေ့မှကား တစီးတလေ စက်ချွတ်ယွင်း၊ တစုံတခု ဖြစ်၍ ရပ်တန့်သွားလျှင် လမ်းပိတ်ဆို့သွားကာ ကားတန်းကြီးမှာ ရှေ့ဆက်မသွားနိုင်တော့ပေ။

BURMESE CLASSIC .com

တချို့နေရာများတွင် ကားလမ်းမှာ အလွန်ကျဉ်းရကား ကျော်တက်ရန်လည်း မလွယ်ကူလှ။ 'တောမီး လောင်သားကောင်ချနင်း'၊ 'ကိုယ်မချို အမိသော်လဲ သားတော်ခံ' ဆိုသလို ကိုယ့်ဒုက္ခနှင့်ကိုယ် ရှိကြသည်မို့ ချောက်ထဲသို့ ထိုးဆင်းသွားသည့်ကား ရှိမည်ထင်ရသော နေရာသို့ မှန်းဆကြည့်ယင်း သက်ပြင်းသာ ချကြရသည်။ ဘယ်သူမှဘာမျှ မတတ်နိုင်ရှာကြ။

သည်လို ရင်တုန် အသည်းတုန်စရာ အနိဋ္ဌာရုံ အစုံစုံကို ဘွားဘွားတို့ ဆုံကြုံမြင်တွေ့ခဲ့ရပြီး သံလွင် မြစ်ကမ်းပါးသို့ ရောက်ကြသည်။



သံလွင်မြစ်ကို ဖြတ် သွယ် ထား သည့် 'ဝီတောင်' (Whee Tong) ကြိုးတံတားကြီးကို ကားတစီးဖြတ်ပြီးမှ နောက်တစီးက ဖြတ်ရသည်။ နွဲ့ယိမ်းလှုပ်ယမ်းနေသော ကြိုးတံတားကို ဘွားဘွားတို့ ထရပ်ကားကြီးဖြတ်မောင်းသွားစဉ် ဘွားဘွားမှာ အောက်သို့မျက်စိဖွင့်မကြည့်ရဲ၊ မြတ်စွာဘုရား၏ ဂုဏ်တော်များကို ရွတ်ဖတ်လျက် တဘက်ကမ်းသို့ရောက်မှ မျက်စိဖွင့်ကြည့်ကာ အသက်ဖြောင့်ဖြောင့် ရှူရဲတော့သည်။

ဘိုးဘိုးတို့ ကား သံလွင် ကြိုးတံတားကို ဖြတ်ကျော်ပြီး နောက်တနေ့မှာပင် ထိုကြိုးတံတားကြီးမှာ ဂျပန်တို့၏ ဖြတ်တောက်ဖျက်ဆီးခြင်းကို ခံလိုက်ရတော့သည်။

နေ့လယ်မွန်းတည့်ချိန် ကြိုးတံတားပေါ်မှ ကားများ တစီးပြီးတစီး ဖြတ်ကျော်နေချိန်တွင် နောက်မှမီလာသော ဂျပန်စစ်သားများက တံတားပေါ်မှကားနှင့်၊ ကမ်းနဖူးတွင် အစီအရီကားများရပ်ပြီး မိမိတို့ ကားဖြတ်ကူးရမည့်အလှည့်ကို စုရုံးစောင့်နေကြသည့် စစ်ပြေးဒုက္ခသည်ပေါင်း များစွာကို အမြောက်များ၊ စက်သေနတ်များနှင့် ပစ်သည်။

တချို့က နီးစပ်ရာသစ်ပင်ရိပ်နှင့် ခြုံပုတ်များအတွင်းသို့ ဝင်ရောက် ပုန်း အောင်း ကြသည်။ တချို့က တောင်ကမ်းပါးယံကို တက်ပြေးကြသည်။ ဂျပန် စစ်သားများက နောက်မှလိုက်၍ စက်သေနတ်နှင့် ပစ်ကြသည်။

အကွယ်အကာမဲ့သည့် လဟာပြင်လို နေရာမျိုးတွင် လူပေါင်းများစွာကို အနီးကပ်ပစ်ခတ်လျက်ရှိရာ စစ်ပြေး



www.burmeseclassic.com

www.burmeseclassic.com



ဒုက္ခသည်ပေါင်း မြောက်မြားစွာ အတုံးအရုံးသေကြေကြရသည်။ သံလွင်ကြိုးတံတားကြီးကိုလည်း အမြောက်နှင့် ဖြိုခွဲဖျက်ဆီးပစ်လိုက်ရာ အရှိန် အဟုန်နှင့် စီးဆင်း နေသောရေစီးသန်လှသည့် သံလွင်မြစ်ရေသည်ပင် နေရောင်အောက်တွင် ခြင်းခြင်းနီရဲကာ သွေးရောင် တောက်သွားတော့သည်။

မြေပြင်မှပစ်ခတ်သည့် ဂျပန်တို့၏ စက်သေနတ်ကြောင့် အသက်မသေပဲကျန်ရစ်သူ ဒုက္ခသည်များကို ပေါက်ရှန်းမြို့ကို ဗုံးကြဲပြီးလှည့်ပြန်လာသည့် ဂျပန်စစ် လေယာဉ်ပျံများက စက်သေနတ်နှင့် စိမ်ပြေ နပြေ ပစ်ခတ်ကြပြန်သည်။

နောက်ဆုံး ကြွင်းကျန်သည့် သူများနှင့် ဒဏ်ရာရသူများကို ဂျပန် စစ်သားများက လက်ရ ဖမ်း ဆီး ပြီး တောင်ခြေတွင်တန်းစီရပ်ခိုင်းကာသေနတ်နှင့်ပစ်သတ်သည်။ မိဘနှင့်တကွဲတပြားဖြစ်ပြီး ဘယ်သွားရ၊ ဘယ်ပြေး ရမှန်းမသိ၊ ယောင်လည်လည် ဖြစ်နေသည့် ကလေးငယ်များကိုတော့ ခြောက်လုံးပြူးသေနတ်နှင့် ဂျပန်စစ်သားများက လက်တည့်စမ်းကြသည်။

သံလွင်မြစ်ကမ်းပါးမှ ဤတုန်လှုပ် ခြောက်မက်ဖွယ် လူသတ်ပွဲကြီး အကြောင်းကို ဂျပန်များလက်မှ ကပ်၍ လွတ်မြောက်လာကြသည့် ဒုက္ခသည် စစ်ပြေးကားတစီးမှ လူအများက ပြန်လည် ပြောပြ၍ ဘိုးဘိုးတို့ ကြားသိကြရသည်။

ဘိုးဘိုးတို့ရောက်ရှိနေသော စခန်းသို့ နောက်မှ ရောက်လာသည့် ထိုသူများ၏မျက်မြင်ကိုယ်တွေ့ပြောပြချက်များကို



ဘွားဘွား ဆုံးအောင်ပင် နားမထောင်ချင်။ တဆင့်စကားကြားရရုံမျှနှင့် ကြက်သီးမွေးညှင်း ထကာ သွေးပျက်ချင်လှပြီ။ ကိုယ်တိုင် ကြုံတွေ့ခဲ့လျှင်.... ဆိုတာကို စဉ်းတောင်မစဉ်းစားရဲ။

သို့သော် ပေါက်ရှန်းမြို့သို့ရောက်သောအခါ ဂျပန်တို့၏ ဗုံးဒဏ်ကို ဘွားဘွားတို့ကိုယ်တိုင် တွေ့ကြုံခဲ့ရတော့သည်။

ပေါက်ရှန်းကို ဘိုးဘိုးတို့ ညဉ့်အချိန် ရောက်သွားကြသည်။

ညဉ့်ကြီး မင်းကြီး ခရီး ဆက်ရန် အဆင် မပြေလှ၍ ပေါက်ရှန်းမှာ တည အိပ်ကြရသည်။ နောက် တနေ့တွင် ပေါက်ရှန်းသို့ ဂျပန်လေတပ်မှလာရောက်ဗုံးကြဲမည့်သတင်းကို ဗိုလ်ချုပ်ကြီး ပီ၊ အက်စ်၊ ဝမ်းက ရရှိထားရာ ဘိုးဘိုးတို့ကို ကြိုတင် သတိပေး ထားသည်။ ပေါက်ရှန်းမှ နံနက်စောစောထွက်ရန် စီစဉ်ထားသော်လည်း မော်တော်ဆီ အခက်အခဲကြောင့် စီစဉ်ထားသည့်အချိန်မှာ ကားများ မထွက်နိုင်ကြ။

ထိုနေ့နံနက် ၉–နာရီ ထိုးလုနီးချိန်တွင် ဂျပန်လေယာဉ်အစီး ၂၀–ကျော်ခန့် ပေါက်ရှန်းမြို့ဘက်သို့ ဦးတည်ပျံသန်းလာကြသည်။

မြို့သူမြို့သားများနှင့် စစ်ပြေးခရီးသည် များစွာတို့မှာမြို့တွင်းမှာ မနေရဲတော့ပဲ မြို့ပြင် လယ် ကွင်း များဆီသို့ ပြေးထွက်ကြရသည်။ ပေါက်ရှန်းမှာ တရုတ် ရွှေ့မြို့များ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ကျောက်မြို့ရိုးတံတိုင်းပတ်လည် ကာရံထားသည်။ သည်မျှ များပြားလှသော လူထုအတွက် ဗုံးခို ကျင်းများလည်း အလုံအလောက်မရှိနိုင်။ မြို့ပြင်ရှိ လယ်ကွင်းများထဲတွင် လူပေါင်းများစွာ ဖွေးဖွေးလှုပ်မျှ ပြေးသူက ပြေး၊ ဝပ်သူကဝပ်၊ ကစဉ့်ကရဲ ဖရိုဖရဲ ယောက်ယက်ခတ်လျက်ရှိတော့သည်။

ထိုအချိန်တွင်ဂျပန်လေယာဉ်များကမြို့ပေါ်သို့ ခပ်နိမ့်နိမ့် နှစ်ပတ်ခန့် ဝဲပျံပြီး ဗုံးကြဲ၊ စက်သေနတ်နှင့်ပစ်တော့သည်။ နားကွဲမတတ်ကျယ်လောင်သော ဗုံးသံကြီးများကို ကြားရပြီး မီးတောက်မီးလုံးကြီးများ တဝင်းဝင်း တောက်ကာ မည်းမှောင်သော မီးခိုးလုံးကြီးများ ပိတ်ဖုံး သွားတော့သည်။

သည်လို မိနစ် ၂၀၊ ၂၅-မိနစ်ခန့် ကြာအောင် စိတ်ရှိလက်ရှိ ဗုံးကြဲ၊ စက်သေနတ်နှင့် ပစ်ပြီး နောက်မှ လေယာဉ်ပျံများ ထွက်ခွာသွားကြသည်။

နံနက် ၉-နာရီမှ ညနေ ၄-နာရီကျော် အချိန်အထိ ဂျပန် လေယာဉ်ပျံများ ပေါက်ရှန်းမြို့ကို လေးငါးကြိမ် လာရောက် ဗုံးကြဲခဲ့ရာ မြို့ပြင် လယ်ကွင်းများထဲတွင် သွေးအိုင် သွေးကွက်များနှင့် မမြင်ဝံ့မရှုဝံ့စရာ လက်ပြတ်၊ ခြေပြတ်၊ ခေါင်းပြတ်၊ ခန္ဓာကိုယ် အပိုင်းပိုင်း အစိတ်စိတ် ပြတ်နေသည့် လူသေအလောင်း မြောက်မြားစွာ ကျန်ရှိတော့သည်။ ခန့်မှန်းခြေ စာရင်းအရ လူပေါင်း ၅၀၀၀-



(ငါးထောင်)ကျော် သေကြေပျက်စီးကြရာ မြန်မာပြည်မှ စစ်ပြေးလာကြသည့် ဘရုတ်မြန်မာ ကပြားများ အများအပြားပါဝင်ကြောင်း သိရသည်။

ဘိုးဘိုးတို့ မိသားစု၊ ဒေါ်မြစိန်မိသားစု၊ ဒေါက်တာ မွန်းအောင်တို့မှာ အလွန်ကံကောင်း ထောက်မစွာ ဗုံးဒဏ်မှ လက်မတင်လေး လွတ်မြောက်ခဲ့ကြသည်။

ထိုနေ့ညနေ ၆-နာရီခန့်တွင် ဗိုလ်ချုပ်ကြီး ဝမ်းထံမှ လူ လွှတ်၍ ဘိုးဘိုးတို့ကို အခေါ်လွှတ် လိုက်သည်။ ပေါက်ရှန်းကိုဗုံးကြဲစဉ် ဗိုလ်ချုပ်ကြီးဝမ်းမှာ ပေါက်ရှန်းနှင့် မိုင် ၂၀-ခန့် အကွာ တောင်ကုန်း တကုန်း ထိပ်ရှိ လယ်ပိုင်ရှင် တဦး၏ နေအိမ်မှာ ရှိနေသည်။ ဘိုးဘိုးတို့၊ ဒေါ်မြစိန်တို့ မိသားစု လိုက်သွားကာ ဗိုလ်ချုပ်ကြီးဝမ်းနှင့်အတူ ထိုလယ်ပိုင်ရှင်အိမ်တွင် တရက်ခန့် နားနေပြီးမှ ရှေ့သို့ ခရီးဆက်လက်ထွက်ခွာခဲ့ရသည်။

သည်လို ဘွားဘွားတို့ ဂျပန့်ဗုံးဒဏ်မှ လွတ်မြောက်ခဲ့ရပြီး ကူမင်းရောက်တော့ သားဖြစ်သူမှာ ကောက်ရသလို ရုတ်တရက် ဝမ်းရောဂါ အကြီးအကျယ်ဖြစ်သည်။

ဘိုးဘိုးတို့မိသားစု၊ ဒေါ်မြစိန်မိသားစုတို့မှာ ဗိုလ်ချုပ်ကြီး ဝမ်း၏ အထူးဧည့်သည် များဖြစ်ကြရာ ကူမင်းတွင် ဘိုးဘိုးတို့၏ နေထိုင်စားသောက်ရေးကို အယ်လ်၊ စီ၊ ကင်း ဆိုသော အမေရိကန်ပြည်မှာ သွားရောက်ပညာသင်ကြားခဲ့သည့် ခေတ်ပညာတတ်၊ တရုတ်လူမျိုး အင်ဂျင်နီယာ ဆရာရှိကြီးတဦးက တာဝန်ခံ ဆောင်ရွက်ပေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မစ္စတာကင်းမှာ စစ်မဖြစ်မီ မြန်မာနိုင်ငံသို့ လာရောက်ခဲ့သည့် တရုတ်ချစ်ကြည်ရေး မိတ်ဆက်အဖွဲ့ဝင် တဦးလည်းဖြစ်သည်။ သူ၏ဇနီး မစ္စက်ကင်း မှာလည်း ကမ္ဘာ့ 'ခရစ်ယာန်အမျိုးသမီးငယ်များအသင်း'(Y.W.C.A.)၏ ဒုတိယဥက္ကဋ္ဌ ခြောက်ယောက်အနက် တယောက် အပါအဝင်ဖြစ်သည်။

ရန်သူဂျပန်တို့၏ ဗုံးရန်ကိုကြောက်ရ၍ မစ္စတာကင်းက မြို့ထဲရှိသူတို့အိမ်မှာ ဘိုးဘိုးတို့ကိုမထားပဲ မြို့အပြင်ဘက်ရှိ သူပိုင်သော ဝါဂွမ်းများ သိုလှောင်သည့်ရုံတွင် ကောင်းမွန်စွာ ထားပေးသည်။

တနေ့တွင် သားဖြစ်သူမှာ မြန်မာနိုင်ငံမှ စစ်ပြေးလာသည့် လတ္တာလမ်းမှ မိတ်ဆွေဟောင်း တရုတ်–မြန်မာ ကပြားတဦးနှင့် ကူမင်းမြို့ထဲက စားသောက်ဆိုင်ကြီးတဆိုင်တွင် ပေါက်စီသွားစားကြသည်။ တခြားလည်း ဘာအစာမှ မြို့ထဲက စားမလာခဲ့။

အိမ်ပြန်ရောက်တော့ သုံးနာရီပင်မကြာ၊ သားဖြစ်သူမှာ ဝမ်းစ သွားတော့သည်။ ပေါက်စီအတူ စားခဲ့သည့် မိတ်ဆွေမှာတော့ ဘာမှမဖြစ်။ အလွန်လျင်မြန်စွာ ဝမ်းအဆက်မပြတ်သွားရာက အော့အန်ပြီး ကြွက်တက်လာတော့သည်။ တခါတခါ သတိလစ် မေ့မြော သွား သည်။ ရှုတ်တရက်နားမကြား၊ မျက်စိမမြင်သလိုဖြစ်ဖြစ်သွားသည်။ သည်မျှ လျင်မြန် ပြင်းထန်လှသော ဝမ်းရောဂါမျိုးကို သည်တကြိမ်ပဲ ဘွားဘွားကြုံတွေ့ဘူးသည်။



ညဥ့်အချိန်ဖြစ်၍ ဆေးရုံသို့လည်းမပို့နိုင်။ ဘွားဘွားတို့နေထိုင်ရာနှင့် မြို့ဆေးရုံမှာ သုံးမိုင် ကျော်ကျော်ခန့် ဝေးသည်။ ကားလည်းမရှိ၊ ညှိနှင့် ဆေးမြီးတိုမျှား တိုက်ကျွေးကာ မီးအလင်းကိုစောင့်ကြသည်။ အားလုံးကပင် လူနာမှာ မိုးလင်းထိအောင် ခံမည်မထင်ကြ။

ဘွားဘွားမှာ ခြေမကိုင်မိ၊ လက်မကိုင်မိ၊ ဘာမှလည်း မလုပ်တတ်မကိုင်တတ်နှင့် တငိုထဲငိုနေရာက နောက်တော့ အကြောက်လွန်ဟန်နှင့် ငိုလည်းမငိုတော့၊ ဘာမှလည်းမပြောတော့ပဲ ငူငူကြီး ကြောင်တောင်တောင်နှင့် မလှုပ်မယှက်ထိုင်နေတော့သည်။ ဦးနှောက်များ ပျက်သွားပြီလားဟု ဘိုးဘိုးမှာ တပူပေါ် နှစ်ပူဆင့်ရ၏။

နံနက်လင်းချိန်မှာတော့ လူနာမှာ နဂိုရုပ် လုံးဝ မရှိတော့ပြီ။ မျက်တွင်းများ ဟောက်ပက်ကာ နားထင်များချိုင့်ခွက်ပြီး နာတာရှည်လူမမာ ကမ္ဘဋ္ဌာန်းရုပ် သာသာအရိုးပေါ် အရေတင်ကျန်ရစ်သည်။ လုံးဝလည်း မလှုပ်ရှားနိုင်တော့ပဲ သတိမရတချက်၊ ရတချက်ရှိတော့သည်။ ဘယ်သူကမှ ရတော့မည်မထင်။ သူများမြို့ရွာတွင် ထားခဲ့ရတော့မည် ထင်ကြရသည်။

သို့သော် သေကံမရောက်တော့သက်မပျောက်ပဲကျန်းမာလာခဲ့သည်။

သမ္မာဒေဝ နတ်ကောင်း နတ်မြတ်များက တွန်းပို့လိုက်သည်ပဲ ဆိုရတော့မည်။ တခါမှ မလာစဖူး၊ နံနက်

www.burmeseclassic.com

www.burmeseclassic.com



စောစောအချိန်တွင် မစ္စက်ကင်းမှာ သူမ ကိုယ်တိုင်ဖုတ်သည့် ကိတ်မုန့်ကို ဘိုးဘိုးတို့ကော်ဖီသောက်အမှီ စားနိုင်ရန် သူတို့၏ ကား ကိုယ်တိုင်မောင်း၍လာပို့သည်။

ဝမ်းရောဂါဖြစ်ပြီး နောက်ဆုံးအခြေအနေသို့ရောက်နေသည့် လူမမာကို မြင်တွေ့သောအခါ ချက်ချင်းပင် သူမ၏ ကားနှင့် လူနာကို မြို့အပြင်ရှိ ဆေးရုံကို လိုက်ပို့သည်။ ကူမင်းမြို့ထဲရှိ ဆေးရုံမှာ နေ့ အချိန်တွင် ဂျပန်ဗုံးရန်ကို ကြောက်ရသည်ဟု ပြောသည်။

ဆေးရုံရောက်ရောက်ချင်း ဆရာဝန်နှင့် အမှုထမ်းများကလည်း ဗိုလ်ချုပ်ကြီးဝမ်း၏ အထူးချွေသည်၏သားဖြစ်ကြောင်း သိရ၍ အလွန် ဂရုစိုက် ပြုစုကုသ ကြသည်။ ဆေးရုံအပေါ်ထပ် ဆရာဝန်တဦး၏ အနားယူသည့်အခန်းမှာ လူနာကိုသီးသန့်ထားသည်။ ဆလိုင်းခေါ် ဓာတ်ဆားရည် ချက်ချင်းသွင်းကာ အားဆေးများ ဆက်တိုက် ထိုးပေးသည်။

သည်လိုနှင့်ပဲ တဖြည်းဖြည်း သက်သာခွင့် ရလာသည်။ အလွန်လျင်မြန်စွာ ရောဂါဖြစ်ပွားခဲ့သလို လျင်မြန်စွာပင် ကျန်းမာလာသည်။ သည်လောက်အခြေအနေမျိုးရောက်ခဲ့သည့် ဝမ်းရောဂါသည် လူမမာမျိုးမှာ အနည်းဆုံး တလကိုးသီတင်းခန့်နေပြီးမှ နာလန်ထူတတ်သည်ဟုဆရာဝန်များက ပြောပြသည်။



ဆေးရုံတွင် ၁၀–ရက်ခန့်နေပြီး စိတ်ချရသည့် အခြေရောက်သောအခါ မိသားစုနေထိုင်ရာ အခန်းကို ပြန်လာခဲ့သည်။

သည်လို ကိုယ်စိတ်ဒုက္ခ ဆင်းရဲပေါင်းများစွာ တခုပြီးတခု ဆက်တိုက် ကြုံတွေ့ ခံစားရပြီး နောက်မှာတော့ ဘွားဘွားမှာ စိတ်ထိခိုက်လျက် အားငယ်စိတ် အမြဲလိုလိုဖြစ်လာခဲ့ရတော့သည်။

လေယာဉ်ပျံသံကိုလည်း မကြားဝံ့ပေ။ လေယာဉ်ပျံသံများကြားလျှင် အလိုလိုနားထဲမှာ ဗုံးကျသံများ၊ စက်သေနတ် ဒလစပ် ပစ်ခတ်သံများ၊ ဒဏ်ရာ အနာတရနှင့် သွေးရူးသွေးတန်း ပြေးလွှား အော်ဟစ် ဆူညံသံများ၊ တိုက်တာအဆောက်အအုံများ လဲပြိုကျသံများကြားယောင်လာမိသည်။

မီးခိုးလုံး ကြီးများ အကြား မှာ လူနေ အိမ်ခြေများ မီးလောင်ပြာကျသွားသည်ကို မြင်ယောင်လာသည်။

သည့်နောက် ခြေလက်ဦးခေါင်း ပြတ်၍ အတုံးအရုံး သေဆုံးပုပ်ပွ ဖူးရောင်နေသော လူသေအလောင်း အစုအပုံကြီးကို စိတ်အာရုံတွင် ထင်မြင်လာတော့သည်။ ပြီးတော့ ပုန်းစရာ နေစရာ မရှိအောင် ရုတ်တရက် ချက်ချင်းထိတ်လန့်ကြောက်ရွံ့စိတ်မျိုး ဝင်လာရတော့သည်။

ကူမင်းမှ အိန္ဒိယပြည်သို့ သွားရန် စီစဉ်ကြသောအခါ ဘွားဘွားက လေယာဉ်ပျံ စီးရ မှာကို သေမလောက်

www.burmeseclassic.com

www.burmeseclassic.com



ကြောက်ရွံ့ထိတ်လန့်သည်။ မြေပြင်မှဂျပန်တို့၏ အမြောက်ရန်ကို စိတ်ချနိုင်အောင် 'ဟိမဝန္တာတောင်ပို့' (Himalaya Hump) ပေါ်မှ ဖြတ်ကျော်ပျံသန်းရမည်ဖြစ်ရာ လေယာဉ်ပျံမှာအမြင့်ပေ ၂၀၀၀၀ (နှစ်သောင်း) ကျော်မှ ပျံသန်းရမည် ဆိုတာသိရပြန်တော့ ဘွားဘွားမှာ ကြီးစွာ ပူပန်ထိတ်လန့်မှု ဖြစ်ရသည်။ (ထိုခရီးလမ်းသည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက အိန္ဒိယနှင့် တရုတ်ပြည် ကူးလူးဆက်ဆံသည့် စစ်လေယာဉ် ခရီးလမ်းကြောင်း ဖြစ်သည်။) သို့သော်လည်း အိန္ဒိယပြည်သို့သွားရန်မှာ လေယာဉ်လမ်းမှတပါး တခြားသွားစရာ ဘာလမ်းမှမရှိ။ တရုတ်ပြည်မှာလည်း ဘွားဘွားနေလိုစိတ် မရှိသည်နှင့် နောက်ဆုံးအရဲစွန့်ကာ လေယာဉ်စီးခဲ့ခြင်းပဲဖြစ်၏။

ကူမင်းမှ အာသန်ပြည်နယ် ဒီဂျန် လေဆိပ်၊ ဒီဂျန်မှ ကာလကတ္တားမြို့ဒမ်ဒမ်လေဆိပ်ရောက်သည်အထိ၊ ၆–နာရီကျော်ကျော် ရှည်ကြာသည့် လေယာဉ်စီးနေရသော အချိန်အတောအတွင်းမှာတော့ ဘွားဘွားမှာ တတ်သမျှ၊ မှတ်သမျှ၊ ရသမျှ ဘုရားရှိခိုး အမျိုးမျိုး၊ ဘုရားဂုဏ်တော်အမျိုးမျိုး၊ ဂါထာအမျိုးမျိုးတွေ ကုန်သွားအောင် အဆက်မပြတ် ရွတ်ဖတ်သရဇ္ဈာယ်လာခဲ့ရသည်။

လေယာဉ်ပေါ်မှ မြင်ကြရသည့် ကြီးမား ကျယ်ပြန့်သော မြစိမ်းကော်ဇောပြင်ကြီး ခင်းဖြန့်ထားသည့်ပမာ ညီညီညာညာ အကွက်အကွင်းကျကျ စိုက်ပျိုးထားသောအာသန်



ပြည်နယ်၏ လက်ဖက်ခင်းများနှင့် လုပသာမောဘွယ် ရှုခင်းများကိုပင် အများသူငါလို ငုံ့မကြည့်ရဲ။

အိန္ဒိယပြည်၌ သုံးနှစ်ကျော်မျှနေထိုင်ခဲ့ကြစဉ် စစ်ကာလဆိုသော်လည်း အေးချမ်း သာယာ လှသည်။ တခါတရံကာလကတ္တားမြို့စွန်မြို့ဖျားကို ဂျပန်စစ်လေယာဉ်များ စက်သေနတ်နှင့် ခေတ္တခဏမျှ ဝင်မွှေသွားသည်ကလွဲပြီး စစ်၏အနိဋ္ဌာရုံကို လုံးဝမမြင် မတွေ့ခဲ့ရ။

သို့တိုင် ဘွားဘွားမှာ ဘာကို စိုးရိမ်ရမှန်းလည်းမသိ၊ အမြဲလိုလို စိုးရိမ်ထိတ်လန့်စိတ် ဖြစ်နေခဲ့ရသည်။ လက်နက်ကိုင် ပုလိပ်၊ စစ်သားများ အစုအဝေး ဖြတ်လျှောက်သွားသည်ကိုလည်း မကြည့်ဝံ့၊ မမြင်ဝံ့။ ဝုန်းဝုန်းဒိုင်းဒိုင်း ဆူဆူညံညံ အသံမျိုးကိုလည်း မကြားဝံ့ ။ စက်ရုံ အလုပ်ရုံများမှ ဥသြဆွဲသံကြားလျှင် အကြိမ်ကြိမ် တွေ့ကြုံ ကြားခဲ့ရဘူးပြီဖြစ်သည့် လေကြောင်း အချက်ပေး ဥသြသံ အထင်နှင့် ထိတ်ထိတ်ပျာပျာ မျက်စိမျက်နှာ ပျက်ပျက်နှင့် ထရမလို၊ ထိုင်ရမလို၊ ပုန်းရမလို၊ ခိုရမလို စိတ်ချောက်ချားတတ်သည်။

စစ်ပြီးဆုံး၍ မြန်မာပြည်သို့ ပြန်ရောက်သောအခါမှ ထိုစိုးရိမ် ထိတ်လန့် စိတ်မှာ အတော်အတန် သက်သာပျောက်ကင်းခွင့် ရတော့သည်။

သို့သော် ထိုထိတ်လန့် စိုးရိမ် စိတ်မှ အရင်းမြစ်ဖျားခံကာ ရောဂါတမျိုး စွဲကပ်လာရပြန်သည်မှာတော့

www.burmeseclassic.com

www.burmeseclassic.com



မိမိခန္ဓာကိုယ်တွင်းမှာဖြစ်ပေါ်သည့် သာမည ကျန်းမာရေး ချွတ်ယွင်းမှုလေးမျိုးကိုပင် ကုစား မရနိုင်တော့သည့် ကပ်ရောဂါဆိုးကြီး ကပ်ငြိစွဲမြဲနေသလို ထင်မြင်ခံစားလာရခြင်းပဲ ဖြစ်၏။

ခန္ဓာကိုယ်မှာ တကယ်စွဲကပ်နေပါသည်ဆိုသော ရောဂါဝေဒနာထက် ဘွားဘွား၏ စိတ်ထဲမှာ စွဲကပ်လာသည့် 'စွဲလမ်းထိခိုက်ခြင်း စိတ်ကျ ရောဂါ' ဆိုသည်ကိုတော့ ကုစားရန် ပိုခက်လှသည်။ ယခုလို အသက် အရွယ် ကြီးလာလေလေ ဤရောဂါမှာ ဖွံ့ဖြိုးလာလေလေ ဖြစ်သည်။

အအေးမိရုံပဲ ဖြစ်ဖြစ်၊ တရက် နှစ်ရက်လောက် ကာလချောင်းဆိုး ဖြစ်နေလျှင် 'ဒါဟာ.... ချောင်းဆိုး သွေးပါအဆုတ်နာရောဂါရဲ့ လက္ခဏာ အစပဲ' ဟု ပူပန်ကာ အစားအစာရှောင်ရန် ကြိုးစားသည်။ မိမိစားသောက်သုံးစွဲသည့် ပန်းကန်ခွက်ယောက် ဟူသမျှ သီးခြားထားဘို့ ဘူလုံးကို ပြောမိသည်။

တခါတရံ အလိုအလျောက် အာခြောက် ရေငတ်သည်ကိုပင် 'ဆီးချိုရောဂါဖြစ်ချင်လို့ ထင်ပါရဲ့'ဟု စိုးရိမ်မကောင်း ဖြစ်ရပြန်၏။ ဆေးသကြားနှင့် ကော်ဖီ သောက်ရမလားတွေးတော၏။

"သွေးတိုးရောဂါဆိုတာ အနည်းနဲ့အများ လူကြီးတိုင်းမှာ ရှိတတ်တာပဲ၊ အသက် ၄၀– ကျော်လာယင် သွေးပိုတတ်တယ်ဆိုလား၊ အသက် ငယ်ငယ်လေးနဲ့တောင် သွေးပို



သူတွေ ရှိတတ်တယ်" ဟု တစုံတယောက် ပြောဆိုသံကြားလျှင်၊ မိမိမှာ သာမန် ဇက်ကြောတက်၊ ခေါင်းခဲလာလျှင် သွေးတိုးရောဂါဖြစ်ပြီ ထင်ပါရဲ့ဟု စိုးရိမ်တကြီး ဖြစ်ရပြန်သည်။

'တို့အမျိုးထဲမှာဘကြီးတယောက်ဟာ သွေးတိုးရောဂါနဲ့ သေဆုံးသွားတယ်လို့ မြည့န္တတို့ ပြောသံ ကြားဘူးတယ်၊ ဒီရောဂါမျိုးဟာ မျိုးရိုး လိုက်သတဲ့' ဟု တွေးမိ၏။

'ငါ့မှာဇက်ကြောတက်တက်နေတာ၊ နှလုံးနေခင်းကြီး တဝါးဝါး သမ်းနေတာ၊ မျက်စိပြာဝေ နေတတ်တာဟာ သွေးပိုလို့ပဲ' ဟု ကောက်ချက် ချလိုက်ပြီး ဒေါက်တာမခင်ဦးကို ချက်ချင်း အခေါ်လွှတ်သည်။

သွေးချိန်ကြည့်ခိုင်းတော့ အောက်သွေးက ၇၀၊ အပေါ်သွေးက ၁၂၀–ဆိုတာ သိရပြန်တော့ 'သွေးဆိုတာ လူကိုယ်ခန္ဓာထဲမှာ တသမတ်တည်း တည်နေတာမျိုးမှ မဟုတ်ပဲ၊ ကျချိန်မှာကျပြီး၊ တက်ချိန်မှာ တက်တတ်တာမျိုးပဲ၊ သွေးကျချိန်မှာ ချိန်ကြည့်လို့ အဲဒီလို တွေ့ရတာပါ၊ တကယ်တော့ ငါ့မှာ သွေးတိုးရှိနေတယ်၊ ငါ့ကိုယ်ငါအသိဆုံးပဲ" ဟု တဘက်သတ် စွဲမှတ်လိုက်ကာ ဒေါက်တာ မခင်ဦးပြန်သွားတော့ ခင်မြင့်ကို ဟင်းလျာတွေထဲမှာ ဆားလျှော့ထည့်ရန် သတိပေးတတ်၏။

ဟိုတလောက ဘယ်ဘက် ရင်အုံမှာ တစောင်းဖိအိပ်မိသောကြောင့် အနည်းငယ်အောင့်ကာ အသက်ရှူမဝသလို

www.burmeseclassic.com

www.burmeseclassic.com



ထင်မြင်ခံစားမိလေရကား နှလုံးရောဂါဖြစ်တာ သေချာပြီဟု ယုံကြည်ယူဆလျက် အိပ်ရာထက်မှာ မလှုပ်မယှက် အလွန်ငြိမ်ငြိမ်သက်သက် နေခဲ့ဘူးသည်။

ဆီးချို၊ သွေးတိုး၊ နှလုံးရောဂါ ဆိုတာ တွဲဖက်ညီလှတဲ့ ခွဲခွာမနေနိုင်ကြတဲ့ ရဲသုံးဘော်ပဲဟု ကြားဘူး နားဝနှင့် တွေးတောထိတ်လန့်ခဲ့ရသည်။

ယခုလို ကင်ဆာရောဂါ ခေတ်စားလာသည့် အချိန်မှာတော့ အအေးမိ၍ အသံနည်းနည်းဝင်လျှင်ပဲ လည်ချောင်းကင်ဆာဟု ခန့်မှန်းလိုက်၏။ ရင်ဘတ်မှာ အဖုအပိန့်ကလေးမျိုး ပေါ်လာလျှင် တစမ်းစမ်း တကိုင်ကိုင်နှင့် ရင်သားကင်ဆာများလားဟု တွေးထင်ပူပန်၏။

ခက်သည်မှာ ဘွားဘွားသည် နှစ်လရှည်ကြာစွာဆရာဝန်ကြီးငယ်ပေါင်းစုံနှင့် ပြသကုစားလာခဲ့ရသောကြောင့် ဆရာဝန် တပိုင်း ဖြစ်နေကာ ရောဂါဘယမျိုးစုံ၏ ဇစ်မြစ် ဇာတ်သုတ ကြွယ်ဝနားလည်နေခြင်းပဲဖြစ်သည်။

အိမ်သို့ အလည် လာတတ်သည့် မိတ်ဆွေသင်္ဂဟ တစုံတယောက်က သူ့မှာ စွဲကပ်ခံစားရသည့် ရောဂါ တခုအကြောင်း ပြောပြလျှင် ဘွားဘွားကလည်း ထိုရောဂါမျိုး လိုက်ဖြစ်ချင်၏။ မိမိတို့ အသက်အရွယ်မျိုးမှာဖြစ်တတ်သည့် ရောဂါဘယ ဟူသမျှ မိမိမှာလည်း ဖြစ်ပေါ် နေသည်ဟု ဘွားဘွားက စွဲလမ်းတတ်၏။ တစုံတယောက်က ညညမအိပ်နိုင်အောင် ယားယံတတ်သည့်အကြောင်း ပြောခဲ့လျှင် ထိုည



အိပ်ရာဝင်သော အခါ အလိုလို ယားယံချင်သည့်စိတ် ဘွားဘွား၌ ပေါ်ပေါက်လာတတ်၏။ ခြင်ကိုက်၍ ယားယံသည်ကိုပင် ရောဂါတစုံတခု၏ နိမိတ်လက္ခဏာ ကြောင့်ဟု အလိုလို ထင်မြင်လာတတ်၏။

တခါက ဘွားဘွားတို့၏ မိတ်ဆွေ အမြုတ်ခွန် မင်းကြီးကတော်မှာ ဘွားဘွားတို့ထံ အလည်လာစကားပြောသည်။ ထိုအမြုတ်ခွန်မင်းကြီးကတော်အဘွားကြီးမှာ အများတကာလို လမ်းလျှောက်လျှင် တသမတ်တည်း မလျှောက်နိုင်ပဲ တုန်တုန်ရီရီ တုံ့ဆိုင်းတုံ့ဆိုင်းနှင့် ရပ်နားပြီး လျှောက်ရသော 'ပါကင်ဆင်' ရောဂါ (Perkinson Disease) မျိုး ရှိသည်ကို ဘွားဘွား မြင်တွေ့ရသည်။

ဧည့်သည်ပြန်သွားပြီးနောက် ဘွားဘွားလမ်းလျှောက်တော့ ခါတိုင်း လျှောက်နေကျ လူကောင်းလို မလျှောက်နိုင်ဖြစ်ရသည်။ ဧည့်သည် အမြုတ်ခွန် မင်းကြီး ကတော်လို တုံ့ဆိုင်း တုံ့ဆိုင်းနှင့် လျှောက် နေ ကာ ထို ရောဂါမျိုးဖြစ်နေပြီဟုပြောသည်။ ထိုအမူအယာ ထိုအစွဲသည် ၄-၅-၆- ရက်လောက် ဖြစ်ပေါ် ခံစား နေလိုက်ပြီးမှ အလိုအလျောက် ပျောက်ပျက်သွားဘူး၏။

ထို့ကြောင့် အိမ်သားများက ဘွားဘွားထံအလည်လာသည့် ဧည့်သည်မိတ်ဆွေသင်္ဂဟ ဟူသမျှကို မိမိတို့မှာစွဲကပ်နေသည့် ရောဂါဘယနှင့် ပတ်သက်ပြီး ဘွားဘွားကို ဘာတခုမှ မပြောကြရန်နှင့် ဘွားဘွားနှင့်ပတ်သက်၍လည်း ရောဂါ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်အကြောင်း တစုံတရာမှ မမေးမြန်း မပြောဆိုကြပါရန် ဆီးကြို၍ မှာထားရသည်။

လူမှုရေး ပဋိသန္ဓာရ စကား ဖြစ်သော "နေကောင်းရဲ့လား" ဟု မေးရိုးမေးစဉ် မေးလိုက်လျှင်ပဲ "နေမကောင်းဘူးကွယ်...." ဟု လေသံတမျိုး ပြောင်းသွားကာ လက်ရှိခံစားနေရသည် ထင်သော ရောဂါ တမျိုးမျိုးကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ညည်းညည်း ငယ်ငယ် ပြောပြလိုက်ရမှ ဘွားဘွားက ကျေနပ်မှုကလေးရသည်။ မိမိကိုယ်မိမိ နေကောင်းသည်ဟု ဘယ်တော့မှ မထင်မှတ်ချေ။

သို့လျှင် ၉၆-ပါးသော ရောဂါ ဝေဒနာ တို့သည် ဘွားဘွား၏ ခန္ဓာကိုယ်တွင်း၌ တမျိုးလျှင် တလ နှစ်လခန့်စီ အလှည့်ကျ ဖြစ်ပေါ် ခံစားနေရသည်ဟုဘွားဘွားကထင်မြင်ယူဆ၏။ ရောဂါတမျိုးမျိုးသည် နှစ်ရှည်လများ စွဲကပ်နေခွင့်လည်း မရနိုင်ကြ။ အကြောင်းကား ရောဂါ တမျိုးကို တလ၊ နှစ်လမျှသာ စိတ်ကခံစားလိုသောကြောင့်တည်း။

"ဘာရောဂါမှ မဖြစ်ပါဘူး...." ဟု ဘယ်သူ ပြောပြော စိတ်ထဲက မကျေနပ်။

သားဖြစ်သူနှင့် ရင်းနှီးကြသည့် အမေရိကန် သံရုံးမှ မျက်နှာဖြူ ဆရာဝန်တွေကရော၊ အသိမိတ်ဆွေ အထူးကု ဆရာဝန်ကြီးတွေ၊ သမားတော်ကြီးတွေကပါ "အန်တီ့မှာ ဘာရောဂါမှ ကြီးကြီးကျယ်ကျယ် မရှိပါဘူး...." ဟု အမှန်အတိုင်း ပြောပြသည်ကို ယုံကြည် လက်ခံချင်စိတ်



လျှဉ်း မရှိ။ သူတို့ တွေနှင့် ဖက်ပြိုင် မပြောလိုသည်နှင့် မ်းနည်း အားနာ ပြုံးလေးပဲ ပြုံးနေလိုက်ရသည်။

စိတ်ထဲကတော့ 'ကိုယ့်ရောဂါကိုယ်သာအသိဆုံးပါပဲလေ။ သူတို့ ဆရာဝန်တွေကဆို ပိုပြီးသိကြမှာပေါ့ကွယ်၊ ဆရာဝန် ကောင်းပီသစွာ လူနာ စိတ်ပျက် အားငယ်နေမှာ စိုးလို့ ရောဂါ အခြေအနေ မှန်ကို ဖွင့်မပြောတာ ဖြစ်မှာပဲ' ဟု တွေးလျက် 'အင်း လေ.... လူဆိုတာ သေမျိုးတွေချည်းပဲ၊ တနေ့မဟုတ် တနေ့ သေကြရမှာ မမွေတာပဲမဟုတ်လား....' ဟု ဘူးနှင့်လှည့်တွေးပြန်သည်။

ယခုလက်ရှိ ဘွားဘွား ခံစားစွဲကပ်နေသည် ထင်သော ရောဂါမှာတော့ နှာခေါင်းရောဂါ ဖြစ်သည်ဟူ၏။ သည် ရောဂါ စွဲကပ်နေသည်ဟု ဘယ်ကဘယ်လို ထင် မြင် လာ း မသိ။ ဘယ်သူဘယ်ဝါက ပြောသွားခဲ့မှန်းလည်း မသိ။ ယ်ကဘယ်လို စတင်လာမှန်းလည်းမသိရ။

အာခေါင်အရင်း အတွင်းဘက်ထဲမှာ အကျိတ်အဖုနှစ်ခု ာ တဖြည်းဖြည်း ကြီးထွားလာသလိုပဲ၊ အသက်ရှူရတာ ာင် မဝချင်ခတော့သလို ခပ်ကျပ်ကျပ် ဖြစ်လာတယ်။ ာင်ဆယ်တော့ ဘယ်နည်းနဲ့မှမဟုတ်နိုင်ဘူး။ ဒီအရွယ် ယ်ကြီး ရှတ်တွအိုဖြစ်မှ ဒီရောဂါ ပေါ်မယ် မ ထင် ူး။ ငယ်ငယ်က ဖြစ်ခဲ့ဘူးပြီလေ။ အာသီး ရောင်လာ င် အဖျားဝင်ပြီး အပူချိန်ရှိလာဆို မဟုတ်လား။ ခု ဒီလို ဟုတ်ပဲ။ ဒါဟာ နှာခေါင်းရောဂါစစ်စစ်ပါပဲ။ နှာခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ကတဆင့် အာခေါင်၊ သွားဖုံး၊ ပါးစပ်တခုလုံး ကူးသွ တတ်တယ်တဲ့။ ဒီရောဂါဟာ ဆေးကုလို့တောင် မရနိုင်ဘူ တဲ့။ ဆေးလဲမရှိဘူး ဆိုလားပဲ။ တဖြည်းဖြည်းနဲ့ အာခေါ ကအသားမျှင်တွေဆွေး၊ သွားဖုံးတွေပျော်ကျ၊ နှာနုရိုးဝေ တွေ ပဲ့ကြွေပြီး နောက်ဆုံး နှာခေါင်းကြီးပေါက်ကျတ သတဲ့။ အမယ်လေး...သိပ်ဆိုးတဲ့ရောဂါပါလား။ ဒါပေမ ဒီရောဂါဟာ တပါးသူကိုတော့ မကူးနိုင်ဘူးတဲ့။

ဘွားဘွားမှာအသက်၅၀-ကျော်လာကတည်းကသွားဒ ပေးခဲ့သည်။ သွားကို တချောင်း၊ နှစ်ချောင်းစီ နှုတ်ပစ် က လွန်ခဲ့သည့် ၁၅-နှစ်လောက်ကစပြီး ဘွားဘွား၏ပါး ထဲမှာ သွားတချောင်းမှမကျန်တော့။

သွားမရှိတော့သော သွားဖုံးမှာ တခါတရံ မာ ကျေ သည့် အစားအစာကို ကိုက်မိလျှင် နာကျင်တတ်သည် ဓမ္မတာပင်ဖြစ်သည်။ ဒါကို ဘွားဘွားက သွားဖုံးရော ဟု ကင်ပွန်းတတ်ရာမှ အစပြုကာ ယခုလို နှာခေါင်းရော ဆိုတာ ဖြစ်လာရဟန်တူ၏။

ဘိုးဘိုးက ဇနီးသည်အပေါ် အမြဲအလိုလိုက်တတ်သ အကျင့်ပါနေကာ "ရောဂါသိ ဆေးရှိရမှာပဲ၊ ကုသ ပျောက်သွားမှာပေါ့ကွယ်...."ဟု ပြောဆို တတ်သော်လ သားဖြစ်သူကတော့ ဆရာဝန်များ၏ ညွှန်ကြားချက်ကို န ကာ တခါတရံတော့ မိခင်နှင့် အတိုက်အခံလုပ်ရသည်။



"မာမိ့မှာ လတ်တလော သေလောက်အောင် ထူးထူး ထွေထွေ ဘာရောဂါမှမရှိဘူး။ ရန်ကုန်မှာရှိတဲ့ နာမည်ကြီး သမားတော်ကြီးတွေ၊ ဆရာဝန်ကြီးတွေနဲ့ မာမိ့စိတ်တိုင်းကျ ရောဂါ ရှိ မရှိ စစ်ဆေးကြည့်ပြီးပြီမဟုတ်လား။ ဒေါက်တာ ရွှေဇံ၊ အန်ကယ်ဘသန်း၊ အန်ကယ်မင်း စိန် တို့ ဆီ မှာ လဲ အားနာစရာ ကောင်းလောက်အောင် အကြိမ်ကြိမ် အထပ် ထပ် အဖုံမ်းသပ်ခံ စစ်ဆေးကြည့်ဘူးပြီ။ ဘာရောဂါမှ မရှိ ဘူးလို့ ပြောကြတယ်မဟုတ်လား၊ အသက်အရွယ်ကြီးလာ တော့ ငယ်ငယ်တုန်းကလို ကျန်းမာရေး ဘယ်ကောင်းနိုင် တော့မလဲ၊ တနေ့ရာကမဟုတ် တနေ့ရာက ချွတ်ယွင်းလာတတ် ကြတာပဲ မဟုတ်လား။ မာမိ့စိတ်ထဲထင်နေတဲ့အတိုင်းသာ အမှန်တကယ်ဖြစ်မယ်ဆိုယင် ခုလောက်ဆိုမာမိ့အရိုးတောင် ဆွေးလုပြီ။ ဒီလို ပြောယင်းပြောယင်းနဲ့ပဲ အသက် ၈၀- ပြည့်တော့မယ်။ ရောဂါဖြစ်စရာရှိယင် ကျွန်တော်ကသာဖြစ် မှာ။ မာမိနဲ့အတယ်ကဆိုယင် ကျွန်တော့်ထက်လဲ စားနိုင် သောက်နိုင်၊ ကျွန်တော့်ထက်လဲ ကျန်းမာကြသေးတာပဲ"

ခုတော့သည်လို ကရုဏာဒေါကလေးစွက်ကာ ဖျောင်းဖျ ပြောဆိုမည့် သားက အိမ်မှာမရှိပြီ။

မြန်မာနိုင်ငံနှင့် မိုင်းပေါင်းများစွာ ဝေးကွာလှသော ကမ္ဘာ့ အရှေ့ဖျားအရပ်မှာ သွား ရောက် အ လုပ် လုပ် နေသည်။ ၅-နှစ်လောက်ပဲ ကြာမည်လို့တော့ ပြောသွား သည်။ သားဖြစ်သူမှာ အခြေအနေ အခွင့်အရေးပေါ်လာ

www.burmeseclassic.com

www.burmeseclassic.com



ရှိသော ထွက်သွားရသော်လည်း အသက်အရွယ် အိုမင်းလှပြီ ဖြစ်သည့် မိဘနှစ်ပါးကိုဘယ်လိုမှ စိတ်မချနိုင်။

သို့သော်လည်း မိဘလုပ်သူများက အလိုက်သိနားလည်ရမည်။ သားလုပ်လိုရာကို တလှည့်တဖန် ခွင့်ပြုကြရဦးမည်။

အမြတ်တော်ခွန် ဝန်ထောက်အလုပ်မှ နယ်မပြောင်းလို သည်နှင့် မိဘများစိတ်ကြိုက် ထွက်လိုက်ပြီး မိဘအိုကြီးများ အနားမှာ တကုပ်ကုပ်နှင့် လုပ်ကျွေးစောင့်ရှောက် ပြုစုယင်း အချိန်တွေကုန်ခဲ့ရသည်မှာ တဘက်တလမ်းမှ ကြည့်လျှင် သား၏တက်လမ်းကို ပိတ်ပင်ထားရာလည်း ရောက်သည်။

ပြီးတော့ ၅-နှစ် ဆိုသော အချိန်ကာလသည်လည်း အမှန်တော့ သိပ်ကြာလှသည်မဟုတ်။ ခုတောင် သား မြန်မာပြည်ကထွက်ခွာသွားသည်မှာ ၂-နှစ် ပြည့်တော့မည်။

သားကိုတော့ အမြဲသတိရ လွမ်းဆွတ် နေကြရသည်။ သည်လို သားမျိုးကတော့ ရှာမှရှားသည့် သား၊ သား တယောက်ဆို ဆိုသလောက်ပင်၊ အမေမွေးရကျိုး နပ်လှသည့် သား၊ လိမ္မာလှသည့် အမေ့သား။

အသက်အရွယ် ငယ်စဉ်ကပင် ဘုရားတရား၌ လေးစား ကြည်ညိုစိတ် ရှိသည်။ စိတ်ထား သိမ်မွေ့နူးညံ့သည်။ အလှူဒါန အပေး အကမ်း လည်း ရက်ရောလှသည်။ လူသတ္တဝါများ အပေါ်မှာ အကြင်နာ သနားစိတ် အပြည့် ထားရှိသည်။ နှစ်ရှည်လများ သက်သတ်လွတ် စားခဲ့သူ သည်။ သွေးအားနည်းရောဂါဖြစ်လာ၍ ဆရာဝန်များ၏ အသားငါး ပြန်စားခိုင်းရသည်။



အပေါင်းအသင်းမိတ်ဆွေ များသလောက် လူချစ်လူခင် ပေါများလှသည်။ မိတ်ဆွေများကို တရုတ်ဟိုတယ်ကြီး များ၌ မကြာခဏ ထမင်း ခေါ်ကျွေးတတ်သည်ကလွဲပြီး အသုံးအဖြုန်း သိပ်မရှိ။

ရုပ်တုစုဆောင်းသည့် ဝါသနာတော့ အလွန်ပါသည်။ တရုတ်၊ ဂျပန်၊ ယိုးဒယား၊ အင်ဒိုနီးရှား၊ သီဟိုဠ်၊ အိန္ဒိယ ဒေသအရှေ့တိုင်း နိုင်ငံများမှ ရှေးဟောင်းရုပ်တု၊ ပန်းပု များ၊ လူတရပ်နီးနီးရှိမည့် ကြေးပန်းအိုးကြီးများ ကိုတော့ ဈေးဘယ်လောက်ပဲပေးရ ပေးရ ဝယ်ယူကာ တရိုတသေ စုဆောင်းထားလေ့ရှိသည်။

ရှေးဟောင်း ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ တရုတ် 'အန်ကောင်း' ကြေးရုပ်တု၊ ကြေးရုပ်တုများ၊ 'ကွမ်ယင်' လောကပါလ ရဟန္တာမ ရုပ်ပွားများနှင့် တခြားအမျိုး အမည် ခွဲခြားမသိနိုင်သော ရုပ်တုပေါင်း များစွာတို့ကို တိုက်အပေါ်ထပ် အခန်းတခန်းတွင် တခန်းတနားသီးသန့် ထားရှိသည်။ ရှေးဟောင်း သုတေသနဌာန၏ ပြတိုက်ခန်း ငယ်လေး တခုအလား ထင်မှတ်ရသည်။ အိမ်သို့အလည်လာ ရောက်ကြသည့် ဧည့်သည်မိတ်ဆွေများအား နှစ်ရှည်လများ ကစု ဆောင်း ထား သည့် ရှေးဟောင်း ရုပ်တု၊ ရုပ်ပွား၊ ကြေးပန်းအိုးကြီးများကို ဂုဏ်ယူပြသပြီး ရှာဖွေမှတ်သား ထားသော သမိုင်းကြောင်းများနှင့်တကွ စိတ်ရှည် လက်ရှည် ရှင်းလင်းပြောပြတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိဘ သဘောမတူသည့် အလုပ်မျိုးကိုတော့ ဘယ်တော့မှ မပြုလုပ်။ မိဘ စကားကို ငယ်စဉ်ကပင် မြေဝယ်မကျ နားထောင်လာခဲ့၏။ ထို့ကြောင့်လည်း ယခု အချိန် အရွယ် အထိ လူပျိုကြီးဖြစ်နေသလားဟု တခါတခါ ဘွားဘွား တွေးမိသည်။

မြိတ်၊ ထားဝယ် ဘက်မှ သဒ္ဒေးတွေကရော၊ ရန်ကုန် မျက်နှာကြီးအသိုင်းအဝိုင်းမှ လူကုံထံတွေကရော သမက် တော်ချင်လှ၍ သားနှင့် လာစပ်ဟပ်ဖူးကြပါ၏။ ဘွားဘွား စိတ်တိုင်းကျ၊ သားနှင့် ထိမ်းမြား ပေးစားလိုသည့် မိန်း ကလေးမျိုးကို ဟိုခေတ်တုန်းကရော၊ သည်ခေတ် မှာပါ ဘွားဘွားမမြင်မိ၊ ရှာမတွေ့။ နောင်လည်း ရှာတွေ့နိုင်မည် မထင်။ ဒါဟာ သားကိုချစ်လွန်း၍ လူပျိုဘဝနှင့်ပဲ တသက် လုံး မြင်တွေ့သွားလိုလှသည့် မိခင်လုပ်သူ၏ တကိုယ်ကောင်း ဆန် မေတ္တာစိတ်မျိုးလား ဘွားဘွားဝေခွဲမရ။

သားကိုယ်တိုင်ကလည်း အိမ်ထောင် သံယောဇဉ် မထူ ချင်ဘူးဟု ညည်းတတ်သည်။ ကောလိပ်မှာနေတုန်းကတော့ ရည်းစားသနာ ရှိသလိုလို ကြားဘူးသည်။ စစ်ကြီးဖြစ်၍ မယူဖြစ်လိုက်သလိုလည်း ကြားရသည်။ သားကိုတော့တခါ မှ မေးမကြည့်မိ။ သည်လိုနှင့် အသက် ၅၀–ကျော်လာခဲ့ သည့်တိုင် အိမ်ထောင်မပြုသေး။ ပြည်ပ ရောက်လျှင်တော့ အမြင်တမျိုးနှင့် နိုင်ငံခြားသူ လူပျိုဖြူလေး ယူလာမလား စိုးရိမ်စိတ်ကလေးတော့ အမြဲရှိနေသည်။



မတတ်နိုင်ဘူးလေ။ နှုဖူးစာ ရှာလည် ဆိုပဲ။ မြိတ် သူ ဘွားဘွားနှင့် မြင်းခြံသား ဘိုးဘိုးတို့သည်ပင် ဖျာပုံ မှာ လာပြီး ဖူးစာဆုံခဲ့ကြသည် မဟုတ်ပါလား။ မသေခင်မှာ တော့ မြေးချီသွားချင်စိတ်ရှိသည်။ ‘သားအချစ်မြေးအနှစ်’ ဆိုရိုးစကား ရှိသော်လည်း မြေးမရဘူးသေးလို့လားတော့ သိ။ သားထက်ချစ်နိုင်မည့်သူ ဤဇမ္ဗူမှာ မရှိဘူးလို့ပဲ ဘွားဘွား ယုံကြည်နေဆဲဖြစ်၏။

သားနှင့်ပတ်သက်၍ ဘဝင်မကျနိုင်တာ တခုပဲရှိသည်။

သားဖြစ်သူမှာ ညနေတိုင်းလိုလို ရွှေတိဂုံဘုရားသို့သွား ၍ ဘုရားကို ရေသပ္ပာယ်၊ ဆီမီးအမွှေးတိုင် ညှိထွန်းပူဇော်၊ ပန်း ကပ်လှူလေ့ ရှိသည်။ သုကကာရီ အသင်းမှ မိတ်ဆွေ အပေါင်းအသင်းများနှင့် ရင်ပြင်တော်သန့်ရှင်းရေး၊ ဘုရား ပုထိုး သန့်ရှင်းရေးများကို ဗုဒ္ဓဟူး အပတ်စဉ်တိုင်း ပြုလုပ် သည်။ သန့်ရှင်းရေးအဖွဲ့ဝင် အပေါင်းအသင်းများကို သုက ကာရီအသင်းတိုက်တွင် သက်သတ်လွတ် ကုလားဟင်း နှင့် ထမင်းကျွေးလေ့ရှိသည်။

ပြီးတော့ အင်း၊ အိုင်၊ ခလှဲ့၊ လက်ဖွဲ့၊ မန္တရားနှင့် တန်ခိုး ရှင် ဝိဇ္ဇာ၊ တပသီ ဆိုသူတို့၏ မဟိဒ္ဓိ လောကီ အတတ်ပညာ ၌ စိတ်ဝင်စားယုံကြည်မှု ရှိ၏။

ပန်းထိမ် ဆရာအား ငွေခွက်များ မျက်နှာ ပြင် တွင် အင်းကွက် ဇယားများ ရေးထွင်းစေပြီး အင်းကွက်များ အပေါ်မှာ ဆီမီးထွန်းကာ ဘုရားကို ပူဇော်လေ့ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ပုဂံခေတ်ဦးလောက်က အရှင်ထွက် ဝိဇ္ဇာကြီးတဦးမှာ ယနေ့ထက်တိုင် အသက်ထင်ရှား ရှိနေကာ၊ ရှမ်းပြည် တောင်ပိုင်း ကက္ကူ အမည်ရှိ တောင်တတောင် ပေါ်တွင် နေထိုင်လျက် ရှိသည်။ သစ်ဥ၊ သစ်မြစ် ရှာဖွေနေသော ဝတ်ဖြူစင်ကြယ်နှင့် ထိုဝိဇ္ဇာကြီးကို တခါတရံ လူအချို့ မြင်တွေ့ဘူးသည်ဆိုသော သတင်းစကားမျိုးကို ယုံကြည် လက်ခံ၏။

ဘွားဘွားကတော့ ဒါမျိုးတွေကို ယုံကြည်စိတ် အလျဉ်း မရှိ။ လူလိမ် လူညာတွေ သက်သက် စားပေါက်ထွင်တာပဲ ဆိုတာ သိမြင်၏။ သည်လို မိဘများက မွေးဖွားလာသူမှာ သည်လိုယုံကြည်မှုတွေ ရှိနေရသည်ကို ဘွားဘွား အံ့သြမဆုံး ဖြစ်ရသလို စိတ်မကောင်းခြင်းလည်း ဖြစ်ရသည်။

ဘုရားပေါ်မှာကလည်း လူပေါင်းသူပေါင်း စုံလှသည်။ လူကောင်းတွေများစွာရှိသလို လူဆိုးတွေလည်းပို၍ များစွာ ရှိသည်။ လူလိမ်လူညာ ပေါများသည်။ အတုအယောင် 'ဆရာကြီး'၊ 'ဆရာလေး' တွေ တွေ့ရတတ်သည်။

စိတ်ထားဖြူစင် ရိုးဖြောင့်ကာ ကြင်နာသနားစိတ်ရှိသည့် လောကီပညာ၌ ဝင်စားသော သားလိုလူမျိုးကို အကြိုက် ပေးပြီး လိမ်ညာ စားသောက်တတ်သော ဂိုဏ်းဆရာလိုလို၊ ဝိဇ္ဇာယောင်ယောင်၊ လူကြောင်လူရှုပ်၊ လူလိမ် လူနုပ်များနှင့် တွေ့သွားမှာ ဘွားဘွားအလွန် စိုးရိမ်သည်။ သူတို့လိမ်ရာ လိုက်ပြီး သူတို့လှည့်ရာ ပါမှာကြောက်သည်။



သားဖြစ်သူမှာ လူတိုင်းအပေါ် ကြင်နာသနားစိတ် ရှိကာ လူတိုင်းမှာလည်း မိမိလိုစိတ်မျိုး ရှိမှာပဲဟု တွေးထင် တတ်သည့် လူရိုးလူဖြောင့် အစားထဲက ဖြစ်သည်မဟုတ် လား။ ထို့ကြောင့် ဘွားဘွားက သားကို အမြဲသတိပေးခဲ့ရ ဘူးသည်။ သားအတွက် စိတ်မချနိုင်ဖြစ်ရသည်။

သားကလည်း နိုင်ငံခြားသို့သာ သွားရသည်။ မိဘ နှစ်ပါးကို စိတ်မချနိုင်သည်မှာအမှန်။

သူ မရှိစဉ်မှာ မိဘနှစ်ပါး အား မငယ် ရအောင် ကျောင်းနေဘက် မိတ်ဆွေ ဆရာဝန်များအား မိဘအိုကြီး များ၏ ကျန်းမာရေးအခြေအနေကို မကြာခဏ သွားရောက် ကြည့်ရှုစစ်ဆေးရန် မှာထားခဲ့သည်။ အလုံမှာနေကြသည့် နှမဝမ်းကွဲ ဇနီးမောင်နှံကိုလည်း မိဘနှစ်ပါး၏စားရေး သောက်ရေးက အစ၊ အစစအရာရာ ကြည့်ရှုစောင့်ရှောက် ပေးရန် မှာခဲ့ရသည်။

ယခုလည်း သူတို့ဇနီးမောင်နှံပင် သားကိုယ်စားနေ့တိုင်း လိုလို နံနက်–၇ နာရီခွဲ၊ ဘိုးဘိုးနှင့် ဘွားဘွား နံနက် ကော်ဖီသောက်ချိန်အမှီ သူတို့ကား ကလေးနှင့် ရောက်လာ တတ်ကြသည်။ ထမင်းချက် အိမ်ဖော် မိန်းကလေးများကို သူတို့ဇနီးမောင်နှံကပင် ဘိုးဘိုး၊ ဘွားဘွားတို့ စားသောက် ရန် အစားအစာကို စီမံပေးပြီးမှ ပြန်သွားတတ်ကြသည်။

သူတို့ ဇနီးမောင်နှံကလည်း အန်တီနှင့် အန်ကယ်ကို သူတို့နှင့် တအိမ်တည်းအတူနေပြီး ဝတ်ကြီးဝတ်ငယ် ပြုစု

www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်လိုကြသည်။ သို့သော်လည်း သူတို့ကိုယ်တိုင် အမြဲအားလပ်ကြသည်မရှိ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွင် လုပ်တာကာနှင့် လွဲထား၍မဖြစ်၊ ကိုယ်တိုင်ကြည့်ကြပ် စီမံကွပ်ကဲရသည်။ ပြီးတော့ ဒါဇင်ဝက်နီးနီး လူမမယ်သားသမီးတွေက ရှိသေးသည်။

ဆေးတက္ကသိုလ်မော်ကွန်းထိန်းဘဝကပင် ချစ်ခင်ရင်းနှီးနေလာခဲ့ကြသည့် ကျန်းမာရေး ဒု–ဝန်ကြီးနှင့် ဇနီးဆိုလျှင် ဘိုးဘိုး ဘွားဘွား တို့ထံ အလည်ရောက်တတ်ကြသည်။ ဘိုးဘိုး ကြိုက်တတ်သည့် မော်လမြိုင် ဒူးရင်းသီး၊ နိုင်ငံခြားပန်းသီး၊ သူတို့ခြံထွက် သဘောသီးများ မကြာခဏပို့ပေးတတ်သည်။ ဘိုးဘိုး၊ ဘွားဘွားတို့ နေထိုင်မကောင်းဘူးဆိုလျှင် ပြသ လိုသည့် အထူးကုသမားတော် ဆရာဝန် အကျော်များကို အိမ်တိုင်ရာရောက် ခေါ်ပင့်ပေးတတ်သည်။

ပြည်ပသို့ ရောက်နေသော သားဖြစ်သူကလည်း အနည်းဆုံး တလ တကြိမ်နှစ်ကြိမ်လောက် စာမှန်မှန်ရေးပို့သည်။ အဝေးပြော တယ်လီဖုန်းနှင့် မိဘများ၏ ကျန်းမာရေးကို မေးမြန်းတတ်သေးသည်။ စိတ်ချရသော မြန်မာသဘောသားများ၊ အစားရှိများ၊ အသိမိတ်ဆွေ ပညာတော်သင်များနှင့် မြန်မာနိုင်ငံ၌ ရှားပါးလှသည့် ဆေးဝါးများ၊ အာဟာရဖြစ်စေမည့် အစားအစာများနှင့် အဝတ်အထည်များကို မှန်မှန်ပို့ပေးတတ်သည်။



ဘွားဘွားသည် သားအကြောင်းတွေးယင်း သားကိုသတိရ အောက်မေ့လာသည်နှင့် ခုတင်ခေါင်းရင်း စားပွဲပေါ်မှာတင်ထားသည့် သားဖြစ်သူ၏ရုပ်ပုံကို လှမ်းကြည့်မိသည်။

သားဖြစ်သူ အသက် ၁၆–နှစ်အရွယ်က ရိုက်ကူး ထားသည့်ဓာတ်ပုံကို တရုတ် ပန်းချီဆရာတဦး ခဲနှင့် ပြန် လည်ရေးဆွဲထားသော ပုံတူပန်းချီကားဖြစ်သည်။ အပြင်မှာလိုပဲ ချိုမြလန်းဆန်းသော အပြုံးအေးအေးနှင့် သားဖြစ်သူသည် ဘွားဘွားကို ပြန်ကြည့်နေလေသည်။

အော်.... သား.... သား....။ မိဘတွေ အပေါ် အလွန်ကျေးဇူးသိတတ်လှတဲ့သား။ အပြင်ကပြန်လာတိုင်းလိုလိုမိဘတွေကြိုက်တတ်တဲ့ အစားအစာတခုခုကို ဝယ်ယူကျွေးမွေးတတ်တဲ့သား။ အိမ်က အခိုင်းအစေတွေအပေါ်မှာလဲ ဘယ်အိမ်ရှင်မျိုးမှမထားနိုင်တဲ့စေတနာမျိုးထားရှိတတ်တဲ့သား။ သူတို့ဘတွေ နေထိုင်မကောင်းဖြစ်ယင် သွေးရင်းသားရင်းပမာ ကိုယ် တိုင် စောင့် လို့ ဆေးတိုက် တတ်တဲ့သား....။ ငါ့သား သူတော်ကောင်းကြီး ကျန်း မာ ချမ်းသာပါစေကွယ်....။

သား၏ ပုံတူပန်းချီကားနောက်ဘက် ပြတင်းပေါက်မှ ကျော်ကာ ခြံထဲတွင် မာလီကုလားကြီး မစ်ဆလီ ပန်းပင်ရေလောင်းနေသည်ကို ဘွားဘွားလှမ်းမြင်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



အော်.... သည်ခြံကြီးထဲကို ဘွားဘွားမဆင်းဖြစ်တော့ပဲ မာလီ ကုလားကြီး နှင့်သာ ပစ်ထားလိုက်ရသည်မှာတော့ ၄-၅-နှစ် ကျော်ခဲ့လေပြီ။

ဘယ်အပင်က အသီး ဘယ်လောက်သီးနေပြီ၊ ဘယ်ပျိုးပင်က ဘယ်လောက် ကြီးထွားနေပြီ၊ ဘယ် ပန်း ပင် က ဘယ်လောက် ဖူးပွင့်နေပြီဆိုတာ ယ ခင် က လို ကိုယ်တိုင် သွားရောက် ကြည့်ရှု မပြုစု မယုယနိုင်တော့ပြီ။

တနေ့တနေ့ မိမိအိပ်ခန်းနှင့် ထမင်းစားခန်း(တခါတရံ ဧည့်ခန်း) မှလွဲ၍ ဘယ်မှမသွားဖြစ်တော့....။ တခါတရံမှာတော့ မိမိပြုသည့်အလှူဒါနကို ကိုယ်တိုင် မိမိလက်နှင့်ရေစက်သွန်းချ လှူလိုစိတ်ရှိသည့်အခါ ဝေဠုဝန်ကျောင်းတိုက်သို့ ကားနှင့် ပို့ခိုင်းရသည်။

ခြံတွင်းရှိ သစ်ပင်ပန်းပင်များကို အမှတ်မထင် ငေးနေရာက သည်တိုက်အိမ်ကြီးစတင်ဆောက်ခဲ့ရပုံကို သတိရမိပြန်သည်။

စစ်ကြီးပြီးဆုံးပြီး အိန္ဒိယပြည်မှပြန်ရောက်တော့ ခင်ပွန်းသည်၏ ညီဖြစ်သူ ပညာမင်းကြီးအိမ်မှာ ခဏနေကြရသေးသည်။ ထို့နောက် ဘဒ်လမ်းရှိ ခြံဝင်းကျယ်ကြီးနှင့် တိုက်အိမ်ကြီးမှာ ၅-နှစ်ခန့် ငှားရမ်းနေထိုင်ခဲ့သည်။ ၁၉၅၀-ပြည့်နှစ်ရောက်မှ ပြည်လမ်းပေါ်ရှိ၊ ဟံသာဝတီ အဝိုင်းကြီးအနီးမှ ခြံမြေကိုဝယ်ယူကာ ယခုနေထိုင်ဆဲဖြစ်သည့် တိုက်ကို ဆောက်ခဲ့သည်။



တက္ကသိုလ်ရိပ်သာလမ်းမှာ ဝယ်ယူထားသည့် တိုက်အိမ်ကိုတော့ ဒေါက်တာ ထင်အောင်ကို ရောင်းလိုက်သည်။ စစ်မဖြစ်မီက ဝယ်ယူထားသည့် ကမာရွတ် ပဏ္ဍိတ လမ်းထဲက ခြံမြေကွက်ကိုလည်း ပြန်ရောင်းပစ်လိုက်တော့သည်။

ပြည်လမ်းမှ သည်တိုက်ကြီးကို အေစီမာတင် ကုမ္ပဏီကို ကန်ထရိုက်ပေးကာ ဆောက်ခဲ့သည်။ တိုက်အိမ်၏ မြောက်ဘက်မှ ရှုတ်တရက်ကြည့်လျှင် တထပ်တိုက်ပဲထင်ရပြီး အိမ် ၏ တောင်ဘက်မှ ကြည့်လျှင်သာ နှစ်ထပ်တိုက်မှန်း သိရသော တိုက်အိမ်ပုံဆန်းဖြစ်သည်။

ဆောက်လုပ်ပုံမှာလည်း သေသပ်ခိုင်ခံ့လှသည်။ စစ်ကြီးပြီးစ ပြန်လည် ထူထောင်ရေးတွင် တိုက်တာ အိမ်ရာများပြန်လည် ဆောက် လုပ် ချိန် ၌ နာ မည် ကောင်းလည်းရ၊ ကန်ထရိုက်လည်း များများရအောင် အေစီမာတင်ကုမ္ပဏီက ကြော်ငြာသဘောမျိုးစံပြဆောက်လုပ်ပေးခြင်းပဲဖြစ်ပေလိမ့်မည်။ တိုက်၏ အနေအထားနှင့်ကျယ်ဝန်းသော ဧည့် ခန်းဖွဲ့ပုံကို ဒေါက်တာဘမော်က မကြာခဏ အိမ်ရောက်လာတိုင်း အံ့သြ ချီးကျူးခဲ့ဘူးသည်။

တကေကျော်ကျော် ကျယ်ဝန်းသည့် မြေကွက်နေရာတွင် တိုက်အိမ်ကို ပြည်လမ်းမကြီးနှင့် ပေ ၆၀-ခန့် အကွာမှာ ဆောက်သည်။ ထို့ကြောင့် ပေ ၁၀၀-ကားလမ်းမှ ကားသံများနှင့် ဝေးကာ အိမ်ရှေ့ဥပစာ ကျယ်ကျယ်ဝန်းဝန်းတွင် ဘွားဘွားစိုက်လိုသည့် စားပင်၊ သီးပင်မျိုးစုံ၊ ပန်းပင်

www.burmeseclassic.com

www.burmeseclassic.com



မျိုးစုံကို စိုက်နိုင်ခဲ့သည်။ ဘွားဘွားက သစ်ပင်ပန်းပင်စိုက် အလွန်ဝါသနာပါသည်။

ပန်းတကာ့ပန်းထဲတွင် နှင်းဆီပန်းကိုတော့ ဘွားဘွား အကြိုက်နှစ်သက်ဆုံး။ နှင်းဆီ၏ ရနံ့၊ နှင်းဆီ၏ အသွေး အရောင်၊ နှင်းဆီ၏ အပွင့်ပုံသဏ္ဌာန်မှာ ချစ်မြတ်နိုးဖွယ် ကောင်းလှသည်။ ဘုရားစင်က ပန်းအိုးထဲမှာဖြစ်ဖြစ်၊ ဧည့် ခန်းစားပွဲပေါ်ကပန်းစိုက်အိုးထဲမှာဖြစ်ဖြစ်အရောင်စုံနှင်းဆီ ပန်းများ ထွားထွားဝေဝေ ပွင့်လန်းနေသည်ကို မြင်တွေ့ရ သည်မှာ စိတ်နှလုံးကို ငြိမ်းချမ်း အေးမြ စေသည်လေ...။

ထို့ကြောင့်နှင်းဆီပန်းများကိုအလေးပေး၍စိုက်ခဲ့သည်။ ဆွစ္စလန်နှင်းဆီမျိုးကိုပင် တကူးတက မှာယူ၍ စိုက်သည်။ အလည် လာရောက်ကြသည့် ဧည့်သည် မိတ်ဆွေများမှာ ဘွားဘွား၏ အရောင်စုံ အမျိုးစုံ နှင်းဆီမြိုင်လယ်ထဲမှာ နာရီဝက်နီးပါး ယစ်မူး ငေးမော အချိန် ကုန်ကြရတတ် သည်။

ရာသီမပြတ် ပွင့်ဝေသင်းထုံတတ်သည့် ရှားပါးလှသော တရုတ် တတိုင်းမွှေး ပင်ပေါက်ကို ချင်ချောင်း သဋ္ဌေးကြီး၏ ဇနီးထံမှ တပင်ကို ၁၅–ကျပ်ဈေးနှင့်ဝယ်ကာ ဆင်ဝင်ရှေ့ မှာ သုံးပင်စိုက်ခဲ့သည်။

ကုလားပြည်ရှိ အသိ မိတ်ဆွေများထံမှ မျိုး ကောင်း သရက်၊ သြဇာ၊ မာလကာမျိုးစေ့များ မှာယူ၍စိုက်သည်။ အယ်ဖွန်ဇိုးခေါ် ဘင်္ဂလားသရက်မျိုးမှာ အရသာကောင်း



သလောက် အားရဖွယ် အကိုင်းအခက် ညွတ်အောင် ပြွတ်သိပ် သီးတတ်၏။

မလေးရှား အုန်း၊ ပိန်းအခွံကျွတ်ကြက်မောက်၊ စက်ဘူ နာနတ်၊ ယိုးဒယား နှင်းသီး၊ ဂျပန်ကျွဲကောသီး စသည်ဖြင့် နိုင်ငံခြားသီးပင်မျိုးစုံကို ခြံပတ်လည်မှာ ဘွားဘွား စိုက်ခဲ့ သည်။

ဂမုန်းပင်မျိုးစုံနှင့် ပန်းမျိုးစုံကိုတော့ ဖော်ပြခြင်းငှာ မတတ်နိုင်အောင် အရေအတွက်များလှသည်။

အရိပ်ရနိုင်အောင် ကံ့ကော်၊ ဝက်သစ်ချ၊ ထင်းရှူး၊ ငု၊ ပဲ ချယ်ရီ စသော ရိပ်သာပင်များကိုတော့ ခြံစည်းရိုး ပတ်ပတ်လည်မှာ စိုက်၏။ ပြည်လမ်းပေါ်မှ ကြည့်လျှင် ခြံတွင်းမှ တိုက်အိမ်ကြီးကို မမြင်သာအောင် ရောင်စုံစက္ကူ ပန်းပင်များက ဆီးကာနွယ်ဆိုင်းနေတတ်သည်။

အမျိုးပေါင်း၃ဝဝ–ကျော်မျှ သီးပင်၊ စားပင်၊ ပန်းပင် စုံလှသော ဘွားဘွားတို့ခြံကြီးသည် ရုက္ခဗေဒ ဥယျာဉ်တခု အလား ထင်မှတ်ရသည်။

နွေရက်တိုင်လျှင် ဥဩငှက်က ဘွားဘွားတို့ ခြံကြီးသို့ အလည် လာရောက် တေးဆိုတတ်သည်။ ချိုးငှက်က အိမ် အနောက်ဘက် မန်ကျည်းပင်ကြီးထက်မှ လွမ်းစဖွယ် ချွဲ ကူ တတ်၏။ အနောက်တောင်တခိုဆီမှ မိုးရိပ်တွေညို့မှောင် လာပြီ ဆိုလျှင်တော့ ဆက်ရက်တသိုက်က အိမ်ခေါင်းရင်း အုန်းပင်များအပေါ်မှာ အသိုက်အအုံဖွဲ့လျက်ညီးညံ့ပူဆာ တတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိုးကာလ နံနက်လင်းအရုဏ်တက်ချိန်မှာ သပိတ်လွယ် ငှက်က ချိုလွင် အေးမြသော တေးဖြင့် အိမ်သားတွေကို နှိုးတတ်သည်။ စာငှက်ငယ်များကိုတော့ တံစက်မြိတ်တလျှောက် စပါးနှံနှင့် အုန်းခွံ ချိတ်ဆွဲလျက် အသိုက်အိမ် ဆောက်လုပ်ပေးသည်။

ဘယ်က ဘယ်လို ရောက်လာသည် မသိ။ ခန္ဓာကိုယ် အလွန်သေးငယ်သော်လည်း လူ လေချွန်သံကဲ့သို့ အသံရှည်ဆွဲ၍ တေးသီတတ်သော၊ အမျိုးအမည် ခွဲခြားမသိနိုင်သော၊ ရွှေဝါရောင် ရင်အုပ်၊ စိမ်းညို့ရောင် ကိုယ်လုံး၊ တောင်ပံ၊ မြီးသွယ်နှင့် ချစ်သနားဖွယ် တောငှက်ငယ်မိသားစုကတော့ အိမ်ခေါင်းရင်း သလဲပင်အိုကြီးထက်မှာ အသိုက်ဆောက် နေကြသည်။

ငှက်ငယ်ကလေးများမှာ လူနှင့် အတော် ယဉ်နေကာ တိုက်အိမ်၏ မြောက်ဘက် ဘိုးဘိုး အိပ်ခန်း၏ ပြတင်းမှန်ဘောင်ထိ လာနားပြီး အချိန် ရှည်ကြာစွာ နေစာလှူ နေတတ်ကြသည်။ ဘိုးဘိုး၏ ရေဒီယိုမှ တေးဂီတသံ ကြားလျှင် ခေါင်းကလေးများကို ဟိုဘက် သည်ဘက် လှည့်ကာ စူးစမ်း နားစိုက်ထောင်ဟန် မြင်တွေ့ရသည်။

အိမ်နောက်ဘက် ငှက်ပျောပင်အုပ်များဆီက ရှဉ့်ညို ကလေးများကမူ သေးငယ်စူးရှသော အသံကလေးများနှင့် ငှက်ပျောပင် ရွက်ဖားကြီးများ အပေါ် ခုန်ကူး ပြေးလွှား ယင်း တခါတရံ စပို့ဆောင် ပြတင်းပေါက်နား အထိ အတင့်ရဲ ရောက်ရှိလာတတ်ကြသည်။



ဘိုးဘိုး မျက်စိ မြင်စဉ်ကဆိုလျှင် နံနက်စာစောစော [illegible] မြနီကုန်း အလွှန် ဗိုလ်ရှုခံလောက်အထိ [illegible] တတ်သည်။

အိမ်ပြန်ရောက်လျှင် ပန်းပင် သစ်ပင်ငယ်များကို ပိုက်နှင့် ရေလောင်းပြီး စာငှက်ငယ်များကို ဆန်စေ့ ကြဲပက် ကျွေးလေ့ရှိ၏။

မကြာမီမှာပင် ခိုဖြူ တအုပ်မှာ ဘယ်နေရာက ရောက်လာမှန်း မသိရ။ ဘိုးဘိုး စာငှက်များကို အစာကျွေးချိန် နံနက်တိုင်း အချိန်မှန်စွာ အစာ စားရန် ဝဲပျံနားခိုလာ တတ်ကြသည်။ ပထမတော့ အစာ စားပြီး ခဏမျှနေကာ အရှေ့စူးစူး ဝင်ဒါမီယာ ဘက်သို့ ပျံသန်း ပျောက်ကွယ် သွားတတ်ကြသည်။ နောက်တော့ အစာစားပြီးလျှင်လည်း ပြန်ကြတော့ပဲ ခြံထောင့်ရှိ မာလီကုလားကြီး၏ အိမ် တန်းလျား မျက်နှာကြက်အတွင်း အမြဲ နေကြတော့သည်။

ယခု ဆိုလျှင်တော့ ထို ခိုအုပ်သည် ပွားစည်းလာကာ ကားဂိုဒေါင် အမိုး အောက်မှာ တချို့၊ တိုက်ခေါင်မိုး အကြားမှာ အချို့ ရောက်ရှိ အခြေတည်နေကြတော့သည်။ မာလီကုလားကြီးကိုရော၊ ခင်မြင့်၏ သားသမီးတွေကိုရော ငှက်များကို သတ် မစားရန် ဘိုးဘိုး ဘွားဘွား တို့က မှာထား ရသည်။

သို့လျှင် ဘွားဘွားတို့အိမ်ခြံကြီးသည် တဆယ့်နှစ်ရာသီ တော်လုံး ငှက်ပေါင်းစုံတို့၏ တေးသံနှင့် ချမ်းငြိမ်းသာယာ



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ပန်းမျိုးစုံတို့၏ အဆင်းရနံ့နှင့် လှပမွှေးပျံ့သည့်
သစ်ပင် ပန်းရွက်တို့၏ အရိပ်အာဝါသ ဖြင့် စိုပြေ အေး
လှသည်။

ပြည်လမ်း ခြောက်မိုင်ခွဲရှိ နှစ်ထပ်တိုက်ကိုတော့ အား
သူ၏ စိတ်ကြိုက် ဆောက်လုပ်သည်။

ယခု နေထိုင်သည့် တိုက် ဆောက်ပြီး ၁၀–နှစ်ကျေ
ကြာမှ ဆောက်ခဲ့ခြင်း ဖြစ်၏။ သား၏ မိတ်
အမေရိကန်ပြန် ဗိသုကာ ကိုကျော်မင်း၊ ကိုကျော်ရင်
ကိုဖေဝင်း တို့ကို နောက်ဆုံးပေါ် အိမ်ပုံစံ ရေးဆွဲစေသည်
ငွေကြေး အကုန်အကျ များစွာခံ၍ အကောင်းဆုံး ပစ္စည်
အသုံးအဆောင်များကို ရှာဖွေ ဝယ်ယူ ဆောက်လုပ်
သည်။

မိသားစု တသက်လုံး နေထိုင်သွားမည့်တိုက်မို့ ရေချို
ခန်း၊ အိမ်သာက အစ စိတ်တိုင်းကျ သေသပ် လှပ
ဆောက်လုပ်သည်။ တိုက်အိမ်ကြီး၏ နောက်ဘက်
လူပျိုဆောင် သဖွယ် အိပ်ခန်း၊ ဧည့်ခန်း၊ ရေချိုး
ပါသည့် ချစ်စဖွယ် တိုက်အိမ်ပုလေး တလုံး ဆောက်
သေးသည်။

တိုက်အိမ် နှစ်လုံးစလုံးမှာ ခေတ်မှီ လှပသလော
နေရာ ဒေသကလည်း နေရာကောင်း၊ ဆိတ်ငြိမ် ရပ်ကွ
လည်း ဖြစ်သည်။ အပေါ်ထပ် ဝရန်တာမှ အရှေ့ဘက်
လှမ်းမျှော် ကြည့်လျှင် စိမ်းကြည် အေးမြသော အင်းလျ



ကန် ရေပြင် တဖိတ်ဖိတ် တလှက်လက်ကို သစ်ပင် သစ်အုပ်များ အကြားမှ ထွင်းဖောက် မြင်တွေ့ရသည်။

သို့သော် ဘွားဘွားက သည်တိုက်သစ်မှာ နေရသည်ကို သိပ်သဘော မတွေ့။

မရမ်းကုန်းဈေးသွားရမှာက အတော်ဝေးသည်။ ကမာရွတ်ဈေးနှင့်လည်း အလှမ်း ကွာသယောင် ရှိသည်။ ရန်ကုန်မြို့ထဲနှင့်လည်း ဝေးလှသည်ဟု (အိမ်မှာ ကားနှစ်စီးတောင် ရှိနေပါလျက်ကနှင့်) ဘွားဘွားက ညည်းညူသည်။ မြေနီကုန်းဈေး၊ ကမာရွတ်ဈေး၊ ကြည့်မြင်တိုင်ဈေးတို့နှင့် နီးကပ်သော၊ မြို့ထဲနှင့်လည်း အလှမ်း မကွာလှသော၊ ၁၀–၈–နှစ် ကြာအောင် နေထိုင် လာခဲ့၍ အနေကျ၊ အသားကျနေပြီ ဖြစ်သော ယခု လက်ရှိ နေထိုင်သည့် ဟံသာဝတီ အဝိုင်း အနီးက တိုက်မှာပင် နေချင်သည် ဖြစ်ရပြန်၏။

ဘွားဘွား ၏ အလို ဆန္ဒသည် တအိမ်သားလုံး၏ အကြိုက်ပဲ ဖြစ်တတ်ရကား တိုက်သစ်မှာ နှစ်လ၊ သုံးလ မျှသာ နေထိုင်ကြပြီး တိုက်ဟောင်းသို့ပင် ပြန်လည်ရောက်ရှိ နေထိုင်ခဲ့ကြသည်။

လက်ဦး ရည်ရွယ်ခဲ့သည်မှာတော့ တိုက်သစ်ဆောက်ပြီးလျှင် တိုက်ဟောင်းကို ငှားလိုလျှင်လည်း ငှားမည်၊ ရောင်းချင် လျှင်လည်း ရောင်းမည်၊ တိုက်သစ်မှာတော့ မိသားစု အမြဲ နေထိုင်သွားမည် ဖြစ်၏။ တိုက်သစ် ဆောက်ပြီးချိန်

www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဘွားဘွား ဆန္ဒအတိုင်း တိုက်သစ်မှာ မနေကြ တော့ပဲ ဟံသာဝတီအဝိုင်း အနီးမှ တိုက်ဟောင်းသို့သာ ပြန်ရောက်ကြ၏။

ကံကောင်းထောက်မ စွာပင် တိုက်သစ်ကို ငှားရန်အခွင့် အရေး ပေါ်လာခဲ့သည်။

ခြောက်မိုင်ခွဲ တိုက်သစ်မှာ နေထိုင်ခဲ့ကြစဥ်က တနေ့မှာ ဘိုးဘိုးထံသို့ အမေရိကန် သံရုံးမှ သံအရာရှိသစ် တဦး အလည်ရောက်လာသည်။ အမေရိကန်ပြည် ဆန်ဖရန်စစ္စကို ဘိုးဘိုး၏ တူ တဦးက မြန်မာနိုင်ငံ အမေရိကန် သံရုံးတွင် အမှုထမ်းရန် သွားမည့် မိတ်ဆွေ အမေရိကန် တဦးအား ဦးလေး ဖြစ်သူထံ မိတ်ဆက်စာ ရေးပေးလိုက်သည်။

ထို အမေရိကန် သံအရာရှိက ဘိုးဘိုးတို့ တိုက်အိမ်သစ်၏ ဧည့်ခန်း အနေအထား အပြင်အဆင်ကို သဘောကျ ချီးကျူးကာ တအိမ်လုံးကို ကြည့်ရှုခွင့် တောင်းသည်။ တခန်းဝင် တခန်းထွက်၊ အထက်တက် အောက်ဆင်း လိုက်လံ ကြည့်ရှုပြီး ဘိုးဘိုးတို့ အိမ်သို့ ခဏတဖြုတ် ရောက် လာရသည်မှာ ကာလီဖိုးနီးယားမှ သူတို့ ဇနီးမောင်နှံ လက်ထပ်ပြီးစ နေထိုင်ခဲ့ကြသည့် မင်္ဂလာဦး ပျားရည်ဆမ်း အိမ်ကလေးကို ပြန်လည် ရောက်ရသလို ခံစားမိကြောင်း ပြောရာမှ အစ ဘိုးဘိုးတို့ တိုက်အိမ်သစ်ကို ထိုအမေရိကန် သံအရာရှိ မိသားစုအား တလ ကို ကျပ်ငွေ ၃၀၀၀- (သုံးထောင်) နှင့် အိမ် ငှားဖြစ်ခဲ့သည်။



ထို သံအရာရှိ မလေးရှားကို ပြောင်းသွားတော့လည်း သူ့နေရာတွင် နောက်ထပ် ရောက်ရှိလာသည့် သံအရာရှိ ကပင် ဘိုးဘိုးတို့အိမ်ကို ဆက်လက် ငှားရမ်းနေထိုင်ခဲ့၏။ ငါးနှစ်တကြိမ် အိမ်ငှားစာချုပ် အသစ် အသစ် ထပ်မံ ချုပ်ဆိုခဲ့သည်။ သည် လို နှင့် အမေရိကန် သံရုံး မှ အရာရှိများကို အိမ် ငှားဖြစ်ခဲ့သည်မှာ ၁၄-နှစ် ကျော်လာ ခဲ့ပြီ။ လာမည့် ဇူလိုင်လတွင် သည် ငါးနှစ် စာချုပ် သက်တမ်း ကုန်လျှင်တော့ ဘယ်သူ့ကိုမှ မငှားတော့ပဲ ကိုယ့်တိုက်မှာ ကိုယ် နေတော့မည်ဟု ဘွားဘွားက စိတ်ကူး တမျိုးရပြန်၏။

အသက် အရွယ် ကြီးလာတော့ ယခုလို ဟံသာဝတီ အဝိုင်း အနီးက တိုက်မှာ နေထိုင်ရသည်မှာ ကားသံ၊ လူသံ ဆူညံလှသည်ဟု ဘွားဘွားက ညည်းညူ၏။

ဟုတ်တော့လည်း ဟုတ်သည်။ ဘွားဘွား တို့ ခြံနှင့် လှည်းလမ်းသာ ခြားလျက် ရှိနေသော တဘက်ရှိ စာပေ ဗိမာန် စာပုံနှိပ်တိုက် ခြံရှေ့ တည့်တည့်မှာ နံပတ် ၁၂- ကားဂိတ်ရှိနေသည်။ ပြီးတော့ ရန်ကုန်-အင်းစိန်၊ ရန်ကုန်- ထောက်ကြံ့ တလျှောက် ပြေးဆွဲသမျှ လိုင်းပေါင်းစုံမှ ကားမျိုးစုံတို့၏ ကားမှတ်တိုင်မှာ ဘွားဘွားတို့ ခြံရှေ့မှာ ရှိသည်။

ကားဂိတ်၊ ကားမှတ်တိုင်များကို အမှီပြု၍ ဈေးချ နေသော လက်ဖက်ရည်ဆိုင်၊ ကြံရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ ကွမ်းယာဆိုင်ကလေးများမှာလည်း ဘွားဘွားတို့ ခြံဝန်းကို

www.burmeseclassic.com

www.burmeseclassic.com



နောက်ခိုင်း မှီလျက် (ဘွားဘွားတို့၏ ခွင့်ပြုချက်အရ) ရှိနေ၏။ တနေ့လုံး ကားသံ လူသံများကို အိမ်ထဲမှကြားနေရတတ်သည်။

ည ၁၀-နာရီ ကျော်မှ ကားသံ အနည်းငယ် တိတ်ဆိတ်သွားကာ နံနက် ၄-နာရီခွဲ ကျော်လျှင်ပဲ ၁၂-ကားဂိတ်မှ ကား စက်နှိုးသံများကို စတင် ကြားလာရတော့သည်။

သည်လို ကားသံတွေကြားရပြီး အတန်ကြာလျှင်တော့ ကားဂိတ်အနီး လက်ဖက်ရည်ဆိုင်မှ "ဟေး လား ကွယ် မောင်ရို့....ဟေးလားကွယ် မောင်ရို့....ဝမ်းစမိုးရော သောသော ညံ"ဟူသောလောက်စပီကာကြီးနှင့်ဖွင့်သည့်စတီရီယို သီချင်းပေါင်းစုံအသံများ အမှန်ပင် သောသောညံအောင် ထွက်ပေါ်လာတတ်သည်မှာ 'ဝမ်းစမိုး' ပင် မကတော့။ အကြိမ်ကြိမ် အထပ်ထပ်ပင်။

တိုက်အိမ်၏မြောက်ဘက် ဘိုးဘိုးအိပ်ခန်းနှင့် ပို၍နီးကပ်နေရာ ထိုသီချင်းသံများကို ဘိုးဘိုး အတိုင်းသား ကြားနေရသည်။

တိတ်ဆိတ် ငြိမ်သက်နေသည့် နံနက်စောစော အချိန်အခါမျိုးမှာ "အရက်ကိုကြိုက်လို့သောက်တဲ့သူ....စိတ်ပျော်တတ်လို့ သောက်တဲ့သူ....စိတ်ညစ်တဲ့အမူးသမား"ဆိုသော သီချင်းသံမျိုးလည်း ကြားရတတ်သည်။

"ရည်းစားလေး ထားရတာလဲ....ဆီးပြားလေး စားရသလိုပဲ....နင့်ကိုငါချစ်မယ်....ငါ့ကို နင်ချစ်မလား" ဆိုသော သီချင်းမျိုးလည်း ကြားရပြန်သည်။



သီချင်းသံများသည် ဆိုင်ဖွင့်ချိန် နံနက်စောစောကြီးမှ မျိုး အဆက်မပြတ် ကြားနေရကာ ည၌ ၉-နာရီ ဆိုင်ပိတ်ချိန်မှပဲ တိတ်ဆိတ်သွားတော့သည်။ နေ့စဉ်နေ့တိုင်းလို ကြားနေရတော့ ဘိုးဘိုး တောင် သူတို့ သီချင်းစာသားတွေ အလွတ်ရချင်လာတော့သည်။

'ဘယ်လိုစာသားတွေပါလိမ့်၊ ဘယ်လို တင်စားချက် ဥပမာအလင်္ကာတွေပါလိမ့်'ဟု ဘိုးဘိုး တွေးမိသေးသည်။ ဘိုးဘိုး ကြားနေကျ မြန်မာ့အသံမှ ထုတ်လွှင့်သည့် သီချင်းမျိုးနှင့် မတူ။

တခါတခါ ဘိုးဘိုးက ဘူလုံးကို ထို သီချင်းများနှင့် ပတ်သက်ပြီး မေးမြန်းကြည့်ရသည်။

သည်တော့ ဘူလုံးက "စောစောက သီချင်းတွေက အဆိုတော် 'စိန်ဝင်းထွန်း'ရဲ့ 'စိတ်ညစ်တဲ့ အမူးသမား'၊ 'ဘိုဘိုဟန်'ရဲ့ 'ဘိုင်စကုတ်ထဲက အချစ်'၊ အဲ...ခုကြားရတာကတော့ လူကြိုက်များတဲ့ 'မေဆွိ'ရဲ့ 'နပန်းဆံ' သီချင်းပဲ ဘိုးဘိုး"ဟု ဖြေတတ်သည်။

ဘိုးဘိုးက "မေဆွိ....တဲ့လား၊ နာမည်က ဆန်းလှချည်လား၊ အဲဒီ အဆိုတော်က တရုတ်လား၊ ဗိုလ်ကပြားလား"ဟု မေးပြန်တော့....

"မေဆွိက မြန်မာလူမျိုးပဲ ဖြစ်မှာပေါ့ဘိုးဘိုးရဲ့....၊ ရုပ်ရှင်မင်းသမီး မြင့်မြင့်ခင်ရဲ့ သမီးတဲ့...."ဟု ရှင်းပြသည်။

"အော်....မေဆွိ ဆိုတာ မောင်ညွှန့်တို့ သမီးကိုး"ဟု ဘိုးဘိုးက ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ညွန့်၏ သမီးအကြီးက ရုပ်ရှင်မင်းသမီး၊ အငယ်က လူငယ်ကြိုက် စတီရီယိုအဆိုတော်ဖြစ်နေသည်ဟု တလောက ဘိုးဘိုး ကြားရသည့် သတင်းကို သတိရသည်။

ခင်မောင်ညွန့်မှာ ဘိုးဘိုးတို့နှင့် ခြံချင်းကပ်လျက်ရှိသော ဝတ်လုံ ဒေါက်တာဦးသိန်း၏ တူဖြစ်သည်။ ခင်မောင်ညွန့် လူပျိုတုန်းက ဦးသိန်းအိမ်မှာ နေသည်။ ဘိုးဘိုးတို့မိသားစုနှင့် ရင်းရင်းနှီးနှီး နေခဲ့ကြသည်။ ခင်မောင်ညွန့်မှာ ဓာတ်ပုံရိုက် ဝါသနာပါရာ ဘွားဘွားကို ခြံထဲမှာ ဓာတ်ပုံများ ရိုက်ပေးတတ်သည်။ ဥပဒေရေးရာနှင့် ဆိုင်သည့် အကြောင်းအရာ၊ ရှေ့နေရှေ့ရပ်တို့ ရင်ဆိုင်ရတတ်သည့် ပြဿနာအရပ်ရပ် အကြောင်းကြောင်းတို့ကို ဘိုးဘိုးထံ မေးမြန်း နည်းနာခံယူတတ်သည်။

ဟိုတုန်းကတော့ ခုလို ဆူဆူညံညံ သီချင်းများလည်း မကြားရ။ ယခုလို ကားဂိတ်၊ ကားမှတ်တိုင်များလည်း ခြံရှေ့မှာ မရှိ။ ကားဦးရေလည်း မများလှပေ။ တိတ်ဆိတ်အေးချမ်းစွာ အနားယူနေလိုသည့် ယခုလို သက်ကြီးရွယ်အို အချိန်မှာတော့ ဆူဆူညံညံ ဘာသံကိုမှ မကြားလိုတော့။

ဟို တနေ့ကပင် သည်ကိစ္စနှင့် ပတ်သက်ပြီး ဘိုးဘိုးကို တိုင်ပင် ကြည့်သေးသည်။ လက်ရှိ နေထိုင်သော ဟံသာဝတီအဝိုင်း အနီးမှ တိုက်နှင့် ခြံကို ရောင်းပြီး ခြောက်မိုင်ခွဲ တိုက်မှာ သွားနေချင်သည်။ လက်ရှိ နေထိုင်သော တိုက်ကို သားနာမည်နှင့် လွှဲထားပြီး ခြောက်မိုင်ခွဲရှိ



တိုက်ကိုတော့ ဘွားဘွား အမည်နှင့် ထားသည်။ ဤသည်မှာလည်း အမြော်အမြင် ကြီးသော ဝတ်လုံကတော်ကြီး ပီသစွာ အရာရာကို ကြိုတင်တွက်ဆတတ်သော ဘွားဘွား၏ အစီအမံပဲ ဖြစ်သည်။

သည်တော့ ခြောက်မိုင်ခွဲ အိမ်ကို သား နာမည် လွှဲပြောင်းပေးလိုက်ပြီး ယခုနေထိုင်သည့်အိမ်ကို အပြီးအပိုင် ရောင်းလိုက်လျှင် သင့်တော်မည်ဟု ဘွားဘွား တွေးတောမိသည်။

သည်အိမ်ကို ရောင်း၍ ရသည့်ငွေ၊ ဘဏ်တိုက် သုံးလေးခု ခွဲပြီး အိုစာမင်းစာ စုဆောင်း ထည့်သွင်းထားသည့်ငွေ၊ ဘွားဘွား၏ စိန် ရွှေ လက်ဝတ်လက်စားများနှင့် ဆိုလျှင်ယခုလိုတနှစ်တနှစ်လျှင် ငွေ ၂၀၀၀၀–(နှစ်သောင်း) ဖိုးခန့် မှန်မှန် လှူဒါန်းသွားနိုင်ပြီး ဘိုးဘိုးနှင့် ဘွားဘွား တသက် စားသွားနိုင်မည် မဟုတ်ပါလား။ သားအတွက်တော့ ပူပင်စရာမရှိ။ သူ့မှာလည်း သူ့အလုပ် သူ့အကိုင်၊ သူ့ငွေကြေး သူ့ဥစ္စာနှင့် ဖြစ်သည်။

အလှူအတန်း ကုသိုလ်ကောင်းမှုနှင့် ပတ်သက်၍တော့ မိသားစု သုံးဦးစလုံး တစိတ်တဝမ်းထဲ ညီညွတ်ကြ၏။ ဘွားဘွားမှာ ဗုဒ္ဓ၏ တရားဓမ္မ၌ အထူး သက်ဝင် ယုံကြည်ကာ ဒါန၊ သီလ၏ အကျိုးကိုသိမြင်သည်။ အိမ်ထောင်ကို ထိန်းသိမ်းရာ၌ အဆဟသာ မယိုမဖိတ်ရအောင် ပိတ်ဆို့ စစ်စေသည် ဆိုရမည် ဖြစ်သော်လည်း ပေးကမ်းစွန့်ကြဲမှု၌ ကား ရက်ရောသည်။

www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ် ကြီးလာချိန်မှာတော့ သည်ခန္ဓာကိုယ် အကောင်ပုပ်ကို လှရုပ်မဆင်လိုပြီဟု တရားနှင့် တွေးကာ နိုင်ငံခြားသား မိတ်ဆွေ သင်္ဂဟာတွေ တကန်တက ပို့ပေးတတ်သည့် အကောင်းစား လက်ရေး ပါတိတ်လုံချည်များ၊ အနွေးထည် အဝတ်အစားများကို နီးစပ်ခင်မင်ရာလူများကို ချပေးတတ်သည်။ ခန္ဓာကိုယ်မှာလည်း ဘယ်ရတနာမျိုးမှ မဆင်တော့။ ဟိုတုန်းက စိန်နားကပ်တရံကို တူမတဦးအား မင်္ဂလာလက်ဖွဲ့အဖြစ် ဘွားဘွားပေးလိုက်သေးသည်။

မျက်မမြင်ဘဝ၏ ဒုက္ခဝဋ်ဆင်းရဲကို ကိုယ်တိုင် ခံစားနားလည်နေရသော ဘိုးဘိုးကတော့ မျက်မမြင် ဒုက္ခိတ ဟူသမျှကို ကိုယ်ချင်းစာ သနား ကြင်နာစိတ်ရှိသည်။

ဘိုးဘိုးတို့ ခြံနောက်ဘက် မလှမ်းမကမ်းရှိ ဘုန်းကြီးကျောင်းတွင် ခိုကပ်နေထိုင်သော မျက်မမြင်ကြီး တဦးကို အစားအစာ၊ ငွေကြေး၊ အဝတ်အထည်များ အမြဲထောက်ပံ့ပေးပို့ခိုင်းသည်။ ဘိုးဘိုး၏ ကိုယ်ပိုင် သီးသန့်ငွေထဲမှ မျက်မမြင်ကျောင်းသို့ နှစ်စဉ် ငွေ၁၀၀၀၀-(တစ်သောင်း)ကျပ် လှူဒါန်းသည်။ သားဖြစ်သူကိုလည်း ဘယ်နေရာမှာဖြစ်ဖြစ် မျက်မမြင်များကို တွေ့လျှင် တတ်နိုင်သလောက် တတ်နိုင်သည့်ဘက်က အကူအညီပေးရန် မှာထားသည်။

သည်လိုမိဘနှစ်ပါးက မွေးဖွားလာသည့် သားမို့ထင်သည်။ သားဖြစ်သူမှာ အလှူအတန်းအပေးအကမ်း၌ နှမြော



တွန့်တိုသည့်စိတ် ဘယ်တော့မှ မရှိ။ မိတ်ဆွေ အပေါင်းအသင်းများက ပြန်မပေးတော့သော ချေးငှားခြင်းမျိုးဖြင့် ချေးယူထားသည့် ငွေများပင် သောင်းနှင့်ချီပြီးရှိမည်။

မိဘများသိလျှင် စိတ်မချမ်းမသာဖြစ်မှာစိုး၍ သားက ဖုံးဖိထားသော်လည်း တနေရာရာမှတနည်းနည်းနှင့်မိဘများ ကြားသိရသောအခါ သားအပေါ် အပြစ်မဆိုသာနိုင်တော့ပဲ သူတပါးအပေါ် ပေးကမ်းကူညီရိုင်းပင်းလိုသည့် သား၏ မွန်မြတ်သော စေတနာစိတ်ထားအတွက် စိတ်ထဲကကျိတ်၍ ချီးကျူး ဝမ်းမြောက်မိကြသည်။

သို့လျှင် ဘွားဘွားတို့မိသားစုသည် မျက်မမြင်ကျောင်း၊ ဇီဝိတဒါန သံဃာ့ဆေးရုံ၊ လူအိုရုံ၊ မိဘမဲ့ဂေဟာ၊ အနူဆေးရုံ၊ စိတ္တဇဆေးရုံ၊ ကလေးဆေးရုံ မှ အာဟာရချို့တဲ့သော ကလေးငယ်များ၊ ရဟန်းသံဃာ သီလရှင် ကျောင်းတိုက်များသို့ ငွေကြေးဖြစ်စေ၊ အစားအစာဖြစ်စေ၊ အဝတ်အထည်ဖြစ်စေ နှစ်စဉ်နှစ်တိုင်း ကျပ် ၂၀၀၀၀-(နှစ်သောင်း) ကျော်ဖိုးခန့်စီ စေတနာသုံးတန် ပြတ်ကာ မပျက်မကွက် လှူဒါန်းလာခဲ့သည်။

ဒါကို တချို့က ပြောချင်ပြောကြဦးမည်မှာ "လှူနိုင်မှာပေါ့လေ၊ ချမ်းလဲ သိပ်ချမ်းသာကြတာကိုး...." ဟူသတည်း။

ဘွားဘွားကတော့ ဤအချက်ကို လက်မခံချင်။ ချမ်းသာကြွယ်ဝသူတိုင်းလည်း အလှူဒါန များကြသည်မဟုတ်။ ကိုကိုတက် ကြွယ်ဝချမ်းသာသူတွေထဲက လှူဒါန်းရမှာကို

www.burmeseclassic.com

www.burmeseclassic.com



နှမြောတတ်ကြသည့် သူတွေကို အများကြီး မြင်တွေ့ဘူးသည်။

ဘွားဘွားတို့ထက် ချမ်းသာသည်ဟုဆိုရမည့်၊ လင်ရော မယားပါ အလွန် ဝင်ငွေကောင်းလှသော အလုပ်အကိုင်ကြီးရှိသည့် ဘွားဘွား၏ ကျောင်းနေဘက် ဇနီးမောင်နှံရှိသည်။

ကြေးငွေကို တစုထဲစုကာ မစားရက်၊ မသောက်ရက်၊ မသုံးရက်။ ထိုက်သင့်သလောက်တောင် မလှူရက်၊ မတန်းရက်။ အိမ်ခြံထဲကထွက်သည့် နှင်းဆီပန်းများကို အိမ်နီးနားချင်း မိတ်ဆွေ သင်္ဂဟများကိုတောင် မပေးမကမ်းပဲ ဗိုလ်ချုပ်ဈေးမှာ သွားပြီး ရောင်းစားသည်ကို ကိုယ်တိုင်မြင်တွေ့ဘူးသည်။

လင်မယား နှစ်ယောက်စလုံး ရှေ့ဆင့် နောက်ဆင့် ကွယ်လွန်သွားကြသောအခါ သူတို့ မစားရက် မသောက်ရက်ပဲ စုဆောင်းထားကြသော ကြေးငွေ အစုအပုံကြီးသည် ဖဲဝါသနာပါလှသော၊ အနောက်တိုင်း အကလည်း အလွန်ကျင်လည်သော၊ နိုင်ငံခြားသား မျက်နှာဖြူများနှင့် တတွဲတွဲရှိတတ်သော ခေတ်ပညာတတ်၊ တဦးတည်းသော သမီးချော အိမ်တကာလည်၍ ဖဲရိုက်ရန် စုပေးထားခဲ့သလို ဖြစ်ရတော့သည်။

ဘွားဘွားကတော့ ချမ်းသာသည် ဆင်းရဲသည် မဟူ၊ အလှူဒါန ဆိုသည်မှာ အမြဲတမ်း ရှိသင့် ရှိထိုက်သည်၊



ကိုယ့်အိုးနှင့်ကိုယ့်ဆန် ထိုက်တန်သလောက်တော့ လှူဒါန်းသင့်သည်။ စေတနာသာလျှင် ပဓာန ထင်သည်။ အလှူရေစက် လက်နှင့်မကွာဆိုသော စကားလည်းရှိသည်။ နောင်တမလွန် ဒါနအကျိုးဆက် ဖြစ်အောင် ယခုဘဝမှာ ကုသိုလ်မျိုးစေ့ချရန် အလှူအတန်းရှိကြရမည်။

လှူဒါန်းရာ၌လည်း လိုသေးသည်။

တချို့ကြွယ်ဝချမ်းသာသူတွေက ငွေထုတ်ပေးလိုက်လျှင်ပြီးရော၊ အလှူပြီးမြောက်ပြီဟု မိမိ၏အလှူကို မျက်နှာလွှဲခဲပစ် လုပ်တတ်ကြသည်။ ဘွားဘွား ကတော့ စစ်ကိုင်းတောင်ရိုး သဒ္ဒမ္မ သီတဂူချောင်မှာ သီတင်း သုံးသည့် သဲကုန်းဆရာတော် အရှင်ဉာဏိဿရ ဟောမိန့်တော် မူသည့် 'ဒက္ခိဏာ ဝိဘင်္ဂသုတ္တန်' လာ၊ သာဟတ္ထိက ဒါနမှသာလျှင် မှန်မြတ်သည်၊ အလှူမြောက်သည်ဆိုခြင်းကို လက်ခံယုံကြည်သည်။ ကိုယ်တိုင် ကိုယ့်လက်နှင့် လှူသည့် အလှူဒါနသာလျှင် အမှန်တကယ် ကျေနပ်ဝမ်းမြောက်မှုရရှိနိုင်သည် မဟုတ်ပါလား။

ယခုခေတ်ကာလ ကက်ဆက်ခွေနှင့် အသံသွင်းထားသော တရားဟော ဆရာပေါင်းစုံတို့၏ တရားအများထဲမှ သဲကုန်းဆရာတော် အရှင်ဉာဏိဿရ၏ တရားများကို ဘွားဘွား နှစ်သက် သဘောတွေ့သည်။ အသံကြည်ဇာကောင်းပြီး ပြတ်သား ကြည်လင်သလောက် လူပြိန်း တရားနာ ပရိသတ်နားလည်သဘောပေါက်လွယ်အောင် ဟောတတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



တချို့ တရားဟောသည့်ဆရာတွေ သက်န်းဝတ်ကြီးနှင့် ဇာတ်မင်းသားဟန်၊ အဆို၊ အငို၊ အရယ် အရွှန်းဖောက် ဟောသည်ကို သဘော မတွေ့နိုင်။ လေးနက်သည့် ဗုဒ္ဓ၏ တရားအနှစ်သာရမှာ ပေါ့ပျက်သိမ်ဖျင်းသွားသည်ဟု ထင်မိ၏။ သက်န်းဝတ်အနေနှင့် ပါရာဇိကံ မထိုက်ဖူး ဆိုစေဦး တော့၊ ဒုက္ကဋ်အာပတ်သင့်ပြီးဖြစ်မည်။ ဂီတသံနှင့်ဟောသဖြင့် အပြစ်ငါးပါး ကျရောက်ပြီးလည်း ဖြစ်မည်။

လူဝတ်ကြောင်နှင့် ဟောသော 'ဆရာကြီး' တွေ၊ 'ဆရာလေး' တွေ၏ တရားကိုတော့ ဘွားဘွားစိတ်ဝင်စား ခြင်း မရှိနိုင်။ သူတို့ကိုယ်၌က ဘာတခုမှ မကာင်းပြတ်နိုင်စရာ တရားနှာ ပရိသတ် မြင်တွေ့နေရပါလျက် တပါးသူကို တွယ် တာမှု ကင်းပြတ်ချုပ်ငြိမ်းရန် တရားဟောပြ နေသည်မှာ သဘာဝမကျဘူးဟု ဘွားဘွား မြင်မိသည်။

ပုဂ္ဂိုလ်ခင်မှ တရားမင်သည်ဟုဆိုရိုးစကားလည်းရှိသည်။ ဗုဒ္ဓ၏တရားဓမ္မကို ဟောပြညွှန်ကြားသူသည် သူကိုယ်တိုင်က ဘုရား၏ဝတ်ရုံကို ခြုံရုံသည့် ဘုရားသားတော် ရဟန်းဝတ် ဖြစ်မှ အကြင်ပုဂ္ဂိုလ်၏တရားဒေသနာ၌ပို၍သက်ဝင်ယုံကြည် ကာ ကြည်ညို သဒ္ဓါစိတ် ပွားများ နိုင်မည်ဟု ဘွားဘွား ယူဆ၏။

သို့လျှင် ဝါတွင်းကာလမှလွဲ၍ နေ့စဉ်ရက်ဆက် အချိန် ဇယားဆွဲကာ မြန်မာတနိုင်ငံလုံး လှည့်လည်၍ တရားဓမ္မ ဟောပြော နေရသည့် သံကုန်း ဆရာတော် ရန်ကုန်မြို့သို့ ကြွရောက်ခိုက်နှင့် ကြုံကြိုက်လျှင် အိမ်ကိုပင့်ဆောင်၍ ဆွမ်း



ကျွေးကာ တရားနာယူသည်။ သက်န်း၊ သန်အိတ်၊ ဆီပုံး၊ ခဲဘွယ်ဘောဇဉ်များ လှူဒါန်းသည်။

မြတ်စွာဘုရား၏ သာသနာ့ဓမ္မနှင့် တွေ့ဆုံ ကြုံကြိုက် ရသည့် သာသနာကြီးအတွင်းမှာ သာသနာ့အမွေကို ခံယူ ထိုက်လုပေရာ ရတနာသုံးပါးကြည်ညိုကိုးကွယ်လျက် အလှူ ဒါန ပြုလုပ်ကာ ကျောင်းအစ်မ၊ ရဟန်းအစ်မ၊ ပစ္စည်း လေးပါး အစ်မအဖြစ်နှင့် ခံယူစေဦးတော့၊ နိဗ္ဗာန်လမ်းသို့ မဆိုက်ကပ်နိုင်။ အနုမ တဂ္ဂ သံသရာကြောမှာအရှည်နှစ်မြော ဘွယ်ပင်ရှိမည်။

နိဗ္ဗာန်လမ်းသို့ တက်လှမ်း ဆိုက်ကပ် နိုင်အောင်တော့ သမထ၊ ဝိပဿနာလုပ်ငန်းမျိုး လုပ်နိုင်ရမည်။ သို့မှသာ သမထစျာန်၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်များ ပွားများရရှိနိုင်မည်ဟု ဘွားဘွားတွေးသည်။

သည်လို သမထလုပ်ငန်းမျိုး လုပ်နိုင်အောင် ဦးစွာ ပထမ မိမိကိုယ်ကိုမိမိ ကောင်းစွာ အစိုးရနိုင်ဘို့ လိုသည် မဟုတ်ပါလား။ အင်္ဂုတ္တိုရ် ပါဠိတော်လာ 'အမတံတေသံ ဝိရဒ္ဓံ၊ ယေသံ ကာယဂတာ သတိဝိရဒ္ဓါ....' အစချီ၍ မြတ်ဘုရားဟောမိန့်ခဲ့ဘူးသည် မဟုတ်ပါလား။

ကာယဂတာသတိဘာဝနာသည် စိတ်ကို အစိုးရအောင် အားထုတ်မှုစင်စစ်ဖြစ်သည်။ ကာယဂတာ ဘာဝနာတည်း၍ မိမိ၏စိတ်ကို မိမိအစိုးရသောအဖြစ်၌ တည်ကြသူ့အား သမထဝိပဿနာအလုပ် တွင်ကျယ်ပေါက်မြောက်စွာလုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မည်ဟု ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ဟောမိန့်ခဲ့ဘူးသည်လေ။

ကာယဂတာသတိဆိုသည်၌ အာနာပါန ပိုင်း၊ ဣရိယာပထပိုင်း၊ သမ္ပဇဉ်ပိုင်း စသည်ဖြင့် ကာယဂတာသတိ အပြား ၁၈-ပါးရှိရာ ပွင့်လေပြီးကုန်သော မြတ်စွာဘုရား အပေါင်းတို့သည် အာနာပါနသတိ၌တည်၍ သဗ္ဗညုဘုရား အဖြစ်သို့ ရောက်၏။ ဘုရားအဖြစ်သို့ ရောက်ကြကုန်ပြီးသော အခါ၌လည်း အာနာပါနသတိကို အသက်ထက်ဆုံး မစွန့်ကြဟူ၍ ကျမ်းဂန် ဒီပနီ တို့တွင် ပြဆွန်းလေပြီး သည် ကို ဘွားဘွား ဖတ်ဖူး ကြားဖူးသည်။

သမထအရာ၌လည်း ကမ္မဋ္ဌာန်း ၄၀-တွင် အာနာပါန ကမ္မဋ္ဌာန်းသည် အစဉ်စွဲမြဲ ပွားများရန် အလွယ်ကူဆုံး ဖြစ်သည်။ မြတ်စွာဘုရားသည်ပင် တခြားသော ကမ္မဋ္ဌာန်း များထက် အာနာပါန ကမ္မဋ္ဌာန်းကို ထွတ်မြတ်သောဂုဏ်နှင့် ချီးမွမ်းခဲ့သည်တဲ့။

ထို့ကြောင့် ဘွားဘွားသည် မိမိစိတ်ကို အခိုက်အတန့်ပဲ ဖြစ်ဖြစ် အစိုးရ စေခြင်းငှာ အာနာပါန ကမ္မဋ္ဌာန်းကို ကြိုးစားကျင့်ကြံခဲ့ဘူးပါ၏။ စိတ်ပျံ့လွင့်တတ်သည့် အခါ၊ ရုတ်တရက် ဆောက်တည်ရာမရအောင် ပူပန်စိတ် ဖြစ်တတ်သည့် အချိန်အခါမျိုးတွင် အာနာပါန ကမ္မဋ္ဌာန်းသဘော မျိုး ကျင့်ဘူးပါ၏။



အာနာပါန ကမ္မဋ္ဌာန်း စတုက္ကလေးခု ထဲက ပထမ ခန်းကိုတော့ ဘွားဘွားအမြဲလေ့ကျင့်ဘူးသည်။ အချိန် ရှည်ကြာစွာ ကောင်းစွာနှလုံးသွင်းနိုင်သည်၊ မသွင်းနိုင်ဘူး ဆိုတာ ထားလိုက်ပါတော့။

နှာသီးဖျား၌သော်လည်းကောင်း၊ အထက် နှုတ်ခမ်း ဖျား၌သော်လည်းကောင်း ထွက်သက်ဝင်သက်တို့၏ ထိခိုက် ထင်ရှားရာ တခုခုသော ဌာနတို့၌ စိတ်ကိုမြဲခိုင်စွာစိုက်ထား ပြီး ထွက်တိုင်း ဝင်တိုင်း သိအောင် အားထုတ် ခြင်းမျိုးပဲ ဖြစ်သည်။

သို့သော် ထို့ထက် တဆင့်တိုးပြီး ဒုတိယခန်းဖြစ်သည့် မိမိရှူသော ထွက်သက် ဝင်သက်ကို ရှည်လျှင် ရှည်သည်၊ တိုလျှင်တိုသည်ဟု ထွက်သက်ဝင်သက် အနေး အမြန်ကို သိမှတ်အားထုတ်ဖို့ဆိုတာက မလွယ်ဘူးဟုဘွားဘွားထင်၏။

ထို့ထက်ကဲ၍ တတိယ ခန်းဖြစ်သော နှာသီးဖျားမှ ချက် တိုင် သို့ ကျ အောင် ကိုယ်ကာယတွင်း၌ ထွက်သက် ဝင်သက်တို့ကို အစ၊ အလယ်၊ အဆုံး အကုန်လုံးထင်လင်းစွာ စိတ်မှာမြင်ရအောင် အားထုတ်ဖို့ဆိုတာက အလွန်အဆင့်မြင့် လှသည်။

စတုတ္ထခန်းဖြစ်သည့် ထိုသို့အစ၊ အလယ်၊ အဆုံး အကုန် လုံးကို ထင်လင်းမှု ပိုင်နိုင်ပြီးနောက် ရှုန့်ရင်းစွာသော ထွက်သက်ဝင်သက်တို့ကို သိမ်မွေ့သွားအောင် အဆင့်ဆင့် အားထုတ်ခြင်း (ငါ၌ ထွက်သက်ဝင်သက် ပျောက်၍



www.burmeseclassic.com

www.burmeseclassic.com



သွားပြီးဟု ထင်ရလောက်အောင် အားထုတ်ခြင်း။)ကထေ
မိမိလို အနန္တပုထုဇဉ်အဖို့ ဘယ်လိုမှမကျင့်ကြံ မပေါက်မြောက်
နိုင်ဘူးဟု ဝမ်းနည်းမိသေးသည်။

ထို့ကြောင့်ပင် ဗုဒ္ဓ ဘုရားရှင်နှင့် တကွ အဋ္ဌကထာ
ဆရာကြီးများက 'မဟာပုရိသဘူမိ' ဟု မိန့်တော်မူကြသည်
လူသာမန်၊ ရှင်သာမန်တို့နှင့် ထိုက်တန်သော ကမ္မဋ္ဌာန်း
မဟုတ်၊ လူပညာရှိ၊ ရှင်ပညာရှိတို့နှင့်သာ ထိုက်တန်သော
ကမ္မဋ္ဌာန်းဖြစ်သည်ဟု မြွက်ကြားခဲ့ကြသည် မဟုတ်ပါလား။

ထိုခဏ၌ ခန္ဓာငါးပါးအစုကြီး၏ဆင်းရဲဒုက္ခနှင့်စက်ဆုပ်
ရွံရှာဖွယ်အတိကို ဘွားဘွား မြင်မိ၏။ ထွက်သက်ဝင်သက်
ကလေး ရှိနေဆဲ အခိုက်အတန့်မို့သာ ဤရုပ်ခန္ဓာကြီး
လှုပ်ရှားနေရသည်။ ချုပ်ငြိမ်းသွားသည်နှင့် တပြိုင်နက်
ငှက်ပျော၊ လက်ပံတုံးပမာ ဘာမှအသုံးမကျ အရာမဝင်
မစင်ဘင်ပုပ်အလား ပိုးလောက်ကောင်တွေ တဖွားဖွား
တရွရွ တစိစိ ထိုးကြတော့မည်။

အဲဒီတော့.... ဘယ်မှာလဲကွယ်....၊ လူ အ ပေါင်း
ချီးကျူးလိုက်ကြတဲ့ ဝတ်လုံကတော်ကြီးရဲ့ ဖြူစင်နူးညံ့
လှပါတယ်ဆိုတဲ့ အသားအရေ၊ ပုံပျူးညီညာလှပါတယ်
ဆိုတဲ့ နဖူး၊ မီးခြစ်ဆံ တင်သားနိုင်လောက်အောင်
ရှည်သွယ် ကော့ပျံနေတဲ့ မျက်တောင်၊ လုံးဝန်းချောမွတ်
မေးစေ့၊ ပြောင်းဖူးစေ့ပမာ သေးငယ်ညီညာတဲ့ သွား
နက်မှောင် သွယ်ညွှတ်တဲ့မျက်ခုံး၊ လှပပုံကျတဲ့ နှုတ်ခမ်း



ဒူးကောက်ကွေး အထိ ရှည် လျား တဲ့ ပီ ဘုန်း ရောင်
မြကေသာ....။

ဒါတွေဟာ အံ့ချီးဖွယ်ရာ အလှတွေလား။ ထာဝရ
တည်မြဲနေမယ့် အရာဝတ္ထုလား။ဉပါဒ်၊ ဌီ၊ ဘင်ရယ်လို့
ခဏလေးပေါင်း များစွာ ဖြစ်၊ တည်၊ ပျက်နေတဲ့ ပရမာ
နုမြူ မှုန်မှုန်ညက်ညက် အစုအဝေးသာပဲ မဟုတ်လား။

သည်လိုတွေးရာက ပြင်းစွာ ထိတ်လန့် တုန်လှုပ်ခြင်း
ဖြစ်၏။ ကိုးကွယ်အားထားရာ မဲ့သလို ခံစားရ၏။ ရူးသွပ်
သွားမလားထင်မိ၏။ လောက၌ အသက်ရှင်နေထိုင်ရခြင်းမှာ
ဘာမျှ အဓိပ္ပာယ် မရှိဟုတွေး၏။ စင်စစ် တရားကျခြင်း
မျိုးလည်း ဟုတ်ဟန်မတူ။

ထို့ကြောင့် အဖြေတမျိုးရှာကာ စိတ်ကိုတည်ငြိမ်အောင်
ကြိုးစားရသည်။

စိတ်ဟာအရေးအကြီးဆုံးပဲ။ ဘုရားရှင် ကိုယ်တော်မြတ်
ကြီးကလဲ စိတ်ကိုပဲ အဓိကထားဟောခဲ့တာပဲ မဟုတ်လား။
ဒီစိတ်ကို အစိုးရနိုင်ဘို့ အတတ်နိုင်ဆုံး ကြိုးစားရမှာပဲ။
အနန္တပုထုဇဉ် ဘဝမှာတော့ သူမှီတဲ့ အဆင့်လောက်ပဲ သူကျင့်
နိုင်မှာပေါ့လေ....။

သို့လျှင် ဘွားဘွားသည် အလှူဒါန တခု တည်းနှင့်
မပြီးနိုင်။ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်လမ်းစသို့ရောက်အောင်
သမထ၊ ဝိပဿနာလုပ်ငန်းကိုလည်း ထိုက်သင့်သလောက်
လုပ်ရမည်ဟု သဘောပေါက်၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုက်သင့်သလောက်လည်း လုပ်ခဲ့ဘူးပြီလေ။ အင်းလျား မြိုင်လမ်းထဲရှိ ဦးဘခင်၏ ကမ္ဘဌာန်းရိပ်သာသို့ မိမိနှင့်အတူ ဘိုးဘိုးကိုပါခေါ်၍ သွားခဲ့ဘူးပြီ။ (ထိုနေ့ ထိုရက်မှစ၍ ဘိုးဘိုးကို အရက်ပြတ်စေခဲ့ပြီ။) တရားထိုင်လိုသော၊ ဗုဒ္ဓ အဘိဓမ္မာကို သိနားလည်လိုသော၊ ဗုဒ္ဓဘာသာဝင် ဖြစ်လို ကြသော အသိမိတ်ဆွေ အင်္ဂလိပ်၊ အမေရိကန်လူမျိုးအချို့ ကိုလည်း ရိပ်သာသို့ လိုက်ပို့ဘူးခဲ့ပြီ။

တနေ့ ကုန် တနေခန်း ရိပ်သာမှာ နေပြီး ကျင့်ကြံ အားထုတ်ဖို့ဆိုတာကတော့ဘွားဘွားအတွက်မဖြစ်နိုင်သေး။ ဘွားဘွားမှာ မြေညီကြမ်းပြင်တွင် ကြာရှည်ထိုင်၍ မရ။ လက်ဝဲဘက်ဒူးဆစ်မှာ ကြာကြာထိုင်လျှင် နာကျင် ကိုက်ခဲ လာတတ်သည်။

ထက်ဝယ် ဖွဲ့ခွေနေထိုင်မှုသည် ကမ္မဌာန်း အလုပ်နှင့် အထူး သင့်လျော်သောကြောင့် 'ပလ္လင်္ကအာဘုဇိတွာ' ဟု ဟောတော်မူသည်မှန်လည်း စင်စစ် ဣရိယာပုထ် လေးပါး၌ သာ စွဲမြဲရမည်ဖြစ်ရာ ဆိတ်ငြိမ်ရာ မိမိ၏ အိပ်ခန်း ခုတင် ထက်မှာပင် ဘွားဘွား မကြာခဏ အာနာပါနကမ္မဌာန်း ကို ပြုလုပ်အားထုတ်ဘူးသည်။

ယခုလို အသက်အရွယ် ရောက်လာချိန်မှာ တရားမှ အလျှဒါနနှင့်သာ မွေ့လျော်ယင်း ကြွေရက်ကို စောင့်မျှော် ရတော့မည်ဆိုတာ ဘွားဘွား စွဲစွဲမြဲမြဲ မှတ်ပိုက်ထားသည်။ မိမိကွယ်လွန်လျှင် ကြွင်းကျန်သောရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်



ရန် ဒေါ်ဥာဏစာရီကျောင်းတိုက်မှ သီလရှင်ကြီးများအား ယခုကတည်းက ကြိုတင်အပ်နှံထားပြီးဖြစ်သည်။

ဘဝမီးတောက်ကလေး မငြိမ်းသေမီ အတောအတွင်း မှာတော့ သံယောဇဉ် ဟူသမျှ ပယ်ဖြတ်ရပေဦးမည်။ တွယ်ငြိခြင်းတဏှာပေမ ကို ပယ်သတ်ရမည်။ သုခဝေဒနာ၊ ဒုက္ခဝေဒနာ၊ ဥပေက္ခာဝေဒနာ တည်းဟူသော ဝေဒနာ သုံးပါးအပေါ်မှာ တပ်မက်စွဲလမ်းနေရသော ဥပါဒါန်ကို အမြစ်ပါမကျန်အောင် အဆင့်ဆင့်ပယ်သတ်ပါမှ တပ်မက် ခြင်း တဏှာပေမ မှ ကင်းလွတ်နိုင်လိမ့်မည်။

သို့သော် ဘွားဘွားသည် ပုထုဇဉ်သားပီပီ သံယောဇဉ် မပြတ်နိုင်စရာ၊ တွယ်တာစရာတွေက ရှိနေပြန်သေးသည်။ အနီးကပ်ဆုံးပြောရလျှင် လက်ရှိနေထိုင်ကြသည့် တိုက်နှင့် ခြံကို ရောင်းမည့်ကိစ္စ ဆိုပါစို့။

နှစ်ပေါင်း ၃၀-နီးပါး အချိန်ကြာရှည်စွာ နေထိုင် လာခဲ့သော သည်တိုက်အိမ်ကြီးနှင့် မိမိကိုယ်တိုင် တယုတယ စိုက်ပျိုးလာခဲ့ရသည့် သစ်ပင် ပန်းပင်များ အပေါ်မှာ ဘွားဘွား သံယောဇဉ်တော့ မပြတ်နိုင်။

သည်မျှ စုံလှသော စားပင်၊ သီးပင်၊ ပန်းပင်မျိုး များကို တခြားခြံမြေ တနေရာမှာ သား တသက် စိုက်သွား တောင်မှပဲ သည်လို စုံလင်နိုင်ပေမည်မဟုတ်။ ထို့ကြောင့် သည်တိုက်ကို ရောင်းလိုသည် မှန်သော်လည်း သည်ခြံမြေမှ အပင်များကိုတော့ နှမြောတွယ်တာလှသည်။

www.burmeseclassic.com

www.burmeseclassic.com



ခြောက်မိုင်ခွဲအိမ်ခြံမြေမှာတော့သည်လို သီးပင်၊ စားပင် စုံစုံလင်လင် မရှိ။ နိုင်ငံခြားသားများ စိတ်ကြိုက် လုပ်စိမ်းနုသော မြက်ခင်းပြင်၊ အချိုးကျညီညာသော ပန်းခင်း၊ ခြံစည်းရိုးတလျှောက် အရိပ်ရသော ပိတောက်၊ ပျဉ်းမ၊ စိန်ပန်းပြာပင်များမှလွဲ၍ ရှုပ်ရှုပ်ယှက်ယှက် တခြားအပင်များကို သားက မစိုက်စေခဲ့။

ဟံသာဝတီအဝိုင်းကြီးအနီးမှ တိုက်အိမ်နှင့် ခြံမြေကို ဘွားဘွား တွယ်တာရသည်မှာ အဓိက အကြောင်းတရပ်ရှိသည်။

ဘွားဘွားက သည်တိုက်အိမ်ဆောက်သည့် ခြံမြေနေရာကို ဘူမိနက်သန်ဟု မှတ်ယူထားသည်။ သည်အိမ် သည်မြေပေါ်မှာ နေရသည်မှာ ဘွားဘွားတို့ အတွက် စီးပွားဥစ္စာ တိုးတက်ကာ အကျိုးပေးထူးသည်ဟု မှတ်ယူထား၏။

သည်ခြံမြေမှာ တိုက်အိမ်ဆောက်ရန် ပန္နက် စ ချသည့်နေ့မှာပင် တိုက်ဆိုင်လှစွာ ဘယ်နေရာက ရောက်လာမှန်းမသိ၊ ကိုယ်ဝန်ကြီးနှင့် ခွေးမကြီး တကောင်မှာ ဘွားဘွားတို့ခြံတွင်း ဝင်လာပြီး ခဏအကြာတွင် ခွေးကလေး ကိုးကောင် တိတိ မွေးသည်။ "ဒါဟာ ကောင်းတဲ့ အတိတ်နိမိတ်ပဲ" ဟု ဘွားဘွားက အဓိပ္ပာယ် ကောက်ယူလိုက်သည်။

တိုက်ဆောက်ပြီး အိမ်သစ်မှာ ပထမဦးဆုံး စအိပ်သည့်ညဉ့်ကလည်း ဘွားဘွားမှာ ထူးဆန်းသော အိပ်မက်မြင်မက်၏။



အိမ်သစ်သို့ အိမ်ထောင်ပရိဘောဂများ မပြောင်းရွှေ့ရသေးသောကြောင့် ဘွားဘွားတို့မှာ ယခု ဘွားဘွားအိပ်နေသည့် အိမ်၏တောင်ဘက် အောက်ထပ် အိပ်ခန်းမှာ ဖျာခင်း၍ အိပ်ကြသည်။

အိပ်မက်လိုလို တကယ်လိုလို ဘွားဘွားမြင်တွေ့ခံစားရသည်မှာ ဘွားဘွားတို့တိုက်အိမ်၏ မြေအောက် တိုက်ခန်း (အမှန်တကယ် ဘွားဘွားတို့အိမ်တွင် မြေအောက်တိုက်ခန်း မရှိ။) ထဲမှာ တင့်တယ်သော အဆင်းအသရေနှင့် ပြည့်စုံလှသော တကျိပ်မျှသော ဘုန်းတော်ကြီးများက ခန်းလုံးပြည့် ကော်ဇောကြီး (ထိုကော်ဇောမှာ ဘွားဘွားတို့ ဒေလီမြို့သစ်မှာ နေထိုင်စဉ် ဧည့်ခန်းထဲမှာ ခင်းသည့် ပါရှင်းအမွေးပွကော်ဇောကြီး ဖြစ်နေသည်။) ပေါ်မှာ ဝိုင်းထိုင်ကာ တရားစာ တစုံတခုကို သံပြိုင်ရွတ်ဖတ်သရဇ္ဈာယ်နေကြသည်။ ကမ္ဗဝါညှပ်နေသည်ဟု ဘွားဘွားစိတ်ထဲ အလိုလို သိနေသည်။

ရွတ်ဖတ်သံများမှာ ကြားနေကျ မြန်မာဘုန်းတော်ကြီးများ၏ ပါဠိပါဠိသား ရွတ်သံမျိုးလည်း မဟုတ်။ ပါဠိသံ ပီပီသသ၊ ဌာန်ကရိုဏ်း ကျကျ၊ သီဟိုဠ် အိန္ဒိယ ဘက်မှ ဘုန်းတော်ကြီးများ၏ ရွတ်ဖတ် သံမျိုး (မိဂဒါဝုန်ကျောင်းတိုက်တွင် သားဖြစ်သူကို သင်္ကန်းဆီးစဉ်က တရားပေးသော သီဟိုဠ်ဘုန်းတော်ကြီး၏ ရွတ်ဖတ်သံမျိုး) လိုဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းထိုင်ကာ ရွတ်ဖတ်သရဇ္ဈာယ်နေကြသည့် ဘုန်းတော်ကြီးများနှင့် မနီးမဝေး မှာတော့ အလွန် အိုမင်းသော ရုပ်အဆင်းသဏ္ဌာန်ရှိသည့် ဘုန်းတော်ကြီးတပါးက ခေါက်တုံ့ ခေါက်ပြန် ဖြည်းညင်းစွာ စင်္ကြံလျှောက်လျက် နှုတ်မှ တစုံတခု တီးတိုးရွတ်ဆိုဟန် ဘွားဘွား တွေ့မြင်ရသည်။ လက်ထဲမှာလည်း စိတ်ပုတီးလိုလို တခုကိုင်ထားသည် ဆိုလားပဲ။ ထိုဘုန်းတော်ကြီး ဖြတ်လျှောက်သွားတိုင်းတရှိန်ရှိန် မြည်သော ပိုးသင်္ကန်းသံကိုပင် ဘွားဘွား ပီပီသသ ကြားနေရသည်။

တိဗက်လာမား ဘုန်းတော်ကြီး များကို ဘွားဘွား တကြိမ်တခါမှ အပြင်မှာ မမြင်ဘူး၊ မဖူးတွေ့ဘူးပ လျက် ထို ဘုန်းကြီးအိုမှာ တိဗက် ဘုန်းတော်ကြီး ဖြစ်မှာပဲတု ဘွားဘွားက ထင်မြင်လျက်ရှိပြန်သည်။

ဘွားဘွားက သူတို့နှင့် အလွန်ဝေးကွာသည့် အရပ်မှာ နေရသလိုရှိသော်လည်း အလွန်နီးကပ်သောနေရာက ဖူးတွေ့ နေရသလို ရုပ်သွင်သဏ္ဌာန် ဟန်ပန်များမှာ ပီပြင်လှသည်။ အခန်းတွင်းမှာ ဆီမီးရောင်သော်လည်းကောင်း၊ လျှပ်စစ် မီးရောင်သော်လည်းကောင်း တစုံတရာ ထွန်းညှိထားခြင်း မရှိသော်လည်း ဘယ်က ဘယ်လို ရလာသည့် အလင်းရောင် မှန်း မသိ၊ ဘုန်းတော်ကြီးများကို နေ့၏ အလင်းရောင်မှာ ဖူးတွေ့ရသလို ထင်ရှားလှသည်။

ဘွားဘွားမှာ ကြက်သီးမွေးညှင်းထမျှ ကြည်ညို သဒ္ဓါ စိတ် ပွားများကာ ဘုန်းတော်ကြီးများအား တစုံတခု



လျှောက်ထားလိုစိတ် ပြင်းပြ၏။ သို့သော် ပါးစပ်ကို ဖွင့်၍ မရ၊ အားပြု ကြိုးစားသော်လည်း အသံ ထွက်မလာ၊ တအားကုန် အော်လိုက်တော့ ဗလုံးဗထွေး အသံများနှင့် အတူ ရုတ်တရက် နိုးသွားကာ သတိရလာသည်။

ဘွားဘွား၏ တကိုယ်လုံး မွေးညှင်းများ ထောင်ထကာ ချွေးစေးပြန်လျက်ရှိ၏။ ပြီးတော့ ဘုန်းကြီးအို၏ ပိုးသင်္ကန်းသံ တရှဲရှဲကို နားထဲမှာ ကြားရဆဲလို ခံစားရသည်။ အိပ်ခန်း ပတ်ဝန်းကျင်ကို ကြည့်တော့လည်း ဘာကိုမှ မတွေ့ရ။ နံဘေးမှာ အိပ်မောကျနေသော ဘိုးဘိုးကိုသာ တွေ့မြင်ရ လေရာ လှုပ်နှိုးရသည်။ ချက်ချင်း စကားမပြောနိုင်သေးပဲ ခဏကြာမှ ဘိုးဘိုးကို အိပ်မက် ပြန်ပြရသည်။

ဘိုးဘိုးက "မဖွားသစ်ရဲ့ အိပ်မက်က အိပ်မက်ကောင်း အိပ်မက်မြတ်ပဲ။ ဒီမြေဟာ မြေကောင်း မြေသန့်။ ဒီမြေ ဒီခြံမှာ တန်ခိုးရှိတဲ့ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တွေ စောင့် ရှောက်နေပုံရတယ်။ ကျွန်တော်တို့ဟာ အလွန်ကုသိုလ်ကံ ထူးလို့ပဲ...." ဟု အိပ်မက်ကို ဖြေပြသည်။

ဟုတ်လည်း ဟုတ်သလားမသိ။ သည်တိုက်မှာနေပြီးမှ ဥစ္စာ စီးပွား တိုးတက်ကာ လာဘ်သပကာ ရွှင်သည်။ အမှုကြီးများ ပိုရသည်။ မပေါက်စဖူး ထီ တသောင်း ဘွားဘွား ပေါက်သည်။ မမျှော်လင့်ပဲ နောက်ဆုံးပေါ် ရက်ပလက် ကားသစ်ကို အဖိုးချိုချိုနှင့် ဝယ်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



“ဒါတွေဟာ တခြားအိမ်မှာနေလဲ ဒီလို ဖြစ်မှာပဲ၊ ဖြစ်ရိုး ဖြစ်စဉ်တွေပဲ”ဟု စောဒကတက်ဖွယ် ရှိသော်လည်း ဘွားဘွားကတော့ သည်လိုသာပဲ စွဲလမ်းမှတ်ယူသည်။

ပြီးတော့ သည်ခြံမြေမှာ စိုက်ပျိုးသမျှ အသီးအနှံ ပန်းမန် သစ်ပင်ဟူသမျှ ရှင်သန် ဖွံ့ဖြိုးတတ်သည်မှာတော့ အမှန်ပင်။ တပင်တည်းမှ အတူရသော မျိုးစေ့ကို ခွဲဝေ၍ တခြံစီစိုက်လျှင် ဘွားဘွားတို့ခြံမှာ စိုက်သည့် အပင်၊ ဘွားဘွားတို့ခြံမှာ သီးသည့် အသီး၊ ဘွားဘွားတို့ ခြံမှာ ပွင့်သည့် ပန်းက တခြားခြံမှာ သီးပွင့်သည့် အသီးအနှံ အပွင့်တို့ထက် ပို၍ ဖွံ့ဖြိုးကြီးထွား အရသာ ရှိတတ်၏။

ဖျာပုံမှာ နေထိုင်ခဲ့စဉ် ရင်းနှီးခဲ့ကြဘူးသည့် ယူဘီအေ ဦးချစ်က ယိုးဒယား နိုင်ငံမှ အပြန်တွင် မျိုးကောင်း သရက်သီးများ ယူလာသည်။ ဘွားဘွားတို့ကို သုံးလေးလုံး လာပေးသည်။ အလုံးလှသလောက် အရသာ ချိုမြိန်သည်။ အလျှော်မရှိ၊ အသားပြည့်၍ မှတ်ညက်သည်။

ထို ယိုးဒယား သရက်မျိုးကို ခြံထဲမှာ ဘွားဘွားက တယုတယ စိုက်သည်။ သီးမှည့်ချိန်တန်တော့ နို့စည်ဗူး ထက်မက အလုံး ထွားသည်။ အချဉ်ဓာတ် မရှိပဲ နဂိုမူလ ယိုးဒယားမျိုးနှင့်မခြား စားလို့ ကောင်းသည်။ ဦးချစ် တို့ အိမ်သို့လည်း ဆယ်–ကိုးလုံး ပေးလိုက်သည်။

ဦးချစ်တို့ ခြံမှာ စိုက်သော ထို ယိုးဒယားမျိုးသရက်မှာ သီးတော့ သီးပါ၏။ သို့သော် ဘွားဘွားတို့ ခြံထဲက



ယိုးဒယားသရက်လို အလုံးမထွား၊ သူ့မျိုး ပျက်သွားကာ အသီးညှက်သည်။ အရသာကလည်း ချဉ်စုတ်စုတ်၊ ပြီးတော့ အလျှော်တွေ ပါလိုက်သေးသည်ဟု ပြောပြသည်။ ဦးချစ်၏ ဇနီးနန္ဒက ထိုယိုးဒယားသရက်ကို ဘယ်ပုံဘယ်နည်းစိုက်ပျိုး သလဲ၊ ဘာမြေသြဇာတွေ ထည့်ကျွေးသလဲ၊ ဘာ့ကြောင့် သည်လို ကွာခြားမှု ရှိသလဲဆိုတာ မေးမြန်းခဲ့သေးသည်။

သား၏မိတ်ဆွေမြန်မာနိုင်ငံဆိုင်ရာပထမဦးဆုံးမလေးရှား သံအမတ်ကြီးဖြစ်သူ မစ္စတာဘဟာဒန် ( Mr.Bahadun Bin Haji Hassan ) နှင့် ဇနီးဖြစ်သူ သံအမတ်ကတော်တို့မှာ စိုက်ပျိုးရေးဝါသနာ ပါကြသည်။

သကြန်ရက်များအတွင်း ရင်းနှီးသော မြန်မာမိတ်ဆွေ အချို့ကို ခေါ်ကာ သူတို့ကားကြီးနှင့် ရှမ်းပြည် ဘက်သို့ တက်တတ်သည်။ ရှမ်းပြည်မှ ပန်းပင် သစ်ပင်ပေါက်ကလေး များ၊ သစ်သီးမျိုးစေ့များ ယူလာပြီး သူတို့ ခြံဝင်းထဲမှာ စိုက်ပျိုးတတ်သည်။

သူတို့ မလေးရှားနိုင်ငံမှ မြန်မာပြည် ဒိုက်ဦးဖရဲသီးလုံး လောက် ကြီးထွားသော သင်္ဘောသီးကိုမှာယူပြီး သင်္ဘော စေ့များကို ခင်မင်ရာ မိတ်ဆွေသင်္ဂဟများကို ပေးသည်။ သူတို့ခြံဝင်းထဲမှာလည်း သံအမတ်ကတော်က ကိုယ်တိုင်စိုက် သည်။ ဘွားဘွား တို့ကိုလည်း ထို သင်္ဘောသီးမျိုးစေ့များ ပေး၍ စိုက်စေသည်။ အသီးသီးလာတော့ ဘွားဘွားတို့ခြံ မှာ သီးသည့် မလေးရှားသင်္ဘောသီးက သံအမတ်ကတော်

www.burmeseclassic.com

www.burmeseclassic.com



ခြံမှာသီးသည့် သဘော်သီးထက် ပို၍ ကြီးထွားကာ အရသာလည်း ပို၍ချိုသည်။

မြေကြော ရေကြော တဆက်တစပ်တည်း ဖြစ်သော ဘွားဘွားတို့ခြံမြေနှင့် တံတိုင်းတခုသာ၊ ခြံစည်းရိုးတခုသာ ခြားနေကြသည့်၊ ဘွားဘွားတို့ တိုက်အိမ်အနောက်ဘက် ခြံနှင့်၊ တောင်ဘက်ခြံရှိ တိုက်ကြီးဘက်က၊ အဝေးပြေး ကားပိုင်ရှင်တွေအိမ်က ဘွားဘွားတို့ခြံထဲမှ သီးပင်စားပင် မျိုးစေ့များယူ၍ သူတို့ခြံမှာ စိုက်ပျိုးကြသည်။ အသီးအပွင့် သီးပွင့်လာတော့ ဘွားဘွားတို့ခြံထဲကလို မဖွံ့မထွား မလှမပဘူးဟု ပြောကြသည်။

မိုးကုန်သွားသည်နှင့် အိမ်မြောက်ဘက် ခြံစပ်တွင်သား ဖြစ်သူက ဂေါ်ဖီပန်း၊ ဂေါ်ဖီထုပ်၊ မုန်လာ၊ နိုကို၊ ခရမ်းချဉ်သီးပင် စသော ဆောင်းသီးနှံပင်များကိုစိုက်သည်။ အသီးအနှံများမှာ ကြီးထွားလွန်းလှ၍ လက်ဆောင်ရကြသည့် မိတ်ဆွေသင်္ဂဟများမှာ အပျော်စိုက်သည့် ကိုယ့်ခြံထွက် သီးနှံရယ်လို့ မယုံနိုင်စရာ အံ့သြချီးကျူးဖွယ်ဖြစ်ရသည်။

သို့ကြောင့် တိုက်ဆိုင်မှုတွေပဲဆိုဆို၊ သည့်တိုက်အိမ်ကြီးမှာ စအိပ်သည့်ညက မြင်မက်ခဲ့သည့် အိပ်မက်နှင့်အညီ ဘိုးဘိုးပြောသလို မြေခံ မြေကောင်းဘူမိနက်သန် မှန်သည်ဆိုတာကိုတော့ ဘွားဘွား အမှန် တကယ် ယုံကြည်သည်။



ထို့ကြောင့်လည်း သည်အိမ်၊ သည်ခြံ၊ သည်မြေမှဘွားဘွား ခွာမသွားချင်။

သို့လျှင် တွယ်တာစရာ အမျိုးမျိုးတွေ ရှိနေ၍ သည်တိုက်ဟောင်းကိုရောင်းပြီး တိုက်သစ်မှာ သွားနေရမလားဆိုသည့်ကိစ္စကို ဘွားဘွား ဝေခွဲမရဖြစ်ရသည်။ သားထံကိုတော့ စာရေးပြီး သူ့ဆန္ဒကို မေးကြည့်ရကောင်းမလား၊ ဘိုးဘိုးကတော့ ဘွားဘွားသဘောအတိုင်းသာ ဖြစ်သည်။

“အော်.... ဥစ္စာပစ္စည်း ဆိုတာမျိုးဟာ ရှိပြန်တော့လဲ ပူပန်ခြင်းတဗုက္ခ၊ မရှိပြန် တော့လဲ လိုချင်ခြင်း တဒုက္ခ၊ ဘယ်ဟာမှမကောင်းဘူး။ ပူပန်ဆင်းရဲခြင်းကိုပဲအရင်းခံစေတယ်။ အကောင်းဆုံး ကတော့ လူဝတ်ကြောင်ကိုစွန့်ပြီး စစ်ကိုင်းချောင်သွား၊ တရားရှာမှီး နေနိုင်ခြင်းမျိုးပဲ။ အဲဒီတော့မှ ပူပန်တပ်မက်မှု တောက်လောင်ခြင်း မီး ၁၁-ပါး ငြိမ်းအေးနိုင်တော့မယ်။ ဒါပေမယ့် ကြာရှည် နေနိုင်လိမ့်မယ် မထင်ပြန်ဘူး။ လင်ရယ်၊ သားရယ်၊ ဟောဒီပြည်လမ်းပေါ်ကတိုက်ကြီးနှစ်တိုက်ဆီသို့သာပဲ သည်စိတ်ပေါ့စိတ်လေကလေးဟာ တဝဲဝဲလယ်လို့ ရောက်နေမှာပဲ။ အင်း.... တနေ့ကုန် အိပ်ရာပေါ်မှာ လဲလျောင်း စောင်းခွေယင်းကက်ဆက်ဖွင့်ကာ တရားမမှနာယူနေသော်လဲ တကယ်တမ်းတရားကျနိုင်ဘို့ ဆိုတာ အတော့်ကို ခက်ခဲလှပါကလားကွယ်....”ဟု ဘွားဘွားစိတ်ပျက်ညည်းညူမိပြန်သည်။

ကုန်လွန်ခဲ့သော ညကလည်း ဘွားဘွား တော်တော်နှင့် အိပ်မပျော်နိုင်ခဲ့။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး၏ မွေးနေ့မို့ ဘုန်းကြီးကျောင်းနှင့် သီလရှင်ကျောင်းတိုက်များသို့ လှူဒါန်းမည့် ပစ္စည်း ပစ္စယများကို အဆင်ပြေနိုင်အောင် ပါးစပ်ကစီမံ ခန့်ခွဲပေးရသည်။ အိမ်မှာ ကော်ပြန့်စိမ်းလုပ်စားရာမှာ ပူပန်မြဲ စိတ်အတိုင်း ခင်မြင့်တို့ လုပ်ကိုင် နေသည်ကို စိတ်မချ နိုင်ပဲ အိပ်ရာ ထက်မှ လှမ်းလှမ်းပြီး ဆရာလုပ်ရ သေးသည်။ ဘိုးဘိုး အတွက် သက်စေ့ငါးအရှင် လွှတ်ရာတွင် စေ့ရောက်သော အသက်အရေအတွက်ထက် သုံးကောင်အပို(ဘုရား၊ တရား၊ သံဃာအတွက်) ထည့်ပြီးလွှတ်ရန် မမေ့ဘို့ ခင်မြင့်၏ ယောကျ်ားတင်မောင်ကို အထပ်ထပ် မှာရသေးသည်။

သည်လိုကိစ္စ၊ ဝိစ္စတွေရှိနေခဲ့သောကြောင့် နေ့တိုင်းထက်ဘွားဘွားအဖို့ စိတ်အလုပ်များသလို ရှိနေကာ စိတ်လှုပ်ရှားမှု၊ ပူပန်စိုးရိမ်မှုကလေးတွေ ပိုခဲ့ရသည်။

အိပ်မပျော်နိုင်သည့်အထဲအိမ်မှာမွေးထားသောအင်းခွေးစပ် ဘိုလေးနှင့် မောင်ပြူးတို့ကလည်းဘာကို မြင်သည်မသိ။ ခြံတံခါးဝဘက်သို့ကြည့်ကာ မကြာခဏ ဟောင်ကြသည်။

ပြည်လမ်းမကြီးနှင့် ကပ်လျက် ခြံတွင်းရှိ အိမ်မာ ပိန္နဲပင်မှ ပိန္နဲသီးများ လာလာခိုးတတ်သည့် ကြံတောဘက်က သူခိုးသူဝှက်များ ကပ်သလားအထင်နှင့် အိပ်ရာမှထ၍ ခြံတွင်းသို့ လှမ်းကြည့်သော်လည်း လူအရိပ်အရောင် ဘာတခုတလေမျှ မမြင်ရ။ ညက လေအနည်းငယ်ထန်ရာ လမ်းနံဘေး ခေတ်မီးတိုင် မာကျူရီ မီးရောင်ဝယ် သစ်ကိုင်း



သစ်ခက်များလှုပ်ရှားသည့် အရိပ်များကို မြင်သောကြောင့် ခွေးဟောင်သည်ပဲ ယူဆရတော့သည်။

ဘွားဘွားတို့ခြံနှင့် မျက်နှာချင်းဆိုင် တဘက်ပြည်လမ်းပေါ်ရှိ သတ္တုပစ္စည်း လုပ်ငန်း၊ ကော်ပိုရေးရှင်း ရုံးချုပ်ဘက်ဆီမှ ၁၂–နာရီ သံချောင်းခေါက်သံ ကြားသည့်တိုင် အိပ်မပျော်နိုင်သေး။

ဗေလီယံ ၅-ဆေးပြား တခြမ်း ထပ် စားရကောင်းမလားတွေးမိသေးသည်။ သို့သော် ဆရာဝန်များက တညမှာ ဆေးပြားတခြမ်းသာစားရန် အတိအကျ ညွှန်ကြားထားကြသည်။ ည၁၁ဦးယံ ၉–နာရီ အချိန်လောက်က အိုဗာတင်းသောက်စဉ် ထိုဆေးပြားတခြမ်းကို သောက်ခဲ့ပြီးပြီ။

အိပ်မပျော်လျှင် ပူလုပ်နေကျ ဖြစ်သော တကိုယ်လုံးရှိသမျှ အကြောများကို ဖျော့ချ လိုက်ကာ ကိုယ်အနေအထားကို အလွန်သက်တောင့်သက်သာထားပြီး စိတ်နှလုံးတည်ငြိမ်အောင် အားယူ ကြိုးစားလျက် နှာသီး ဖျားမှ ထွက်သက်ဝင်သက်ကို သတိထားရှူရှိုက်သည့် အာနာပါန ကမ္မဋ္ဌာန်းသဘောမျိုး ပူလုပ်သည်။

သို့သော် စိတ်ကျဉ်းကျပ် ပင်ပန်းမှုသာ ဖြစ်ရသည်။ ဘယ်လိုအိပ်ရန် ကြိုးစား ကြိုးစား၊ အိပ်မပျော် တော့ပဲ မျက်စိကြောင်နေခဲ့သည်။

အိပ်မပျော်နိုင်သူအဖို့ ညဉ့်ကာလသံသရာမှာ ရှည်လျားလှသည်နှင့်အညီ အတွေး စိတ်ကူး သည်လည်း ရှုပ်လှင့်ရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိရောဂါအကြောင်းကိုလည်း တွေးမိသည်။ 'ကုသလို့ ရမှာလဲ မဟုတ်ဖူး၊ ဒီရောဂါနဲ့ပဲ သေတော့မှာပဲလေ' ဟု စွဲထင်၏။ မိမိသေလွန်လျှင် မျက်မမြင် ခင်ပွန်းသည်ကို ဘယ်သူက အချိန်မှန်မှန် အစားအစာ တိုက်ကျွေးပြုစုပါမည်လဲဟုလည်း ပူပန်မိသည်။

ယခုအချိန်မှာ ဘွားဘွားကိုယ်တိုင် ဘိုးဘိုးကို မပြုစုနိုင်ပေမယ့် ခင်ပွန်းသည် ဘယ်အစားအစာကို ကြိုက်တတ်သည်၊ အာဟာရဖြစ်အောင် ဘယ်အစာကိုကျွေးသင့်သည်၊ ဘယ်အစား အစာကိုတော့ မကျွေးသင့်ဘူး ဆိုသည်ကို အိပ်ရာထက်ဝယ် လှဲယင်း ဘွားဘွားကအိမ်ဖော်မိန်းကလေးများကို စီမံခိုင်းစေမြဲဖြစ်၏။ ဘိုးဘိုး၏ထမင်းပန်းကန်ထဲမှာ ဘွားဘွားကိုယ်တိုင် ဟင်းလျာများကို လက်နှင့်နယ်ဖတ်ကာ ဘိုးဘိုးအား ထမင်းမြိန်စေမြဲ။

မိမိ သေလွန်လျှင် သည်အိမ်ကြီးမှာ ခင်ပွန်းသည်နှင့် သားဖြစ်သူတို့ ဘယ်လို နေထိုင်သွားကြမလဲ။ ဘယ်သူက စီမံအုပ်ချုပ်နေလိမ့်မလဲ....။

နိုင်ငံခြားရှိ သားဖြစ်သူ ထံသို့ စိတ်ရောက် သွားရပြန်သည်။

တဦးတည်းသော သားလည်းဖြစ်၊ အိမ်ထောင်လည်းမရှိပြန်တော့ သားကိုယ်၌က ဘယ်လောက်ပဲ အသက်ကြီးလာလာ သူ့ကိုယ်သူ ကလေးငယ်လိုသာပဲ ထင်တတ်သလို မိဘများကလည်း အသက် ၅၀-ကျော်လေပြီ ဖြစ်သည့်



သားဖြစ်သူကို ၆-နှစ်သား အရွယ် ကျောင်းထား စမက်သဒစ်ကျောင်းသားခင်မောင်ဌေး အသွင်ပဲ ထင်မြင်ကြသေးသည်။ မိဝေးဖဝေးနှင့် တနိုင်ငံမြိုင်ယံခြားမှာ သားအတွက် အနေအထိုင်၊ အသွားအလာ၊ အစားအသောက်ကအစ အရာရာကိုတွေးယင်း စိတ်မချနိုင်ဖြစ်လာရပြန်၏။

ပူပန်တတ်သူအဖို့ ပူပန်စရာတွေ ကိုပဲ ရှာကြံ တွေးပူတတ်စမြဲဖြစ်ရာ ဘွားဘွားသည်လည်း မိမိရောဂါ အတွက် တွေးတောပူပန်ရာက အစ လင်သည် အတွက်ရော၊ သား အတွက်ရော၊ သည်တိုက်နှင့် ခြံများ အတွက်ရော မီးခိုးကြွက်လျှောက် မဆုံးနိုင်အောင် တွေးပူခြင်း ဖြစ်ရသည်။

မိမိကိုယ်နှင့် အနီးစပ် အသက်ဆိုင်ဆုံး ပူပန်စရာ ကိစ္စတွေကို ကုန်စင်အောင်တွေးပြီးပြန်တော့ မိမိ သံယောဇဉ်တွယ်နေရသည့် အိမ်ဖော်မလေး ဘူလုံးအတွက် တွေးတောပူပန်ရပြန်သေးသည်။

ဘူလုံးမှာ ဘွားဘွားတို့အိမ်မှ ထမင်းချက်ခင်မြင့်၏ညီမ အငယ်၊ အသက် ၁၅-နှစ်အရွယ်၊ တောက်တို မယ်ရ ခိုင်းစေထားသည့် အိမ်ဖော်မိန်းကလေးဖြစ်၏။

သူတို့သည် ပဲခူးခရိုင် စာဖူးတောင်း ကျေးရွာဇာတိ၊ ဆင်းရဲနွမ်းပါးလှသော ကရင်ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။ ခင်မြင့်က ဘူလုံးထက် ၂-နှစ်ခန့်စော၍ ဘွားဘွားတို့အိမ်သို့ ရောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထွမင်းချက် မအုန်း အလုပ်ထွက်သွားချိန်တွင် မြဲချင်ကပ်လျက်ရှိသော ဝတ်လုံတော်ရ ဒေါက်တာဦးသိန်းအိမ်မှ မာလီကြီးအား ထမင်းချက်တဦးအလိုရှိကြောင်း ဘွားဘွားစကားစပ် ပြောဆို မိရာမှ မာလီကြီးက ဆွေမျိုးတော်စပ်သော ခင်မြင့်ကို ဘွားဘွားတို့အိမ်သို့ လာပို့သည်။

ခင်မြင့်မှာ ဘွားဘွား သဘောမကျသော ဆေးလိပ်အလွန်သောက်တတ်သည့် အကျင့်တခုကလွဲပြီး ကျန်အားလုံးမှာ ဘွားဘွားစိတ်ကြိုက် သန့်သန့်ရှင်းရှင်း၊ နိုင်နိုင်နင်းနင်းချက်တတ် ပြုတ်တတ်သူဖြစ်သည်။

ခင်မြင့်မှာ တရုတ်သဌေးတဦး အိမ်တွင် ၅-နှစ်ကျော်မျှ ထမင်းချက်ခဲ့ဘူးရာ တရုတ်အစားအစာ အားလုံး လိုလိုချက်တတ် ပြုတ်တတ်သည်။ သည့်ပြင် မြန်မာမုန့်ဟင်းခါးချက်ခိုင်းမလား၊ အုန်းနို့ခေါက်ဆွဲ ချက်ဦးမလား၊ ဗညျုးမုန့်ဖုတ်မလား၊ ကုလား အစားအစာ ပူရီ၊ ပလာတာလုပ်ရဦးမလား အားလုံးလုပ်တတ်သည်။ တရုတ် စကားတောင် အတော်အတန် ပြောတတ် ဆိုတတ်သေးသည်။

ဘူလုံးရောက်လာရသည်မှာ အစပထမကတော့ ခင်မြင့်၏သားကို ကူညီထိန်းပေးရန် ဘွားဘွားတို့ တိုက်နောက်ဘက်တန်းလျားသို့ ရောက်လာရခြင်း ဖြစ်၏။

ဘိုးဘိုးခြေကျိုး၍ ဆေးရုံတက်နေရချိန်တွင် ခင်မြင့်မှာ ဆေးရုံသို့မကြာခဏတခုခုသွားရောက်ပို့ပေးနေရရာ ခင်မြင့်၏အခါလည်ကျော်အရွယ် သားငယ်ကို ထိန်းကျောင်းကြည့်ရှု



ရန် လိုသည်။ ခင်မြင့်၏ ယောကျ်ား တင်မောင်မှာလည်း သူ့ အလုပ်နှင့်သူ၊ တက္ကသိုလ်များဆေးရုံမှ အလုပ်သမားတဦး ဖြစ်သည်။ ထို့ကြောင့် ခင်မြင့်က သူ့ညီမ ဘူလုံးကို သူတို့ အိမ်တန်းလျားသို့ အကြောင်းကြား ခေါ်ယူခဲ့သည်။

ဘိုးဘိုးဆေးရုံမှ အိမ်သို့ ပြန်ရောက်ချိန်တွင် ဘိုးဘိုးအနားမှာ အချိန်ပြည့် အကူအညီပေးရန် လူတဦး အလိုရှိလာရာ ဘူလုံးမှာ ဘွားဘွားတို့ တိုက်အိမ်ကြီးပေါ်သို့ ရောက်လာခဲ့ရခြင်းပင် ဖြစ်၏။

ဘူလုံးတို့ မိသားစုတွင် စုစုပေါင်း မောင်နှမ ၁၀-ယောက်ရှိရာ လေးဦးဆုံးပါးသွားသည်။ သူတို့၏ဖခင်မှာ စစ်သားလူထွက်တဦး ဖြစ်သည်ဆိုတာကိုသာ ဘူလုံးကြားဘူးသည်။ တခါမှမမြင်ဘူးဘူး။ ဘယ်ရုပ်ဘယ်ရည် ရှိဘယ်ဆိုတာကိုတောင် မခန့်မှန်းတတ်။

ဘူလုံးမှာ နဝမမြောက်သမီး ဖြစ်သည်။ ဘူလုံး တနှစ်သမီးအရွယ်၊ သူ့မိခင် ကိုယ်ဝန်ရှိနေချိန်တွင် ဖခင်က ခဏရယ်လို့ ထွက်သွားလိုက်သည်မှာ အိမ်ကိုပြန်ရောက်မလာတော့။ တနှစ်နီးပါးကြာမှ ပဲခူး သနပ်ပင်ဘက်မှာ မိန်းမနောက်ရနေကြောင်း သတင်းအတိအကျရသည်။ သူတို့မိသားစုထံသို့ တခေါက်မျှ ပြန်မလာတော့။

ဘူလုံးတို့မှာ မောင်နှမသားချင်း များရကား အစားအသောက်၊ အဝတ်အထည်၊ အနေအထိုင် အဘက်ဘက်မှ ဆင်းရဲချို့တဲ့ကြသည်။ အင်္ကျီတထည်ကနှစ်ထည် အလိုလိုစရာ

www.burmeseclassic.com

www.burmeseclassic.com



မရှိကြ။ ချမ်းအေးသော ဆောင်းညများတွင်ခြုံစရာ စောင်မရှိကြ၍ ကောက်ရိုးပုံထဲတွင် ကွေးအိပ်ကြရသည်။ မိခင်ဖြစ်သူမှာ အလုပ် အကိုင်ဆိုလို့ ဘာတခုမျှ မလုပ်တတ်။ လုပ်လည်း မလုပ်စားချင်သည့် အစားထဲကမို့ သားသမီးများကို အိမ်စေအဖြစ် ခိုင်းစားသည်။

ဘုလုံးမှာ ၆–နှစ် သမီးအရွယ်ကစ၍ သူ့အစ်ကို အစ်မများလို အိမ်ဖော်အဖြစ် ဟိုအိမ် သည်အိမ် လှည့်လည်ကာ အလုပ်လုပ်ခဲ့ရသည်။ အသက်အရွယ်နှင့်မမျှ မြေသယ်သည့် အလုပ် လုပ်ခဲ့ရသောကြောင့် ခါးကိုင်းနေသည်။ ကျောင်းမနေရသောကြောင့် စာလုံးဝ မတတ်။ ဘုလုံးက ဤသို့ သူ့ဘဝကို ဘိုးဘိုး ဘွားဘွားတို့အား ပြောပြတတ်သည်။

ဘွားဘွားတို့မိသားစုက ဘုလုံးအပေါ် ကြင်နာ သနားကြသည်။ ဆွေမျိုး သားချင်းတဦးလို ဆက်ဆံ ကြသည်။ လခငွေ ၅၀–ကျပ်အပြင် အဝတ် အစား ဝယ် ပေး သည်။ နားကပ်၊ ဆွဲကြိုး ဆင်ပေးသည်။ အားလပ်ချိန်များတွင် ဘွားဘွားက ဘုလုံးအား မြန်မာစာ သင်ကြားပေးသည်။ အချုပ်အလုပ် သင်ပြပေးသည်။ မိဘ မသင်ပေးခဲ့သည့် လူမှုရေးအဝဝကို ပဲ့ပြင်သင်ကြားပေးသည်။ ဘုရားရှိခိုးစာ သင်ပေးသည်။

ဘွားဘွားတို့အိမ် ရောက်စက ကကြီး ခခွေး ကိုပင် ကောင်းစွာမသိ၊ မရေးတတ်သော ဘုလုံးသည် ယခုအခါမှာ ဆိုလျှင် ဒုတိယတန်း မြန်မာဖတ်စာကို ကောင်းစွာဖတ်



တတ်လျက်ရှိပြီ။ မိမိနာမည်အပါအဝင် အိမ်သားအားလုံး၏ နာမည်များကိုရေးတတ်ပေပြီ။ ဘိုးဘိုးကိုတောင် မြန်မာသတင်းစာ နှေးကွေးစွာ ဖတ်ပြနိုင်လေပြီ။

ဘုလုံးကလည်း ကျေးဇူးတရားကို သိတတ်သူဖြစ်သည်။ ဘွားဘွားတို့ မိသားစုလို သူ့အပေါ် စေတနာ အကြင်နာထား ဆက်ဆံသည့်အိမ်မျိုး သူတခါမှ မတွေ့ဘူးခဲ့။ ဘိုးဘိုး၊ ဘွားဘွား၊ အစ်ကိုကြီးတို့ သူ့အပေါ်ထားရှိသည့် မေတ္တာစေတနာမျိုးကို သူ၏မိခင်ရင်း၊ မောင်နှမသားချင်းများပင် သူ့အပေါ် မထားနိုင်ကြဘူးဟု အမြဲတွေးမိသည်။

ထို့ကြောင့် ဘိုးဘိုး၊ ဘွားဘွား၊ အစ်ကိုကြီးတို့၏ မျက်နှာရိပ် မျက်နှာကဲကို အမြဲကြည့်နေကာ လူကြီးတွေ စိတ်မငြိုငြင်ရ လေအောင် ခိုင်း စေ သ မျှ ကို ပေါ့ပါးဖျတ်လတ်စွာ၊ ရိုသေ ကျိုးနွံစွာ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ အဘိုးရင်း၊ အဘွားရင်း၊ အစ်ကိုရင်းပမာ စိတ်စေတနာ ဖြူစင် ထက်သန်စွာ ပြုစုစောင့်ရှောက်သည်။ တခါတခါ ဘွားဘွား စိတ်မရွှင်မလန်း ဖြစ်ကာ အစားအစာ မစားလိုလျှင် ဘွားဘွားစားဖြစ်အောင် ဘုလုံးက ဖျောင်းဖျ ချော့မော့ ကျွေးမွေးတတ်သည်။

သို့လျှင် ဘွားဘွား၏ ပူပန်စရာ အထွေထွေထဲတွင် သံယောဇဉ် တွယ်နေမိပြီဖြစ်သော ဘုလုံး၏ နောင်ရေးသည်လည်း တခန်းတကဏ္ဍ ပါဝင်ရသည်။ ခင်မြင့်မှာတော့ သူ့အိမ်ထောင်နှင့်သူမို့ ဘွားဘွား ပူပန်စရာ အကြောင်း မရှိ။

www.burmeseclassic.com

www.burmeseclassic.com



ဒါမရှိယင် ဒီအိမ်မှာ ဘုလုံးဆက်ပြီးပဲ နေပါမလား မသိဘူး၊ "ဘိုးဘိုး ဘွားဘွားတို့ မရှိတဲ့နောက်ပိုင်းမှာလဲ အစ်ကိုကြီးကို ပြုစုစောင့်ရှောက်ပြီး ဒီအိမ်မှာပဲ ကျွန်မ အိမ်ထောင်မယူပဲ တသက်လုံး နေသွားတော့မယ်...." လို့တော့ ဘုလုံးကအမြဲပြောနေတာပဲ။

မသိနိုင်ဘူးလေ.... သူလဲ လောကီသားပဲ မဟုတ်လား....။ တနေ့တော့ လင်ယူသားမွေးပြီး သူ့အိုးသူ့အိမ်နဲ့ နေချင် အုံးမှာပေါ့။ လင်ကောင်း သားကောင်းရယင် တော်ပါ သေးရဲ့၊ ဖဲရိုက် အရက်သောက်ပြီး မယားကိုနှိပ်စက်တတ်တဲ့ လင်ယောကျ်ားမျိုး၊ သားမယားအပေါ်မှာ ကြင်နာစိတ် မရှိတဲ့ သူ့အဖေလို ယောကျ်ား မျိုး သာ ရ ယင် တော့ ကောင်မလေး တသက်လုံး စိတ်ဆင်းရဲနေရတော့မှာပဲ....။

အင်းလေ....သူ့ထိုက်နဲ့ သူ့ကံ သူ့ကြမ္မာ သူဖန်တီးသလို ဖြစ်လာရမှာပေါ့။ ငါပူနေလို့လဲ အ လ ကား အ ပို ပဲ။ ငါရှိတုန်း ငါတတ်နိုင်တဲ့ ဘက်က ကြည့်ရှု မစ ရမှာပဲ။ သူ့အတွက် ဘဏ်တိုက်မှာ ခုကထဲက ငွေကလေး နည်းနည်း ပါးပါး ထည့်ပေးထားယင် ကောင်းမယ်ထင်ပါရဲ့။

ဆည်လို ပူပန်စရာတွေကို ရှာကြံတွေးတောနေရခြင်းဖြင့် နံနက် တနာရီ ကျော်မှာပဲ ဘွားဘွားအိပ်ပျော်သွားသည်။

အအိပ်နောက်ကျသော်လည်း ခါတိုင်းနိုးနေကျ အချိန် နံနက် ၄-နာရီခွဲလောက်တွင် နိုးလာသည်။

ညက အိပ်ရေးပျက်ခဲ့သောကြောင့် ပြန်အိပ်ပျော်ရန် အမျိုးမျိုးကြိုးစား သော်လည်း အိပ်မရတော့ပဲ၊ ၅-နာရီ



ခွဲမှာ ခါတိုင်းလို ဘုလုံးကိုနှိုး၊ မျက်နှာသစ်ပြီး အိပ်ရာပေါ် ပြန်လှဲကာ ပုတီးစိပ်နေခဲ့သည်။

များသောအားဖြင့် ဘွားဘွားသည် နံနက်ခင်း အချိန် အခါမျိုးတွင် စိတ်မကြည်မလင် ဖြစ်တတ်သည်။ အထူး သဖြင့် ညဘက်မှာ အိပ်ရေးပျက်ခဲ့လျှင် နောက်တနေ့ နံနက်ခင်းတွင် ပို၍ စိတ်ညစ်ညူး သုန်မှုန်လေ့ ရှိသည်။

ထိုအခါတွင် အလိုလိုနေယင်း စိတ်ဓာတ် ကျဆင်းကာ စိုးရိမ် ပူပန်စိတ်၊ ဝမ်းနည်းအားငယ်စိတ်၊ မြင်မြင်ရာ အလို မကျစိတ် ဖြစ်ပေါ်လေ့ရှိသည်။ မိမိခံစားနေရသည်ဟု စွဲမှတ်ထင်ယူထားသော ရောဂါဝေဒနာကို အကျယ်ချဲ့ကာ အသေးစိတ် ခံစားနေချင်စိတ် ဖြစ်ပေါ်တတ်သည်။

ဘယ်သူနှင့်မှလည်း စကားပြောလိုစိတ်မရှိ။ ဘယ်အစား အစာမျိုးကိုမှ စားလိုစိတ်မရှိ။ အိပ်ရာထက်ဝယ် မလှုပ်မယှက် လဲလျောင်းကာ 'မကြာခင် သေရတော့မှာပဲ' ဟူသော တခုတည်းသော အတွေးသာ စိတ်အာရုံတွင် စွဲထင်နေတတ် သည်။

ဘဝမှာ ဖြစ်ပျက်ကြုံတွေ့ ခဲ့ရဘူးသည့် အဆိုးအကောင်း၊ အရှုံးအမြတ်တွေထဲက အဆိုးဆုံး၊ အညံ့ဆုံး၊ အရှုံး ဟူသမျှကိုသာ ရွေးထုတ် တွေးတောလျက် ဝမ်းနည်း အားငယ်စိတ် အဖန်တလဲလဲ ဖြစ်တတ်၏။

ဘယ်ခေတ်၊ ဘယ်အခါမှာဖြစ်ဖြစ်၊ အများသူငှာ ထက် အဆင့်အတန်း မြင့်မြင့်၊ ချမ်းချမ်း သာသာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းကောင်းစား၊ ကောင်းကောင်းလှူ၊ ကောင်းကောင်း နေထိုင်ခဲ့ရသည် များကိုတော့ ဘယ်အခါမှ ထည့်မတွေး၊ ကြည်နူးဝမ်းမြောက်ခြင်းမရှိ။

ဒါကတော့ဘိုးဘိုးနှင့် မတူသော၊ ဆန့်ကျင်ခြားနားသည့် ဘွားဘွား၏ ဗီဇ စိတ်ဓာတ်ကြောင့် တကြောင်းဖြစ်မည်။

ဘိုးဘိုးကတော့ 'မရှိလဲ ပျော်ပျော်၊ ရှိလဲ ပျော်ပျော်' ဆိုသည့် လူစားမျိုးထဲကဖြစ်သည်။

တိုတောင်းလှသော လူ့ဘဝသက်တန်းကာလ ကလေး အတွင်း နေထိုင်ရသမျှမှာ စိတ်ချမ်းသာရခြင်းသာ အဓိက အကြောင်းပဲ၊ သူတပါးကို ပျော်ရွှင်စေဘို့ရယ်၊ ကိုယ် ကိုယ်တိုင် ပျော်ရွှင်အောင် နေတတ်ဖို့ရယ်ဟာ လူ့ဘဝမှာ အရေးအကြီးဆုံးပဲ၊ စိုးရိမ်သောက ပူပန်စရာတွေနှင့် ဘဝကို ပြီးဆုံးမသွားစေချင်။

ဘိုးဘိုး အမြဲလိုလို ညည်းနေတတ်သည့် ရှေးအင်္ဂလိပ် သီချင်းတပုဒ်ရှိသည်။

'I want to be happy,
but I can't be happy -
until I make you happy too...'

သည်သီချင်းကို ဘိုးဘိုး ညည်းနေတတ်သည်မှာလည်း အမြဲတစေ ပူပန်သောကနှင့်သာ ထွေးလုံးရစ်ပတ် နေချင် တတ်သော ဘွားဘွားကို တနည်းတလမ်းအားဖြင့် စောင်းပါး ရိပ်ခြေ သတိပေးခြင်း ဖြစ်ကောင်းဖြစ်မည်။



ဘွားဘွားကတော့ ဘိုးဘိုး၏ ဘဝအတိုင်းမှာ ခံယူချက် မျိုး မဟုတ်။

နဂိုမူလ ဗီဇ စိတ်ထား ကပင် စိုးရိမ်ပူပန်တတ်၏။ ယောကျာ်းနှင့် မိန်းမတည်းဟူသော မတူညီနိုင်သည့် စိတ် သဘာဝဟု ဆိုဖွယ်ရာရှိသော်လည်း ဘွားဘွားက သာမန် မိန်းမမျိုးထက်ပိုပြီး အစိုးရိမ် အပူပန် လွန်ကဲတတ်သည်။ အပေါင်းအသင်း အစုအဝေးနှင့် ရယ်မောပျော်ရွှင်နေ ကျင့်မျိုး ဘွားဘွား၌ မရှိ။ တကိုယ်ထီးတည်း ကိုယ့် အတွေးနှင့်ကိုယ်၊ ကိုယ့် စိတ် ကူး လေး နှင့် ကိုယ်နေလေ့ ရှိတတ်သည်။

ပူပန်တတ်သည့်စိတ်က အမြဲရှိနေတော့ တစုံတခု ပြုလုပ် မည်ဆိုလျှင် 'ဖြစ်ပဲဖြစ်မြောက် ပါ့မလား' ဟု အပျက်ဘက် က စတွေးတတ်သည်။ 'ပျက်သွားလျှင်...' ဆိုသည့်ဘက်မှ နေကာ မီးခိုးကြွက်လျှောက် အပျက် သဘောကိုချည်း တွေး၏။ သည်တော့ အလိုလိုနေယင်း ပူပန်စိတ်ပွားရပြန် ချေ၏။ 'ငါလုပ်သမျှ အောင်မြင်ရမယ်' ဆိုသော ကိုယ့် ကိုယ်ကိုယ် ယုံကြည်စိတ်ချ စိတ်မျိုး ဘယ်တော့မှမထား။ အရှုံးဘက်က၊ အနိမ့်က စပြီးတွက်သည်။

ဘိုးဘိုးကရော ဆရာဝန်တွေကပါ သည်လို အဆိုးမြင် ဝါဒ မထားသင့်ကြောင်း၊ မြင်တွေ့ ကြုံကြိုက်ရသမျှကို အကောင်းဘက်မှချည်း တတ်နိုင်သလောက် တွေးခေါ် ယူဆ မြင်သင့်ကြောင်း၊ စိတ်တန်ခိုး သတ္တိမှာ အလွန်ထူးကဲ

www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် အပျက်ချည်းပဲတွေးနေလျှင် အပျက်ပဲဖြစ်လာနိုင်ကြောင်း၊ ထို့ကြောင့် စိတ်ဓာတ်ကြံ့ခိုင်စေကာ အကောင်းဘက်ကသာ တွေးသင့် မြင်သင့်ကြောင်း ပြောပြဘူးပြီ။

သည်တော့ ဘွားဘွားကလည်း ပြန်ပြောစရာ၊ ပြန်မေးစရာတွေ ရှိနေပြန်၏။

အမြဲတစေ ရွှေရေးကို ကြိုတင်ခန့်မှန်းကာ ပူပန် စိုးရိမ်တတ်မှုကြောင့် ဘိုးဘိုးတို့ သည်လို တိုက်တွေ၊ ခြံတွေ၊ စီးပွားဥစ္စာအထွေထွေနှင့် တင့်တောင့်တင့်တယ် အခြေတကျ လူလူသူသူ နေထိုင် လာနိုင်ခဲ့ကြသည် မဟုတ်ပါလား။ ဘိုးဘိုးလို ပူပန်သောက ကင်းဝေးကာ ပျော်ရွှင်စိတ်တခုထဲနှင့် ဖြစ်သလိုနေလို့ သည်အခြေအနေမျိုး ရောက်နိုင်ပါ့မလား။

စစ်ပြေးကြတုန်းက အဖိုးထိုက်တန်လှသည့် ကျောက်သံပတ္တမြားတွေကို အိတ်ထဲထည့်ချုပ်ပြီး ကိုယ်နှင့်မကွာ ယူခဲ့သောကြောင့် တရုတ်ပြည်မှာရောင်းချတော့ ဈေးကောင်းရကာ သူများနိုင်ငံမှာ အထက်တန်းကျကျ နေနိုင်ခဲ့တာ ဘယ်သူ့ အပူအပင် အစီအမံကြောင့်လဲ။

ယခုနေသည့် ခြံမြေကို ဝယ်ပြီး တိုက်အိမ်ဆောက်ဖို့ ဖြစ်လာရသည်မှာလဲ ဘယ်သူ့ အကြံအဖန်လဲ၊ ခြောက်မိုင်ခွဲမှာ တိုက်ဆောက်ငှားစားဖို့ ခြံမြေကို သဌေး ဦးဖိုးချမ်း



ဆီက ဝယ်ယူရန် အတန်တန် ပူဆာ နှိုးဆော်တိုက်တွန်းခဲ့ရသူကရော ဘယ်သူလဲ။

ပြီးတော့.... အပျက်ဘက်က ကြိုတွေးထားမှ တကယ်တန်း အပျက်ဖြစ်လာခဲ့ယင် တော်ရုံကျတာ။ မျှော်လင့်ချက်ကြီးတခဲ့သားနဲ့ အကောင်းချည်း၊ အဖြစ်ချည်း တွေးယူထားပြီး မျှော်လင့်ထားသလို ဖြစ်မလာခဲ့ယင် ပိုပြီး စိတ်ထိခိုက်၊ စိတ်မကောင်း ဖြစ်ရမယ်မဟုတ်လား။

ဘာပဲဖြစ်ဖြစ် ဘွားဘွား၏စိတ်ချမ်းသာမှုရစေရန်အချက်သည်သာ တအိမ်သားလုံး၏ အဓိကတာဝန်တရပ် ဖြစ်လေရကား ဘွားဘွားဆန္ဒနှင့် ဆန့်ကျင့်သော ကိစ္စမျိုး မပြောကြရန် သတိထားကြရသည်။

သားဖြစ်သူ အိမ်မှာရှိစဉ်ကတော့ မိဘနှစ်ပါး၏ (အထူးသဖြင့်မိခင်၏) အရိပ်အကဲကို အမြဲတမ်း စောင့်စားကြည့်ရှုနေသည်မို့ ဘွားဘွား ညဘက် အိပ်ရေးပျက်ကြောင်း သိရလျှင် အငြင်းအခုန်၊ ဆန့်ကျင်ဘက်စကားမျိုး ဘယ်တော့မှ မပြောပဲ ဘွားဘွားအကြိုက်ကိုသာ အတတ်နိုင်ဆုံး လိုက်လျော ပြောဆိုရသည်။ စိတ်ပျော်ရွှင်စရာ စကားမျိုးတွေကိုပဲ ရှာကြံ ပြောပြရသည်။

နံနက် ၉–နာရီ၊ ၁၀–နာရီ အချိန်လောက်ရောက်မှပဲ နေမြင့်လာခြင်းနှင့်အတူ ဘွားဘွား၏ စိတ်ဓာတ်ကျဆင်းမှုမှာလည်း တဖြည်းဖြည်း မြင့်တက် လာရတော့သည်။ ငါတော်သိမ်ငယ် ဝမ်းနည်း ပူပန်မှုမှု တစတစ ပြေပျောက်သွားရ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သည်လိုနှင့် နဂို မူလစိတ်ရင်းအတိုင်း ပြန်ဖြစ်သွားတတ်သည်။

ဆရာဝန်များကတော့ စိတ်ရောဂါ အနုစား တမျိုးဟုသားဖြစ်သူကို ပြောပြတတ်ကြသည်။ ထို့ကြောင့် ဘွားဘွားကို အစားမှန် အအိပ်မှန်စေဖို့၊ စိတ်ချမ်းသာစေဖို့ ဂရုစိုက်ကြရသည်။ ဘွားဘွားမအိပ်မီ စိတ်လှုပ်ရှားစေမည့်၊ အတွေးရှည်စေမည့် သတင်းစကားမျိုးမပြောမိကြရန် အထူးသတိထားကြရသည်။

ခင်မင်ရင်းနှီးသည့် မိတ်ဆွေ သင်္ဂဟများ ကွယ်လွန်သည့်သတင်းမျိုးကိုလည်း ဘွားဘွားအား အသိမပေးပဲထားကြသည်။

ဒေါ်ဥာဏစာရီ ကွယ်လွန်စဉ်က ဘွားဘွားမသိရအောင် ဖုံးဖိထားပြီး တလကျော်ကြာမှ ဘွားဘွားကို သိခွင့်ပေးရသည်။ ဗိုလ်လက်ျာ ကွယ်လွန်သွားသည့် သတင်းကိုကြားရစဉ်ကလည်း သည်လိုဖုံးဖိထားကြပြီး နောင်အတော်ကြာမှ ဘွားဘွားကို သိစေသည်။

ယနေ့ နံနက်မှာလည်း ညက အိပ်ရေးပျက်ခဲ့၍ ဘွားဘွားမှာ ကောင်းစွာ စိတ် ကြည်လင် ရွှင်ပျမှု မရှိ။ နိုးလာကတည်းကပဲ ပူပန်စရာတွေကို လျှောက်တွေးနေကာ နောက်ဆုံးမှာတော့ 'ဘုရားမှ တပါး ကိုးကွယ် အားထားစရာ မရှိ' ဟု ဖြေသိမ့်လျက် ခိုမှီအားထားရာကို ရှာ၏။



အို နာ သေခြင်း လက္ခဏာရေး သုံးပါးကို တွေးရှုဆင်ခြင်ရာကအစ၊ ထုံးစံအတိုင်း မိမိ၏ ရောဂါဝေဒနာခံစား နာကျင်နေရခြင်း (စိတ်ထဲက ထင်နေသည့်အတိုင်း) သို့ အတွေးပြန်လည် ရောက်ရှိသွားပြန်တော့သည်။

သည်တော့ ဖြစ်ပေါ်နေကျ အားငယ် ဝမ်းနည်း ပူပန်စိတ် သံသရာလည်ရပြန်တော့သည်။

ညနေ့ခင်းကို ဖြတ်၍ ဘွားဘွား၏ အိပ်ခန်းဘက် ဆီသို့ ဦးတည် လျှောက်လာသော ဘိုးဘိုး၏ ညင်သာ ဖြေးဆေးသော ခြေသံ၊ ပါကေး သစ်သားကြမ်းပြင်နှင့် သားရေပြားခံ တပ်ထားသော တုတ်တို့ ထိခိုက်သံကို ကြားလိုက်ရတော့မှ ဘွားဘွားက အတွေး ဖြတ်လိုက်ကာ အနေအထားကို ပြောင်း၍ တဘက်သို့ စောင်းလှည့်လိုက်လေသည်။

လွန်ခဲ့သည့် ၅-နှစ် အချိန်လောက်ကတော့ ယခု ဘိုးဘိုးအိပ်သည့် အိမ်ကြီး၏ မြောက်ဘက် နှစ်ယောက်အိပ်ခန်းတွင် ဘိုးဘိုးနှင့် ဘွားဘွား ခုတင် တလုံးစီနှင့်အိပ်ကြသည်။ သား ဖြစ်သူကတော့ ယခု ဘွားဘွား အိပ်သည့် အိမ်၏ တောင်ဘက် တယောက်အိပ်ခန်းတွင် အိပ်ခဲ့သည်။

ဘိုးဘိုး ခြေကျိုးပြီးသည့် နောက်ပိုင်းတွင် ခန္ဓာကိုယ်တွင်းမှာ ဘယ်လို သွေးလေ ဓာတ်သဘော အပြောင်းအလဲ ဖြစ်ပေါ်သွားသည်မသိ၊ ဘိုးဘိုးမှာ နည်းနည်းလေးမှ

www.burmeseclassic.com

www.burmeseclassic.com



အချမ်းအအေးဒဏ်ကို မခံနိုင်တော့။ ရာသီမရွေး အမြဲ တန်း လိုပင် အခန်းပြတင်းပေါက်များကို ပိတ်နေမှ နေထိုင် ကောင်းသည်။

သည့်တော့ တသက်လုံး အပူဒဏ်ကို မခံနိုင်သည့် ဘွားဘွားမှာ သားအိပ်ခန်းသို့ ပြောင်းရွှေ့ အိပ်ရသည်။ သားက အိမ်အပေါ်ထပ်အခန်းသို့ ပြောင်းအိပ်သည်။

ယခင်ကဆိုလျှင် ဘူလုံးမှာ ဘိုးဘိုး၏ခုတင်နှင့် ဘွားဘွား၏ ခုတင် အကြားမှာ အိပ်သည်။ ဘိုးဘိုးနှင့် ဘွားဘွား အခန်းခွဲ အိပ်ကြသောအခါမှာ ညညများတွင် ဘူလုံးကို ဘိုးဘိုးရော ဘွားဘွားပါ အလိုရှိကြလျှင် အလွယ်တကူ ခေါ်ယူနိုင်အောင် ဘိုးဘိုး၏ အိပ်ခန်းနှင့် ဘွားဘွား၏ အိပ်ခန်း အကြားမှာရှိသော ဧည့်ခန်းတွင်းမှာ ဘူလုံးကို အိပ်ခိုင်းရသည်။

နံနက်တိုင်းလိုလိုပင် ဘိုးဘိုးသည် ကော်ဖီမသောက်ကြမီ ဘွားဘွား၏ အခန်းသို့ လာရောက်ကာ တိုင်းရေးပြည်ရာနှင့် ကမ္ဘာတဝှန်းမှ သတင်းထူး သတင်းဆန်းများကို ဘွားဘွား အား ပြောပြတတ်သည်။ ဘွားဘွား၏ ကျန်းမာရေး အခြေ အနေကိုလည်း တစေ့တစောင်း စူးစမ်းလေ့လာတတ်သည်။

တနည်းအားဖြင့် နံနက်ခင်း အချိန် ကာလများတွင် ဘွားဘွားမှာ စိတ် မကြည်မလင်ဖြစ်လေ့ ရှိသောကြောင့် ထိုစိတ် မေ့လျော့ ပျောက်ပျက်သွားနိုင်အောင်၊ တကိုယ်



ထည်းတည်း တွေးတောလိုရာ တွေးတောခွင့် မရနိုင်အောင် အဖော်လုပ်၍ လာရောက် စကားပြောခြင်းပင် ဖြစ်သည်။

စကားစမြည် ပြောကြပြီး ၇–နာရီခွဲ အချိန်လောက် ရောက်မှ ကော်ဖီသောက်ရန် ထမင်းစားခန်းသို့ ဘိုးဘိုးနှင့် ဘွားဘွား အတူသွားတတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ဉ။

ကြားမြဲထုံးစံအတိုင်း ဘိုးဘို၏ ခြေသံ၊ ကြမ်းပြင်နှင့် တုတ် ထိသံ တဖြည်းဖြည်း နီးကပ်လာခဲ့ပြီး ညွှန်းအဆုံး ဘွားဘွား၏ အိပ်ခန်းအဝတွင် အသံများ ခေတ္တ ရပ်သွားသည်။ စန္ဒရားခုံနံဘေးမှာ ဘိုးဘိုး ခေတ္တမျှ ထထောက်နားခြင်း ဖြစ်မည်။

ထို့နောက် ဘွားဘွား၏ အခန်း တံခါး ဘောင် ကို ဘိုးဘိုးတုတ်နှင့် လှမ်း၍ထိတွေ့စမ်းသပ်သံ၊ အခန်းထဲသို့ ဝင်လာသည့်အသံ၊ လက်ယာဘက်ရှိ ခုတင် ခေါင်းရင်းနှင့်



လက်ဝဲဘက်ရှိ ဗီရိုတို့ကို တုတ်နှင့်ရမ်း၍ စမ်းသပ် ထိတွေ့သံများကို အစဉ်အတိုင်းကြားရပြီး ဘွားဘွား၏ မြင်ကွင်းမျက်မှောက်သို့ ဘိုးဘိုးရောက်လာတော့သည်။

ဘွားဘွား၏ ခုတင်နှင့် သုံးတောင် ကျော်ကျော်ခန့် အကွာအဝေးမှာရှိသည့် ဘိုး ဘိုး ထိုင် နေ ကျ ပက်လက်ကုလားထိုင်သို့ ရောက်လျှင် ဘိုးဘိုးကတုတ်နှင့်စမ်းသပ်လိုက်ပြန်သည်။

သေချာသွားမှ တုတ်နှစ်ချောင်းကို နံဘေး အင်တေနံရံမှာ မှီထောင် ထားလိုက်သည်။ ပက်လက်ကုလားထိုင်လက်တန်းနှစ်ခုကို စမ်းယူအမှီပြုကာ ပက်လက်ကုလားထိုင်ပေါ်မှာ ဖြည်းညှင်း ညင်သာစွာ ထိုင်ချလိုက်သည်။

သည်အိမ်ကြီးမှာ မျက် မ မြင် ဘ ဝ နှင့် တစမ်းစမ်းသွားလာနေထိုင်ခဲ့ရသည်မှာ ယခုဆိုလျှင် ၆–နှစ်ကျော်လေပြီမို့ ဘိုးဘိုးအဖို့ အိမ်အောက်ထပ်တွင် စဖိုဆောင်မှလွဲ၍ အခန်းတိုင်း အခန်းတိုင်းကို သူတပါး အကူအညီမလိုပဲ စမ်းလျှောက် သွားလာနိုင်ကျင့်ရပြီးဖြစ်သည်။

"ဒီနေ့မနက် နဲနဲပြန်အေးတယ်ထင်တယ်....."ဟု ဘိုးဘိုးက ထုံးစံအတိုင်း ရာသီဥတုကိုပင် အကြောင်းခံကာ စကားစတင် ပြောလိုက်သည်။

ဘွားဘွားက အိပ်ခန်းခေါင်းရင်း ပြတင်းမှန်ပေါက်မှ ကျော်၍ အပြင်သို့လှမ်းကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နေရောင်ခြည်ကို မမြင်ရ။ ရှည်သွယ် ချွန်မြသော ထင်းရှူးကိုင်းခက် ရွက်စိပ် ရွက်မှာများကို ထိုးဖောက်၍ ပြတင်းမှန်တွင် ဖြာဆင်းကျရောက်တတ်သော နံနက်ခင်း နေခြည်သစ်၏ မှန်ကူကွက် အပြောက်အမွမ်းကို ခါတိုင်းလို ဘွားဘွားမတွေ့ရ။

အပြင်ဘက်မှာ လေ တိတ် လျက် ရှိ သည်။ သစ်ရွက် သစ်ကိုင်းတို့ လှုပ်ရှားသည်ကို မမြင်ရ။ စိမ်းမြသော ယာ ဟန်တော့ရှိသည်။ မိုးဖျန်းခဲ့၍ ထင်းရှူးရွက်ဖျား၊ အကိုင်း အခက်များတလျှောက်တွင် မိုးစက် မိုးဥများ ငြိတင် တွဲခို နေကြသည်။

တိုးတိတ် ညှင်းပြေသော လေတချက် ဝှေ့တော့ ပြတင်း မှန်နှင့်ထိရိုက်ကာ မိုးစက်များ ကွဲကြေ ပျက်စီးသွားကြ သည်။

ညကတော့ တညလုံးမိုးမရွာခဲ့ဘူး ဘွားဘွားထင်သည်။ လေသာ ခပ်ထန်ထန်တိုက်နေခဲ့သည်။

နံ နက် စော စော အ ချိန် ဘွားဘွား နိုးလာပြီးမှ မိုး တဖြောက်ဖြောက် ကျဆင်းသံ ကြားရသည်။ မိုးလင်းတော့ ရပ်စဲသွားပြီး အေးစိမ့်ကျန်ရစ်သည်။

ကောင်းကင်မှာ ခပ်မှိုင်းမှိုင်း၊ ခပ်ဖျော့ဖျော့၊ တိမ်ညို အစုအသင်းကိုတော့ မမြင်ရ။ ခြံစည်းရိုးနံဘေးရှိ အုန်းပင် ကြီးများကား ကြီးရင့်သော ဇွန်ဆောင်လျက် ရှိကြ



သည်။ ကျီးသုံးလေးကောင်က အုန်းလက်များပေါ်တွင် နားနေကာ ရေစိုသောအမွေးများကိုဖွလိုက်၊ အတောင်များ ခါလိုက်နှင့် အငြိမ်မနေကြ။

သည်လို အုံ့ ပျ ဆိတ် ငြိမ် သည့် အနေကို ဘွားဘွား မနှစ်သက်။ ရွာမည်ဆိုလျှင် သဲသဲစွေစွေ ရွာချလိုက်စေချင် ပါ၏။ မရွာဘူးဆိုလျှင်လည်း နေရောင်ဝင်းပ ကြည်လင် သည်ကို မြင်ချင်သည်။ အုံ့ပျ မှုန်မှိုင်းခြင်းသည် ဘွားဘွား၏ စိတ်အလျဉ်ကို ကြည်လင် သာယာမှု မပေး။ ညစ်ညူး နောက်ကျုစေသည်။ ငြီးငွေ့ ထိုင်းမှိုင်းစေသည်။ စိတ်ပျက် အားငယ်စေသည်။

ဘွားဘွားက အပြင်ဘက်ကို ငေးနေရာက ဘိုးဘိုးဆီသို့ ပြန်ကြည့်လိုက်သည်။

"ဟုတ်တယ်။ ဒီမနက် နည်းနည်း အေးတယ်၊ မနက် စောစောက မိုးနည်းနည်း ရွာလိုက်သေးတယ်"

ဘွားဘွားက စကားပြောယင်း ဘိုးဘိုးကိုယ်ပေါ်တွင် ဝတ်ထားသည့်၊ သားဖြစ်သူ နိုင်ငံခြားမှ ဖခင်အတွက် မွေးနေ့လက်ဆောင်အဖြစ်ကြိုတင်ပို့ပေးလိုက်သောမြင်းချေး ရင့်ရောင် သိုးမွေးဆွယ်တာသစ် လှလှကို သတိထားမိသည်။

"ကိုဘမို့....ရှင်ခုဝတ်ထားတဲ့ဆွယ်တာဟာ သားပို့လိုက် တာနော်"

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးက ဝတ်ထားသည့်ဆွယ်တာကို လက်နှင့် ပွတ်သပ်စမ်းလိုက်ပြီး....

"ဟုတ်တယ်လေ။ ကျွန်တော့်မွေးနေ့မှာ စပြီးဝတ်မလို့ သိမ်းထားတာ၊ မနေ့က ဟိုဟာလုပ် ဒီဟာလုပ်နဲ့ မေ့ပြီး ဆွယ်တာဝတ်ဖို့ သတိမရဘူး။ ဒီနေ့မနက် မျက်နှာသစ်ယင်း အေးသလို တွေ့မှ သားပို့လိုက်တဲ့ ဆွယ်တာကို သတိရတော့တယ်။ ကျွန်တော့်စိတ်ကြိုက် မြင်းခွေးရင့်ရောင်ကို ဆိုင် တော်တော်စုံအောင် လျှောက်ရှာပြီး ဝယ်ရတယ်လို့ သားရေးလိုက်တဲ့စာကို ခင်ဗျား ဖတ်ပြသေးတယ် မဟုတ်လား" ဟု ပြောသည်။

"ဟုတ်ပါတယ်။ သားကတော့ မိဘနှစ်ပါးကို သိပ်ဂရုစိုက်တာ။ ကျွန်မတို့ကို စိတ်မချနိုင်ဘူးလို့ပဲ အမြဲ စာရေးတယ်။ သားပြန်လာဖို့လဲ ၂-နှစ်လောက်ပဲ လိုတော့တယ်နော်။ မနေ့က သူ့အတယ် မွေးနေ့ဆိုတာ မေ့နေမှာမဟုတ်ဘူး။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ကျောင်းတကျောင်းသွားပြီး အနည်းဆုံးတော့ ဘုရားမှာ ဆီမီးပူဇော်၊ ပန်းကပ်ပြီး ကုသိုလ်ကောင်းမှု တခုခုတော့ လုပ်မှာပါပဲ။ အဲဒီနိုင်ငံမှာ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးကျောင်းတွေ အများကြီးရှိတယ် မဟုတ်လား"

"အေးကွယ်....ဒို့သားကတော့ တကယ့် သားလိမ္မာပဲ။ ညကတောင် သတိရ အောင်းမေ့မိသေးတယ်။ ကျွန်တော့်



မွေးနေ့မှာ သူ ရန်ကုန်မှာ သိပ်ရှိချင်မှာပဲလို့ တွေးမိသေးတယ်"

"ကျွန်မလဲ ဒီလိုပါပဲကိုဘမှိုရယ်၊ မအိပ်နိုင်တာနဲ့ဟိုတွေး ဒီတွေး လျှောက်တွေးရာက သားကိုသတိရပြီး စိတ်မချနိုင်ဖြစ်လာမိတယ်။ ဒါထက် ညက ခွေးဟောင်သံ ရှင်ကြားမိရဲ့လား....၊ ဘိုလေးက ခြံတံခါးဝ ဘက်ကို ကြည့်ကြည့်ပြီး တဟောင်ဟောင် ဟောင်နေတာပဲရှင့်"

"အင်း....ကြားမိတယ်၊ ဘိုလေးကတော့ ညညဆိုယင် အိမ်ရှေ့ကဖြတ်သွားသမျှ အရိပ်မဲမဲမြင်ယင် ထိုးဟောင်တတ်တာပဲ မဟုတ်လား"

"သူတို့ဟောင်သံကြားရတော့ ကျုမ အိပ်မရတော့ဘူး။ ဒါနဲ့ အိပ်ရာကထပြီး ခြံထဲ လှမ်းလှမ်း ကြည့်မိသေးတယ်။ သူခိုးများ ကပ်သလားလို့။ ဘာမှတော့ မမြင်မိဘူး။ (ခုတလော သူခိုး သိပ်ပူတာပဲ၊ ဟိုတရက် လင်းအားကြီး အချိန်လောက်က ကျွန်မတို့ခြံနောက်ဘက်၊ မသြတို့ အိမ်က ခွေးစာခွက်ကို လာဆွဲသတဲ့။ တင်မောင်တို့ထလိုက်ကြတော့ သူခိုးက ကြံတောသင်္ချိုင်းထဲ ဝင်ပြေးသတဲ့။) ဒါနဲ့ ပြန်အိပ်တော့ တော်တော်နဲ့ အိပ်မပျော်တော့ဘူး။ မျက်စိကြောင်နေပြီး မနက် တနာရီကျော်လောက်မှပဲ အိပ်ပျော်သွားတယ်ထင်တယ်၊ ဒါထက်ခုတလောအစာစားတိုင်း သွားဖုံးတွေက သိပ်မြီး နာလာတာပဲ ကိုဘမှိုရယ်၊ ဒါဟာ နှာခေါင်းရောဂါကြောင့် ဖြစ်မယ်ထင်တာပဲ။ နှာခေါင်း၊

www.burmeseclassic.com

www.burmeseclassic.com



အာခေါင်၊ ပါးစပ်၊ လျှာ ဆိုတာတွေမှာ ဆက်စပ်နေကြ တာပဲ မဟုတ်လား”

“ဟိုနေ့က မခင်ဦး ပြောတာတော့ ခင်ဗျားဟာ နှာခေါင်းရောဂါ မဟုတ်ဖူးတဲ့၊ အသား နည်းနည်းလေး ရောင်ချင်တာတဲ့။ သူ ပြန်စစ်ဆေးကြည့်တော့ အရောင် လျော့သွားပြီ ပြောသွားတာပဲ၊ မဖွားသစ်ကလဲ ရောဂါနဲ့ ပတ်သက်ပြီး သိပ်အစွဲအလမ်းကြီးတာပဲကွယ်....”

“မဟုတ်ပါဘူး ကိုဘမြီရယ်၊ ကျွန်မ ခံစားနေရတာ ကျွန်မအသိဆုံးပေါ့။ နှာခေါင်းရောဂါမှ နှာခေါင်းရောဂါ စစ်စစ်ပဲ၊ နှာခေါင်းကတဆင့် အာခေါင်နဲ့ သွားဖုံးတွေကို ရောဂါပြန့်လာသလား မသိဘူး၊ သွားဖုံး အရင်းဘက်လို ကလဲ တစစ်စစ် ကိုက်နေသလိုပဲ၊ သွားဖုံးက အနံ့ နည်းနည်း တောင်ထွက်ချင်တယ် ထင်တယ်”

ဘိုးဘိုးက စိတ်ထဲက ပြုံးမိသည်။ ဆက်လက်၍တော့ အတိုက်အခံပြောနေရန် မသင့်ပြီ။ ထို့ကြောင့် ဆိတ်ဆိတ် သာ နေလိုက်သည်။

ဘွားဘွားက စကားဆက်ပြော၏။

“ဒီရောဂါမျိုးဟာ တဖြည်းဖြည်းနဲ့ လူကို ညှဉ်းဆဲ နှိပ်စက်တတ်သတဲ့။ ကင်ဆာရောဂါလိုပဲ ဖြစ်မယ် ထင်ပါရဲ့။ ဒီဝေဒနာကတော့ ပြေးလွတ်နိုင်မယ် မထင်ဘူး။ ကျွန်မသာ တကယ်လို့ ဒီရောဂါကြီးနဲ့ သေသွားခဲ့ယင်....”



ဘွားဘွားက စကားပြောယင်းက ရုတ်ခြည်း ဝမ်းနည်း အားငယ်စိတ် ဝင်လာကာ ပြောလက်စ စကားကို ရပ်ထား လိုက်တော့သည်။

“ဒီရောဂါနဲ့တော့ ခင်ဗျား ဘယ်နည်းနဲ့မှ မသေနိုင် ပါဘူးဗျာ။ တကယ်လို့ အဲဒီရောဂါ ဟုတ်ရိုးမှန်ယင်လဲ ဆေးကုသယင် ပျောက်ရမှာပါပဲ။ ခင်ဗျားစိတ်ကြိုက် ဆေးရုံ တက်ပြီး ကုချင်ယင်လဲကု၊ ဒါမှမဟုတ်ယင်လဲ အထူးသူနာပြု ဆရာမ တယောက် အိမ်မှာ ငှားထားပြီး ဆရာဝန်ခေါ်ပြီး အိမ်မှာ ကုချင်ယင်လဲ ကုပေါ့”

“ကျွန်မမှာ ဒီရောဂါကြီးနဲ့ ဆေးရုံတက်ကုကု၊ အိမ်မှာ နေလို့ပဲကုကု၊ ကုနေရတဲ့ အချိန်မှာ ရှင့်ကို ခုလို အစား အသောက် အနေအထိုင်က အစ အားလုံး လိုက်ပြီး ကျွန်မ စီမံ ဆောင်ရွက်ပေးနိုင်မှာ မဟုတ်တော့ဘူး။ ရှင့်အတွက် သိပ်ခက်ခဲမှာပဲ ကိုဘမြီရယ်၊ ကျွန်မကလဲ အရာရာမှာ စိတ် မချနိုင်တတ်နဲ့”

“ပူစရာမရှိတာ ရှာကြံပြီး ပူမနေပါနဲ့ မဖွားသစ်ရယ်၊ ဘာခက်လို့လဲ....၊ ကျွန်တော့်အတွက်လဲ အိမ်မှာ အထူး သူနာပြု ဆရာမလေး တယောက် ငှားထားလိုက်ပေါ့။ ကျွန်တော့်အတွက် သူအားလုံး တာဝန်ယူကြည့်မှာပေါ့”

သည်စကားကို ဘွားဘွား ကြားလိုက်ရသောအခါ ရုတ်တရက် ချက်ကနဲ တစုံတခုသော အကြောင်းအရာကို သတိသွားရလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြာတော့ကြာလေပြီ။ ဘိုးဘိုးပဲ ပြောပြခဲ့ဘူးသည်။

ရန်ကုန် အရှေ့ပိုင်း၊ ၄၉–လမ်းထဲကဆိုလား၊ မုဆိုးဖို ပင်စင်စား၊ အသက် ၆၀–ကျော် အရာရှိကြီးတဦး၊ မျက်စိ ရောဂါနှင့် ဆေးရုံတက် ခွဲစိတ်ကုသပြီး အိမ်ကို ပြန်ရောက် သည်။ လူနာကို ပြုစု စောင့်ရှောက်ရန် သမီးဖြစ်သူက သူနာပြုဆရာမလေး တယောက် ညအိပ် ညနေ ငှားပေး သည်။

၂–လ နီးပါး ကြာတော့ သူနာပြု ဆရာမလေးမှာ အမှန်တကယ် ကိုယ်ဝန် ရှိလာခဲ့သည်။ ဆရာမလေးက အဘိုးကြီး၏ ကိုယ်ဝန်ပါဟု အတိအလင်း ထွက်ဆိုသည်။ အဘိုးကြီးကလည်း ရှက်ရှက်နှင့်ပဲထင်ပါရဲ့ငြင်းကွယ်သည်။

နောက်ဆုံး ထိုကိစ္စသည် ငွေကြေးနှင့်လည်း ဇုံးဖိ မရ နိုင်တော့ပဲ ရုံးတက် တရားစွဲဆိုသည့်အခြေသို့ ရောက်သွား ရတော့သည်။

ထိုအမှုအတွက် ဆရာမလေးနှင့် စိတ် ဆတ်သော လေတပ်ဗိုလ် မောင် ဖြစ်သူတို့က ဘိုးဘိုး၏ မိတ်ဆွေ ဝတ်လုံတဦးကို ငှားရမ်းသည်။ အဘိုးကြီးဘက်မှ အမှုရှုံး သွားကာ ဆရာမလေးကို ကလေးစရိတ် ပေးလိုက်ရသည် ဟူ၏။

ဒီအကြောင်းအချက်မျိုးကို သတိရလို့ပဲ ကိုဘမှိုဟာ သူ့ကို ပြုစုဘို့ အထူးသူနာပြုဆရာမ ငှားချင်တယ် ပြော လိုက်လေသလား။ ပုရိသအမျိုး ဆိုတာဟာလဲ ဒင်းတို့ရဲ့



ယောကျ်ားအားမာန်ဆိုတာကို ဘယ်တော့မှ မလျော့ချင်တဲ့ အမျိုး။

ဘယ်လောက်ပဲ အသက်ကြီးကြီး၊ ဘယ်လောက်ပဲ အိုမင်း အိုမင်း၊ ဖွဲ့တဆုပ် ဆုပ်ကိုင်နိုင်စွမ်း ရှိနေသမျှတော့ ထိုအားမာန် စိတ်ဓာတ် ဆိုတာဟာလဲ စွမ်းသန်နိုးကြွဆဲလို့ ဆိုရိုးစကား ရှိတယ်မဟုတ်လား။

သာဓက တွေလဲ အများကြီးပဲ ရှိခဲ့ဘူးတယ်လေ။ လူတယောက်ရဲ့ ကောင်းသတင်းကို သေလွန်ပြီးချိန်ရောက်မှ ချီးကျူးသင့် ချီးကျူးထိုက်တယ်လို့လဲ နီတိ ကျမ်းဂန်တွေ ထဲမှာ ရှေးပညာရှိတွေ ဆိုမိန့်ထားတာ ရှိတယ်။

သည်လို တွေးတောနေယင်းက "တို့မှာ မျိုးဆက် ကျန်ရစ်မှာ မဟုတ်တော့ဘူး....''ဟု ဘိုးဘိုး မကြာခဏ ညည်းညူ ပြောဆိုဘူးသည်ကို ဘွားဘွား သတိရမိပြန်၏။

ဘွားဘွားကလည်း တဦးတည်းသော သား ကိုသာ မွေးပေးခဲ့သည်။ သားဖြစ်သူကလည်း အသက် ၅၀–ကျော် လာသည့်တိုင် အိမ်ထောင်ပြုလိုစိတ် မရှိ။ သည် အသက် အရွယ်အထိ အိမ်ထောင် မပြုပဲနေလျှင် သည့်ထက် အသက် ကြီးလာလေလေ အိမ်ထောင်ပြုဘို့အရေး ဝေးလေလေ ဖြစ်မှာ သေချာ၏။

သည်တော့ ခုလိုအခါိန်မှာ မဆိုစကောင်း ဆိုစကောင်း သားဖြစ်သူ ရုတ်တရက် ကွယ်လွန်သွားလျှင် ဘိုးဘိုးပြန် ဝတ်လုံတော်ရဦးဘမှိုနှင့် ဝတ်လုံကတော် ဒေါ်ဖွားသစ်တို့၏

www.burmeseclassic.com

www.burmeseclassic.com



မျိုးဆက်အနွယ် ဤကမ္ဘာမြေပေါ်မှာ ကျန်ရစ်မှာ မဟုတ်တော့ပြီ။ မျိုးဆက် ပြတ်လေတော့မည်။

မိမိအနေနှင့်လည်း ယခုအချိန်မျိုးမှာ ဘိုးဘိုး လိုချင်သော မျိုးဆက်ပြန့်ပွားစေနိုင်မည့် သားသမီးရတနာကို ဘယ်လိုမှ မွေးမပေးနိုင်တော့ပြီ။

သူနာပြု ဆရာမလေးမျိုးကတော့ ဘိုးဘိုး လိုသလောက် သားသမီးရတနာ မွေးပေးနိုင်လိမ့်မည်။

ဤအချက်ကို ရည်ရွယ်၍ပဲ သူနာပြုဆရာမ ငှားရမ်းမည့်ကိစ္စကို ဘိုးဘိုး ပြောလိုက်လေသလား။ မိမိသေမှာသိနေ၍ သည်စီမံကိန်းကြီးကို ရေးဆွဲထားလေသလား။ ဘယ်အချိန် ဘယ်အခါတုန်းကပဲ သည်အကြံအစည်ကို ကြိုတင် စီမံတွေးတောနေခဲ့လေသလဲ....။

ဘိုးဘိုးတို့ ဆွေမျိုးထဲကပဲ အသက် ၇၀–ကျော်၊ အလွန်ကပ်စေးနှဲလှသည့် တခုလပ် ရွှေနေ အဘိုးကြီးကို သတိရမိပြန်သည်။

ကိုယ့်ဝမ်းတောင် ကိုယ်မသထာသည့် ကော်တရာ ကပ်စေးနှဲကြီးသည် သမီးအရွယ် မြေးအရွယ် ရုပ်ရှင်မင်းသမီးနှင့် တွေ့တော့ သဒ္ဓါ ရက်ရောလိုက်သည်မှာ မွေးစားသမီးအဖြစ်နှင့် သူပိုင် ပစ္စည်းဥစ္စာ အားလုံးကို မင်းသမီးအား ပေးပစ်လိုက်ခြင်း ဖြစ်၏။

ရုပ်ရှင်မင်းသမီးတို့ မိသားစုကို သူ၏တိုက် အောက်ထပ်မှာ ခေါ်ယူထားလိုက်သည်တဲ့။ မွေးစားသမီးသာဆိုတယ်၊



ညညဆိုယင် မင်းသမီးက အဘိုးကြီး တဦးတည်းနေသောတိုက် အပေါ်ထပ်အခန်းကို တက်တက်လာပြီး တခန်းထဲမှာ အတူအိပ်ကြသည်တဲ့။ မင်းသမီးက သူ သုံးစွဲနေကျဖြစ်သောဆေးကိုတောင် အဘိုးကြီးကို တိုက်ကျွေးသည်ဆိုလား။

သူတို့ဆွေမျိုးအရင်းအချာတွေက ပြောပြခြင်းကြောင့်ပဲ ဘွားဘွား ကြားသိ ယုံကြည်ရသည်။ အစပထမကတော့ ဆွေမျိုးသားချင်းတွေက ဖုံးဖိလိုဟန် တူပါရဲ့၊ သို့သော် အမွေကိစ္စအတွက် တစုံတရာမှ မျှော်လင့်ချက် မရှိတော့ပြီကို သေချာစွာ သိရပြီး နောက်ပိုင်းမှာတော့ သတင်းလွှင့်ခြင်း အမှုကိုပဲ ပြုလုပ်ခြင်း ဖြစ်ဟန်တူ၏။

ဘွားဘွားက အကျိုးအကြောင်း ဆက်စပ်ကာ လျှောက်တွေးယင်းက ဝမ်းနည်းအားငယ်စိတ် ကြီးထွားလာခြင်းနှင့် အတူစိုးရိမ်သောက ဝင်လာမိတော့သည်။

ယခုအချိန် မိမိကွယ်လွန်သွားလျှင် သည်ခြံ၊ သည်တိုက်၊ သည်ပစ္စည်းတွေကို....

အတန်ကြာ ငြိမ်သက်တွေးတောနေခဲ့ရာမှ ဘွားဘွားက–

"ရှင်တကယ်ပြောတာလား ကိုဘမို"

ဟု လွန်ခဲ့သည့် ၁၀–မိနစ်ကျော်ကျော်က ပြောခဲ့သည့် ဘိုးဘိုး၏ နောက်ဆုံးစကားကို အခြေခံ၍ မေးမြန်းလိုက်လေသည်။

ရုတ်တရက် အဆက်အစပ် မရှိသော ဘွားဘွား၏အမေး စကားကြောင့် ဘိုးဘိုးက နားမလည်သလို ဖြစ်သွားရ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုဆိုလိုတာလည်း မဖွားသစ်ရဲ့...."

"စောစောက ရှင် ပြောလိုက်တာလေ၊ ရှင့်ကို ပြုစုစောင့်ရှောက်ဖို့ သူနာပြုဆရာမလေးတယောက် ငှားရမ်းမယ်ဆိုတာ၊ ရှင်တကယ်ပြောလိုက်တာလားဟင်...."

"ကျွန်တော် အတွက်နဲ့ ခင်ဗျား ပူပန်ဒုက္ခ မများရအောင် ပြောလိုက်တာပါဗျာ"

ဘွားဘွားကတော့ မိမိအယူအဆနှင့် မိမိမို့ ဘိုးဘိုး၏ အဖြေစကားများကို မကျေနပ်နိုင်။

"ကျွန်မအတွက် ဒုက္ခမများရအောင်လို့ မဆိုလိုက်ပါနဲ့၊ ရှင့်အတွက် စိတ်ချမ်းသာမှုရအောင်လို့ အမှန်အတိုင်းပြောလိုက်ပါလားရှင်"

ဘိုးဘိုးက အနည်းငယ် အံ့သြစိတ်ဝင်လာကာ

"ခင်ဗျားဘာကို ရည်ရွယ်ပြောချင်တာလဲ မဖွားသစ်" ဟု မေးလိုက်ရပြန်၏။

ဘွားဘွားက တုန်ရီလာသော အသံကို အနည်းငယ် ထိန်းကာပြောသည်။

"ရှင်ပဲ ပြောပြောနေတာပဲ မဟုတ်လား.... ကိုဘမို၊ သားကလည်း အိမ်ထောင်ပြုမှာ မဟုတ်တော့ဘူး ဆိုတော့ ကျုပ်တို့မျိုးဆက် မကျန်ရစ်တော့ဘူးဆို၊ ဒီတော့ ရှင့်မျိုးဆက် ကျန်ရစ်ရလေအောင် မျိုးဆက်ပေးနိုင်တဲ့ ငယ်ငယ်ရွယ်ရွယ် မိန်းမကို ရှင် ရှာ ရ တော့ မယ် မဟုတ်လား၊ ဒါ့ကြောင့် သူနာပြုဆရာမ ထားချင်တယ်လို့ ရှင်ပြောလိုက်



တာပဲ မဟုတ်လား။ ဒီလောက်တော့ ကျွန်မ အကင်းပါးနားလည်ပါသေးတယ်ရှင်...."

'အင်း.... စတော့ စလေပြီ' ဟု ဘိုးဘိုးက ကျိတ်တွေးမိ၏။

"မဟုတ်ရပါဘူး မဖွားသစ်ရယ်....၊ ကျွန် တော် က စကားအလျောက် ခင်ဗျားပြောလိုက်တဲ့ စကားအရ ပြောမိတာပါ။ ဒီအသက် ဒီအရွယ်ကြီး ရောက်မှ ဒီလို စိတ် မျိုး ကျွန်တော့်မှာ မရှိတော့ပါဘူး...."

"ကျွန်မကို အမှန်အတိုင်းသာ ဖွင့်ပြောပါ ကိုဘမိုရယ်၊ ကျွန်မက မကြာခင်သေရတော့မယ့် ဝေဒနာသည်ပါ။ ကျွန်မ တရားရှိပါတယ်။ ရှင် ဒီအကြံ အစည်ကို ဘယ် တုံး ကပဲ ကြံစည်တွေးတော ထားသလဲ.... ဟင်"

"ကျွန်တော် အမှန်အတိုင်း ပြောနေတာပါပဲ၊ ခင်ဗျား ထင်သလို မဟုတ်ရပါဘူးဗျာ...."

ဘွားဘွား ကတော့ ပြော ယင်း ဆို ယင်း၊ တွေးယင်း တောယင်း ဝမ်းနည်းထိခိုက်လာရာက ဒေါသစိတ်ကလေး ပင် မသိမသာ ရောစွက်ဝင်လာမိသည်။

"ဒီရောဂါနဲ့ပဲ ကျွန်မ သေရမယ်ဆိုတာ ကျွန်မကိုယ် ကျွန်မ သိထားနိုင်သလို ရှင်လဲ သိနေတာပဲ မဟုတ်လား ကိုဘမို၊ ဒါ့ကြောင့် ရှင် ဒီစကားမျိုး ပြောတာပဲမဟုတ် လား။ သားသာ ဒီအကြောင်းသိရယင် သိပ်စိတ်မကောင်း ဖြစ်ရတော့မှာပဲ၊ ကျွန်မ မသေခင်မှာတော့ ရှင့်ရည်မှန်းချက်၊

www.burmeseclassic.com

www.burmeseclassic.com



ရှင့်စိမ်ကိန်းကြီးကို အကောင်အထည် မဖော်လိုက်ပါနဲ့ရှင်၊ ကျွန်မ မသေခင် မမြင်ရ၊ မကြားပါရစေနဲ့....၊ ကျွန်မ သေဆုံးသွားပြီးမှသာ....''

ဘွားဘွားက စကားဆက်မပြောနိုင်တော့ပဲ စိတ်ထိခိုက်ဝမ်းနည်းခြင်း အထွတ်အထိပ်သို့ ရောက်လေပြီမို့ တရှုတ်ရှုတ်နှင့် ငိုချလိုက်တော့သည်။

သည်အခါမှာတော့ ဘိုးဘိုးက ဘွားဘွားအပေါ်ထား ရှိသည့် ကြင်နာသနားစိတ်ထက် မိမိကိုယ်မိမိ သနားစိတ်က ပိုကဲလာရတော့သည်။

ဘိုးဘိုး၏ စိတ်အာရုံထဲတွင် အချိန် အတော်ကြာကပဲ တငွေ့ငွေ့ ကိန်းအောင်းဖြစ်ပေါ် ခံစားနေလာရသော မိမိဘဝ၏ အားနည်းချက်၊ အများတကာနှင့် မတူနိုင်သည့် ဒုက္ခိတ ဘဝဆိုးကြီးအတွက် စိတ်အင်အား လျော့ပါးသိမ်ငယ်မှုသည် တခဏအတွင်း တိုးတက် ပွားစည်းလာရတော့၏။

ပြောသင့် မပြောသင့် ခေတ္တမျှ ချင့်ချိန် နေလိုက်သေးသည်။

နောက်ဆုံးမှာတော့ ရင်ထဲမှာ တအုံနွေးနွေး ခံစားနေရသော အကျိတ်အခဲကြီးကို စကားလုံးများအဖြစ် ဖွင့်အန်သွန်ချပြလိုက်တော့သည်။

''ဒါဟာ ကျုပ်ကို တမင်သက်သက် အပြစ်ရှာလာတော့တာလား မဖွားသစ်။ ကျုပ်ဟာ ဘယ်နေရာ၊ ဘာတခုမှာမှ



အသုံးမဝင်၊ တန်ဖိုးမရှိတော့တဲ့ အကန်းကြီး၊ အကျိုးကြီး၊ ဘယ်သူမှ အလိုမရှိတော့တဲ့လူပိုကြီး၊ လူအိုရှုတ်တွကြီးဖြစ်နေပြီမို့ ကျုပ်အပေါ်မှာ ရှာကြံပြီး အပြစ်မြင်လာတော့တာလား။

''အေးလေ.... ခုတော့ ကျုပ်က ငွေကြေး တပြားတချပ်မှ မရှာနိုင်တော့တဲ့လူ၊ ပင်စင်လစာတောင် မရှိတဲ့လူမို့ ကျုပ်ကို ဘယ်သူမှ အရေးမသွင်း၊ ဂရုမစိုက်ချင်ကြတော့ဘူး မဟုတ်လား။ ဒီအိမ်မှာ ကျုပ်ဟာဂြိုဟ်ကောင်ကြီး၊ အိမ်မှာ ရှိတဲ့လူတိုင်းကို ဒုက္ခပေးပေးနေတဲ့ အကုသိုလ် ကောင်ကြီး၊ ကျုပ်မရှိယင် အားလုံးအတွက်ကောင်းမယ်၊ အားလုံး ဒုက္ခငြိမ်းအေးသွားမယ်။

''ကျုပ်လဲ ကြာကြာ မနေချင်တော့ပါဘူး။ နေ့ရယ်ညရယ်လို့ ခွဲခြားမသိနိုင်တဲ့ အမှောင်ထုကြီးထဲမှာ တုပ်နှစ်ချောင်းကိုပဲ အားပြု အဖော်လုပ်ယင်း တစမ်းစမ်းနဲ့ သွားလာနေရတဲ့ ဒုက္ခိတ ဘဝဆိုးကြီးထဲက အမြန်ဆုံးကျွတ်လွတ်ချင်လှပြီ။ ရှေးကံဝဋ်ကြွေး မကုန်နိုင်သေးတော့ သေလဲမသေနိုင်ပဲ လူတွေရဲ့ အငြိုးအငြင်ကို နေ့စဉ်ခံနေရတော့တာပဲ။

''ဟိုတနေ့က ကက်ဆက်ဖွင့်ပြီး တရား နာလိုက်တဲ့ သပိတ်အိုင်ဆရာတော်ဟောတဲ့ တရားတော်ထဲကလို ကျုပ်တို့ဘဝဟာ မသေခင်ကပဲ စွန့်ပစ်ထားခြင်း ခံရတဲ့ ဘဝကြီးပဲ

www.burmeseclassic.com

www.burmeseclassic.com



လေ။ ကျုပ် တကယ်ပဲ မနေချင်တော့ဘူး၊ သေချင်လှပြီလေ....''

ဘိုးဘိုးက စိတ်ထိခိုက်အားငယ်လှစွာ အစဉ်တစိုက် ပြောချလိုက်သည်။

စိတ်လှုပ်ရှားထိခိုက်လျှင် ဖြစ်ပေါ်တတ်သော ဘိုးဘိုး၏ မလေ့ ဝသီအတိုင်း လက်နှစ်ဘက်စလုံး ဂနာမငြိမ်နိုင်ပဲ ပက်လက်ကုလားထိုင် လက်တန်းထိပ်ဖျားများကို တုန်ယင်သောလက်ချောင်းများနှင့် အကြောင်းမဲ့ ပွတ်သပ်ဆုပ်ကိုင်နေလေသည်။

ဘိုးဘိုးတယောက် သည့်လိုစိတ်အားငယ်စရာ၊ စိတ်ထိခိုက်ဖွယ်ရာ စကားမျိုး သည်မျှအလေးအနက် ရှည်ရှည်ဝေးဝေး ပြောသည်ကို တကြိမ်တခါမျှ မကြားစဖူးခဲ့သော ဘွားဘွားအဖို့ အံ့သြစိတ်ဝင်လာရကာ 'ငါပြောလိုက် ဆိုလိုက်တာ လျော့ကန် သင့်မြတ်ပါရဲ့လား၊ တရားနည်းလမ်းကျပါရဲ့လား၊ လွန်များသွားလေသလား' ဟု စဉ်းစားတွေဝေစရာ ဖြစ်လာခဲ့ရတော့သည်။ စကားတခွန်းမှတော့ ပြန်၍ မပြောဖြစ်။

ဘိုးဘိုးက နံရံမှာထောင်ထားသော တုတ်နှစ်ချောင်းကို စမ်းသပ်ယူလိုက်ကာ ထရန် ကြိုးစားလိုက်သည်။

"ကျုပ်က ဘာတခုမှ အသုံးမဝင်တဲ့ လူဗူးတောင်းကြီးဆိုတော့ ကျုပ်ဘက်က ဘယ်သူမှလဲမရှိတော့ဘူး၊ ကျုပ်စကားကိုလဲ ဘယ်သူမှ အယုံအကြည် မရှိတော့ဘူး၊ ကျုပ်



သြဇာဟာ ဘယ်သူ့အပေါ်မှာမှလဲ မညောင်းနိုင်တော့ဘူး၊ ဒါပေမယ့် ကျုပ်ဘက်က ဘုရားရှိပါလိမ့်မယ်၊ ကျုပ်အမှန်ပြောတာပဲ၊ အမှန်တရားကို ဘုရားသိပါလိမ့်မယ်၊ ဘုရားတပါတည်း သိနိုင်ယင်ပဲ ကျုပ်ကျေနပ်နိုင်ပါပြီ....''

ဘိုးဘိုးက ပက်လက်ကုလားထိုင်မှ ထရပ် လိုက်သည်။

လျှောက်နိုင်သော အနေအထားကို ကောင်းစွာရနိုင်တော့မှ တုတ်နှစ်ချောင်းကို အားပြုထောက်ကာ လာလမ်းအတိုင်း ဧည့်ခန်းကို ဖြတ်ပြီး သူ့အိပ်ခန်း ဘက်သို့ ဖြည်းညှင်းစွာ လျှောက်သွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

၄။

ခါတိုင်း နံနက်ဆိုလျှင် ''ကော်ဖီ ပြင်ပြီးပြီ ဘိုးဘိုးနဲ့ ဘွားဘွား''ဟု အိမ်ဖော်မလေး ဘူလုံး၏ အသံကိုကြားမှ ဘိုးဘိုးသည် ဘွားဘွားနှင့် အတူ ထမင်းစားခန်းမသို့ သွားရောက်၍ ကော်ဖီအတူ သောက်စမြဲ ဖြစ်၏။

ယခုတော့ ဘိုးဘိုးသည် ကော်ဖီ သောက်လိုစိတ်ပင် မရှိဟန်နှင့် သူ၏အခန်းသို့ ပြန်သွားခဲ့လေပြီ။ ဘိုးဘိုး စိတ်ထဲ တာကယ့်ကို ထိခိုက် ဝမ်းနည်းသွားပြီ ဖြစ်ကြောင်း ဘွားဘွား ကောင်းစွာ တွေးဆ သိနိုင် တော့သည်။



စိတ်လှုပ်ရှားမှု ဖြစ်ပေါ်လာလျှင် ပုံမှန်ထုံးစံအတိုင်း ဘွားဘွားသည် အိပ်ရာထက်ဝယ် သက်တောင့်သက်သာ ပက်လက်လှန်ကာ မျက်စိအစုံကိုမှိတ်လျက် မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးကို အခေါက်ခေါက် အခါခါ နှုတ်မှ တီးတိုးရွတ်ဆို၏။

အတော်ကလေးကြာမှ စိတ်တည်ငြိမ်မှု အနည်းငယ် ပြန်လည်ရရှိလာတော့သည်။

ဆည်လိုပင် စိတ်လိုက်မာန်ပါ ဒေါသဖြစ်စရာ၊ သို့မဟုတ် ဝမ်းနည်းအားငယ်စရာ တခုခု ခံစားရခြင်း၏ အထွတ်အထိပ်သို့ရောက်လျှင် ဘွားဘွားက စိတ်ထဲ ဖြစ်ပေါ်ခံစားနေရသည့်အတိုင်း ပြောချလိုက်ရသည်။

သို့မဟုတ် ငိုသော်လည်း ငိုလိုက်ရသည်။ သည့်နောက် အတန်ကြာလျှင်တော့ ပုံလုပ်လိုရာကို ပုံလုပ် ပြောဆိုလိုက်ရပြီးပြီမို့ ကျေနပ်အားရသွားကာ နဂို စိတ်ကောင်း ပြန်ဝင်လာတတ်စမြဲ ဖြစ်၏။

ယခုလည်း မိမို၏ ရောဂါဝေဒနာကို အကြောင်းခံကာ အားငယ် အားလျော့စိတ် ဖြစ်ပေါ်လာမှုနှင့် ယှဉ်လျက် မိမိ၏ တဘက်သတ် ထင်မြင်ယူဆချက်ကို ရင်ထဲရှိသည့်အတိုင်း ပွင့်လင်းစွာထုတ်ဖော် ဖွင့်အန် ငိုကြွေးလိုက်ရပြီးပြီမို့ စိတ်ထဲ ပေါ့ပါးသက်သာသလို ဖြစ်သွားတော့၏။

စောစောက နာကျင်ခံစား နေရသည် ထင်ခဲ့သော ဝေဒနာပေါင်းစုံကိုသည်း မေ့လျော့သွားပေပြီ။ အိပ်ရာမှ

www.burmeseclassic.com

www.burmeseclassic.com



ထစကာ ဖြစ်ပေါ်ခံစားနေရသော စိတ်နောက်ကျုမှု စိတ်မသာမယာမှုများမှာလည်း လှောင်အိမ်မှ လွတ်လိုက်သော ငှက်ကျေးပမာ အဝေးဆီသို့ ပျံပြေး ပျောက်ကွယ်ခဲ့ပြီ။

သို့လျှင် ဘွားဘွားမှာ တဖြည်းဖြည်းနှင့် စိတ်ကြည်လင်သာယာစ ပြုလာခဲ့ပေပြီ။ ကိုယ့်ကိုယ်ကိုယ် သနား စိတ်နှင့် တဘက်သတ် ထင်မြင်ယူဆချက် သည်လည်း ဆုတ်ယုတ်မှေးမှိန်စပြုခဲ့ပြီ။ သူ့ဘက် ကိုယ့်ဘက် မျှမျှတတ စဉ်းစားဆင်ခြင်တတ်သည့် နဂိုစိတ်ဓာတ် စိတ်ကောင်း ပြန်လည်ဝင်ခဲ့ပေပြီ။

ထို့ကြောင့် ပူပူနွေးနွေး ဘိုးဘိုး ပြောသွား ခဲ့သည့် စကားများကို ပြန်လည် ကြားယောင် တွေးကြည့် နေမိတော့သည်။

သည်မျှ အိမ်ထောင်သက် ရှည်ကြာ လာ ခဲ့သည့် တိုင်ယခုလို ကြေကွဲဝမ်းနည်းဖွယ် စကားမျိုး တကြိမ် တခါမှ ဘိုးဘိုးမပြောခဲ့သေးဘူး။ လင်နှင့်မယား လျှာနှင့်သွားမို့ အချေအတင် အငြင်းအခုံ စကားမျိုး ပြောဘူးသည်တော့ တခါတခါ ရှိခဲ့ကြဘူး၏။ ဘိုးဘိုး ခုလိုစကားမျိုးပြောလိုက်သည်မှာ သူ့စိတ်ထဲ အမှန်တကယ်ခံစားလာရသောကြောင့် ပြောလိုက်ကြောင်း ဘွားဘွား ကောင်းစွာ သိနားလည်သည်။

ဘိုးဘိုးပြောခဲ့သည့် စကားတွေထဲက ''ခုတော့ ကျုပ်က ငွေကြေးတပြားတချပ်မှ မရှာနိုင် မဖွေနိုင်တော့တဲ့လူ၊ ပင်စင်



လစာတောင်မရှိတဲ့လူမို့ ကျုပ်ကို ဘယ်သူမှ ဂရုမစိုက်ချင်ကြတော့ဘူးမဟုတ်လား'' ဟူသော စကားက ဘွားဘွား စိတ်ကို အထိခိုက်စေဆုံးပဲဖြစ်သည်။

တကယ်တော့ ဘွားဘွားအဖို့ ယခုလို အသက်အရွယ်ကြီးလာခဲ့သည့်တိုင် ဘဝတလျှောက်လုံး အေးငြိမ်းချမ်းသာစွာနှင့် လှူချင်သလိုလှူ၊ စားချင်သလိုစား၊ ဝတ်ချင်သလိုဝတ်၊ မိမိစိတ်တိုင်းကျ လုပ်ချင်သလို လုပ်လာနိုင်ခဲ့သည်မှာ ရေးကံကုသိုလ်၏ အကျိုးဆက်ကြောင့်လို့ပဲ ဆိုဆို၊ သခင်ယေရှု၏ အလိုတော်အတိုင်းလို့ပဲပြောပြော၊ မျက်မြင်ဒိဋ္ဌလက်တွေ့အရမှာတော့ ဘိုးဘိုးရှာဖွေပေးခဲ့သည့် ငွေကြေးများကြောင့်သာပဲဖြစ်၏။

ဘိုးဘိုးတို့ခေတ်က ဘိုးဘိုးသည် နာမည်ရ ထိပ်တန်းဘိလပ်ပြန် ဝတ်လုံတော်ရ တဦး ဖြစ်သည်နှင့်အညီ အမှုကြီးများပဲလိုက်သည်။

အမှုတိုင်းလည်း အနိုင်ရသည်ချည်းဖြစ်ရာ နင့်နေအောင်ငွေရသည်။ ရရှိသမျှ ကြေးငွေကို ဘိုးဘိုးက ဘွားဘွားလက်ထဲသို့ အားလုံးထည့်ခဲ့သည်။ ဘိုးဘိုး၏ ဆွေမျိုးဘက်ကိုလည်း ထောက်ပံ့ ပေးကမ်းစရာ မလို။ သူတို့မှာလည်း သူတို့ အခြေအနေနှင့် သူတို့ ပြည့်ပြည့် စုံစုံ ဖြစ်ကြသည်။ လူမှုရေးအရ အပေါင်းအသင်းများနှင့်၊ ရုံးခန်းနှင့် ကလပ်များတွင် သုံးစားကုန်ကျငွေကိုလည်း ဘိုးဘိုးက မှန်မှန်တိကျစွာ စာရင်းဇယားပြု၍ ဘွားဘွားကို အပ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးသည် ခေတ်အဆက်ဆက်ကို ဖြတ်သန်းကာ ဝတ်လုံတော်ရဘဝနှင့် အသက်၇၀–ကျော်လာသည့် အချိန်အထိ ငွေကြေးရှာဖွေပေးလာခဲ့သည်မှာ မျက်စိ ခွဲစိတ်ကုသရတော့မှပဲ အလုပ်မှ အနားယူခဲ့ရတော့သည်။ သို့ကြောင့်လည်း ယခုလို ဘွားဘွားတို့ မကြောင့်ကြ၊ မတောင့်မတရသည့်ဘဝနှင့် အမြဲနေထိုင်လာခဲ့ရသည် မဟုတ်ပါလား။

သည်လို လင်သည်အပေါ်မှာ မျက်မမြင် ဒုက္ခိတ ဘဝရောက်လေမှ ငွေကြေးရှာဖွေ မပေးနိုင်တော့သောကြောင့် ဂရုမစိုက်၊ မလေးမစားနှင့် အပြစ်မြင်လာ ရတော့သည်ဟု ဘိုးဘိုးအထင်လွဲမှားမှာကို ဘွားဘွားအစိုးရိမ်လှဆုံးဖြစ်ရာ ယခုလို အမှန်ပင် ဘိုးဘိုး အထင်လွဲမှား သွားတော့ ဘွားဘွားမှာ ကြီးစွာ စိတ်ထိခိုက်ရတော့သည်။

စင်စစ် ဤအချက်ကို ရည်ရွယ်၍ ဘွားဘွား ပြောခဲ့ခြင်းလည်း မဟုတ်ပေ။ ချစ်လင်၏ကျေးဇူးတရား ကြီးမားလှပုံကို ဘွားဘွားအသိဆုံးပဲဖြစ်သည်။

ဇနီးသည်အပေါ် အလိုက်သည့် နေရာမှာလည်း ဘိုးဘိုးကို ဘယ်လင်ယောကျ်ားမှ မမှီနိုင်ဘူးဟု ဘွားဘွားဆိုချင်သည်။

ဘယ်ကိစ္စ၊ ဘယ်အလုပ်ကိုလုပ်မည်ဖြစ်ဖြစ် ဇနီးသည်ကိုတိုင်ပင်တတ်သည်။ ဇနီးသည် အကြိုက်ကို လိုက်သည်။ "ခင်ဗျားသဘောအတိုင်း လုပ်လေ...." ဟု အမြဲတမ်း လိုက်လျော ခွင့်ပြုတတ်သည်။ ဇနီးသည် အလိုဆန္ဒနှင့် ဆန့်ကျင်



ဘက် တခါဘူးမျှမလုပ်ဖူးသလောက်ပင်။ သားဖြစ်သူကမှ တခါတရံ မိခင်နှင့် အတိုက်အခံ ပြောသေးသည်။

လက်ထပ်ပြီးစ အချိန်ကာလများကဆိုလျှင် ဘွားဘွား လိမ်းရန် ဘိုးဘိုးကိုယ်တိုင် သနပ်ခါး သွေးပေးဘူးသေးသည်။ "လိမ်းပေးပါအုံး" ဟု ဘွားဘွားက ခိုင်းလျှင် လိမ်းပေးဦးမည့် ဘိုးဘိုးပါပဲ။

ဘွားဘွားက တနေ့လုံး အိမ်မှုကိစ္စများ ပြုလုပ်ပြီးညဘက် ညောင်းညာကာ အိပ်ရာထက်ဝယ် ခွေလှဲနေလျှင် "ကျွန်တော် နှိပ်ပေးမယ်" ဟု ဘိုးဘိုးက ပြောကာ မနှိပ်တတ် နှိပ်တတ် ချစ်ဇနီးကို နှိပ်နယ်ပြုစုသည်။

ဘွားဘွားစိတ်ထဲ အမှန်တကယ်ကျေနပ်မှု ပီတိပွားရသော်လည်း အားနာလာသည်နှင့် "တော်ပါတော့ ကိုဘမှိုရယ်.... ကျွန်မ နေကောင်းသွားပါပြီ၊ တော်ကြာ ဒေါ်ဒေါ်သိသွားယင် စိတ်မကောင်းဖြစ်နေအုံးမယ်...." ဟု တားယူရတော့သည်။

ဘိုးဘိုးတို့ ပန်းဆိုးတန်း ဝါလီမာမက်တိုက်မှာနေကြစဉ်က ဘိုးဘိုး၏မိခင်မှာ ဘိုးဘိုး ဘွားဘွားတို့နှင့် သုံးလေးလခန့် အတူလာနေဘူးသည်။

အထူးသဖြင့် စစ်ပြေးဘဝနှင့် ဒုက္ခရောက်ချိန်က ဇနီးသည်ကို စိတ်ဆင်းရဲငြိုငြင်စေမှုမျိုး တကြိမ်တခါမျှမဖြစ်စေရ။ စိတ်အားငယ်မှုတခုမှမဖြစ်စေရ။ အမြဲတမ်း စိတ်ချမ်းသာမှုကို ဘိုးဘိုးပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွား၏မိခင်နှင့် ခွေးလေး သေဆုံးမှု၊ စစ်ကာလအတွင်း စစ်ပြေးဘဝနှင့် စစ်၏အနိဋ္ဌာရုံ အစုံစုံကို တွေ့ကြုံခံစားရမှုများက ဘွားဘွားအား အထူးစိတ်ထိခိုက်စေကာ စိတ်ဓာတ် သိမ်ငယ်ကျဆင်းစေသည့် စိတ်ရောဂါ ဝေဒနာ တမျိုးကို ဖြစ်စေခဲ့သည်ဟုပဲ ဆိုရတော့မည်။

ထို့ကြောင့် ဘွားဘွားမှာ စိုးရိမ်ပူပန်စရာရှိလျှင်လည်း သူများတကာထက် ပိုမိုစိုးရိမ်ပူပန် တတ်သည်။ ဝမ်းနည်းဖွယ်ရာ ကြုံလာလျှင်လည်း တပါးသူထက် ထူးကဲစွာ ဝမ်းနည်းထိခိုက်တတ်သည်။ သနားဖွယ် မြင်ကွင်းမျိုးကို တွေ့မြင်ရလျှင်လည်း မမေ့မပျောက်နိုင်တော့ပဲ အချိန်ရှည်ကြာစွာ စိတ်ထဲစွဲလမ်းနေတတ်သည်။ တပါးသူတွေ အမှုမထားလောက်သည့် အသေးအဖွဲ့ ကိစ္စလေးမျိုး တခုကိုပင် ဘွားဘွားအဖို့ အလွန် အရေးကြီးသည့် ကိစ္စ တရပ်ပမာ အကျယ်ချဲ့ ခံစားနေတတ်သည်။

ဘွားဘွားစိတ်ထဲတွင် အမြဲတမ်း ထိတ်လန့် စိုးရိမ်မှုနှင့် ဝမ်းနည်းအားငယ်စိတ်၊ အားလျော့ဆုံးရှုံးစိတ်တို့ ရောနှောနေရကား တဖြည်းဖြည်းနှင့် စိတ်ဓာတ် နုနယ်လာကာ ထိခိုက်စွန်းထင်းလွယ်သည့် အဖြစ်သို့ ရောက်လာခဲ့ရသည်။ ခံစားချက် ပိုမိုပြင်းထန်ကြီးထွားလာရသည်။

မိမိကိုယ်တွင်းမှာ သာမညရောဂါ အသေးအဖွဲ့လေးတခု ခံစားရလျှင် သေမလောက် ကြီးကျယ် ဆန်းပြားသည့် ဝေဒနာဆိုးကြီးတခုပမာ ထင်မြင်လာမိ၏။ ထင်မြင်သည့်



အတိုင်းလည်း တကယ်ပဲ ကြီးကျယ်စွာ ခံစားနာကျင်လာသလို စိတ်ထဲ ဖြစ်ပေါ်လာတတ်သည်။

ဤအချက်ကိုကောင်းစွာ နားလည်သိမြင်သဘောပေါက်သော ဘိုးဘိုးက ဘွားဘွားအပေါ် မငြိုငြင်ပဲ အမြဲတမ်း အလိုလိုက် အကြိုက်ဆောင်ခဲ့သည်။

ဘွားဘွား မှတ်မိနေသေးသည်။ စစ်ကာလ အတွင်းက ဆင်းမလား တောင်စခန်းမြို့ရှိ ဟိုတယ်မှာနေထိုင်ကြစဉ်က ဖြစ်သည်။

လက်ဦးကတော့ စစ်ရိပ် စစ်ငွေ့ ကင်းဝေးသော ချမ်းငြိမ်း သာယာလှသည့်၊ ကိုယ့်နိုင်ငံမှ ကိုယ့် လူမျိုး ကိုယ့်မိတ်ဆွေ အပေါင်းအသင်းများရှိသည့် ဆင်းမလားမြို့ကလေးမှာ စစ်ကြီးပြီးဆုံးသည်အထိ စစ်ရိပ် ခိုကြမည်ဟု ရည်ရွယ်ခဲ့ကြသည်။

သို့သော် ဆင်းမလားရောက်မှ ဘွားဘွားက ထိုမြို့မှာ ကြာရှည်နေလိုစိတ် မရှိဖြစ်ရသည်။

ဆင်းမလားကို ရထားတွဲငယ်လေးများနှင့် လွန်းထိုးတက်လာခဲ့ကြစဉ်ကပဲ တဘက်ရှိ နက်ရှိုင်းလှသော ချောက်ကမ်းပါး ချိုင့်ဝှမ်း လျှိုမြောင်များကို မကြည့်ရဲကြည့်ရဲ ကြည့်ကြည့်နေကာ ထိတ်လန့်ပူပန်စိတ် ဖြစ်နေခဲ့သည်။

တရုတ်-မြန်မာနယ်စပ်မှ တရုတ်ပြည်တွင်းသို့ စစ်ပြေးခဲ့ကြရစဉ် ကားနှင့်ဖြတ်ကျော်လာခဲ့ရသည့် မြင့်မားလှသော တောင်ထိပ် တောင်ပတ်လမ်းများတွင် စစ်ပြေးဘုကွသည်

www.burmeseclassic.com

www.burmeseclassic.com



ထရပ်ကားကြီးများ အရှိန်လွန်ကာ ချောက်ကမ်းပါးကြီးများထဲသို့ ထိုးကျသွားပုံ များကို မြင်ယောင် လာကာ ဘွားဘွားမှာ အလိုလိုခြေလက်အေးပြီး မနေသာ မထိုင်သာ ဖြစ်ခဲ့ရသည်။

ဆင်းမလား၏ အမြဲထာဝရ မီးလှုံနွေးထွေးနေကြရသည့် ခိုက်တုန် ချမ်းမြလှသော ရာသီကြမ်းကို ဘွားဘွား မနှစ်သက်နိုင်။

ပေ ၇၀၀၀-(ခုနစ်ထောင်)ကျော် အမြင့်မှာ နေရသည်မို့ မြေညီမြေပြန့်လွင်ပြင်မှာထက် အသက်ရှူရသည်မှာ ချောင်ချောင်လည်လည် မရှိရိုးမှန်သော်လည်း ဘွားဘွားက သူများတကာထက် ပိုမိုပြင်းထန်ခံစားရသည်။

သို့လျှင် ဆင်းမလားရောက်ပြီး ရက်သတ္တပတ် တပတ်ကျော်အကြာ ညတညမှာ အသက်ရှူရသည်မှာ မဝနိုင်တော့သလို၊ မွန်းကျပ်လာသလိုလို ဘွားဘွား ထင်မြင်ရာမှ တကယ်ပင်အသက်မရှူနိုင်တော့သလို ရုတ်တရက်ချက်ချင်း ခံစားထင်မြင် လာရတော့သည်။ ခုပဲ အသက်ရှူ ကျပ်ပြီး သေဆုံးရတော့မလို ဖြစ်သွားရတော့၏။ အနီး အနားမှာ ရှိသည့် ကုလားဆရာဝန်တွေကိုလည်း အယုံအကြည် မရှိ၊ အလိုမရှိဘူးဟု ဘွားဘွားက ကြေငြာ၏။

ထို့ကြောင့် စစ်တပ်မှခွင့်နှင့် ဆင်းမလားသို့ ခေတ္တရောက်နေသည့် ဘွားဘွား၏ကျောင်းနေဘက်သူငယ်ချင်းမ



၏ ခင်ပွန်းဖြစ်သူ ဆရာဝန် မေဂျာမင်းစိန် (ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးသည့် နောက်ပိုင်းမှ ကာနယ်မင်းစိန်အဖြစ် လူသိများခဲ့သူ။) ကို ညဉ့်တွင်းချင်း ဘိုးဘိုး ကိုယ်တိုင် ချမ်းချမ်းစီးစီးကြီးထဲ သွားရောက်ပင့်ခေါ်ခဲ့ရသည်။

မေဂျာမင်းစိန် ကလည်း ဘွားဘွား၏ ရောဂါဇစ်မြစ်အခြေအနေကို သိရှိနားလည်ထားသူမို့ ရောက်ရောက်ချင်း ဘွားဘွားကို အားဆေးတလုံး ထိုးပေးသည်။

ထို့နောက် ရောဂါဝေဒနာနှင့် ဘာတခုမှ မသက်ဆိုင်သော မြန်မာပြည်က ရှေး ဟောင်း နှောင်း ဖြစ် များ၊ ဂွတ်ရှက်ပါး သီလရှင်ကျောင်းမှာတုန်းက ဇနီးဖြစ်သူနှင့် ဘွားဘွားတို့ အဆောင်အုပ် သီလရှင်ကြီးမသိအောင် ဒန်းခိုးစီးကြပုံ၊ ဘွားဘွားမှာ ခရစ်ယာန်ဘုရားရှိခိုးစာအလွန်ရပုံ၊ အပြင်ကလာရောင်းသော ကုလားဗရာကြော်ကို ကျောင်းသူများ ရေချိုးခန်းပြတင်းပေါက်မှနေ၍ ခိုးဝယ် စားကြရာ ရေချိုးချိန်ကြာလှ၍ သီလရှင်ဆရာမများ လိုက်လာတော့မှ ဗရာကြော်ကုလားကို အမြန်ပြန်ခိုင်းရပုံများကို ဇနီးဖြစ်သူထံမှ တဆင့်ကြားရသည့် အတိုင်း ရယ်မောရွှင်ပျဖွယ် စီကာပတ်ကုံး ပြောပြရာ အသက်ရှူကျပ်၍သေမတတ်ခံစားနေရပါသည်ဆိုသော ရောဂါသည်မှာ မိမိ၏ ဝေဒနာကို လုံးဝ မေ့ပျောက်သွားတော့ကာ စကားဝိုင်းထဲတွင် ဝင်၍ပင် ပြောဖော်၊ စကား ထောက်ဖော်၊ ပြုံးရယ်ဖော် ရလာတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တနေ့ နံနက်ခင်းမှာတော့ နဂိုမူလ အစီအစဉ်ကို ဖျက်လိုက်ပြီး ဘွားဘွား၏ အလိုဆန္ဒအတိုင်း ဆင်းမလား မှ ဒေလီမြို့သစ်သို့ ကားငှားကာ ပြောင်းရွှေ့ ခဲ့ရတော့ သည်။

တပ် (ဂျ) မဟာသချိုင်းတော်ရှိရာ အာဂရာမြို့ကလေး ကို သွားကြစဉ် ရထားပေါ်မှာလည်း သည်လို ဆန်ဆန် အဖြစ်မျိုး တကြိမ်ဖြစ်ခဲ့ဘူးသေးသည်။

အလိုလိုနေယင်းက ဘာစိတ်ကူးရသည်မသိ၊ ရထားတွဲထဲ လိုက်ပါလာရသည်မှာ အသက်ရှူ မွန်းကျပ် လာသည်ဟု ဘွားဘွားထင်မြင်ခံစားရ၏။ ချက်ချင်းပဲရထားအရေးပေါ် ခေါင်းဇလောင်းကိုဆွဲကာ ရထားကိုရပ်ခိုင်းရမလိုဖြစ်ရသည်။ ရထားရပ်မပေးလျှင် ရထားပေါ်က ခုန်ဆင်းကျန်ရစ်မည် ဟု ဘွားဘွားကပြောသည်။

ရထားကို ရပ်ခိုင်းရအောင်လည်း တကယ်တမ်း အသည်း အသန် ခံစားနေရသော ရောဂါဝေဒနာကြီး အမှန်တကယ် မဟုတ်သောကြောင့် ဘိုးဘိုး က ဘွားဘွားကို စိတ်ရှည်လက်ရှည် အတန်တန် ချော့မော့ဖျောင်းဖျရသည်။ အတော်လေးကြာမှ ဘွားဘွားမှာ စိတ်ပြောင်း သွားပြီး ဝေဒနာမှ သက်သာခွင့်ရတော့သည်။

ဆန်တာ ခရုဇ်မြို့ကလေးမှာနေကြစဉ်ကတော့ ဘွားဘွား မှာ အမှန်တကယ်ပဲ သေမလောက် ရောဂါဝေဒနာ ရခဲ့ဘူး သည်။



ဘွားဘွားက မြိတ်သူပီပီ ငါးပိဖျော်၊ ငါးပိထောင်း အလွန်ကြိုက်သည်။ ဖျာပုံလို မြစ်ဝကျွန်းပေါ် ဘက်မှာ လည်း အနေကြာလာခဲ့သည်မို့ ငါးပိစိမ်းစား ကိုလည်း ခံတွင်းတွေ့လှသည်။ ငါးပိရည်ကျို ကိုလည်းစားကျင့်ရှိသည်။

အိန္ဒိယပြည်က ဟိုတယ်ကြီးတွေ၊ စားသောက်ဆိုင်ကြီး တွေမှာ ဘယ်လောက် ကောင်းသည့် ဗိုလ်စာ စားစား၊ ကုလားစာ စားစား၊ တရုတ်စာ စားစား ခံတွင်းမတွေ့။ မြန်မာ ငါးပိထောင်း၊ ငါးပိဖျော်ရည်ကိုပဲ ချင်ခြင်းတပ်၏။

ထို့ကြောင့် တောင်းနှင့် တတောင်းလောက်ကိုမှ ငွေ ၂-ကျပ်၊ ၃-ကျပ်ထက် ပိုမပေးရသော၊ ပင်လယ်မှရသည့် ပုစွန်သေးသေးမျှင်မျှင်ကလေးများ (ဘွားဘွားတို့ မြိတ် အခေါ်ကတော့ 'ငွေး') ကို ဟိန္ဒူ ငါးသည်မ များထံမှ ဝယ်ပြီး ကိုယ်တိုင် ငါးပိလုပ်တတ်သည်။

ပုစွန်မျှင်မျှင်လေးများထဲမှ အမှိုက်သလဲများကိုရွေးထုတ် ပြီး ရေနှင့် စင်စင်ကြယ်ကြယ် ဆေးသည်။ ထို့နောက် ပုစွန်ကလေးများကို နေပူလှန်းသည်။ ၂-ရက် ၃-ရက်ခန့် နေလှန်းဝပြီးသည့်နောက် ပုစွန်ကလေးများကို မြေအိုးထဲ တွင် အထပ်ထပ် ဖိသိပ်ပြီးထည့်၏။ (တချို့က ဆုံထဲထည့် ထောင်းသည်။) ရက် ၂၀-ခန့် အကြာမှာတော့ ပုစွန်နံ့ သင်းမွှေးသည့် အလွန်လတ်ဆတ် ချိုမြိန်သော မရမ်းစေ့ ရောင် ငါးပိကို ရရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားက အိမ်သုံးအဖြစ်သာ ငါးပိလုပ်သည်မဟုတ်၊ မြန်မာမိတ်ဆွေများနှင့် နိုင်ငံခြားသား မိတ်ဆွေများကို 'မြန်မာငါးပိ' ( Burmese Cheese ) ဟု ဆိုကာ သံဗူးများတွင်ထည့်ပိတ်ပြီးလက်ဆောင်ပေးတတ်သည်။ ပေါင်မုန့်နှင့် စားတော့ မြန်မာငါးပိကို သူတို့ လျှာလည်သွားတတ်ကြသည်။

တနေ့မှာ ဘွားဘွား ငါးပိလုပ်ရန် ပုစွန်ကလေးများကို ဆေးကြောတော့ ပုစွန်ခေါင်းမှ အဆူးလား၊ သစ်သားစကလေးလားမသိ၊ ဘွားဘွား၏ လက်ယာဘက်လက်ညှိုးမှ လက်သည်းအကြား စူးဝင်သည်။ ဆူးအစလေးကို နှုတ်ပြီး တင်ချာရည်ထည့်ထားလိုက်သည်။

ဒဏ်ရာ ကလည်း မပြော စလောက် မို့ မေ့ မေ့ ပျောက်ပျောက်ပင် နေခဲ့ရာ ညနေဘက် ရောက်လာတော့ ဒဏ်ရာမှ တစစ်စစ် ကိုက်ခဲလာသည်။ လက်ညှိုးတချောင်းလုံးမှာလည်း နီရဲရောင်ရမ်းလာတော့၏။ တကိုယ်လုံး ပူရှိန်လာကာ လျင်မြန်လှစွာ အဖျား သွေး ဝင်လာသည်။ ပြဒါးတိုင်နှင့် တိုင်းကြည့်တော့ အပူချိန် ၁၀၂ ဒီဂရီ ကျော်ကျော် ရှိသည်။ တဖြည်းဖြည်းနှင့် လက်ယာဘက်လက်တခုလုံးမှာလည်း ကိုက်ခဲထုံကျဉ်လာကာ လှုပ်ရှား၍ မရတော့။ ရင်သား အစုံမှာ မကြုံဖူးအောင် ရောင်အမ်းတင်းမာသွားသည်။



ထို့ကြောင့် အမြန်ဆုံး နီးရာ ဆရာဝန်တဦးကို ခေါ်ပင့်ရသည်။ ဗာရစီလူမျိုး ဆရာဝန်က ဆူး အဆိပ်ကြောင့်ဖြစ်ကြောင်း ပြောပြသည်။ ဂရုတစိုက် ကြပ်မတ်ကုသသည်။

သည်တခါမှာတော့ ခါတိုင်းလို ဘွားဘွား စိတ်ကထင်မြင်၍ ခံစားရသည့် ဝေဒနာမျိုးမဟုတ်ပဲ အမှန်တကယ်ဖြစ်ပေါ်ခံစားရသည့် ဝေဒနာမို့ ဘိုးဘိုးမှာ ဆရာဝန်ဆေးကုပြန်သွားပြီးနောက် တညဉ့်လုံး တမှေးမှမအိပ်နိုင်ပဲ ဘွားဘွား၏အနီးမှာ စိုးရိမ်စိတ်ကြီးစွာနှင့် စောင့်ကြည့်ယင်း ငုတ်တုတ်မိုးလင်းသွားခဲ့သည်။

သည်လိုနှင့် ၄-၅-၆-ရက်လောက်ကုသပြီးမှ အနာရှိန်လျော့သွားကာ အဖျားပျောက်ကင်းသွားသည်။

ဘိုးဘိုးက အနာပျောက်ကင်းစ ဘွားဘွား၏ နီရောင်သမ်းနေသေးသည့် လက်ညှိုးလေးကို ယုယစွာ ကိုင်တွယ်ကြည့်ရှုပြီး "အနာရှိန်ကြောင့် မဖွားသစ် ရှုတ်တရက်အပူကြီးပြီး ကယောင်ကတမ်းတွေပြောလာတော့ကျုန်တော်စိုးရိမ်လိုက်တာ၊ မတော်တဆများ မဖွားသစ် တစုံတခုဖြစ်သွား ခဲ့ယင် ကျွန်တော်တို့ သားအဖ နှစ်ယောက်ထဲဘယ်လို မြန်မာပြည်ကို ပြန်ရပါ့မလဲဆိုတာ တွေးပြီး စိတ်မကောင်းဖြစ်လိုက်ရတာ...." ဟု ရင်ထဲမှာ ခံစားခဲ့ရသည့်အတိုင်း အမှန်ကိုပြောပြတော့ ဘွားဘွားမှာရေမှောင်ပြီး မျက်ရည်တောင် လည်လိုက်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



သည်သို့ သည်နှယ် အဖြစ်မျိုးတွေက မကြာခဏ ကြုံခဲ့ကြရသည်။

ဘိုးဘိုး ကတော့ ဝေဒနာသည့် ချစ်ဇနီး အပေါ်မှာ တတ်နိုင်သလောက် စိတ်ရှည်လက်ရှည်နှင့် သည်းခံ ဆက်ဆံခဲ့သည်။ အမြဲတမ်း ချော့မော့ဖျောင်းဖျခဲ့သည်။ ဘွားဘွားမှာ ခေါင်းကိုက်၊ နှာစေးသည်ဆိုရုံလေးနှင့် စိုးရိမ်တကြီး ပြုစုယုယသည်။ ခင်ပွန်းသည်ကောင်းတဦး၏ ယုယကြင်နာမှုမျိုးကို ဘိုးဘိုးထံမှ ဘွားဘွား အပြည့်အဝ ရရှိခဲ့သည်။

ဆရာဝန်များက ''ဒီလိုရောဂါမျိုးမှာ ရောဂါရှင်ရဲ့ စိတ်အလိုချည်းပဲ လိုက်နေလို့ မဖြစ်ဖူး၊ ရောဂါ တိုးပြီး ပြင်းထန်လာတတ်တယ်၊ သူပြောနေတာတွေကို ဂရုမစိုက်၊ အရေးမကြီးသလို နေကြည့်ပါ။ ဒီရောဂါသည် မျိုးဟာ ကိုယ့်စိတ် ကိုယ့် လှည့်စားတတ်သလို တခြားသူတွေကိုလဲ အံ့ဩဖွယ် လှည့်စားတတ်တယ်''ဟု မှာကြား ထားသည့်ကိုပင် ဆန့်ကျင်ကာ ဇနီးသည်ကို အမြဲကာမ်း အလိုလိုက်ဆက်ဆံ ခဲ့သည်။ သည်အကြောင်း ကိုလည်း ဘွားဘွားအသိပင် ဖြစ်၏။

အငယ်အနှောင်းအဖျော်အပါးမိန်းမကိစ္စနှင့်ပတ်သက်၍တော့ ဘွားဘွားက ဘိုးဘိုးကို စိတ်ချယုံကြည်ခဲ့သည်။

တကယ်တော့ လင်ရယ်၊ မယားရယ်လို့ အိမ်ထောင်တခုပြုကြရာမှာ ဤအချက်သည် အရေးအကြီးဆုံးပဲ ဖြစ်၏။ လင်ဖြစ်သူသည် ဇနီးမျက်ကွယ်မှာ တခြားဘာပဲ ဖြစ်နေ၊



လုပ်နေ ခွင့်လွှတ်၍ရသည်။ သည်ကိစ္စမျိုး ဖြစ်လာ၊ လုပ်လာလျှင်တော့ ဘယ်ဇနီးကမှ၊ ဘယ်ပုံဘယ်နည်းမှ ခွင့်လွှတ်သည်းခံနိုင်ကြမှာမဟုတ်။ မုန့်ကိုသာ ခွဲဝေ မျှစားနိုင်သည် မဟုတ်ပါလား။

ဘိုးဘိုးလို ရုပ်ကလည်းရုပ်ကောင်း၊ ဂိုက်ဟန် ကလည်းကောင်း၊ လက်ဖျားမှဝ ငွေသီးနေသည့် ဘိလပ်ပြန် ဝတ်လုံတော်ရ တဦးအဖို့ အိမ်ထောင်ရှိမှန်း သိပါလျက် သမီးကညာအခါမရွေး ဆက်ချင်သူ လူကုံထံတွေ၊ တရုတ်သဌေးတွေ၊ အမှုသည်တွေပေါများလှသည်။ တချို့ မိန်းကလေးများကိုယ်တိုင်က ရေလာမြောင်းပေး လုပ်တတ်ကြသည်။

ဗိုလ်ကပြားမ တယောက်ဆိုလျှင် ဘိုးဘိုး၏ ရုံးခန်းသို့ အမြဲလာတတ်သည်။ ဘိုးဘိုးကို ရုံးလာပို့တော့ ထိုမိန်းမကို ဘွားဘွား တခါမြင်ဘူးလိုက်သည်။ စိတ်ထဲ ထူးထူးထွေထွေ စိုးရိမ်မှုတော့မရှိ။

''ကိုဘမှီရယ်.... ကျွန်မဆိုတာက တနေ့လုံး အိမ်ထဲမှာပဲ တကုပ်ကုပ် နေနေတာ၊ ရှင်သွားရာ လိုက်လံစောင့်ကြည့်နိုင်တာမှ မဟုတ်ပဲ၊ ရှင့်အပေါ် ကျွန်မ မယားဝတ်ငါးပါး အပြည့်ထားပြီး ကျေပွန်အောင် ပြုစုခဲ့တာပဲ၊ ဒီလို ဇနီးသည်အပေါ်မှာ ရှင်ဘယ်တော့မှ ဖောက်ပြားလိမ့်မယ် မဟုတ်ဘူးဆိုတာ ကျွန်မ ယုံကြည်ပြီးသားပဲ''ဟု အလိမ်မာလေးဖက်၍ ဘိုးဘိုးကိုတော့ ပြောဘူးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးလို လူတယောက်အဖို့ မိန်းမနှင့် အပျော်ရှာစရာ စခန်းသာတွေက များလှပေလိမ့်မည်။ သို့သော် ဘိုးဘိုးသည် ချစ်ဇနီးအပေါ် သစ္စာစောင့်သိသည်။ ဇနီးဖြစ်သူ၏ ရောဂါကိုလည်းသိသည်။ စိတ်ဓာတ်ကိုလည်း သိသည်။ ထို့ကြောင့် မယားမှတ်မှတ် သားမှတ်မှတ် ပေါင်းသင်း နေထိုင်လာခဲ့သည်။

သည်လို ကိစ္စမျိုးနှင့် ပတ်သက်၍ ဘိုးဘိုး၌ ပြဿနာ အရှုပ်မျိုး ဘယ်တော့မှ မပေါ်ပေါက်ခဲ့။ ဘွားဘွား စိတ်ငြိုငြင်စရာ တကြိမ် တခါမှ မကြုံခဲ့ဘူးသည့်တော့အမှန်ပင်။

ယခုလို ဘိုးဘိုးအသက် ၇၅–နှစ် အရွယ်ကြီး ရောက်မှ သည်လို ကိစ္စမျိုးနှင့် ပတ်သက်၍ ဘိုးဘိုးအပေါ် သင်္ကာ မကင်းစိတ် ဖြစ်ပေါ်လာရသည်မှာ ဘာ့ကြောင့်ပါလိမ့်ဟု ဘွားဘွားက အမှန်တရားကို ခေါင်းအေးအေးနှင့် ဆန်းစစ် ကြည့်မိသည်။

ဒီ လောက် နှစ် ရှည် လ များ ငါ့အပေါ်မှာ သစ္စာရှိရှိ ပေါင်းသင်းနေထိုင်လာခဲ့တဲ့သူ၊ တခါမှ ဒီကိစ္စမျိုး မပေါ်ပေါက်ဖူးခဲ့တဲ့ သူဟာ ခုလို သက်ကြီးရွယ်အို ဘဝရောက်လေမှ ဖောက်ပြားကျင့်ကြံမယ်ဆိုတာ လူကြားလို့ ယုံနိုင်စရာတဲ့လား၊ ငါကိုယ်နှိုက်ကရော ယုံနိုင်စရာလား။

သူကိုယ်တိုင်ကလဲ မစွမ်းမသန်၊ မျက်စိလဲ မမြင်တဲ့ဘဝ။

ငါဟာ ဘာ့ကြောင့် ဒီလိုအတွေးမျိုးပေါ်ပြီး၊ အတွေးနဲ့ပဲ ပြေပျောက်မသွားနိုင်ပဲ နှုတ်ကထုတ်ဖော် ပြောဆိုလိုက်



မိလေသလဲ။ မဟုတ်ရပါဘူးလို့ သူ့ခမျာ အကြိမ်ကြိမ်ငြင်းဆိုလျက်နဲ့ ငါဟာဘာ့ကြောင့် တဘက်သတ် စွပ်စွဲနေမိပါလိမ့်။ ငါ့ ယူဆချက်ဟာ ဘယ်လောက် မှန်ကန်နေလို့လဲ၊ လက်ဆုပ်လက်ကိုင် သက်သေ အထောက်အထား ပြနိုင်စရာ ဘာရှိလို့လဲ။

အေးလေကွယ်....၊ ငါဆိုတာကလဲ ဝေဒနာ အမြဲမပြတ် ခံစားနေရတဲ့ မ မာ သည့် တ ပိုင်း ဆို တော့၊ အားအားရှိ သေ မယ့် အ ကြောင်း ချည်း ကို ပဲ တွေး နေပြီး အလိုလို စိတ်အားငယ်နေတာပဲမဟုတ်လား၊ စိတ်အားငယ်နေချိန်မှာ စိတ်အားငယ်စရာတွေကိုပဲ ရှာကြံတွေးတောပြီး စိတ်ဓာတ် ကျဆင်းတတ်ခြင်းဟာလဲ သဘာဝပဲ မဟုတ်လား။

အဲဒီလို စိတ်အားငယ်နေခိုက်မှာ ကိုဘမိုကလဲ သူ့ကို ပြုစုဖို့ သူနာပြုဆရာမ ငှားမယ့်စကားပြောတော့ ငါ့စိတ်ထဲ တကယ့်ကို ပူပန် စိုးရိမ်သွားရတော့တာပေါ့ကွယ်။ ဒီလို ပူပန်စိတ် ဖြစ်ပေါ် လာ ရ တာ ဟာ လဲ သူ့အပေါ်မှာ သံယောဇဉ် ကြီးလွန်းလှလို့ပဲလေ။

သူနာပြုဆရာမနဲ့ လူမမာတို့ ငြိစွန်းဘူးတဲ့ သာဓကတွေလဲ ရှိနေတော့ ငါ့စိတ်ထဲ ခံစားလာရတဲ့အတိုင်း ဖွင့်ပြောလိုက်မိတာပါပဲ။ ဒါကို ငါ့အပြစ်လုံးလုံးလို့ ဆိုနိုင်ပါ့မလား။

အမှန်တော့ ငါသူ့ကိုဖွင့်မပြောလိုက်ယင် သိပ်တော်မယ်။ အို.... သံသယစိတ် လုံးဝမရှိနိုင်ယင် ပို့တောင်

www.burmeseclassic.com

www.burmeseclassic.com



ကောင်းဦးမယ်။ ငါ့အပေါ်မှာ ဒီလောက် အဘက်ဘက်က ကောင်းလှတဲ့ လင်သည်မျိုး ဘယ်မိန်းမ ရနိုင်မှာလဲကွယ်။ သည်လို ကျေးဇူးရှင် လင်ယောကျ်ားမျိုးကို ငါဟာ နှုတ်နဲ့ မပြောနဲ့၊ စိတ်နဲ့တောင် မပြစ်မှားသင့်၊ မပြစ်မှားထိုက်ဖူး။

ကိုဘမို့ ခမျာ အိုကြီးအိုမ မျက်မမြင် ဒုက္ခိတ ဘဝမို့ အလိုလို စိတ်အားသိမ်ငယ်ခံစားနေရတဲ့အထဲ ငါဟာ ဒီလို အဓိပ္ပာယ်မဲ့ မစွပ်စွဲ မပြောဆိုသင့်ဘူး။ သူ့ခမျာ ငါ့စကားကြောင့် ဘယ့်ကလောက် စိတ်ထိခိုက် ဝမ်းနည်းလိုက်လေမလဲ။

ပြီးတော့ ခုတလော ကိုဘမို့ဟာသိပ်ဝမ်းနည်းလွယ်တတ်လာတာပဲ။ ဟိုတုန်းကနဲ့ မတူဘူး။ ငါသတိထားမိတယ်။ သားအကြောင်း စကားစပ်ပြောမိယင်တောင် မျက်ရည်လည်လာတတ်တယ်။ ငါက သေမယ့်အကြောင်း ပြောတိုင်း ပြောတိုင်း "မပြောပါနဲ့ မဖွားသစ်ရယ်...." တဲ့၊ "ခင်ဗျား သေသွားယင် ကျွန်တော်တယောက်ထဲ ဘယ်လိုလုပ်ကျန်ရစ်ခဲ့ရပါ့မလဲ...." တဲ့။ ပြီးတော့ သူ့မျက်ရည်လည်တယ် ထင်ပါရဲ့။

မဖြစ်ဖူး၊ မဖြစ်ဖူး၊ စောစောက ကိုဘမို့ကို ငါပြောလိုက်တာ ဟုတ်ကို မဟုတ်ဘူး။ ပြောကို မပြောသင့်ဘူး။ ငါ့အပြစ်ပဲ၊ ငါ့အပြစ်ပဲ။ ဒီတော့ ငါတောင်းပန် ရလိမ့်မယ်။ ကိုဘမို့ကျေနပ်လောက်အောင် ငါတောင်းပန်ပြီးမှပဲ ငါလဲ စိတ်သက်သာရာ ရနိုင်တော့မယ်။



သည်လို တွေးတောရာက ဘိုးဘိုး အပေါ် အဘယ်မျှ သံယောဇဉ်တွယ်တာခဲ့ရပုံများကို သတိရမိပြန်၏။

ဘိုးဘိုးနှင့် ဘွားဘွားသည် တဦးအပေါ်တဦး တကယ်တမ်း ချစ်ကြိုက်စုံမက်၍ လက်ထပ်ခဲ့ကြသည့် ဇနီးမောင်နှံ ဖြစ်သည်။ သူ့မိဘကလွဲယင် သူ့အပေါ် ငါ့ထက်ချစ်မယ့် လူ ဘယ်သူမှ မရှိနိုင်ဘူးဟုလည်း ဘွားဘွား အမြဲတွေးတတ်သည်။ ရန်ခိုက်ရယ်လို့ မဖြစ်ဘူးခဲ့။

အသက်အရွယ် ကြီးလာကြပြီး သည်အိမ်ကြီးရောက်မှပဲ တခါတရံ ဘိုးဘိုးနှင့် ကတောက်ကဆဖြစ်ဘူးသည်။ သည်လို ဖြစ်ရသည်မှာလည်း ဘွားဘွား၏စိတ်ပြင်းထန်မှု၊ ဘွားဘွား၏ စိတ်မြန်မှုတွေကြောင့် ဖြစ်ရတတ်သည်။

ဘိုးဘိုးက ပျော်ပျော် နေတတ်သူပီပီ ဟာသဉာဏ်ရွှင်သည်။ နောက်တတ် ပြောင်တတ်သည်။ ဝတ်လုံတော်ရကြီး ပီပီ စကားပြောလျှင် အဓိပ္ပာယ် နှစ်မျိုးနှစ်ခွ သက်ရောက်စေသော စကားမျိုး၊ တဆင့် တွေးယူရသော စကားမျိုး ပြောတတ်သည်။ ပြောပြီးလျှင်လည်း ပြီးပြီ၊ မေ့ပျောက် သွားသည်။

ဘွားဘွားက ဒါမျိုးကို မကြိုက်။ ဘယ်စကား မဆို အလေးအနက်ထားသည်။ အရေးတယူ ရေးကြီးခွင့်ကျယ် လုပ်တတ်သည်။ အနောက်အပြောင်ရယ်လို့ ဘိုးဘိုးပြောခဲ့သည့် စကားတလုံးကို အိပ်ရာပေါ် ပြန်ရောက်ပြီးနာရီပေါင်း ကြာရှည်စွာ တွေးနေကာ အဓိပ္ပာယ်အမျိုးမျိုး ကောက်ယူ

www.burmeseclassic.com

www.burmeseclassic.com



တတ်ကျင့်ရှိသည်။ ပြီးတော့ စိတ်ထိခိုက် သွားတတ်သည်။ စိတ်ထဲမှာ အမြဲတမ်း တေးမှတ် ထားတတ်သည်။ အမှတ်သည်းခြေ ကြီးလှသည်။

ထို့ကြောင့် တခါတဲရံ ဘာမဟုတ်သည့် ကိစ္စလေးတရပ်ကို အကြောင်းခံကာ ဘိုးဘိုးနှင့် ဘွားဘွား အချေအတင် စကားများ ပြောကြရသည်။

ထိုခဏမှာတော့ ဘွားဘွားသည် ဤလောကီ လူ့ဘောင်ဆိုတာကြီးကို အမှန်တကယ်ငြီးငွေ့စိတ်ပျက်သွားတတ်သည်။ အိမ်မှာနေလိုစိတ်မရှိ။ ကန်တော်လေး လူအိုရုံကိုပဲသွားပြီး အေးအေး ဆေးဆေး တယောက်ထဲ နေရမှာလား....၊ ဒေါ်ဥာဏစာရီ၏ကျောင်းတိုက်သို့သွားကာ ဖြူလျှော်စပြူနေပြီဖြစ်သည့် ဆံပင်အလုံးကိုပယ်ဖြတ်ကာ သီလရှင်ဝတ်ရကောင်းမလား ဝေခွဲမရနိုင်။

ဘာပဲဖြစ်ဖြစ် ထိုအခိုက်အတန့် ကာလမှာတော့ ကာမဂုဏ် အထုံအခိုး၊ သံယောဇဉ် အဖွဲ့အနှောင် အတိဖြိုးနေသော လောကီဆန်လှသည့် ဤတိုက်အိမ်ကြီးထဲမှာ နေလိုစိတ် မရှိလေရကား၊ အိမ်နှင့်လည်း သိပ် အလှမ်း မဝေးလှသော ဒေါ်ဉာဏစာရီ၏ သီလရှင် ကျောင်းတိုက်သို့ ဒရိုင်ဘာ မောင်စံသူကို လိုက်ပို့ခိုင်းရသည်။

ဦးလှိုင်ဘွားနှင့် ဘိုးဘိုးမှာ အလွန်ရင်းနှီးခင်မင်ကြသည့် လုပ်ဖော်ကိုင်ဘက် အပေါင်းအသင်း မိတ်ဆွေ ဖြစ်ရကား



ဦးလှိုင်ဘွား၏ ညီမဖြစ်သူ ဒေါ်ဉာဏစာရီ၏ ကျောင်းတိုက်ကိုပဲ အများဆုံး လှူဖြစ်ကြသည်။

ဘွားဘွားက ဒေါ်ဥာဏစာရီကို ဗြဟ္မစာရီ သူတော်သူမြတ် အဖြစ် ကြည်ညို လေးစားသလို ဒေါ်ဥာဏစာရီကလည်း အိမ်ထောင်ရှင်မ ပီသသော၊ သူတပါးအပေါ် သဒ္ဓါတရား အကြင်နာ စိတ်ထား ရှိသည့် ဘွားဘွားကို ခင်မင်စိတ် ရှိသည်။ ကျောင်းတိုက်သို့ ဘွားဘွား ရောက်လာလျှင် “စတ်လုံကတော်ကြီး....ဝတ်လုံကတော်ကြီး”နှင့် အရေးတယူ လေးလေးစားစား ရှိသည်။

သို့လျှင် ကျောင်းတိုက်သို့ ရောက်ပြီး ဒေါ်ဥာဏစာရီ၏ လေးနက်တည်ငြိမ်သော မျက်နှာထား အသရေကို မြင်ရတော့ ခါတိုင်းထက် ပိုပြီး ကြည်ညိုစိတ် တဖွားဖွား ပေါ်သည်။ ဆရာကြီးလိုပဲ သီလရှင်ဝတ်နှင့် တရား မွေ့လျော် ပျော်ပိုက်ချင်စိတ် ပြင်းပြသည်။

ဒေါ်ဥာဏစာရီက ကုလားထိုင်မှာ ထိုင်ခိုင်းတော့ ချက်ချင်း ဘွားဘွား မထိုင်ဖြစ်သေး။

ဒေါ်ဥာဏစာရီနှင့် မိမိမှာ တပြေးညီ အဆင့်တူ နေရာမျိုးမှာ ထိုင်ရန် မသင့်တော်ဟု တွေး၏။ ဒေါ်ဥာဏစာရီမှာ မြင့်မြတ် စင်ကြယ်သလောက် မိမိမှာတော့ လောကီ အညစ်အကြေးနှင့် ယုတ်ညံ့ ညစ်နွမ်းသည်ဟု ထင်မြင်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



ထိုင်မိပြန်တော့လည်း ''လင်ရယ်....သားရယ် ဆိုတဲ့ အတွယ်အတာအနှောင်အဖွဲ့ကြီးနဲ့ နေနေရတဲ့ဘဝကို ကျွန်မ သိပ်ပြီးစိတ်ပျက် ငြီးငွေ့လာမိပြီ။ ဆရာကြီးလိုပဲ ကျွန်မလဲ သီလရှင်ဝတ်ပြီး ဒီကျောင်းတိုက်မှာ အရိုးထုပ်သွားချင် တော့တယ်''ဟု စိတ်ထဲက တဒင်္ဂ ဖြစ်ပေါ်လာသည့်ဆန္ဒကို အလျှင်စလို ပြောချလိုက်ရသည်။

ပြီးတော့ အလိုလို ဝမ်းနည်းစိတ်ကြွကာ မျက်ရည် ဝဲလာသည်။

သည်တော့ ဆရာကြီးက ဘွားဘွား၏ အရိပ်အကဲကို ခဏ စစ်ဆေးကြည့်ရှု၏။ အိမ်သား တစုတယောက်နှင့် အဆင်မပြေ ဖြစ်ခဲ့ပြီဆိုတာ ရိပ်စားမိလေတော့ ခေါင်း တဆတ်ဆတ် ညိတ်၏။

ခဏနေပြီးမှ ဆရာကြီးက ဘွားဘွား၏ နားသယ်စပ်သို့ ယိုဆင်း ဖွာကျနေသည့် ဆံနွယ် ဆံမျှင်စလေးများကို ပင့်တင် သပ်ယပ်ပေးယင်း ဖြည်းညှင်း ညင်သာစွာ တရားပြ ဆိုဆုံးမ၏။

''သံယောဇဉ် ဆိုတာမျိုးဟာ သစ်ပင် စိုက်ပျိုးသလို ပါပဲ။ ပျိုးထောင်စ သစ်ပင် ငယ်ကို တနေရာက တနေရာ ပြောင်းရွှေ့စိုက်ဖို့ လွယ်ကူပေမယ့် နေရက်ကြာရှည်လာလို့ ပင်စည် ကြီးထွား ရင့်သန်ချိန်၊ အမြစ် အညှောက် ကောင်းစွာ တွယ်ကပ်မိချိန်မှာ ဆိုယင်တော့ ပြောင်းရွှေ့ဖို့ ဆိုတာ မလွယ်ကူတော့ဘူးလေ။



''ဆရာကြီးတို့လို ဃရာဝါသ သမ္ဘဝ ဆိုတဲ့ အဖွဲ့ အနှောင်တွေ ကင်းခဲ့တဲ့ ငယ်စဉ်ဘဝ ကတည်းက သီလရှင် ဝတ်ခဲ့ယင် ဖြစ်နိုင်ချေသေးရဲ့။ ခုလို အဖွဲ့အနှောင်တွေ တင်းသထက်တင်း၊ ကျပ်သထက် ကျပ်လာတဲ့အချိန်ရောက်မှ တော့ ဘယ်လိုမှ မသင့်တော့ဘူး။ ဆံပင် ဆုံးတာပဲ အဖတ် တင်မယ်''

ထို့ကြောင့် စိတ်ပြေပျောက်ကာ ကိုယ့်အိမ်ပဲ ကိုယ် ပြန်ရောက်ရသည်။

အိမ်ခြံဝင်းထဲ ကား ဝင်လိုက်သည် ဆိုလျှင်ပဲ ဆင်ဝင် အောက်မှာ လက်ကို နောက်ပစ်ပြီး ခေါက်တုံ့ ခေါက်ပြန် လျှောက်နေသော၊ မိမိ အလာကို စောင့်မျှော်နေဟန် တူသော လင်သည်နှင့် တိုးရသည်။

ဘိုးဘိုးက ယဉ်ကျေးစွာ ကိုယ်ကို ကိုင်းညွတ်လျက် ကားတံခါးကို ဖွင့်ပေးပြီး ''ဘယ်သွားမယ်ဆိုတာ မပြော မဆိုခဲ့ပဲနဲ့ ထွက်သွားလိုက်တာ မဖွားသစ်ရယ်.... ကျွန်တော် စိတ်မချ ဖြစ်နေမယ် ဆိုတာ မတွေးမိဘူးလား.... ဟင်။ အတော်တောင် ဗိုက်ဆာနေပြီ။ တယောက်ထဲ မစားချင် တာနဲ့ မဖွားသစ် ပြန်အလာကို ကျွန်တော် စောင့်နေတာ ကြာပြီ....''ဟု ပြောသည်။

'ငါ့ကို ပြန်ပြီးချော့တာလား၊ သူ တခုခုတော့ စားပြီးပြီ ထင်ပါရဲ့၊ (ငါလဲ ကျောင်းက နို့နှင်းမကင်း သုံး[illegible]တောင် စားလာခဲ့တယ်)'ဟု သံသယစိတ် ပွားချင်သေးကာ ဘိုးဘိုး

www.burmeseclassic.com

www.burmeseclassic.com



ကို စကားပင် ပြန်မပြောဖြစ်ပဲ မီးဖိုချောင်ခန်းထဲကို တန်းဝင်သွားသည်။

အိမ်က ကောင်မလေးတွေကို မေးမြန်း စုံစမ်းကြည့်ရသည်။ အမှန်ပဲ ဘိုးဘိုး ဘာတခုမှ မစား မသောက်ရသေးကြောင်း၊ ဘွားဘွား ပြန်ရောက်လာပြီလားဆိုတာ သူ့ စာကြည့်ခန်းထဲက မကြာခဏ မေးနေကြောင်း ပြောပြကြတော့ စိတ်မကောင်း ဖြစ်သွားရသည်။

ချက်ချင်း ထမင်းပွဲ ပြင်စေသည်။ ကောင်မလေးတွေ လုပ်ကိုင်နေတာ နှေးကွေးလှသည် ထင်၍ ကိုယ်တိုင်ဝင်ရောက်ကူညီ ခူးခပ်ရသည်။

ထမင်းစားပွဲမှာ ထိုင်ကြချိန်မှာတော့ ခါတိုင်းထက်ထူးကဲစွာ ဘိုးဘိုး၏ ပန်းကန်ထဲသို့ ဟင်းလျာတွေကို ထည့်ပေးမိသည်။

ဘိုးဘိုးက ထမင်းစားနေယင်း ဘွားဘွားကို မျက်ခွံလှန်ကာကြည့်တော့ ဘွားဘွားရင်ထဲ တမျိုး ဖြစ်သွားသည်။ ရှက်ရွံ့စိတ်ကလေး ဖြစ်ရသော်လည်း ကျေနပ်မှုတမျိုး ရရှိသည်။

ဘိုးဘိုးနှင့် မျက်လုံးချင်း မဆိုင်ရဲတော့သလို မျက်လွှာချကာ ကိုယ့်ပန်းကန်ထဲက ထမင်းဖြူဖြူဖွေးဖွေးများကို အမှတ်မထင် ငေးစိုက်ကြည့်ယင်း မသိမသာ သက်ပြင်းမျှင်းမျှင်းလေးကို ခိုးထုတ်လိုက်ရသည်။



'သံယောဇဉ်ဆိုတာ ဒါပဲဖြစ်လိမ့်မယ်။ ဒီသံယောဇဉ်ကိုဖြတ်နိုင်ဘို့ ဆိုတာ ဆရာကြီးမိန့်ဆိုလိုက်သလို တကယ်တော့မလွယ်ဘူး....မလွယ်ဘူး....'။

သို့လျှင် ဘိုးဘိုးနှင့် ဘွားဘွားသည် နှစ်ပေါင်း ၅၅-နှစ်ကျော်မျှ အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံလာခဲ့ကြရာတွင် မပြောပလောက်သော ကတောက်ကဆစကားအချေအတင် ပြောကြရသည်ကလွဲပြီး တဦးသဘောတဦး လိုက်လျောကာ ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာနေထိုင်လာခဲ့ကြသည်။

ဒုက္ခသုက္ခ ဟူသမျှကို သစ္စာရှိရှိ ဝေမျှခံစားလာခဲ့ကြသည်။ အသာစံစရာရှိလျှင်လည်း အတူတူ၊ အနာခံစရာရှိလျှင်လည်း အတူတူ၊ ထို့ကြောင့် ချစ်ရည်တူသည့် ဇနီးမောင်နှံအဖြစ် လူအပေါင်း၏ ချီးကျူးခြင်းကို ခံခဲ့ကြရဘူးသည် မဟုတ်လား။

သည်လို နှစ်ရှည်လများ စိတ်တူကိုယ်တူ ပေါင်းသင်းနေထိုင်လာခဲ့သော 'အနှစ်မောင်နှံ' သည် သည်အချိန်သည်အရွယ်ကြီး ရောက်မှ ဘာမဟုတ်သော၊ ခိုင်ခိုင်လုံလုံခြေခြေမြစ်မြစ် မရှိသည့် သံသယလေးတွေ ကိုယ်စီနှင့်စိတ်ဝမ်းကွဲပြားသွားရမှာ၊ တဦးအပေါ် တဦး ယုံကြည်စိတ် ကင်းဝေးသွားရမှာ၊ မေတ္တာစိတ် ပျောက်ပျက်သွားရမှာကတော့နှမြောစရာ၊ တနည်းအားဖြင့် အသည်းနာစရာကောင်းလှသည်ဟု ဘွားဘွား စိတ်ထား တည်ငြိမ်စွာတွေးတောမိသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘွားဘွားသည် စောစောပိုင်းက ပူပန် စိုးရိမ်စိတ်တမျိုး ဝင်နေရာက ထိုစိတ်ပျောက်သွားပြီး ခဏ အတွင်းမှာပင် နောက်ထပ် ပူပန်စိတ်တမျိုး ဝင်လာပြန်၏။

သို့သော် ယခုတကြိမ် ဖြစ်ပေါ် ခံစားရသည့်ပူပန်စိတ်ကတော့ တော်ဘည့်မှန်ကန်သော၊ ဖြစ်သင့်ဖြစ်ထိုက်သော ပူပန်စိတ်ဟုပင် ခေါ်ဆိုရတော့မည်။

ဝမ်းနည်းစရာ ရှိလျှင်လည်း သူများထက်ပို၍ ဝမ်းနည်းတတ်သူ၊ စိတ်ထိခိုက်စရာ ကြုံလာလျှင်လည်း သူများတကာထက် ပို၍ စိတ်ထိခိုက်တတ်သူ ဘွားဘွားအဖို့ တောင်းပန်စရာ ရှိလာတော့လည်း ဆောလျှင်မြန်ဆန်စွာ တောင်းပန်လိုက်ရမှပဲ နေသာထိုင်သာ ရှိလေတော့မည်။ ဘွားဘွားကသည်လိုပဲ စိတ်မြန်လက်မြန် ပြောတတ် လုပ်တတ်သူလေ။

လက်ဦးကတော့ ကော်ဖီစားပွဲ ရောက်ကြ တော့မှ ပဲ ဘိုးဘိုးကို အကျိုးအကြောင်း ရှင်းလင်းပြောပြ တောင်းပန်တော့မည်ဟု စိတ်ကူးမိသေးသည်။ သို့သော် ထိုအချိန်တွင် ဘူလုံးက ဘိုးဘိုး ဘွားဘွားတို့အနားမှာ ရှိနေမည်။ အလုံကတူမတို့ ဇနီးမောင်နှံကလည်း မနေ့က ဘိုးဘိုးမှာလိုက်သော ဖီးကြမ်းငှက်ပျောသီးမှည့်မှည့် လာပို့ကြဦးမည်။

သူတို့ရှေ့မှာ သည်စကားမျိုး ဘွားဘွားပြော၍မဖြစ်။ သည် စ ကား မျိုး ကို သူတို့ကတဆင့် သား ဖြစ် သူ နား ပေါက်သွားမှာ ဘွားဘွား အထူးစိုးရိမ်မိသည်။ နဂိုကမှ သားဖြစ်သူမှာ မိဘနှစ်ပါးအပေါ် စိတ်မချနိုင်ပဲရှိနေခဲ့ရာ



သည်လိုအဖြစ်မျိုးကို ကြားသိရလျှင် စိတ် မ ချမ်း မ သာ ဖြစ်ရမည်။ နှစ်ပူပေါ်မှာ သုံးပူလောက် ဆင့်သွားပေမည်။

ပြီးတော့ဘွားဘွား၏ ဝသီအတိုင်း စိတ်ထဲဖြစ်ပေါ်လာသည့် အလိုဆန္ဒကို ချက်ချင်းလက်ငင်း ပြုလုပ်လိုက်ရမှ ကျေနပ်သူမို့ ယခု ချက်ချင်း ဘိုးဘိုး ၏ အခန်းသို့ သွားရောက် တောင်းပန်လိုက်တော့မည်ဟု ဆုံးဖြတ်ချက် ချလိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

၅။

ဆံးဖြတ်ချက်ချလိုက်ပြီးသည်နှင့် တပြိုင်နက် ဘွားဘွားက အိပ်ရာထက်မှ ညင်သာစွာ ထထိုင်လိုက်သည်။

ပြေလျော့နေသော ဆံထုံးကိုပြန်၍ ရစ်ခွေထုံးပတ်လိုက်ကာ ထဘီကိုပြင်၍ ဝတ်သည်။ ထို့နောက် ခုတင်တိုင်ကို အားပြုရပ်လိုက်ပြီးမှ စိတ်ကူး တ မျိုး ရ သ လို ‘နောက်မှ ပြောလဲ ရသားပဲ’ ဟု တွေးမိပြန်၏။

သို့သော် ခုပြောလိုက်ရမှပဲ ဖြစ်မည်။ သည်စကား ဘွားဘွား မပြောဖြစ်သမျှစိတ်အနှောက်အယှက် တမျိုးရ နေမည်။ နေလို့ထိုင်လို့ ဖြစ်မည်မဟုတ်။



ထို့ကြောင့် အိပ်ခန်းထဲမှ ထွက်လာကာ ဧည့်ခန်းကို ဖြတ်ပြီး ဘိုးဘိုး၏ အိပ်ခန်းဘက်သို့ ဖြည်းညှင်းစွာ ခပ်ယိုင်ယိုင် ယဲ့ယဲ့ လျှောက်သွားလေသည်။

ခါတိုင်းဆိုလျှင် ဘုလုံးဖြစ်စေ၊ ခင်မြင့်ဖြစ်စေ၊ အကူအညီအဖြစ် တဦးဦးတွဲခေါ်မှသာ လျှောက်ကျင့်ရှိနေသော ဘွားဘွားသည် ယ ခု အ ခါ မှာ တော့ ဘယ်သူ့ကိုမှ အားမကိုး၊ ဘယ်သူ့ကိုမှ အမှီမပြု၊ ဘယ်သူ့ကိုမှ အလိုမရှိတော့ပဲ တယောက်ထီးတည်း လျှောက်သွားတော့သည်။

ဧည့်ခန်း ဆုံးပြီး ဘိုးဘိုး၏ အိပ်ခန်းဝ ရောက်တော့ ဘွားဘွား ခဏ ရပ်နားလိုက်၏။

လျှောက်လာရသဖြင့် မောပန်းသောကြောင့် ရပ် နား လိုက်ရခြင်းမဟုတ်။ စိတ်ထဲမှာ တမျိုးဆန်းသစ်ခံစားရကာ ရင်ထဲက အနည်းငယ် ဖိုလှိုက်တုန်လှုပ်ခြင်းကြောင့်ဖြစ်သည်။

လူပျိုဆောင်ပမာ တယောက်ထီးတည်း သီးခြားအိပ်သော ဘိုးဘိုး၏ အိပ်ခန်းထဲသို့ ဘွားဘွား တယောက် မရောက် ဖြစ်တော့သည်မှာ နှစ်ကာလ အတန်ကြာမြင့်ခဲ့ပြီ။ ဘိုးဘိုးနှင့်ဘွားဘွား အခန်းခွဲအိပ်ကြကတည်းကပဲ ဆိုပါစို့။

ဘိုးဘိုးကသာ ဘွားဘွား၏အိပ်ခန်းသို့ အမြဲလာရောက်စကားပြောတတ်သည်။ ဘွားဘွားက စကားပြောစရာ တိုင်ပင်စရာရှိလျှင်လည်းကောင်မလေးတယောက်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုးအား ခေါ်ခိုင်းပြီး ဘွားဘွားအခန်းမှာပင် ပြောဖြစ်ကြသည်။

ဘွားဘွားက ခုန်လှုပ်နေသောရင်ကို လက်နှင့် မသိမသာ ဖိအုပ်ကာ ချိန်ဆနေပြန်သည်။ ပြီးတော့မှ ခန်းဆီးကို အသာဖယ်ရှားပြီး အခန်းတွင်းသို့ မဝံ့မရဲကြည့်လိုက်မိသည်။

ဘိုးဘိုးက အခန်း တံခါးပေါက်ဝကို ကျောခိုင်း ကာ ခုတင်ထက်မှာ တစောင်းလဲလျောင်းနေသည်သို့ တွေ့ရသည်။

အိပ်ပျော်နေသည်တော့ ဟုတ်ဟန်မတူ။

တခန်းလုံးမှာ တိတ်ဆိတ် ငြိမ်သက်နေသည်။ ခါတိုင်း ကြားနေကျ ဖြစ်သော ဘိုးဘိုး၏ ရေဒီယိုသံများကိုလည်း မကြားရ။ နံနက်တိုင်းကြားနေကျ ကားဂိတ် လက်ဖက်ရည်ဆိုင်မှ သီချင်းသံ ဆူညံသံများကိုလည်း ယနေ့ တနင်္ဂနွေနေ့မို့ ဆိုင်ပိတ်ထားသောကြောင့် မကြားရ။

"အခန်းထဲကို ကျွန်မ ဝင်ခဲ့ရမလား....ကိုဘမို"

ဘွားဘွားက အနည်းငယ် တုန်ယင်နေသော အသံကို ထိန်း၍ ခပ်တိုးတိုး ပြောလိုက်သည်။

ဘိုးဘိုးက နဂို အနေအထားအတိုင်း မပြောင်းမရွေ့ပဲ

"ကျွန်တော့်ကို ရန် တွေ့ အုံးမလို့ အခန်းထဲအထိ လိုက်လာသလား မဖွားသစ်ရယ်...." ဟု စကား ပြန်ပြောသည်။

ဘွားဘွားရင်ထဲမှာ တကယ့်ကို ဆို့နစ်ခံစားသွားရသည်။



"ကျွန်မ.... ကျွန်မ.... ကိုဘမိုကို တောင်းပန်ရအောင် လာတာပါ...."

ဘိုးဘိုးက လဲလျောင်းနေရာမှ ဖြည်းညှင်းစွာ ထကာ ခုတင်စောင်းတွင်ထိုင်လိုက်ပြီး "ခင်ဗျား သဘောအတိုင်းပဲ လေ...."ဟု အားပျော့လှသည့် လေသံနှင့် ပြောလိုက်သည်။

အမြဲတမ်းမိမိသဘောအတိုင်းလိုက်လျောခဲ့သည့်ချစ်လင်။ ယခုလို အချိန်မျိုးမှာတောင် မိမိ သဘောအတိုင်းပဲဟု လိုက်လျော ခွင့်ပြုနိုင်သေးသည်။

ဘွားဘွားသည် စိတ်ထိခိုက်လှစွာနှင့်ပင် ဘိုးဘိုး၏အိပ်ခန်းတွင်းသို့ ခပ်ဖြည်းဖြည်းဝင်ရောက်လာကာ ခုတင်စောင်းတွင် ဘိုးဘိုးနှင့်အတူ ယှဉ်၍ ထိုင်ချလိုက်သည်။

ဘိုးဘိုးက ခါးပတ်တွင် အမြဲချိတ်ဆွဲထားသည့်လက်ကိုင်ပဝါဖြူဖြူကို ဖြုတ်ယူလိုက်ပြီး မျက်လုံး အိမ်တွင်းမှ မျက်ရည်စများကိုသုတ်သည်။

ဘွားဘွားက ရှုတ်တရက် ဘိုးဘိုးကိုမကြည့်ရဲ။ ဘိုးဘိုးက မိမိကို မမြင်နိုင်ဘူးဆိုတာ သိနေလျက်ကနှင့် ဘိုးဘိုးကို ပြန်ပြီး စေ့စေ့ မကြည့်ရဲ။ ငယ်စဉ် အပျိုဘော်ဝင်စက ယောကျ်ား သူစိမ်းတရံဆံများကို မကြည့်ရဲသည့် ရှက်ရွံ့စိတ်မျိုးနှင့် ခပ်ဆင်ဆင် တူလေသလားလည်းမသိ။

ဘိုးဘိုးက မျက်ရည်စများကို လက်ကိုင်ပဝါနှင့် တို့နေယင်း သက်ပြင်းတချက်ချသည်။ ဘွားဘွားမတွေးထင်ခဲ့

www.burmeseclassic.com



သည့်အတိုင်းပင်၊ ဘွားဘွား၏ တဘက်သတ် စွပ်စွဲသော စကားများကြောင့် ဘိုးဘိုးစိတ်ထိခိုက် ဝမ်းနည်း ကာ မျက်ရည်ကျခြင်းဖြစ်မည်။

စိတ်နှလုံး မချမ်းမြေ့ခြင်း ကြီးစွာနှင့် ဘိုးဘိုး၏ လက်မှ လက်ကိုင်ပဝါကို ဘွားဘွားက လှမ်းယူလိုက်ပြီး ဘိုးဘိုး၏ မျက်လုံးအိမ်မှ မျက်ရည်စများကို တယုတယ သုတ်ပေးမိသည်။

"ကျွန်မ ပြောလိုက်တာ လွန်သွားသလား ကိုဘမှီရယ်၊ တကယ်တော့ ကျွန်မ ဒီလိုပြောမယ်လို့ ရည်ရွယ်မထားခဲ့ပါဘူး။ ရှင်သိတဲ့အတိုင်း ကျွန်မစိတ်က အမြဲတမ်း စိတ်အားငယ် နေတတ်တော့ စကား တိုက် ဆိုင် လာချိန်မှာ စိတ်ထဲ ဖြစ်ပေါ်လာတဲ့အတိုင်း ပြောမိပြောရာ ပြောလိုက်ရာက ခုလိုအခြေ ရောက်သွားရတာပါ ပဲရှင်။ ကျွန်မ မှားပါတယ်၊ ကျွန်မကိုယ်တိုင်လဲ စိတ်လိုက်မာန်ပါပြောလိုက်ပြီးမှ နောင်တ ရမိပါတယ်။ သိပ်လဲစိတ်မကောင်း ဖြစ်နေရတော့တယ်"

ဘိုးဘိုးကတော့ သက်ပြင်းတရှိုက်သာ ချလိုက်သည်။ ဘာတခွန်းမှ ပြန်မပြောဖြစ်။

"ရှင် ပြောလိုက်တဲ့ စကားကြားရလို့လဲ ကျွန်မ သိပ်ဝမ်းနည်းမိတယ် ကိုဘမှီ။ ကျွန်မဟာ ရှင်သိတဲ့အတိုင်း ဘယ်ဘဝမျိုးပဲ ရောက်ရောက်၊ ရှင်နဲ့အတူ ဒုက္ခသုက္ခကို



စေခံမယ့်သူပါ။ အနာမခံပဲ အသာသာ စံမယ့် ဇနီးမျိုးမဟုတ်ဖူး။ ရှင် မြူနီစီပယ်လူကြီးအဖြစ် ရန်ကုန် အနောက်ပိုင်းက ဝင်အရွေးခံတုန်းက ကျွန်မလဲ တတ် နိုင် တဲ့ ဘက် က ဘယ်လောက်ကြိုးစားကူညီခဲ့တယ်၊ ရှင်ညည ကလပ်က ပြန်လာချိန် အမူးလွန်လာယင် ရှင့်ကို ဘယ့်လောက်ပြုစုခဲ့တယ်၊ ညဥ့်နက်သန်းခေါင်ကြီးမှ ထမင်းစားချင်တယ်လို့ မူးမူးနဲ့ပြောတော့ ချက်ချင်း ထ မင်း ချက် ကျွေး ပြီး ဘယ် လောက် ရှင့် အ လို ကျ ဖြစ်စေခဲ့တယ် ဆိုတာတွေ ရှင် ကောင်းကောင်း မှတ်မိနေပါလိမ့်အုံးမယ်....

"ပစ္စည်းဥစ္စာ မရှာနိုင်တော့တဲ့ ဘဝရောက်မှ လင်သည်ကို ပစ်ထားတဲ့ မိန်းမစားမျိုး မဟုတ်ပါဘူး။ တကယ်တော့ ကျွန်မတို့ခုလို စည်းစိမ်ချမ်းသာနဲ့ အမြဲတမ်းနေထိုင်လာခဲ့နိုင်တာ ရှင် ကျန်း မာ သန် စွမ်း တုန်း က ရှာဖွေခဲ့လို့ပဲ၊ ရှင့်ကျေးဇူးကြောင့်ပဲဆိုတာ ကျွန်မ သိပါတယ်။ ဘုရားရှိခိုးတိုင်းလဲ ကျေးဇူးရှင် လင်သည်ကို ကျွန်မ စိတ်ထဲက အမြဲပဲ ရှိခိုးကန်တော့တယ်....

"ရှင်ထင်နေသလို ရှင်ဟာ ခုလို ဒုက္ခိတ ဘဝရောက်နေလို့ အိမ်ကလူတွေက ပစ်ပယ်ထားကြတယ်ဆိုတာလဲ လုံးဝ မဟုတ်ဖူး ကိုဘမှီ။ ကျွန်မဆိုယင် ရှင်သိတဲ့အတိုင်း ခုလို အသက်အရွယ်ကြီးမှာ ငယ်ငယ်တုန်းကလို ရှင့်ကို မြှူဆွယ် လက်နယ် ကိုယ်တိုင်ကိုယ်ကျ အနားမှာကပ်ပြီး မပြုစုနိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့ပေမယ့် ရှင့်အတွက်ဆိုလျှင် အိမ်ဖော်ကောင်မလေးတွေကို အစစအရာရာ ကျွန်မကပဲ ကြည့်ရှု စီမံပေးနေတာပဲ မဟုတ်လား။ ရှင့် အ ရိပ် အ ကဲ ကို ပဲ ကျွန်မကြည့်နေပြီး ရှင်အစားအစာ မစားချင်ဘူး၊ ခံတွင်း မတွေ့ဘူးဆိုယင် ရှင်ကြိုက်တဲ့ အစားအစာ တမျိုးမျိုး ပြောင်းလဲ စီစဉ်ပေးနေ့တာပဲ မဟုတ်လား။

"ကောင်မလေးတွေ ဆိုယင်လဲ လူခေါ်ခေါင်းလောင်း ရှင်လှုပ်လိုက်တာနဲ့ ကြားတဲ့နေရာက ပျာပျာသလဲ ပြေးလာကြတာပဲ မဟုတ်လား။ ရှင့်ကို ဘယ်သူကမှ ပြစ်မထားကြပါဘူး။ ရှင်က မျက်စိလဲမမြင်၊ ခြေကလဲ မသန်တာမို့ ကျွန်မထက်တောင် ရှင့်ကိုသူတို့ ပိုပြီး ဂရုတစိုက်ရှိကြတာပဲ

"ရှင်ကိုယ်နှိုက်ကလဲ ကိုယ့်အဖြစ်ကိုယ် တွေးတွေးပြီး စိတ်အားငယ်နေပုံရတယ်။ ကျွန်မ သတိထားမိတယ် ကိုဘမို့၊ သား နိုင်ငံခြားကိုသွားပြီးကထဲက ရှင့်စိတ်ဟာပိုပြီးအားငယ်သွားပုံရတယ်"

သည်တခါမှာတော့ ဖျောင်းဖျ စကား ဆိုရသူမှာ ဘွားဘွားသာ ဖြစ်တော့သည်။

ဘိုးဘိုးကတော့ ဘွားဘွား၏စကားများကိုသာ မလှုပ်မယှက် ငြိမ်သက်စွာနားထောင်နေသည်။

"ဒီတော့ ရှင်ဘာမှ ဝမ်းနည်းအားငယ်နေစရာမလိုဘူး၊ ကျွန်မ ပြောလိုက်တဲ့ စကားကိုလဲ အတည်ယူပြီး စိတ်ထိ



ခိုက် နေစရာမလိုဘူး ကိုဘမို့ရယ်။ ကျွန်မရောဂါလဲ ရှင်သိသားပဲ။ အမြဲတမ်း ရှင်ကပဲ အလိုလိုက် သည်းညည်းခံနေခဲ့တာပဲ မဟုတ်လား"

သည်တော့မှ ဘိုးဘိုးက အနည်းငယ် လှုပ်ရှားလာကာ စကားပြောရတော့သည်။

"ဟုတ်တယ် မဖွားသစ်။ ကျွန်တော်ဟာ ခင်ဗျားအပေါ်မှာ ဘယ်ကလောက် အလိုလိုက်ခဲ့တဲ့ လင်သည်ယောကျ်ားဆိုတာ ခင်ဗျားအသိဆုံးပဲ။ တတ်နိုင်သလောက် လင့်ဝတ္တရားမပျက်ပြားအောင် စောင့်ထိန်း နေထိုင်လာခဲ့တယ်....

"ဟိုတုန်းအချိန်က ဒီစကားမျိုး ကြားခဲ့ ယင်တောင် ကျွန်တော် ဒီလောက် စိတ်ထိခိုက်လိမ့်မယ် မဟုတ်ဘူး။ ခုလို အသက်အရွယ်၊ ခုလိုဘဝမျိုးရောက်မှ ဒီစကားမျိုး အပြောခံလိုက်ရတော့ ကျွန်တော် တကယ့်ကိုပဲ ဝမ်းနည်းမိတယ်။ စိတ်ထဲ သိပ်ကိုထိခိုက်သွားရတာပဲ....

"အေးလေ.... ခင်ဗျားပြောသလို ကျွန်တော်ကိုယ်တိုင်ကလဲ အသက်ကြီးလာတော့ စိတ်နုလာတယ်၊ အားငယ်စိတ်ပဲ အမြဲဝင်နေတော့တယ် ထင်ပါရဲ့...."

"ကျွန်မလဲ ကျွန်မကိုယ် ကျွန်မ သိပါတယ်။ နောက်နောင်ဆိုယင် တတ်နိုင်သလောက် စိတ်ကိုထိန်းပြီး ကျွန်မဆင်ဆင်ခြင်ခြင် စကားပြောတော့မယ်။ ရှင်ကလဲ စကားပြောယင်ဝတ်လုံပီပီ စကားတခွန်းကိုဘယ်တော့မှသည့်ထည့်

www.burmeseclassic.com



ဖြောင့်ဖြောင့် မပြောချင်ဘူး။ ဟိုကွေ့ ဒီဝိုက်နဲ့၊ ကျွန်မစိတ်၊ ကျွန်မရောဂါ၊ ကျွန်မအခြေအနေကိုလဲ ရှင်သိသွားနဲ့.

"ဘာပဲဖြစ်ဖြစ်လေ....နောက်နောင်မှာ ကျွန်မတို့ ခုလို စိတ်သဘော ကွဲလွဲစရာ၊ ပြဿနာပေါ်စရာ မလိုအောင် နေထိုင်သွားကြရအောင်။ ရှင်နဲ့ ကျွန်မဟာ နှစ်ပေါင်းများစွာ ရှည်ရှည်ကြာကြာ တဦးအပေါ်တဦး သည်းခံပေါင်းသင်းလာခဲ့ကြတာ၊ ခုလို ဘာမဟုတ်တဲ့ အသေးအဖွဲ့ကိစ္စလေးတရပ်အနေနဲ့ စိတ်ဝမ်းကွဲပြားဘို့မသင့်ဘူး။ ကျွန်မပြောမိ ဆိုမိတာတွေကိုလဲ ကျွန်မ တောင်းပန်ပါတယ် ကိုဘမို့ရယ်....၊ စိတ် ချမ်းချမ်းသာသာ သာနေပါ"

ဘိုးဘိုးက ဘွားဘွား၏ လက်ကို စမ်းသပ်ရှာယူကာ တုန်ရီသောလက်ချောင်းများနှင့် ဆုပ်ကိုင်ထားလိုက်သည်။

ရင်ထဲမှာတော့ အတိုင်းမသိ ကြည်နူးချမ်းမြေ့ခြင်းနှင့် အတူ အားသစ်၊ အင်သစ်၊ စိတ်သစ် ဝင်လာသလို ခံစားမိသည်။ 'ငါထင်နေသလိုလဲ မဟုတ်သေးပါဘူး။ ငါ့ဇနီးဟာ ငါ့အပေါ်မှာ ချစ်ခင်ကြင်နာဆဲ၊ ယုံကြည်စိတ်ချဆဲ၊ မြတ်နိုး တွယ်တာဆဲ၊ ခိုမှီ အားကိုးလိုဆဲ' ဟူသော အတွေးများစွာနှင့်....။

ကျေနပ် ဝမ်းမြောက်ခြင်း ပီတိအဟုန်နှင့် ဘိုးဘိုးက ဘွားဘွား၏လက်ကို ခပ်တင်းတင်း ဆုပ်ညှစ်လိုက်မိသည်။



ရာစုတဝက်ကျော်အချိန်ကြာမျှ သည်လို လက်ချင်းဆုပ်တွဲကာ ဘဝ၏ အခက်အခဲ၊ အဖုအထစ်၊ ပြဿနာအမျိုးမျိုးကို အတူ ဖြေရှင်း ဖြတ်ကျော်ခဲ့ကြသည်။

နောင် တွေ့ရမည့် အခက်အခဲ အမျိုးမျိုးကိုလည်း သည်လိုပင် လက်ချင်းတွဲကာ ဖြေရှင်း ဖြတ်သန်းကြရဦးမည်။ ယခုလို တင်းတင်း ဆုပ်ထားသည့် လက်များကို ဘယ်တော့မှ ဖြုတ်လိမ့်မည် မဟုတ်။ အသက်နှင့်ခန္ဓာ တည်နေသရွေ့တိုင်....။

ဘိုးဘိုးက ဘွားဘွား၏လက်ကို ဆုပ်ကိုင် ထားချိန်မှာ ဘိုးဘိုး၏ လက်ယာဘက် လက်သူကြွယ်မှ ရွှေလက်စွပ်၏ အေးစက်သောအထိအတွေ့ကို ဘွားဘွား သတိထား ခံစားမိသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၅၅-နှစ်ခန့်က ဘိုးဘိုးအား ဘွားဘွားပေးခဲ့သည့် လက်ထပ် လက်စွပ်ကလေးဖြစ်သည်။ ဘွားဘွားအား ဘိုးဘိုးပေးခဲ့သော လက်ထပ် မြလက်စွပ်ကိုတော့ ဘွားဘွားမဝတ်ဆင်ခဲ့သည်မှာ သုံးနှစ်ခန့်ရှိခဲ့ပြီ။

မိမိ ခန္ဓာကိုယ်မှာ ဘယ်ရတနာမှ မဆင်တော့ဘူးဟု စိတ် ဆုံးဖြတ်လိုက်ကာ အမြဲ ပန်နေကျ စိန်နားကပ်နှင့် စိန်လက်ကောက်နှစ်ရံအပြင် ဘိုးဘိုးနှင့် လက်ထပ်ကတည်းက မချွတ်တမ်း ဝတ်ဆင်လာခဲ့သည့် မြလက်စွပ်ကို ချွတ်လိုက်တော့သည်။ လက်စွပ် ချွတ်ခဲ့စဉ်က ဘိုးဘိုးကို အကျိုးအကြောင်း ပြောပြ တောင်းပန်ခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘိုး၏လက်မှ လက်ထပ်လက်စွပ်ကို ပွတ်သပ်ကိုင်တွယ်ယင်းက အထူးအဆန်းသဖွယ် ယခုမှ မြင်ဘူးရသည့် လက်စွပ်ပမာ ဘွားဘွား စူးစိုက်ကြည့်မိပြန်သည်။

မိမိတို့၏ ရှည်ကြာ ချမ်းမြေ့သော အိမ်ထောင်သက်ကာလနှင့် တဦးအပေါ်တဦး သံယောဇဉ်တွယ်တာမှု ခိုင်မြဲခဲ့ကြသည့် မေတ္တာသရုပ် သက်သေ မှတ်ကျောက် လက်စွပ်ကလေး။

မိမိ တဦးတည်းသာ * တရားဝင်ဇနီးအဖြစ် ဘိုးဘိုးကို အမြဲထာဝရ ပိုင်ဆိုင်နေကြောင်း ဖော်ပြနေသည့် လက်စွပ်ကလေး။

ဘိုးဘိုးက ဘွားဘွား၏လက်ကို ပို၍ တင်းကျပ်စွာ ဆုပ်ညှစ် လိုက်ပြန်သည်။

နုပျိုစဉ် အချိန်ကာလများကလို သန်မာမှုစွမ်းအား မရှိနိုင်သည်တော့မှန်၏။ သို့သော် ခိုင်မြဲမှုတော့ အပြည့်အဝ ရှိသည်လေ။

ဘိုးဘိုးက ဘွားဘွား၏လက်ကို တဖြည်းဖြည်းဆွဲယူကာ သူ၏ ပါးပြင်နှင့် ဖိကပ်ထားလိုက်သည်။ အကြောများ ရုထစ် ပေါ်နေသော ဘွားဘွား၏ လက်ဖမိုးနှင့် ပိန်ချိုင့်နေသော ဘွားဘွား၏ပါးပြင်တို့ ပူးကပ်ထိတွေ့ မိကြသည်။

နှစ်ရှည်လများ အိပ်မော ကျနေခဲ့သည့်၊ ဘယ်လို ရင်ခုန်ခြင်းမျိုးနှင့်မှ မတွေ့နိုင်သော ရင်ခုန် လှုပ်ရှားမှု ကလေးမျိုး



မှာ နှစ်ဦးစလုံး၏ ရင်အသည်းထဲတွင် တလှုပ်လှုပ် တငြိမ့်ငြိမ့် တဖန် နိုးထ ခံစားလာမိကြသည်။

အချိန်ကြာမြင့်စွာ ပျောက်ဆုံးနေခဲ့ရသော အိမ်ထောင်ဦးကာလ၏ ကြည်မော ဆွတ်ပျံ့ဖွယ် ဖရဏာပီတိ အဟုန်လေးကို တုန်တုန်ခိုက်ခိုက် ပြန်လည် ဆန်းသစ် ခံစားလာမိကြသည်။

နှစ်ဦးစလုံး၏မျက်နှာများမှာ ခါတိုင်းလို ဖြူဖပ်ဖြူလျော်အရောင်အသွေးမျိုး မဟုတ်တော့ပဲ သွေးရောင်နှင့် နီမြန်းစိုပြေလာကြသည်။

အားအင် ဖြည့်ဖြိုးလာသလို ခံစားမိကြသည်။

အာရုံ ခံစားနိုင်စွမ်းရည် ပိုမို ထက်မြက် နိုးကြားလာရသလို ထင်ကြသည်။

ပြီးတော့ မိမိတို့ကိုယ် မိမိ ရှိရင်းအသက်ထက် များစွာ ငယ်ရွယ် နုပျိုသွားသလိုလည်း ထင်မှတ် ခံစား လာမိကြသည်။

ဘွားဘွား၏ မျက်လုံးများမှာ ကြည်လင် ရွှန်းလက်နေကြသည်။ အကြည်မခတ် ခန်းခြောက်နေသော ဘိုးဘိုး၏ မျက်လုံးအစုံပင် တောက်ပ လာသလို ထင်ရသည်။

နှစ်ဦးစလုံး၏ မျက်လုံးများ မှာတော့ မျက်ရည်စတွေ ရွှန်းစို ခိုအုနေကြသည်။

သို့သော် သည်တကြိမ် ခိုဝဲနေသည့်မျက်ရည်များကတော့ စောစောက ကျဆင်းခဲ့ကြရသည့် မျက်ရည်များလို ...လောင်



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှုလုံးဝမရှိ။ စိမ့်ကြည်ချမ်းမြသော မျက်ရည်အေးသာ ဖြစ်စည်။

တယောက်နှင့် တယောက် စကားတခွန်းမျှ မပြောဖြစ်ကြပဲ တိတ်ဆိတ် ငြိမ်သက်နေကြသည်။

သို့သော် တဦး၏ အတွင်းသဘောကို တဦးက နားလည် သိရှိနေကြသလို ခံစားကြရသည်။

ဆက်လက်အသက်ရှင်နေထိုင်သမျှ ကာလပတ်လုံး တဦးအပေါ် တဦး ချစ်ခင်ကြင်နာမှုများနှင့် အတူ ခွင့်လွှတ်သည်းခံကြမည် ဟူသော ခံယူ ဆုံးဖြတ်ချက် ကိုယ်စီနှင့်။

ထိုအခိုက်မှာပင် ဧည့်ခန်းဘက်မှ ဘိုးဘိုး၏အခန်းဆီသို့ ဘူလုံး လျှောက်လာခဲ့သည်။

နံနက်စာ ကော်ဖီသောက်ရန် အသင့် ပြင်ဆင်ပြီးခဲ့ပြီမို့ ထုံးစံအတိုင်း ဘွားဘွား၏ အခန်းသို့ ဘူလုံး ဝင်သွားခဲ့သည်။ ဘွားဘွားကို အိပ်ခန်း ခုတင်ပေါ်မှာ ခါတိုင်းလို မတွေ့ရသောကြောင့် ရေချိုးခန်းထဲမှာ ရှာကြည့်သည်။ ရေချိုးခန်းထဲမှာလည်း ဘွားဘွားကို မတွေ့ရ။

နောက်ဆုံးမှာတော့ ဘိုးဘိုး၏ အခန်းသို့ပင် အကြောင်းတစုံတခုကြောင့် ဘွားဘွား သွားစရာ အကြောင်းရှိသည် အထင်နှင့် ဘိုးဘိုး၏ အခန်းဆီသို့ ဘူလုံး လျှောက်လာခဲ့ခြင်း ဖြစ်သည်။

တဝက် နီးပါးမျှ ပွင့်ဟနေသော ခန်းဆီး အကြားမှ အခန်း တံခါးဝကို ကျော်ပေးကာ ခုတင် စောင်းတွင်



ယှဉ်တွဲထိုင်နေကြသည့် ဘိုးဘိုးနှင့် ဘွားဘွားကို ဘူလုံးမြင်တွေ့လိုက်ရသောအခါ ကိုယ်ရှိန်သပ်၍ ခဏ ရပ်လိုက်မိ၏။

ဘိုးဘိုးက ဘွားဘွား၏ လက်ကို တယုတယ ဆုပ်ကိုင်ကာ ဘိုးဘိုး၏ ပါးပြင်နှင့် အပ်ထားသည်ကို ဘူလုံး မြင်တွေ့ရသည်။

ဤအိမ်ကြီးသို့ ဘူးလုံး ရောက်ခဲ့သည်မှာ ၆-နှစ် ကျော်လာခဲ့ပြီ ဖြစ်သော်လည်း ဘိုးဘိုးနှင့် ဘွားဘွားတို့ ယခုလို နီးနီးကပ်ကပ် ယှဉ်တွဲထိုင်ကာ ချစ်ခင်ယုယသည့် အမူအရာ အနေအထိုင် မြင်ကွင်းမျိုး တကြိမ်တခါမျှ မတွေ့မမြင်ဘူးခဲ့ရသောကြောင့် အထူးအဆန်းလိုဖြစ်နေကာ အံ့သြစိတ်နှင့် ရပ်ငေးကြည့်နေမိခြင်း ဖြစ်၏။

ဘူလုံး၏ ခြေသံကြောင့်ပဲ ထင်သည်။ ဘိုးဘိုးရော ဘွားဘွားပါ အသံကြားရာ တံခါးပေါက်ဝဆီသို့ လှမ်းကြည့်လိုက်ကြသည်။

ဘိုးဘိုးကတော့ ဘွားဘွား၏ လက်ကို ဆုပ်ကိုင်ထားကာ ပါးပြင်နှင့် ဖိကပ်ထားဆဲပင်။

ဘူလုံးကို ဘွားဘွား က လှမ်း မြင်လိုက်သောအခါ အနည်းငယ် ရှက်သယောင် မျက်နှာထားနှင့် ...

"သမီး....ကော်ဖီ ပြင်ပြီးပြီထင်တယ်...." ဟု မေးလိုက်သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဘူလုံးက ရုတ်တရက် ဘွားဘွားကို စကား ပြန်ပြောရမှာတောင် ထစ် အ နေသလို ဖြစ်သွားသည်။

ဘိုးဘိုးနှင့် ဘွားဘွားတို့ တဦးနှင့်တဦး ကြင်နာ ယုယ ချစ်ခင် ကျွမ်းဝင်ဟန်ကို ယခုလို နီးနီးကပ်ကပ် မြင်တွေ့လိုက်ရသောအခါ ဘာကြောင့်မှန်း မသိ၊ သူမ ရင်ထဲမှာ အလိုလို ပျော်ရွှင်ကြည်နူးလာကာ စိတ်ကျေနပ် ချမ်းမြေ့မှု ရရှိခံစားလာမိတော့သည်။

ဘူလုံးက ဘွားဘွားကို စကား ပြန်မပြောနိုင်မီ အချိန်အတောအတွင်းမှာပင် ဘွားဘွားက ဘိုးဘိုး၏ လက်ကို တယုတယ တွဲယူ ဖေးမကာ ဘူလုံး ရပ်နေရာ ညွှန်ခန်းဆီသို့ ဖြည်းညှင်းညင်သာစွာ လျှောက်လာနေကြလေပြီ။

သည်တခါမှာတော့ ဘိုးဘိုးသည် သူ့အား အမြဲတစေ အဖော်ပြုနေခဲ့သော တုတ်နှစ်ချောင်းကို လုံးဝ အလိုမရှိနိုင်တော့ပြီ မဟုတ်ပါလား။ ။

မောင်လွန်းကြင်

BURMESE CLASSIC .com

www.burmeseclassic.com